www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ● ၅၀၀၂၇၉၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ● ၅၀၁၀၇၂၀၁၀
ထုတ်ဝေသူ ● ဦးမောင်မောင်မြင့်အေး
လာဘ်မိုးရွှေစာပေ
အမှတ်(၁၁၁)၊ ဗ-ထပ်၊
၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ● ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ်(၁၇၁)၊ ၃၃-လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် ● ဒုတိယအကြိမ်
၂၀၁၀၊ အောက်တိုဘာလ။
စီစဉ်သူ ● မောင်တင်ရွှေ
မျက်နှာဖုံးပန်းချီ ● မောင်နေကြည်
အုပ်ရေ ● ၅၀၀
တန်ဖိုး ● ၁၃၀၀ ကျပ်

၈၉၅.၈၃
ကျော်မြသန်း
ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့/ကျော်မြသန်း။ -ရန်ကုန်။
လာဘ်မိုးရွှေစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၀။
၁၈၀ - စာ၊ ၁၂ × ၁၈ စင်တီ
(၁) ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့


* အကြင်တံကို ပြုလုပ်ခြင်းကြောင့်-
နောက်တစ်ဖန် ပူပန်ရ၏၊
ထိုကံမျိုးကို ပြုလုပ်ခြင်းသည် မကောင်း၊
မျက်ရည်စက်လက် ငိုကြွေးလျက်
အကြင်တံ၏အကျိုးကို ခံစားရ၏၊
ထိုကံမျိုးကို ပြုလုပ်ခြင်းသည် မကောင်း၊

*ဓမ္မပဒ(၆၇)*

www.burmeseclassic.com

www.burmeseclassic.com

➷ မကောင်းမှုကိုပြုပြီးလျှင် အဘယ်သူသည် ပျော်ရွှင်ရယ်မောပီတိ ဝေဖြာနိုင်ပါမည်နည်း။

➷ ပျော်ရွှင်ရယ်မောခြင်းပြုနိုင်သူသည် ဟန်ဆောင်မှုပြုခြင်းသာ ဖြစ်လိမ့်မည်ပါ။

➷ စင်စစ် ပြစ်မှုကျူးလွန်မိပါလျှင် နောက်တစ်ဖန် ပူပန်ရမည်မှာ မလွဲကေန်ပါ။

➷ ပြစ်မှုကို ပြုလုပ်ရသည်မှာ ခက်ခဲသလို တစ်ဖန်ပြန်လည်ခံရသည့် အခါတွင်လည်း ကြီးမားလှသောဒုက္ခသောက ပရိဒေဝမီးတောက်ကြီးကို ရင်ဝယ်ပိုက်ထွေးလျက် ကယ်ပါ ယူပါ တစာစာဖြင့် ငိုကြွေးရလိမ့်မည်ပါတည်း။

ရဲဘက်စခန်းသို့ရောက်ခဲ့စဉ် ဤဇာတ်လမ်းကြောရိုးကို ပြောပြခဲ့သည့် ထောင်မှူးကြီးနှင့်ဇနီးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျော်မြသန်း

www.burmeseclassic.com

www.burmeseclassic.com

## (တစ်)

အလျားအနံမညီသော အုတ်ရိုးမြင့်မြင့်ကြီး။

မျက်နှာစာ အုတ်ရိုး၏ ဗဟိုချက်မတွင်ရှိနေသည့် တမူထူးခြားသော အဆောက်အအုံ။

ထုထဲခိုင်ခန့်သော ရောမသစ်သားတံခါးကြီး။ သစ်သားတံခါးကြီး၏ တစ်ဘက်ခြမ်းတွင် တံခါးကြီးနှင့်တစ်သားတည်း ထွင်းဖောက်ထားသော တံခါးအသေးလေး။

ဝင်လျှင်ထွက်လျှင် ခေါင်းငုံ့ခါးကုန်း၍ ဝင်ထွက်ရသောနေရာကို ထောင်ဟုခေါ်ကြသည်။ အပြည့်အစုံအခေါ်အဝေါ်ပြုကြသည်မှာ အကျဉ်းထောင်။ ထိုနေရာအနီးသို့ ရောက်ဖူးသူတိုင်း ဖြတ်သန်းသွားဖူးသူတိုင်း ဘာအဆောက်အအုံကြီးပါလိမ့်ဟု မမေးမမြန်းမစူးစမ်းဘဲ ထောင်ဟူ၍ သိကြသည်ပါ။

သို့တစေ ထောင်အုတ်ရိုး၏ အပြင်နံရံကြီးကို တွေ့ဖူးမြင်ဖူးသူများသလောက် အထဲနံရံကြီးကို တွေ့ဖူးမြင်ဖူးသူနည်းပါးလွန်းလှ၏။ ထောင်ထဲမှာရှိသမျှသော အဆောက်အအုံများကို ထောင်ထဲသို့ ရောက်ဖူး၍ အနေကြာသူများပင်လျှင် စုံစေအောင်မရောက်ဖူးကြ။ မဝင်ရ၊ မထွက်ရ၊ မသွားရ၊ မလာရဟု ကန့်သတ်ထားသည့်နေရာတွင် ရှိသောကြောင့်ပါ။

အပြင်မြင်ကွင်းနှင့် အထဲမြင်ကွင်းမှာမတူ။ ဇထောင်ပူးမကြီးထဲရောက်ဖူးရုံနှင့် ထောင်အတွင်းဘက်အဆောက်အအုံများကို လှမ်းမမြင်နိုင်၊ အုတ်ရိုးလေးဘက်အတွင်းမှာ အဆောက်အအုံတွေ အပြည့်အကျပ်ရှိနေသည်။ ကြီးကြီးသေးသေး အဆောက်အအုံများကို နေရာမလပ်အောင် တည့်တည့်တစ်မျိုး





ထောင့်စွန်းလိုက်တစ်သွယ်၊ တစ်ခုကိုတစ်ခု ဦးတိုက်လျက်တစ်ဖုံ ဆောက်လုပ်ထားသည်။ အချုပ်သားအကျဉ်းသားများနေထိုင်ရန် ဆောက်လုပ်ထားသည့် နှစ်ထပ်အဆောက်အအုံကြီးများမှာ အစီအရီ၊ တိုက်ပိတ်သူများနှင့် သီးခြားထားရမည့်သူများအတွက် တစ်ထပ်တိုက်တန်းလျားများ ကြိုးတိုက်နှင့်ကြိုးစင်၊ ဈေးတိုက်နှင့်အဝတ်တိုက်၊ ဆေးရုံနှင့်အလုပ်ရုံ၊ ထမင်းချက်ဖိုကြီးနှင့် မိန်းဈေးလ်ခေါ် ထောင်အလယ်ဗဟိုရုံး စသည်တို့မှာ သူ့နေရာနှင့်သူ၊

ထောင်အကြီးအငယ်အလိုက် အဆောက်အအုံအကြီးအသေးကွားခြားမှုရှိသော်လည်း အိပ်ဆောင်တိုက်တန်းလျား၊ ထမင်းချက်ဖို၊ ဆေးရုံစသည်တို့မှာမူ ရှိရစမြဲ။ အပူပိုင်းဒေသတချို့တွင် နူနာရောဂါဝေဒနာသည်များကို သီးသန့်ထားရှိရာ တိုက်များပင်ရှိကြသည်။ ထိုသီးသန့်တိုက်များကို အခေါ်အဝေါ်ပြုကြသည့်အမည်မှာ လက်ပါးတိုက်။ အင်္ဂလိပ်လို လက်ပရိုစီကို လက်ပါဟု အလွယ်တကူပြောင်းလဲ အခေါ်အဝေါ်ပြုခြင်း ဖြစ်ပါလိမ့်မည်။

ထောင်ထဲသို့ဝင်လိုက်သည်နှင့် ပထမဆုံးတွေ့ရမည်မှာ ထောင်ပိုင် ဒုထောင်ပိုင်၊ ထောင်မှူးကြီးရုံးခန်းစသည်များနှင့် အချုပ်သမား အကျဉ်းသားများ ထောင့်ဝင်စာတွေ့သည့်နေရာ။ ထောင်အပြင်အဝင်တံခါးကြီးကဲ့သို့ ခေါင်းငုံ့ခါးကုန်းဝင်ရသော အပေါက်ငယ်ကလေးတစ်ပေါက်ပါသည့် တံခါးကြီးတစ်ထပ်ကို ကျော်လွန်ပြီးမှသာ ထောင်အဆောက်အအုံတစ်စိတ်တစ်ပိုင်းကို စတင်တွေ့ရှိရမည် ဖြစ်ပေသည်။

ထိုအထဲမှ မိန်းမထောင်မှာ အထူးကန့်သတ်ထားသည့်နေရာ။ ထောင်ထဲတွင် ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်နေခဲ့ဖူးသူများသော်မှ မိန်းမထောင်ကို မရောက်ဖူးကြ။ အနားသို့ ဝေ့သီဖူးရုံပဲရှိမည်။ အနားသို့ ဝေ့သီဖူးလို့ကတော့ အကြောင်းမထူး၊ အထဲကိုမမြင်ရသော မမြင်နိုင်သော အုတ်ရိုးအကာအရံများ ရှိနေသောကြောင့်ပါ။ ထောင်ထဲကို ကျားကျားယားယား ယောကျ်ားတွေချည်းရောက်ကြသည်မဟုတ်၊ သွယ်သွယ်လျလျနွဲ့နွဲ့နှောင်းနှောင်း နုနုနယ်နယ် မိန်းမသားများလည်း ရောက်ကြသည်၊ ထို့ကြောင့်လည်း မိန်းမဆောင်ဟူသော အခေါ်အဝေါ်ရှိနေရသည်၊

လူသတ်မှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှု၊ ခိုးမှု၊ လိမ်မှု၊ လောင်းကစားမှုစသော ရာဇဝတ်ပြစ်မှုများကို ကျူးလွန်၍ ယောကျ်ားရင့်မာကြီးတွေ ထောင်ထဲရောက်ကြသလို အမျိုးသမီးများသည်လည်း အလားတူပြစ်မှုများကို ကျူးလွန်၍



www.burmeseclassic.com

www.burmeseclassic.com

ထောင့်ထဲသို့ရောက်ကြသည်။

အမှုနှစ်ခုကွဲပြားခြားနားမှုရှိသည်မှာ ယောကျ်ားထောင်ဘက်တွင် မုဒိန်းမှုကျူးလွန်၍ ထောင်ထဲရောက်လာသူတွေရှိသော်လည်း မိန်းမထောင်ဘက်တွင်မရှိ၊ မိန်းမထောင်ဘက်တွင် ပြည့်တန်ဆာမှုနှင့် ရောက်လာသူတွေရှိသော်လည်း ယောကျ်ားထောင်ဘက်တွင်မရှိ၊ ယောကျ်ားထောင်သို့ဖြစ်စေ၊ မိန်းမထောင်သို့ဖြစ်စေ ဥပဒေကိုကျောခိုင်း၍ ပြစ်မှုအထွေထွေကို ကျူးလွန်ပြီး ထောင်ထဲရောက်လာသူများရှိသလို မထင်မှတ်ရသော အကြောင်းကိစ္စကြောင့် မရည်ရွယ်ဘဲ ဆန္ဒမပါဘဲ အမှတ်တမဲ့ ပြစ်မှုကျူးလွန်သူဖြစ်ရသည်မှ ထောင်ထဲသို့ ရောက်လာသူများလည်း ရှိကြ၏၊ ဒုတိယအမျိုးအစားထဲမှာ ခင်လေးနွယ်တစ်ယောက်လည်းပါသည်။

"အဲဒီတုန်းက ကျွန်မအသက်က ဆယ့်ခုနစ်နှစ်၊ ကိုဝင်းအသက်က နှစ်ဆယ်၊ နှစ်ယောက်ပေါင်း အသက်လေးဆယ်မပြည့်တဲ့ အသစ်စက်စက် စုံတွဲတစ်တွဲပေါ့"

×××××

ဤသို့လျှင် ဈေးဈက်နှာအလှ ဝင်းပပရှိသလို ဖြောင့်သွယ်တော့ရှင်းသည့် ကိုယ်လုံးအလှပိုင်ရှင် မခင်လေးနွယ်တာ ထောင်မှူးလေးကိုတင့်လွင်အား သူမ၏ ဘဝဇာတ်ကြောင်းတို့ပြောရန် နိဒါန်းအစပျိုးလိုက်၏။

တရားရုံးမှ ပေးပို့လိုက်သည့် အချုပ်ဝရမ်းတွင် သူမ၏အသက်ကို (၂၉)နှစ်ဟု ဖော်ပြထားရာမှ အိမ်ထောင်ရှင်ဘဝသို့ရောက်ပြီး ငါးနှစ်တာ တာလအတွင်း ဖြစ်ပျက်လိုက်သည့် မှခင်းအဖြစ်အပျက်ဟု ဆိုရမည်ပါ။

ကိုတင့်လွင်၏ ထောင်မှူးလုပ်သက်မှာ ခြောက်နှစ်၊ အိမ်ထောင်သက်မှာ ငါးနှစ်၊ ကိုတင့်လွင်နှင့် ချစ်ဇနီးအေးတို့မှာ အိမ်ထောင်သက်ငါးနှစ်ရှိသည့်တိုင် ချစ်လို့ကြင်လို့မဝသေး၊ တစ်ဦးပေါ်တစ်ဦး ကြင်နာယုယမှု အရှိန်မလျော့သေး၊ ဇနီးမောင်နှံအတူတွဲပြီး လည်ရပတ်ရ သွားရလာရသည်ကို အားပါးတရ မရှိသေး၊ ပျော်တပြုံးပြုံး မော်မဆုံးရှိနေဆဲ၊ အိမ့်လည်ဆုံ





သားတလေးကလည်း တွတ်တီးတွတ်တာ ပြောတတ်စအရွယ်၊ သားအဖိ သားအဖသုံးယောက်အတူနေရသည့် အချိန်နည်းနေသည်ကိုပင် အားမလို အားမရ ဖြစ်နေကြရသည်။

ထောင်မှူးအလုပ်ဆိုတာက သမီးသားဇနီးမယားနှင့် လွတ်လွတ်လပ်လပ် အတူနေရချိန် နည်းလွန်းသည်၊ အခြားသောအစိုးရဝန်ထမ်းတွေက သားသမီးများနှင့် နေ့ဘက်အတူမနေရသည့်တိုင် ညနေတနေ မိုးလင်းသည့်တိုင်အောင် အတူနေခွင့်ရကြသည်၊ ထမင်းလက်ဆုံစားလို့လည်းရသည်၊ ထောင်မှူးအလုပ်မှာ ဝင်ချိန်မှန်သော်လည်း ထွက်ချိန်မမှန်၊ ဂျူတီတာ နေ့ချည်းဝင်ရသည်မဟုတ်၊ နေ့ရောညပါ တွဲဝင်ရသည့် အလှည့်ရှိသလို တစ်ခါတစ်ရံ တစ်နေကုန်ဝင်ပြီးမှ သန်းခေါင်ကျော်အလှည့်ဆက်ဝင်ပေးရသည်လည်းရှိသည်၊ နားရက်သော်မှ လွတ်လွတ်ကျွတ်ကျွတ် လည်ခွင့်ပတ်ခွင့် သွားခွင့်လာခွင့်မရ၊ စိတ်တထင့်ထင့် နောက်ဆံတတင်းတင်း ရှိရသည်။

ဒါပေမယ့် ရတတ်သမျှအချိန်ကလေးအတွင်း မိသားစုသာယာမှုရှိအောင် နေကြထိုင်ကြရသည်ပါ၊ ခင်လေးနွယ်မှာလည်း တို့အတူ သူ့မိသားစုနှင့်သူ သိုက်သိုက်ဝန်းဝန်းနေချင်ရှာမည့်ဆန္ဒမျိုး ရှိပါလိမ့်မည်၊ ခုတော့ မနေနိုင်ရှာ၊ ရေမြေမခြားစေကာမူ အုတ်နံရံကြီး ခြားထားသည့်နေရာသို့ ရောက်နေရပါလေပြီ။

တကယ်တော့ ဘယ်သူမပြု မိမိမှုကြောင့်ပါ။

×××××

ထောင်မှူးလေးဦးတင့်လွင်ရှေ့တွင်ရှိနေသူ ခင်လေးနွယ်မှာ ထောင်ထဲကို လွတ်လွတ်လပ်လပ် တစ်ယောက်တည်းဝင်လာရသူမဟုတ်၊ တို့နှင့်တစ်ကိုယ်တည်းနှင့် လူနှစ်ယောက်ဆိုရဘိသို့ အပိုတွဲလေးပါလာသည်၊ အပိုတွဲမှာရုပ်ထွက်ထွက်ကြီးမရှိသေး၊ စုစုပြုံပြုံလေးဘဲ ရှိသေးသည်၊ ထောင်ထဲကို ရောက်လာသည့် အမျိုးသမီးများထဲမှ တချို့က ကလေးတိုလက်တွဲလျက် တချို့က ဗိုက်နှင့်လွယ်လျက် ရောက်လာတတ်ကြသည်၊ ကလေးတိုလက်တွဲပြီး

www.burmeseclassic.com

ရောက်လာသူထက် ကလေးကိုဝမ်းနှင့်လွယ်၍ ရောက်လာသူကို ပို၍ဂရုစိုက်ရသည်။

တကယ်တော့ ဦးတင့်လွင်၏ မူရင်းတာဝန်မှာ မိန်းမထောင်နှင့် မသက်ဆိုင်။ မိန်းမထောင်ကို ဦးတင့်လွင်တို့လို အမျိုးသားထောင်မှူးများ အကြောင်းမဲ့ ဝင်ထွက်သွားလာခြင်းမပြုရ။ အထူးအကြောင်းကိစ္စရှိ၍ သတ်ဆိုင်ရာအထက်အရာရှိအမိန့်အရ ဝင်ထွက်သွားလာရသည့်တိုင် အမျိုးသမီးထောင်မှူး သို့မဟုတ် အမျိုးသမီးထောင်ကြပ်များကို အတူပါစေပြီး သွားလာဝင်ထွက်ရသည်။

ထောင်ပိုင်၊ ထောင်မှူးကြီးတို့သာလျှင် အချိန်မရွေး ဝင်ထွက်နိုင်ခွင့်ရှိ၍ ဦးတင့်လွင်တို့လို ထောင်မှူးလေးများသည်ပင် အထက်အရာရှိအမိန့်မရဘဲ ဝင်ထွက်ခွင့်မရှိရာ၊ ထောင်ကြပ်တို့ အကျဉ်းသားတို့ဆို ဝေလာဝေး၊ အနားသို့ပင် မဝေ့သီနိုင်ရာ၊၊ ဟုတ်ပ. . .။

မိန်းမထောင်ကို လွတ်လွတ်လပ်လပ် ဝင်ထွက်ခွင့်ပြုလို့ ဘယ်ဖြစ်မှာပါ။ ပြဿနာတထွေးကြီး ပေါ်လိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲ။ ခဏတစ်ဖြုတ် ထမင်းပုံး၊ ဟင်းပုံးပို့ရသည့် အကျဉ်းသားများနှင့်ပင်လျှင် ကိစ္စ၊ ဝိစ္စကလေးတွေ ဖြစ်ကြသည် ရှိကြသည်။ ဒါတောင် အမျိုးသမီးထောင်ကြပ်တွေက လင်းယုန်မျက်စိမျိုးနှင့် မျက်လုံးဒေါက်ထောက်ကြည့်နေတာ၊ သည်ကြားထဲက ဖြစ်ကြသည်မို့ တာဝန်ရှိသူတွေကို အပြစ်တင်မစောသာ။

အမျိုးသမီးများသည် ပါးစပ်ထက် မျက်လုံးစကားပြောအလွန်ကောင်းကြသည်၊ လျှင်ကြသည်၊ ပြီး ယောကျာ်းထောင်မှူးတစ်ယောက်အနေဖြင့် သူတို့ကို ကိုင်တွယ်ရသည်မှာမလွယ်၊ ယောကျာ်းအကျဉ်းသားတွေကို ကိုင်တွယ်ရသလို ကိုယ်ထိလက်ရောက်ကိုင်တွယ်ဖို့ သာ၍ ခက်ခဲပါသည်၊ အကိုင်အတွယ်မတတ်လျှင် အဆင်မသင့်လျှင် သူတို့ပြဿနာငုပ်လျှိုးသွားပြီး ကိုယ့်ပြဿနာ ဘွားဘွားကြီး ပေါ်လာတတ်သည်၊ ကျော်မကောင်း ကြားမကောင်း ခံသွားရသူတွေ ရှိခဲ့ဖူးသည့်အဖြစ်ကို မမေ့သာ၊ အမျိုးသမီးများ၏ ပရိယာယ်သည် ယောကျာ်းများကို စို့စို့ပို့ပို့ကြီး ဒုက္ခပေးတတ်သည် မဟုတ်ပါလား။

ဒါကြောင့်လည်း ထောင်မှူးလုပ်သက်ရင့်သူများက မိန်းမထောင်ဘက်ကို မျက်နှာမမူချင်၊ ခြေဦးမလှည့်ချင်။ မတတ်သာလွန်းမှသာ မျက်နှာမူ၍ ခြေဦးလှည့်ကြသည်၊ ထောင်မှူးအသစ် ထောင်မှူးပေါက်စကလေးများသာ မျက်နှာ





တမူမူ ခြေဦးတစ်လှည့်လှည့် ရှိကြသည်။ ထွန့်ထွန့်လူးလူး သွားချင်လာချင် ဝင်ချင်ထွက်ချင် ရှိကြသည်။ မိန်းမထောင်ဘက် တာဝန်ကျမည်ကို လိုလိုလားလား တောင်းတောင်းတတ ရှိကြပါလေသည်။

တချို့ဆို တာဝန်မကျဘဲ တာဝန်ကျသူနှင့် နားလည်မှုယူပြီး ခဏပဲ ရောက်ရရောက်ရ ရောက်အောင်သွား၍ လေ့လာသမှု ပြုကြသည်၊ မိန်းမထောင်ကို ရောက်လာသည့်အချုပ်သစ်များ၊ ရှိပြီးအချုပ်သားဟောင်းနှင့် ထောင်ကျအမျိုးသမီးများမှာ အကျည်းတန်အရုပ်ဆိုးတွေချည်းမဟုတ်၊ ကြည့်ပျော်ရှုပျော်သူတွေပါသလို တစ်ခါကြည့်ပြီးရင် မျက်နှာပြန်မလွှဲချင်လောက်အောင် လှသူများလည်း ပါကြသည်၊

သည်တော့လည်း. . .။

×××××

အမျိုးသမီးထောင်ဘက်တွင် ပြဿနာ တစ်ထမ်းတစ်ထွေးရှိကြသည်မှာ မဆန်း။ ဖျောက်မရသော အလေ့စရိုက်ရှိကြသည်မှာ အမျိုးသမီးများ၏ မွေးရာပါဗီဇ၊ စပ်စပ်စုစုလုပ်တတ်သလို အတင်းအဖျင်းကိုလည်း ဆိုလိုအပေါက်ရှာပြီး ပြောတတ်ဆိုတတ်ကြသည်၊ အစောင်းအမြောင်း အထေ့အငေါ့ဟူသ၍လည်း မျက်နှာပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလုပ်တတ်ကြသလို ပါးပါးလေး ရွဲ့ရမလား သိပ်ဖြစ်၊ ပြောင်ပြောင်တင်းတင်း မဲ့ရွဲ့ရ ထေ့ရ ကလိရမလား သိပ်ဖြစ်၊ ပြဿနာအဖုံဖုံနှင့် ရစ်သိုင်းထွေးရစ်နေသည်ကို ဆန်းသည်ဟု ဘယ်သို့ဆိုရမှာပါ။

ယောကျာ်းထောင်ဘက်မှာ အချုပ်သား အကျဉ်းသားတွေ ထောင်ချီ ရှိကြသည်၊ မိန်းမထောင်ဘက်မှာ ရာဂဏန်းပဲရှိသည်၊ ဒါပေမယ့် ပြဿနာပိုများ ပို၍ရှုပ်သည်က မိန်းမထောင်ဘက်မှာ. . .။

သည်ကနေ့ အတူတူတတွဲတွဲ နက်ဖြန်တော့ခွာပြ၊ နောက်တစ်နေ့ ပြန်တည့် ပြန်ပေါင်းနှင့် မုန့်လုံးစက္ကူကပ်သို့နွယ် ရှိပါချေ၏၊ သည်တော့လည်း ပြဿနာတစ်ထွေးတစ်ပုံကြီး ရှိကြလိမ့်မပေါ့။



www.burmeseclassic.com

www.burmeseclassic.com

နိုးရိုးပြော အေးအေးနေတတ်ပြီး သိမ်သိမ်မွေ့မွေ့ စရိုက်ခလေ့ရှိသူတွေ ရောက်သွားလို့များတော့လား မလွယ်။ အာကြမ်း၊ လျှာကြမ်းသမားတွေပါသလို ထဘီကို ခါးရောက်အောင် စွန်တောင်ဆွဲပြီး အလံထူဖို့ ဝန်မလေးသူတွေလည်း ပါသည်။

ရိုးရိုးအေးအေး ဣန္ဒြေရရ သိမ်သိမ်မွေ့မွေ့ နေတတ်သူများအတွက် ကြားသမျှ နားကလေ့စရာ၊ မြင်တွေ့သမျှ မျက်နှာလွှဲစရာ၊ ယိုသူမရှက် မြင်သူရှက်အဖြစ်မျိုးတွေက ဒုနှင့်ဒေး။ မြင်သမျှအကြောင်းတွေသာ အတုန်အစင်ရေးပြလျှင် ရှိန်းကနဲ ဖိန်းကနဲ ရင်သိမ့်တုန်သွားလိမ့်မည်ပါ။ သည်လောက်ဆို သဘောပေါက်လောက်ပါပြီ ထားပါတော့. . .။

♦ ♦ ♦

BURMESE CLASSIC .com

(နှစ်)

ခင်လေးနွယ်၏ အသားအရေမှာ စိုစိုပြေပြေ ဝင်းဝင်းညက်ညက်၊ ညိုလည်းမညို၊ ဖြူလည်းမဖြူ၊ ညိုဝါရွှေ။ သန်စွမ်းနက်မှောင်သော ဆံပင်များကို ထုံးဖွဲ့စည်းနှောင်မထား၊ ယနေ့ခေတ်လူငယ်လေးများကဲ့သို့ ပုံဟန်အတိုင်း ဖြန့်ဝေထားရာ ကျောအဆုံးအထိ ဖြန့်လျှားနေသည်။ ထူထူထဲထဲ ဆံပင်၏ သန်စွမ်းခြင်းမှာ နောက်ကကြည့်လည်း ယဉ်ယဉ်ဆိုဘိသို့ လှလှပပ ရှိပါချေ၏။ စင်ရော်တောင်မျက်ခုံးအောက်မှ မဟူရာမျက်လုံးမှာ ညို့အားပြည့်စွမ်းသလို ရွှန်းလက်တောက်ပနေသည်။

နုပျိုဝိုင်းစက်သော မျက်နှာလေး၏အလယ်တွင် အဖျားသိပ်မချွန်သည့် ဖြောင့်စင်းသော နှာတံလေးမှာ ပြေပြေသွယ်သွယ်။ ပြည့်တင်းလုံးဖူးသော နှုတ်ခမ်းနှစ်လွှာမှာ မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ အလှကို အယဉ်ထပ်ဆင့် မိုးပေးထားသည်သို့။ အရပ်အမောင်းမှာ မနိမ့်မမြင့်၊ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်မှာ ပြေပြစ်ပေါ်ထင်သည်။

မိခင်လောင်းအမှတ်အသားမှာ ချုပ်နှောင်ထားခြင်းမှ ရုန်းထွက်တော့မည့်နှယ် စို့စို့ပို့ပို့ ရှိသည်။ ဗိုက်ကြောင့်လားမသိ၊ ခါးမှာတုတ်သယောင်ယောင်၊ ဗိုက်သားမှာလည်း အနည်းငယ် ဆူဖြိုးနေသည်။ ခြုံ၍ကြည့်လျှင်မူ လှ၍ စိတ်ဖင်စားဖွယ်ရာများ တစ်ထွေးတစ်ပြေးကြီး ပြည့်ထင်နေသည်တု ဆိုရမည်ပါ။

အချုပ်သမ အကျဉ်းခံဖြစ်၍ ထောင်ဝတ်စုံမဝတ်ရသေး၊ ထောင်ထဲမှာမို့လားမသိ၊ သူမ၏ ဝတ်စားဆင်ယင်ပုံမှာ ရိုးရိုးယဉ်ယဉ်၊ ခရမ်းရောင်ဘလောက်လည်ဟိုက်အကျီ၊ ချော့ကလက်ရောင် သွေး ပါတိတ်လုံချည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ပုံစံအနေအထားရပ်နေရသည်မို့ လက်ပိုက်ထားရသည်ဖြစ်ရာ လက်သည်းပေါ်က ဆိုးဆေးမှာပြောင်ပြောင်လက်လက်မရှိတော့။ တချို့မှာ ပျက်နေပြီး ကွက်တိကွက်ကြားရှိနေပြီ။

"ကိုဝင်းက ကျွန်မရဲ့ခင်ပွန်းပါ။ သူ့နာမည်အပြည့်အစုံက ကိုဝင်းမောင်ပါ။ ချစ်သူဘဝကတည်းက ကိုဝင်းလို့ပဲ ခေါ်ခဲ့တာပါ။ နောက် အိမ်ထောင်ကျပြီးတော့ အများရှေ့မှာ ကိုဝင်းလို့ပဲ ခေါ်ခဲ့ပါတယ်၊ သိပ်ချစ်ကြတာမို့ ကျွန်မတို့လင်မယားဘဝဟာ တစ်မျိုးတစ်ဖုံပြောင်းလဲလိမ့်မယ်လို့ အစက မထင်ခဲ့မိပါဘူး"

ခင်လေးနွယ်က ပြောလက်စ စကားကိုရပ်၍ ဆည်ဆည်အသံထွက်လာရာဘက်သို့ မျက်နှာလှည့်သွားသည်။

"ဟဲ့ ကောင်မတွေနေဦး၊ ငါမပြောလိုက်ချင်ဘူး၊ မိန်းမလို နေကြစမ်းနင်တို့ မိန်းမလို မနေလို့ ထောင်ထဲရောက်လာတာ၊ အေး. . . ဆရာကြီးရှိလို့ ဆရာကြီးသာမရှိရင် နင်တို့ အတုတ်ခံရပြီ"

အမျိုးသမီးထောင်ကြပ် ဒေါ်စောတင်၏အသံမှာ အဆောင်တစ်ခုလုံးကို လွှမ်းမိုးသွားသည်။ မိန်းမထောင်ရဲ့ စရိုက်ဓလေ့က သည်လိုပဲ ဆူသံအော်သံ ကြိမ်းမောင်းသံတို့ ဝေစည်နေစမြဲ။

ခင်လေးနွယ်မှာ ဦးတင့်လွင်စားပွဲရှေ့တွင် မတ်တပ်ရပ်လျက် ထိုင်ခိုင်းပေမယ့်လည်း မထိုင်၊ ထောင်မှူးများနှင့် စကားပြောလျှင် ဘယ်ပုံတန်အနေအထားဖြင့် ပြောရမည့် ပုံစံစနစ်ရှိသည်။ ထောင်မှူးကလေးဦးတင့်လွင်က ထိုင်ခိုင်းသော်လည်း သူက မထိုင်ရဲ။ ဒေါ်စောတင်က 'ထိုင်လေဟဲ့' ဝင်ပြောမှ မရွံ့မရဲ ဝင်ထိုင်လိုက်သည်။

ထောင်မှူးက မိန်းမထောင်မှာ အချိန်ပြည့်မနေ။ ဒေါ်စောတင်တို့က အချိန်ပြည့်နေရသူ။ ဒေါ်စောတင်ကို ပို၍ အလေးပေး အရာထင်ရသည်ပါ။

ခင်လေးနွယ်၏ မူလအသံမှာ အေးမြကြည်လင်ခြင်း ရှိပါလိမ့်မည်၊ ယခုပြောနေသည့်အသံမှာမူ အေးမြကြည်လင်ခြင်းမရှိ အသံတိမ်ဝင်နေသည်၊ မဝံ့မရဲဖြစ်နေသည်ကတစ်ကြောင်း၊ အပူကြီးပိုက်ထွေးထားရသည်ကတစ်ကြောင်းကြောင့် ဖြစ်ပါလိမ့်မည်။

"ကျွန်မတို့တော့ ကိုဝင်းက မလေးလို့ ခေါ်ပါတယ်၊ ကျွန်မအပေါ်မှာ ကြင်နာယုယတဲ့ လင်ဝတ္တရားကျေပွန်တဲ့ လင်သားဟာစ်ယောက်ပါ။ သူ့ဘက်က





မချွတ်ယွင်းပေမယ့် ကျွန်မဘက်က ချွတ်ယွင်းတာကြောင့် အခုအမှုဖြစ်ရတာတော့ မဟုတ်ပါဘူး၊ မထင်မှတ်တဲ့ အမှားတစ်ချက်ကြောင့် ဖြစ်ရတာပါ"

ထောင်မှူးကလေး ဦးတင့်လွင်၏ နှုတ်ခမ်းလွှာပေါ်မှာ အပြုံးရိပ် ဝေ့သီသွားသည်။ ထောင်ထဲမှာ အမှုဖြစ်ကြောင်းတွေကို မေးလိုက်တိုင်း တိုယ်ကမကောင်းလို့ ကိုယ်ကလော်မာလို့ ကိုယ်ကိုယ်တိုင်က မစောင့်ထိန်းလို့ ဖြစ်ရတာပါလို့ ပြောသူက အရှားသား၊ ကိုယ်ကကောင်းလျက်နဲ့ ဖြစ်ရတာပါလို့ပဲ ပြောတတ်ကြသည်။ ပြီး အမှန်အတိုင်း အရင်းအတိုင်း အဖြစ်မှန်ပြောသူဟူ၍ ရှားမှရှား တွေ့ရခဲဘိ၏။ ဒါကလည်း လူ့သဘာဝပါ။

တကယ်တော့ ထောင်မှူးလေး ဦးတင့်လွင်မှာ မိန်းမထောင်တွင် အစဉ်အမြဲ တာဝန်ကျသူမဟုတ်၊ မိန်းမထောင်ကို ကိုင်ရသည့် အမျိုးသမီးထောင်မှူး နှစ်ယောက်ရှိသည့်အနက် ထောင်မှူးဒေါ်မြင့်မြင့်သန်းမှာ ပျားမွေးမြူရေးသင်တန်း တက်နေရသည်၊ ထောင်မှူး ဒေါ်ခင်မြကြွယ်က မမာမကျန်း ခွင့်ရက်ရှည်ယူထားရသည်။ အသက်ကလေးကငယ်ငယ်၊ ရောဂါတွေကတစ်ထွေးကြီးဆိုသလို လူနှင့်ရောဂါ မမျှရှာသည့် ဒေါ်ခင်မြကြွယ်မှာ အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်နိုင်မည့် အနေအထားမရှိသေး။ ဆေးပင်စင်ယူရမလိုလို အနေအထားမျိုး ရှိနေသည်။

ဒေါ်မြင့်မြင့်သန်းတစ်ယောက်တည်း နိုင်နိုင်နင်းနင်း တိုင်နိုင်ပါသော်လည်း ပျားမွေးမြူရေးသင်တန်းတက်ဖို့ ရွေးချယ်ခံလိုက်ရသည်။ သင်တန်းကာလမှာ ရက်သတ္တ ဆယ့်ရှစ်ပတ်။ ရက်ရှည်သင်တန်းတက်ရမည်မို့ မိန်းမထောင်ကိုင်မည့် ထောင်မှူးအစားထိုးရမည်။ လောလောဆယ် အမျိုးသမီးထောင်မှူး အစားမရနိုင်၊ ဦးတင့်လွင်က ထိုနေရာကို အစားဝင်ပေးရမည်၊

အလျင်က အမျိုးသမီးထောင် တန်းစီစစ်ဆေးရေးကိစ္စ၊ ရဲဘက်ရွေးချယ်ရေးကိစ္စများတွင် ဝင်ရောက်ကူညီဆောင်ရွက်ပေးရသော အစဉ်အလာရှိသည့် ထောင်မှူးကလေး ဦးတင့်လွင်အား ထောင်ပိုင်ကြီးက အမျိုးသမီးထောင်အုပ်ချုပ်ရေးအတွက် ခေတ္တတာဝန်ယူရန် တာဝန်ပေးအပ်ခဲ့သည်။

အုတ်ရိုးကြီးတွေ ကာရံမထားသော အနယ်နယ်အရပ်ရပ်ရှိ ရဲဘက်စခန်းများသို့ အလုပ်လုပ်ရန် အလုပ်တာဝန်ချထားရာတွင် ယောကျ်ားအကျဉ်းသားတွေချည်းသာ ရဲဘက်စခန်းသို့ သွားရသည်မဟုတ်၊ မိန်းမအကျဉ်းသူများလည်း ရဲဘက်စခန်းလုပ်ငန်းခွင်သို့ ဝင်ကြရသည်။


www.burmeseclassic.com

www.burmeseclassic.com

'ပြစ်မှုကြွေးကို ချေးဖြင့်ဆပ်ရမည်' ဟူသော ဆောင်ပုဒ်မှာ အကျဉ်းသားရော အကျဉ်းသူများနှင့်ပါ သက်ဆိုင်သည်။ အကျဉ်းသူများကို ရဲဘက်စခန်းပို့ရန် လူရွေးချယ်ရာတွင် ဦးတင့်လွင်က အမြဲတမ်းပင် ပါဝင်ဆောင်ရွက်ခဲ့ရသည်။ ထောင်ပိုင်ကြီးမျက်စိကျသည့် ထောင်မှူးကလေး ဦးတင့်လွင်ပါဝင်၍ ထောင်ပိုင်ကြီးရော ထောင်မှူးကြီးပါ ယုံကြည်အားထားခြင်းခံရသူဖြစ်သည့်အလျောက် ထောင်ပိုင်ကြီးကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်လိုက်ခြင်းဖြစ်၏။ ပြဿနာပေါင်းစုံ ရစ်ထွေးစမြဲရှိသည့် မိန်းမထောင်ကို အုပ်ချုပ်ဖို့ လူတကာကို လက်ညှိုးထိုးပြီး လွှတ်လို့မဖြစ်။

ဦးတင့်လွင့် စိတ်ဓာတ်ထောင်းသလို တာဝန်ကျေပွန်သည်။ လုပ်ငန်းအပေါ် စိတ်ဝင်စားပြီး သစ္စာရှိသည်။ ရိုးသားကြိုးစားသည်။ အသောက်အစားတင်း၍ အနေအထိုင်ရိုးအေးသည်။ ပုတီးသမား။ ထောင်ပိုင်ကြီးမျက်စိကျသည်မှာလည်း ကျလောက်စရာပါ။ ပြီး သူက ဆက်ဆံရေးပြေပြစ်သည်။ အအော်အငေါက် အဆဲအဆို အကြိမ်းအမောင်းမပါဘဲ စည်းကမ်းလိုက်နာလာအောင် ပြေပြေလည်လည် လုပ်ဆောင်နိုင်စွမ်းရှိသည်။ စည်းရုံးရေးကောင်းသည်။ လက်ရုံးရည်ထက် နှလုံးရည်က သာလွန်သည်ဟု ဆိုရမည့်သူမျိုး။ မိန်းမထောင်ဆိုတာက ယောကျ်ားထောင်လို အားကုန်ပါးကုန် ကြမ်းလို့မရ။ ကိုင်တွယ်သူ၏ စည်းရုံးရေး ပါးနပ်သလောက် ပြဿနာပြေလည်သည်။ နို့မဟုတ်ရင် အမယ်ဘုတ်ရဲ့ သူ့ချည်ငင်ဆိုသလိုမျိုး ဖြစ်တတ်သည်။

ဦးတင့်လွင်မှာ အထက်လူကြီးများ သဘောတွေ့စရာ အရည်အချင်းတွေ တော်တော်များများ ရှိနေသည်ပါ။ အထက်လူကြီးတွေ သဘောကျအကြိုက်တွေ့ပြီဆိုရင် ရှေ့တက်လမ်းကောင်းဖို့ သေချာသော်လည်း တာဝန်ပိုင်းကျေပွန်အောင် ဆောင်ရွက်ရသည်မှာ မသက်သာ။ သို့တစေ. . .။

ထိုသည်ကို လုပ်ငန်းအပေါ် စိတ်ဝင်စားသူတိုင်း ဂုဏ်ယူစမြဲရှိကြသည်ပါ။

"ကဲ. . . မောင်တင့်လွင်ရေ မိန်းမထောင်တိုင်ဖို့ကိစ္စမှာ ဦးအနေနဲ့ မင်းကိုပဲ တာဝန်ပေးရပါလိမ့်မယ်၊ ဦးတော့ မင်းကို စိတ်ချယုံကြည်တယ်"

ရုံးတွင်း အမိန့်စာထုတ်ပြီး ပြောင်းရွှေ့လို့ဖြစ်ပါလျက် ထောင်ပိုင်ကြီးကိုယ်တိုင်က ခေါ်ယူပြောဆိုသည်ကိုက သူ့အပေါ် ဘယ်လိုသဘောထားသည်ကို သိနိုင်ရာ၏။ အထွန့်မတတ်သာ။

"ဟုတ်ကဲ့. . . ကျွန်တော်ကြိုးစားပြီး ဆောင်ရွက်ပါ့မယ်"





သူ့ရင်ထဲမှာတော့ လေးတေးတေး။ ဒါပေမယ့် ဟုတ်ကဲ့ကတိနှင့်အတူ ထောင်ပိုင်ကြီးကို အလေးပြုပြီး ထောင်ပိုင်ကြီးရုံးခန်းထဲက ပြန်ထွက်ခဲ့ရသည်။ သူ့ဆန်စား ရဲရမည်။ နိုင်ငံ့ဝန်ထမ်းမှန်သမျှ ကျရာတာဝန်ကို ဦးလည်မသုန် ကျေပွန်အောင် ဆောင်ရွက်ရမည်။

အဲဒီနေ့ညနေ အိမ်ပြန်ရောက်တော့ ချစ်ဇနီးအေးကို တာဝန်အပြောင်းအလဲအကြောင်း ပြောပြရာ ချစ်ဇနီး၏ ရွှင်ပြစမြဲ မျက်နှာထားကလေးမှာ ညှိုး၍ အိုသွားသည်။ မိန်းမဆောင်အကြောင်းကို အေးက သိတန်သလောက် သိထားသည်ကိုး။ ထောင်မှူးကတော်စကားဝိုင်းမှာ မိန်းမထောင်အကြောင်း ပါပါလာသည်ကို ကြားဖူးနားဝရှိနေပြီး ထောင်ထဲကို မရောက်ဖူးပေမယ့် ထောင်ထဲကအကြောင်း ဘယ်သို့ဘယ်ညာဆိုတာတွေ ကြားရသည်မှာ နားရည်ဝနေပြီ။ သူတို့လောကက ကျဉ်းကျဉ်းလေးပါ။

လင်တော်မောင် ထောင်မှူးလောကမှာ အုတ်ရိုးလေးဘက်ကာရံထားသည့် အဝန်းအဝိုင်းအတွင်းမျှသာ။ ထောင်မှူးကတော်လောကမှာ အုတ်ရိုးလေးဘက် ပတ်ဝန်းကျင်တွင်သာ၊ သူတို့မှာ ပတ်ဝန်းကျင်နှင့် အထိအတွေ့ အဆက်အဆံနည်းပါးကြသည်။ နေရသည့်နေရာ အနေအထားကိုက ပတ်ဝန်းကျင် လူ့ဝန်းကျင် လူ့အသိုင်းအဝိုင်းနှင့် နီးနီးစပ်စပ်မရှိ။ အများအားဖြင့် ထောင်များမှာ မြို့လယ်ခေါင် လူစည်ကားရာ ပတ်ဝန်းကျင်တွင် မရှိတတ်သလို လူနေရပ်ကွက်နှင့် နီးသောနေရာများတွင်လည်း မရှိတတ်။ မြို့နှင့် အလှမ်းဝေးသလို လူနေရပ်ကွက်နှင့်လည်း အလှမ်းကွာသည်။ သည်တော့လည်း သူတို့ပတ်ဝန်းကျင်နှင့် ဆက်ဆံရေးမှာ မကျယ်ဝန်း။ မြို့ထဲတစ်ခေါက်ထွက်ဖို့ကိုပင် အတော်ကြီး အချိန်ယူရသည်။

အေးတို့လို ကိုယ့်ခင်ပွန်းမပါဘဲ လမ်းထွက်ရမှာ ဝန်လေးသူတွေအဖို့တော့ ထောင်ပတ်ဝန်းကျင်မှာပဲ အချိန်ကုန်ရသည်။ ထောင်ပတ်ဝန်းကျင်မှာ ထောင်ကြပ်တွေနေသည့်လိုင်း၊ ထောင်မှူးတွေနေသည့်လိုင်းများရှိရာ အလွယ်တကူ ခြေဆန့်ရသည်မှာ ထိုအဝန်းအဝိုင်းအတွင်းသာ။ နားရည်ဝနေသည့် အထဲမှာ မိန်းမထောင်အကြောင်းလည်း ပါသည်။

မိန်းမထောင်သို့ ရောက်လာသူတွေထဲမှာ ဣန္ဒြေသိက္ခာနှင့် တည်တည်ကြည်ကြည် သိမ်သိမ်မွေ့မွေ့၊ အေးအေးမြမြနေသူတွေပါသလို ယောကျ်ားနှင့်ထိမထင် အပြောရဲသလောက် မျက်လုံး တရားလွန်ကစားတတ်သော ညို

www.burmeseclassic.com

www.burmeseclassic.com

စွမ်းသူ အမျိုးသမီးများလည်းပါသည်။ သူတို့နှင့် အငြိအစွန်းကလေးများရှိရာမှ ထောင်မှုကြီး ထောင်ပိုင်ကြီးနား ပေါက်ကြားခဲ့ရသူတွေလည်း ရှိဖူး၏။ ထောင်ထဲမှာ ဘာမှမဖြစ်ဘဲ ထောင်ပြင်ရောက်မှ ဇာတ်လမ်းဆက်၍ မှတ်တမ်းတက်သွားသူတွေလည်း ရှိဖူး၏။

ဒါကြောင့်လည်း အေးမျက်နှာပေါ်မှာ ညှိုးရိပ်ထင်သွားရသည်ပါ။ မည်သို့ပင်ရှိပါစေ၊ လင်သားကို စိတ်ချပါသည်ဆိုသော မိန်းမျိုးက ရှိတော့ရှိသည်၊ အလွန့်အလွန်ရှားပါသည်။

"အစ်ကိုလွင် ကြည့်ကျက်လဲနေနော်၊ တော်တော်ကြာ. . ."

"ယော. . . အေးကလုပ်ပြီ"

"မလုပ်နဲ့လေ၊ မိန်းမထောင်ရဲ့ အဖြစ်အပျက်တွေထဲမှာ အစ်ကိုလွင်ပြောဖူးတဲ့ ဟိုအကြောင်းတွေ မေ့သွားပြီလား"

"ယောက်ျားချင်းတူပေမယ့် အသက်ရှူချင်းကွာပါတယ် အေးရယ်၊ အေးက အစ်ကိုလွင့်ကို ဒီလောက်တောင် အထင်သေးလား"

"အထင်သေးတာ မဟုတ်ဘူး အစ်ကိုလွင်၊ ချစ်တာ ချစ်လွန်းလို့ ပြောရတာ. . . ဟွန်း"

"ကဲ. . . မော့ပြီး ပြုံးလိုက်စမ်း၊ လှတဲ့နှုတ်ခမ်းကို စူမဲ့မထားရဘူး"

တူတူညီညီ ရယ်ရယ်ပြုံးပြုံး။

ချစ်တတ်သော ဇနီးမောင်နှံတို့ အိပ်ရာဝင်ချိန်သည်. . .။

◆ ◆ ◆



## (သုံး)

မိန်းမထောင်သို့ အလုပ်ဝင်ခဲ့ရသည်မှာ တစ်ပတ်ရှိပြီ။

နဂိုရှိနေမြဲ ပျော့သွယ်သည့်မျက်နှာကို တမင်တင်းမာအောင် မျက်နှာကြောတင်းထားရသည်မှာ မလွယ်။ ကြာတော့လည်း မျက်နှာပေါ်က အကြောအမျှင်တွေ တောင့်တင်းလာသည်၊ သည်လိုတင်းထားပါမှ တော်ရုံကျ၏။

နေရထိုင်ရတာက မိန်းမတွေ၊ မတစ်ရာသမီးတွေ ရာနှင့်ချီ ရှိသည့်နေရာ။

ဟိုတုန်းက ရန်ကုန်မြို့ရှိ မစိန်ညွန့်ဆေးလိပ်ခုံမှာ ဆေးလိပ်သမများ ဆေးလိပ်လိပ်နေကြသည့် လမ်းကြားလေးထဲကို ယောက်ျားလေးတစ်ယောက်တည်းပင် မသွားရဲ၊ ဝင်သွားမိသူတွေထဲမှာ ခြေလှမ်းမမှားသူဟူ၍ မရှိသလောက်၊ မျက်နှာဘယ်လိုထားရမှန်းမသိဘဲ ထိုလမ်းကြားလေးကို ကျော်လွှားခဲ့ရသူတွေ အများကြီး ရှိခဲ့ဖူးလေသတတ်။

သူတို့အပြောရဲပုံတ ကြောက်စရာ၊ ခု ဆေးလိပ်သမတွေထက် အပြောရဲသည့်နေရာမှာ ယောကျ်ားတစ်ယောက်တည်း ငေါင်စင်းစင်း။ မလွယ်သမှ အတော့်ကိုမလွယ်၊ တော်ပါသေးသည်၊ သူတို့က ထောင်မှုလေးကို ကြောက်ကြရလို့၊ နို့မဟုတ်ရင် ခက်ရချည့်၊ ဒါတောင် မျက်လုံးနှင့်သူတွေက အများကြီး။

တုံးတောင်မှ တိုက်ပါများတော့ လှုပ်သည်။ နဲ့သည်။

ဦးတင့်လွင်က လူ၊ မနဲ့မလှုပ်အောင် တအားခဲနေရသည်မှာ လွယ်မယောင်နှင့် ခက်ဆိုဘိသို့ ရှိပါချေ၏။

ရောက်သည့်နေ့ကစပြီး အကျဉ်းထောင်နှင့် အချုပ်ဆောင်တွင် ရှိနေကြသူတွေအကြောင်းကို ထောင်ကြပ်ဒေါ်စောတင်နှင့် ဒေါ်အေးတို့ အတူ


www.burmeseclassic.com

www.burmeseclassic.com

အညီဖြင့် လေ့လာရသည်၊ မေးမြန်းရသည်၊ အမှုအကြောင်း အကြမ်းဖျင်းနှင့် သူတို့စရိုက် အဆိုးအကောင်းများကို လေ့လာရသည်။

စွာကျယ်ကျယ် ဂျစ်တတ်တစ်လုပ်တတ်သူ၊ စည်းတမ်းဖောက်ဖျက်တတ်သူ၊ ပြဿနာရှာတတ်သူတို့၏အကြောင်းကို လေ့လာရသည်။ ကိုယ်အုပ်ချုပ်ရမည့်လူတွေအကြောင်းကို ထဲထဲဝင်ဝင် သိထားမှ ဘာဖြစ်ရင် ဘယ်လို၊ ပြဿနာပေါ်လာရင် ဘယ်သို့ကိုင်တွယ်ရမည်ကို ပြင်ဆင်ထားနိုင်မည်။

အချုပ်ဆောင်မှာရော ထောင်ကျမှာပါ မိန်းမတန်းစီးတွေရှိကြရာ သူတို့အကြောင်းကိုလည်း လေ့လာထားရပြန်သည်။

ကိုးရက်မြောက်သည့်နေ့၊ ပြဿနာပေါ်လာသည်။ မစီကြီးက စလိုက်သည့် ပြဿနာ။

မစီကြီးဆိုတာက အချုပ်ဆောင်မှာ နာမည်ဆိုးတစ်လုံးနှင့် ထင်ပေါ်နေသူ၊ အပြင်မှာရှိတုန်းက အလုပ်အကိုင်မှာ မိန်းမထိန်း၊ စကားလုံး ရိုင်းရိုင်းသုံးရင်တော့ တစ်မျိုးပေါ့၊ နှုတ်ထွက်ကြမ်းကြမ်း၊ ကိုယ်အမူအရာ ရမ်းရမ်း၊ ဟိုဒင်းဟိုဟာတွေ လုပ်ပြဖို့ နည်းနည်းလေးမှ မတွန့်ဆုတ်၊ သူတို့ကို အုပ်ချုပ်ရသည့် တန်းစီးကိုယ်တိုင်က မစီကြီးကို ခပ်လန့်လန့်၊ သူများတွေ အပေါ်ပြောသလို၊ ဆိုသလို၊ ဆက်ဆံသလို မပြောမဆို မဆက်ဆံရဲ။ ခပ် ရှိန်ရှိန်မို့ အလိုက်သင့် အလျှာသင့်ပဲ ဆက်ဆံရသည်။ မစီကြီးက ပြဿနာတစ်ခုမဟုတ်တစ်ခု ရှာဖွေနေရမှ၊ ပြဿနာလုပ်ရမှ စားဝင်အိပ်ပျော်သူ။

ခင်လေးနွယ်က အချုပ်ထောင်သို့ စရောက်ကတည်းကပင် ဣန္ဒြေရ သိမ်သိမ်မွေ့မွေ့ နေခဲ့သည်။ ဘယ်သူ့ကိုမှ ဟက်ဟက်ပက်ပက် အရောတဝင် မနေ၊ မေးထူးခေါ်ပြောလောက် ပြောဆိုနေထိုင်ခဲ့သည်။ စုစုဝေးဝေး စကားဝိုင်းများကိုလည်း ရှောင်သည်။ ဝင်မရော၊ ဝင်မပြော၊ ပြဿနာပေါ်လို့ အရင်းအမြစ်စစ်လိုက်ရင် ထိုစကားဝိုင်းမျိုးက စတတ်သည်။ စကားဝိုင်းမှာပါသူတွေပါ အဖျားခတ်ခံရစမြဲ။

သူ့အတွက် ရထားသည့်နေရာကလေးတွင်သာ ထိုင်လျက်တစ်မျိုး လဲလျက်တစ်ဖုံ အမှုအကြောင်း စဉ်းစားရင်း အချိန်ကို ကုန်လွန်စေခဲ့သည်၊ မစီကြီးနှင့်လည်း အရောတဝင်မနေ၊ ခင်လေးနွယ်ရောက်လာသည်မှာ တစ်လပင် မပြည့်တတ်သေး။

ဒါကို မစီကြီးကမကြည်၊ သူ့ကို မခန့်တရန့် မယို့ကျိုးရပါမို့လား...





အတေးအထောက်ထားခဲ့သည်မှာ ထောင်မှူးဒေါ်မြင့်မြင့်သန်းရှိစဉ်အခါတပင်။ သို့တစေ မစီကြီးက ပြောင်ပြောင်တင်းတင်း စိန်မခေါ်ရဲ၊ စိန်မခေါ်ရဲသည်မှာ ထောင်မှူးဒေါ်မြင့်မြင့်သန်းကြောင့်ပါ။

ထောင်မှူးဒေါ်မြင့်မြင့်သန်းက ရုပ်ရည်သန့်သန့်စင်စင်နှင့် အနေအထိုင်သိမ်မွေ့သည့် ကိုယ်ဝန်ဆောင် ခင်လေးနွယ်ကို မိန်းမချင်းကိုယ်ချင်းစာ၍ နေရာချသည်ကအစ အတူအညီပေးခဲ့သည်။ လိုက်လိုက်လျောလျော ဆက်ဆံခဲ့သည်။

ဒါကြောင့်လည်း မစီကြီး ပိုလ်မကျရဲ၊ ခု ဒေါ်မြင့်မြင့်သန်း မရှိတော့ပြီမို့ တစ်စခန်းထလာခြင်း ဖြစ်သည်။

ကလိလိုက် ရိလိုက် ထေ့လိုက် ငေါ့လိုက် စောင်းလိုက် မြောင်းလိုက်လုပ်နေသည်မှာ လေးငါးရက်ရှိပြီ၊ မသိမသာဆိုတော့သေး၊ ခုလုပ်လာတာက ပြောင်ပြောင်တင်းတင်း၊ မစီကြီး ကိုယ်လုံးကိုယ်ထည်က တုတ်တုတ်ဖီးဖီး၊ ဖီးကြမ်းငှက်ပျောသီးဝဝကြီးလိုပုံမျိုး။ အပြောနှင့် နဲ့လို့မရတော့ ကိုယ်ထိလက်ရောက် လုပ်လာသည်။ သူ့ကိုယ်လုံးကြီးနှင့် ခင်လေးနွယ်ကို တစ်ခြမ်းစောင်းလည်သွားအောင် တိုက်ထုတ်ပစ်လိုက်သည်။ သည်ထိအောင်လုပ်လာတာကိုတော့ ခင်လေးနွယ်ကလည်း သည်းမခံနိုင်။

မစီကြီးလုပ်လိုက်ပုံကို သူ့အဖွဲ့သားတွေက ဝိုင်းပြီးလှောင်ရယ်ရယ်ကြသည်၊ လက်ခုပ်လက်ဝါးတီး၍ ပင့်မြှောက်ပေးကြသည်။

အရှက်နှင့်အသက်၊ အရှက်ကြောင့် အသက်ကို မငဲ့နိုင်၊ ခင်လေးနွယ်၏ လက်ဝါး မစီကြီးပါးပေါ် အရောက် ခင်လေးနွယ်လည်း ပုံလျက်သား လဲကျသွားသည်။

တန်းစီးမထွေးခင်နှင့် ထောင်ကြပ်ဒေါ်စောတင်တို့ အဝင်မြန်ပေလို့ နို့မဟုတ်ရင် မလွယ်၊ ခင်လေးနွယ် ပို၍ခံရမည်။ ထိုပြဿနာကို ကိုင်တွယ်ဖြေရှင်းရသူမှာ ဦးတင့်လွင်။

ဘယ်သူလွန်သည်ကို စစ်ဆေးလိုက်သည့်အခါ သံသယဖွန်မတွဲဘဲ ဘယ်သူလွန်သည်တို့ တစ်ထိုင်တည်း အဆုံးအဖြတ်ပြုလိုက်နိုင်သည်။

မစီကြီးကို အပြစ်ပေးရမည်၊ နင်တန်နင်တန်လုပ်ရုံနှင့် မရ၊ မှတ်လောက်သားလောက်အပြစ်ပေးမှ နောက်လူတွေ ဒါမျိုးမလုပ်ရဲရှိကြမည်၊ အပ်ဆောင်တစ်ခုလုံးနှင့် အိမ်သာအားလုံးကို ရေဆေးသန့်စင်ရန် အပြစ်ပေးလိုက်သည်၊


www.burmeseclassic.com

www.burmeseclassic.com

အိပ်ဆောင်ရှေ၊ အိမ်သာပါ ဆေးကြောသန့်စင်ရမည်ဆိုတော့ သေဖို့သာ ပြင်ပေရော့။

တစ်ယောက်တည်းလုပ်ရမည်၊ ပြောင်လက်နေအောင် သန့်စင်ရမည်၊ မပြောင်ရင် ပြန်လုပ်ရမည်။ ဦးတင့်လွင်၏ ပြတ်သားသော ဆုံးဖြတ်ချက်ကြောင့် သည်တစ်ချီ မစီကြီး ရေရေလည်လည် ခံသွားရသည်။

နဖူးကချွေး ခြေမကျအောင်လုပ်ရသည်။ မဟာအရှက်တော်ကွဲသွားသည်။ လူမုန်းများသူ ခံရပြီဆိုသောအခါ ခံရချက်ပို၍ နာပါလေသည်။

သူ့အဖွဲ့သားတွေထဲကပင် သူ့အပေါ်မထေ့တထေ့လုပ်သူတွေ ပေါ်လာသည်၊ မစီကြီးက အံတစ်ကြိတ်ကြိတ်။ နောက်တစ်မှုထပ်တိုးလျှင် ပို၍ဆိုးမည်မို့ အံကြိတ်မျက်စောင်းထိုးရုံကလွဲ၍ မတတ်နိုင်။

ဒေါ်မြင့်မြင့်သန်းတုန်းက ကိုတင့်လွင်လို မပြတ်သား။ နင်တန်နင်တန် အဆင့်လောက်နှင့်ပဲ ပြဿနာကို အဆုံးသတ်လေ့ရှိခဲ့ရာ ဦးတင့်လွင့်အဆုံးအဖြတ်ကြောင့် အချုပ်ဆောင်တစ်ခုလုံး ငြိမ်ဆင်းသွားတော့၏။

သည်အကြောင်း ချစ်ဇနီးအေးကို ပြန်ပြောပြခဲ့ရာ အေးက လင့်တော်မောင်အဆုံးအဖြတ်မှန်ကန်ကြောင်း လင်တော်မောင်ဘက်ကို မဲတင်ပေးလိုက်သည်။

သို့တစေ ခင်လေးနွယ်၏ ရုပ်ဆင်းသဏ္ဌာန်ကို ပုံဖော်ပြောလိုက်သည့်အခါ မျက်နှာလေးမကြည်မသာ ဖြစ်သွားသည်။

ထိုပြဿနာပေါ်ပြီးနောက် ခင်လေးနွယ်၏ အမှုဖြစ်ကြောင်းကို မေးစမ်းကြည့်ရာမှ . . .။

◆ ◆ ◆

## (လေး)

“တကယ်တော့ ကိုဝင်းနဲ့ကျွန်မတို့ရဲ့ အတိတ်ဇာတ်လမ်းဟာ တဖွဲ့တနွဲ့ ပြောပလောက်စရာ မရှိပါဘူး၊ ကျွန်မတို့နေတာက သာကေတရပ်ကွက်တစ်ခုမှာပါ၊ အိမ်ချင်းကပ် ခြေရင်းခေါင်းရင်းတွေမို့ လူကြီးချင်း အကျွမ်းတဝင်ရှိသလို လူငယ်ချင်းကလည်း ခင်မင်ရင်းနှီးပါတယ်၊ ကျောင်းအတူသွားဖော်တွေပါ”

ခင်လေးနွယ်မိဘများမှာ မြစ်ဝကျွန်းပေါ်ဇာတိ၊ တောင်သူလယ်သမားမိသားစု၊ ကိုယ်ပိုင်ကျွဲနွားလယ်ယာလေးရှိသမို့ ကြွေးမြီကင်းပြီး လယ်သမားစားနှုန်းအတိုင်း လောက်လောက်ငှငှ စားနိုင်နေနိုင်သည်၊ ပိုပိုလျှံလျှံတော့မရှိ။

ခင်လေးနွယ်တို့မှာ ညီအစ်ကိုမောင်နှမ ငါးယောက်ရှိသည်၊ သူက အလယ်လူ အလတ်၊ ခင်လေးနွယ်အထက်မှာ ယောကျ်ားလေးနှစ်ယောက်၊ အောက်မှာ မိန်းကလေးနှစ်ယောက်၊ ခင်လေးနွယ်က အလယ်လူ၊ အလတ်ဆိုသည့်အတိုင်း အစစအရာရာ ကြားလပ်နေသည်။

အကြီးတွေလိုလည်း ဦးစားပေးမခံရ အငယ်တွေလိုလည်း ဝရုစိုက်မခံရ၊ သို့တစေ မောင်နှမတွေထဲမှာ သူက ဘဝပေးကုသိုလ်ကံအကောင်းဆုံးဟု ဆိုရမည်။

မောင်နှမငါးယောက်ထဲမှာ သူကအချောဆုံး၊ အသားအရည်ရော ရုပ်ရည်ပါ တစ်သွေးတစ်မွေး။ ပြီး အသက်နှစ်ဆယ်အရွယ်မှာ ရန်ကုန်ရောက်ပြီး ရန်ကုန်မြို့ကျောင်းနေနိုင်တာ သူတို့အထဲမှာ သူတစ်ယောက်တည်းပါ၊

သူ့အထက် အစ်ကိုတွေဆို မြို့ကျောင်းတောင်မနေနိုင်၊ ရွာနှင့် နှစ်မိုင်လောက်ဝေးသည့် မူလတန်းကျောင်း၏ အမြင့်ဆုံးအဆင့်မှာပဲ ကျောင်းနေ


www.burmeseclassic.com

www.burmeseclassic.com

ခြင်းတို့ ရမ်းနားလိုက်ရသည်၊ အငယ်နှစ်ယောက်လည်း ထို့အတူ၊

မိဘတွေက ကြပ်ကြပ်တည်းတည်းမရှိပေမယ့် ပညာရေးအတွက် သားသမီးတွေကို မြို့ကျောင်းပို့သည်အထိ ပညာရေးကို စိတ်မဝင်စား၊ ရှင် လိန်ပြန်သည့်အရွယ် နွားကျောင်း၊ လယ်ထဲဆင်း၊ ကြီးတော့ လယ်သမားအဖြစ် အသက်မွေးဝမ်းကျောင်း၊ ဒါဆို ဘဝအတွက် ပြည့်စုံပြီ၊

တကယ်တော့ မိဘတွေက ပညာရေးကို အားပေးသည့်တိုင် မြို့ကျောင်း ထားဖို့ကျတော့ မလွယ်၊ မြို့ပေါ်မှာ ဆွေမျိုးရင်းချာ အခံရှိသည့်တိုင် ထောက်ပံ့ ရမည့် စရိတ်စကတာဝန်မှာ မသေး၊ ချောင်လည်တယ်ဆိုပေမယ့် သည်အထိ တော့ မတတ်နိုင်၊

စားဖို့ဆန်အတွက် မပူရ၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ကို စပါးနှင့် ဖလှယ်လို့ရသည်၊ ဟင်းလျာအတွက်က အိမ်မွေးကြက်နှင့် ချောင်းအိုင်ထဲက ငါးရသည်၊ ဟင်းသီးဟင်းရွက် ဝယ်မစားရ၊ ဒါကြောင့် ချောင်လည်သည်ဟု ပြောနိုင်ခြင်းပါ၊

ခင်လေးနွယ်တျမှ မြို့တက်ကျောင်းနေရသည်၊ ရန်ကုန်မရောက်ခင် နာမည်က ခင်လေးနွယ်မဟုတ်၊ မွေးတုန်းက ပူစူးမ၊ ကြီးလာတော့ ကျော့မေ မြို့ကျောင်းခုနစ်တန်းရောက်သည့်နှစ် ပြောင်းသည့်နာမည်က ခင်လေးနွယ်၊ ရှစ်တန်းမှာ မှတ်ပုံတင်လုပ်ရသည်၊ မှတ်ပုံတင်နာမည်မှာ ခင်လေးနွယ်လို့ ဖြစ်လာသည်၊

ကျော့မေဆိုသည့်နာမည်က ရိုးယဉ်ပါသည်၊ ဒါပေမယ့် သူကမကြိုက်၊ မြို့နာမည်မဆန်လို့ ထင်သည်၊

သားသမီးမရှိသည့် ဘကြီးလင်မယားက သူ့ကိုသိပ်ချစ်သည်၊ အလို လိုက်သည်၊ မွေးစားသမီးလို့ သဘောမထား၊ သမီးအရင်းအချာသို့နှယ် သဘောမူခဲ့သည်၊

သူ လေးတန်းရောက်သည့်နှစ် ဦးကြီးဘမှန်တို့လင်မယား ရွာကို အလည်ရောက်လာကြသည်၊

“ကျွန်မလည်း ဦးကြီးတို့လင်မယားကို အဲ့ဒီတုန်းက မြင်ဖူးတာပါ၊ ဦးကြီးနာမည်က ဦးဘမှန်၊ ဒေါ်ကြီးနာမည်က ဒေါ်အုန်းသင်၊ ကျွန်မက အသက်ဆိုတဲ့အတိုင်း အိမ်မှာနေစဉ် လယ်နေပြီး ဂရုစိုက်မခံရပေမယ့် ဦးကြီးနှင့် ဒေါ်ကြီးကတော့ စရောက်ကတည်းက ကျွန်မကိုပဲ ဂရုတစိုက်ရှိကြပါတယ်





ချစ်ခင်တဲ့အမူအရာတွေ ထပ်ခါတလဲလဲ ပြပါတယ်၊ ပြီးတော့ အဖေတို့ အမေတို့ကိုလည်း ပြောပါတယ်၊ ကျွန်မရဲ့ ရုပ်လက္ခဏာ ထူးထူးခြားခြားရှိ ကြောင်း၊ နဖူးရေဒုးရေကောင်းကြောင်း၊ သန့်စင်ကြောင်း၊ မြို့မှာသာဆို ကတော်ဆယ်ပါး တစ်ပါးပါး အပါအဝင်ဖြစ်နိုင်ကြောင်းတို့ ဘာတို့ပေါ့လေ။ ပြောဆိုပြီး သူ့တို့ မွေးစားချင်တဲ့အကြောင်း၊ ရန်ကုန်မှာ ကျောင်းထားပေး မယ့်အကြောင်း ပြောပါတယ်၊ အဖေတို့အမေတို့က ချက်ချင်းခေါင်းမညိတ် ကြပေမယ့် ကျွန်မကတော့ လိုက်ချင်လိုက်တာ ထွန့်ထွန့်လူးနေတာပါပဲ၊ အဲ့ဒီအချိန်အထိ ကျွန်မ ရန်ကုန်ကို မရောက်ဖူးပါဘူး၊ ရန်ကုန်ဆိုတာ ဘယ်လို လဲမသိပါဘူး၊ ဒါပေမယ့် ဘဝရေစက်တံလို့ပဲ ဆိုရမလား၊ ကျွန်မလည်း ဦးကြီးနဲ့ ဒေါ်ကြီးကို မြင်မြင်ချင်း သိပ်ချစ်သွားပါတယ်၊ ဒေါ်ကြီးတို့မှာတ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ကိုး”

×××××

ဦးကြီးဘမှန်က ရန်ကုန်မှာ နာမည်ရ လက်သမားဆရာကြီး၊ ဟီးထ နေသည့် အိမ်ကောင်းဆောက်လိုသူများမှာ နာမည်တစ်လုံးထွက်နေသည့် ဦးဘမှန်ကို ငှားကြသည်၊

ဦးဘမှန်က အိမ်သေး အိမ်မွှား အိမ်လတ်တွေကို မဆောက်၊ အိမ်ကြီး အိမ်ကောင်းတွေကိုသာ ဈေးကောင်းကောင်းယူပြီး လက်ခံဆောက်သည်၊

နာမည်နှင့်လိုက်အောင် အလုပ်ကို မှန်မှန်ကန်ကန်လုပ်သည့်အပြင် အလုပ်ရှင်ကိုပေးထားသည့် ရက်ချိန်းအတိုင်း နေ့မှန်အချိန်မှန် အလုပ်အပ် နိုင်သည်ဟူသော နာမည်တစ်လုံးရထားသမို့ အလုပ်ကို ကိုယ်တလိုက်မရှာရ၊ အလုပ်အင်ချင်သူက ကိုယ့်ဆီလာရသည်၊

အောင်မြင်သော လက်သမားဆရာကြီးအဖြစ် လက်မထောင် နေနိုင် သည်၊ ဝင်ငွေကောင်းသည်၊ စားမည့်သောက်မည့်ဦးရေက နှစ်ယောက်တည်း၊ ဝင်ငွေနှင့်ထွက်ငွေမှာ မျှတရုံမျှမက ပိုလျှံသည်၊

ဒေါ်အုန်းသင်ကလည်း အလကားမနေ၊ ဝင်ငွေဘယ်လောက်ပဲရရ

www.burmeseclassic.com

www.burmeseclassic.com

ခြေနိုင်လက်နိုင် အိမ်ဆိုင်ကလေး တည်ထားသည်။ ဒါကြောင့်လည်း ရွှေတွဲလွဲ ငွေတွဲလွဲ နေနိုင်သည်ပါ။

"ကျွန်မ ဆယ့်နှစ်နှစ်သမီးအရွယ်တစပြီး ဟိုကောင်းခဲ့တာ အခု အသက် နှစ်ဆယ့်သုံးနှစ်မှာ တံဆိုးမိုးမှောင် ကျတော့တာပါပဲ။ ကိုဝင်းနဲ့ အိမ်ထောင် ကျစတုန်းကတော့ သုံးလေးလလောက် ကသိကအောင့် ဖြစ်လိုက်ပါသေးတယ်၊ သည့်နောက်ပိုင်း ရွှေသာမက စိန်ပါဝတ်ခဲ့ရတယ်လေ၊ သာကေတလိုနေရာက(နေ) မြို့ထဲမှာ တိုက်ခန်းနဲ့ ဘာနဲ့ အကျအနပေါ့၊ ဘာစားချင်သလဲ၊ ဘာဝတ်ချင် သလဲ၊ နာရီမဆိုင်းဘဲ စားနိုင်ဝတ်နိုင်ခဲ့ပါတယ်၊ ကျွန်မ ကြွားလည်းမပြော ပါဘူး၊ ပိုလဲမပြောပါဘူး၊ ကျွန်မအကြောင်းကို ယောက်ျားထောင် အချုပ် ဆောင်မှာရှိတဲ့ ကိုမောင်သိန်းကို ဆရာကြီးမေးကြည့်ပါ၊ ကိုမောင်သိန်းက ကျွန်မတို့အကြောင်း သိပါတယ်၊ ကျွန်မပြောတာဟာ အပိုတွေ မပါပါဘူး အခုအဖြစ်က ဆန်းကျယ်ပါတယ်"

×××××

ခင်လေးနွယ် ရန်ကုန်ရောက်စက မျက်စိသူငယ်နှင့်၊ ရွာမှာနေစဉ်က ဝတ်စားဆင်ယဉ်ပုံအတိုင်းမို့ ရှိရင်းစွဲအလှမှာ ပီပီပြင်ပြင် မပေါ်လွင်ဘဲ တစ်လကျော်ကျော်ပဲ ရှိဦးမည်၊ ဆံပင်ပုံစံက ပြောင်းလဲသွားပြီ၊ ဝတ်စား ဆင်ယဉ်မှုလည်း ပြောင်းလဲသွားပြီ၊ အိမ်နီးနားချင်းတွေကပင် တအံ့တဩ ပြောသူရသည်အထိ အပြောင်းအလဲကြီး ပြောင်းလဲသွားတော့၏၊ နဂို အလှမှာ ထူးထူးထင်ထင်ကြီး ပေါ်လွင်တောက်ကြွယ်လာသည်။

သူ ငါးတန်းရောက်သည့်နှစ်၊ ဝင်းမောင်က ခုနစ်တန်းမှာ၊ ဝင်းမောင် အဖေ ကိုဖိုးကျော့က ကုန်းလမ်းပို့ဆောင်ရေးက စက်ပြင်၊ အလုပ်ချိန် အပတွင် အပြင်ဝပ်ရှော့တစ်ခုမှာ အလုပ်လုပ်ရုံမက အရေးပေါ်လာခေါ်သော လမ်းဖျက်ကားများနောက်သို့လည်း အလွယ်တကူလိုက်တတ်သမို့ ဝင်းဖြောင့်သည်၊ ဝပ်ရှော့မပို့ဘဲ အိမ်မှာတင် မျက်စိရှေ့ပြင်ချင်သည့်ကားများ ကိုလည်း လက်ခံပြင်ပေးသည်။





လူ့သတင်း လူချင်းဆောင်သလို တဖြည်းဖြည်း အဆက်အသွယ်များ လာသည့်အလျောက် လက်မလည်အောင် လုပ်ရသည်၊ ကိုဖိုးကျော့က ကားပြင်ကျွမ်းကျင်သလို သဘောသကာယလည်း ကောင်းသည်၊ မခိုမကပ် လုပ်တတ်သလို အလုပ်ရှင်ကျေနပ်မှုကိုလည်း ဖြည့်စွမ်းပေးနိုင်သူဖြစ်သော ကြောင့် တစ်ခါနှင့် 'ဟင်'ခံရသူမဟုတ်ဘဲ တစ်ခါခိုင်းပြီးရင် သူ့ကိုပဲ လက်စွဲ ဆိုသလို ခိုင်းကြသောကြောင့် လခထက် အပြင်ဝင်ငွေက ပိုကောင်းသည်၊

သားသမီးက သုံးယောက်၊ လူတန်းစေ့ နေနိုင်စားနိုင်ကြသည်၊ ဝင်းမောင်တို့ မောင်နှမသုံးယောက်စလုံး ချို့ချို့ငဲ့ငဲ့မရှိ၊ ခင်လေးနွယ်နှင့် ဝင်းမောင်နှမတွေဆို သွားအတူလာအတူ စားအတူ တတွဲတွဲ၊

လူကြီးချင်းလည်း ခင်ကြသည်၊ လူငယ်ချင်းကလည်း ရင်းရင်းနှီးနှီး၊ အိမ်ချင်းကကပ်လျက် နှစ်အိမ်တစ်အိမ်သို့နှယ်၊ ဝင်းမောင်နှင့် တစ်ရင်း တစ်နှီးနေကြသည်ကို ဦးဘမှန် ဒေါ်အုန်းသင်ကပါ အဟန့်အတားမလုပ် သည့်အပြင် နှမလေးလို သဘောမှုပြီး စောင့်ရှောက်ဖို့ အပ်နှံထားသည်၊

ဝင်းမောင်မှာ ခေတ်လူငယ်တို့စရိုက်လေ့မကင်းသော်လည်း အသောက် အစားတင်းသည်၊ အလည်အပတ်များပေမယ့် ပညာရေးထိခိုက်စေလောက် သည်မျိုး အဆင့်အထိ အလည်မကျူး၊ စာတော့ကြိုးစားသည်၊ ပင်ကိုဉာဏ် ရည်သွေးလည်းမနိမ့်၊ တစ်နှစ်တစ်တန်းတော့ မှန်မှန်အောင်သည်၊

"ကျွန်မနားမလည်တဲ့ စာတွေဘာတွေဆိုရင် ကိုဝင်းကိုပဲ မေးရတာပါ၊ ကျွန်မက သင်္ချာညံ့တယ်၊ ကိုဝင်းမောင်က သင်္ချာတော်တယ်၊ ကျွန်မတို့ရဲ့ ရင်းနှီးမှုဟာ အရှိန်လျော့သွားတယ်လို့ မရှိခဲ့ပါဘူး၊ ရင်းနှီးမှုအရှိန်မြင့်လာ သလို ပိုပြီးလည်း ခိုင်ကြည်လာပါတယ်၊ ကျွန်မရှစ်တန်းရောက်တဲ့နှစ်မှာ ကျွန်မရဲ့အလှဟာ အတော်ကြီး ဖွံ့ထွက်လာပါတယ်၊ ကျောင်းမှာ စတားလို သတ်မှတ်ခံရတဲ့ ကောင်မလေးတွေရဲ့ အဆင့်ဟာ ကျွန်မရဲ့အောက်ကို ရောက်ကုန်ကြပါတယ်၊ ကိုးတန်းသမားတွေ စိတ်ဝင်စားခံရတဲ့အထဲမှာ ကျွန်မ လည်း ထိပ်ဆုံးက ပါဝင်တာပေါ့၊ ဒါပေမယ့် ကျွန်မ အနေအထိုင်မကလက် အောင် ထိန်းသိမ်းခဲ့ပါတယ်၊ စာကိုပဲ ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့ ကျောင်းသူဘဝပျော်ရွှင်မှုဟာ ရှစ်တန်းအောင်စာရင်းထွက်တဲ့အချိန်မှာ အဆုံးသတ်သွားခဲ့ရပါတယ်၊ ကိုဝင်းလည်း ကျွန်မအတိုင်းပဲ ကြိုးစားလျက် ကနေ ကျွန်မတို့နှစ်ယောက် စာမေးပွဲကျခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကိုယ်သူတို့တော့ ကျိန်းသေပေါက်စာမေးပွဲ အောင်လိမ့်မည်ဟု ထင်ထားကြသည်။ အောင်စာရင်းထွက်တော့ သူတို့နှစ်ယောက်စလုံး မပါ။ အတန်းပိုင်ဆရာများလည်း တအံ့တဩ ဖြစ်သွားရသည်။

စာမေးပွဲဆိုတာ စာတော်ရုံနဲ့မပြီး။ ဖြေပုံဖြေနည်း ချွတ်ယွင်းလျှင်လည်း စာမေးပွဲကျတတ်တာပဲ။ တစ်နှစ်မှ စာမေးပွဲမကျဘူးသည့် သူတို့နှစ်ယောက်စလုံး စိတ်ဓာတ်လည်းကျ ရှက်လည်းရှက် ဖြစ်သွားကြသည်။ နောက်တစ်နှစ်ကျတော့ သူတို့ကိုယ်တိုင်လည်း ခပ်ပေါ့ပေါ့၊ သင်ပြီးသား စာတွေပဲဆိုပြီး သိပ်အလေးအနက်မထား။ အောင်ရမည်ဆိုသည့် ဇွဲမာန်လည်း အားပျော့သွားသည်။

စာမေးပွဲကျဖူးသူတို့ ထုံးစံအတိုင်း၊ နောက်တစ်နှစ်ဆက်ကျသည်။ နှစ်ယောက်စလုံး ကျောင်းထွက်လိုက်ရပြီ။

"ပထမနှစ် စာမေးပွဲကျတုန်းက ကျွန်မတို့နှစ်ယောက်စလုံး အိမ်က အဆူအပြောကို ခံရပေမယ့် သက်သက်သာသာပါ၊ ဒုတိယနှစ်ဆက်ကျတော့ အဝီစိပွက်အောင် ဆိုတာမျိုးလို အဆူအပြော ခံကြရပါတယ်။ တကယ်တော့ ကျွန်မတို့ဟာ အိမ်ထောင်ပြုမယ်ဆိုတဲ့ ရည်ရွယ်ချက်လုံးလုံး မရှိဘဲ သမီးရည်းစားရယ်လို့လည်း တိတိပပ မဆိုနိုင်သေးဘဲ နေ့ချင်းပြီး အိမ်ထောင်ပြုလိုက်ကြတာပါ"

ခင်လေးနွယ်ပြောသမျှကို နားထောင်နေသည့် ထောင်မှူးလေး ကိုတင့်လွင်၏မျက်လုံးအစုံမှာ ဝိုင်းကျယ်သွားရသည်။ ခင်လေးနွယ် ပွင့်ပွင့်လင်းလင်း ပြောပုံမှာ မျက်လုံးဝိုင်းကျယ်စရာပါ။ သမီးရည်းစားရယ်လို့လည်း တိတိပပ မဖြစ်သေး၊ အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်လည်းမရှိဘဲ နေ့ချင်းပြီး အိမ်ထောင်ပြုလိုက်ကြတယ်ဆိုတော့။

သူတို့အိမ်ထောင်ကျလိုက်ပုံမှာ အံ့ဩစရာကြီးပါလားဟု ဆိုရမည်သို့ ရှိပါချေ၏။ သည်အကြောင်း ချစ်ဇနီးအေးကို ပြန်ပြောပြသည့်အခါ အေးလည်း မျက်လုံးကလေး ကလယ်ကလယ် ဖြစ်သွားသည်။ သူတို့တုန်းကများ သုံးလေးမိုးမက ချစ်သူဘဝ နေခဲ့ကြပြီးမှ အိမ်ထောင်ပြုဖို့တိစ္စကို ဦးနှောက်ခြောက်ခန်းလုမတတ် စဉ်းစားခဲ့ရသည်ပါ။

သူတို့နှစ်ယောက်စလုံး၏မိဘများမှာ သားသမီးတို့ မင်္ဂလာကိစ္စကို ငွေကုန်ကြေးကျခံ၍ လုပ်ပေးနိုင်သည့် အင်အားမရှိ။ သာမာန် လူလတ်တန်းစားတွေ။ အေးကမှ တော်သေးသည်။ ကျောင်းနေစဉ်က ပြည့်ပြည့်စုံစုံ၊ အများတန်းတူ ဝတ်စားနေနိုင်ခဲ့သည်။

ကိုတင့်လွင်ကျတော့ မပြည့်စုံ၊ ညီအစ်ကိုမောင်နှမ ရှစ်ယောက်ရှိသည့် သူတို့မိသားစုမှာ အကြီးအဝတ်ကို အငယ်ဝတ်၍ အကြီးကျောင်းစာအုပ်ကို အငယ်ကပြန်ကိုင်ပြီး ပညာသင်ခဲ့ရသည်။

သူတို့နှစ်ယောက်၏ အိမ်ထောင်ရေးကိစ္စကို နှစ်ဘက်သောမိဘများက သဘောတူကြည်ဖြူကြသည်။ မင်္ဂလာကိစ္စကိုတော့ ကြီးကြီးကျယ်ကျယ် တခမ်းတနားလုပ်မပေးနိုင်၊ နှစ်ဘက်ဆွေမျိုးများဖိတ်၍ မင်္ဂလာဆွမ်းကျွေးပြီး ကိစ္စပြီးရသည့် အနေအထား။

ဒါကလည်း အကြောင်းမဟုတ်၊ မင်္ဂလာမဆောင်ဘဲ လင်မယားအရာမြောက်၍ ရာသက်ပန်ရိုးမြေကျ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ယုယုယယ သစ္စာရှိရှိ ပေါင်းဖက်သွားကြသည့် ဇနီးမောင်နှံစုံတွဲတွေ အများကြီး၊ မိန်းကလေးတွေမှာ သည်မင်္ဂလာသာ အကြီးမြတ်ဆုံးလို့ အေးကလည်း နားပူနားဆာမလုပ်။ ချေးမထူ၊ ဟိုလိုမှ သည်လိုမှလို့ အခွင့်အရေးမတောင်းဆို၊ ရုံးတက်လက်မှတ်ထိုးပြီး မင်္ဂလာဆွမ်းကျွေးလည်း ပြီးတာပါပဲလို့ ပြုံးပြုံးကလေး ခေါင်းညိတ်ခဲ့သည်။

အဲ. . . အကြောင်းက နေရေး၊ သူတို့နှစ်ယောက် အိမ်ထောင်ပြုကြတော့မည်လို့ သဘောတူစဉ်က ကိုတင့်လွင်မှာ ထောင်မှူး မဟုတ်သေး၊ သာမာန်ရုံးစာရေးကလေးဘဝ၊ နှစ်ဘက်မိဘများအိမ်မှာနေဖို့ မလွယ်ကူ၊ အေးတို့အိမ်ထောင်စုကလည်း အိမ်ထောင်စုကြီး၊ ကိုတင့်လွင်တို့အိမ်ထောင်စုက အေးတို့ အိမ်ထောင်စုထက် ပိုကြီးသည်။ ကိုတင့်လွင် ထောင်မှူးအလုပ်လျှောက်ဖြစ်သည်မှာ သည်အကြောင်းက အဓိက။

ထောင်မှူးအလုပ်က နေဖို့အိမ် အဆင်ပြေသည်။ ထောင်မှူးတွေသည်အိမ်မှာ ကျယ်ကျယ်ဝန်းဝန်းရှိရုံမက ထောင်လုပ်အိမ်ထောင်ပရိဘောဂများပင် အဆစ်ပါလိုက်သေးသည်။ ဒါကြောင့်လည်း သူတို့အိမ်ထောင်ရေးကိစ္စကို တစ်နှစ်ကျော်ကျော် ရွှေ့ဆိုင်းပြီး ကိုတင့်လွင့် ထောင်မှူးတလေး ဖြစ်ပြီးမှ အိမ်ထောင်ပြုလိုက်ကြသည်။

ခု ခင်လေးနွယ်တို့ အိမ်ထောင်ပြုပုံကတော့. . .။

◆ ◆ ◆






www.burmeseclassic.com

www.burmeseclassic.com

(ငါး)

"ဟဲ့. . . နေပါဦး၊ နင်တို့ဥစ္စာက အထူးအဆန်းကြီးပါလား၊ သမီးရည်းစားလည်း မဟုတ်သေး၊ အိမ်ထောင်ပြုဖို့လည်း ရည်ရွယ်ချက်လည်း မရှိသေးဘဲ နေ့ချင်းပြီးဆိုတော့"

"စာမေးပွဲကျတော့ သူ့အိမ်ကရော ကျွန်မအိမ်ကပါ နေ့တိုင်းပဲ ဆူနေတယ်လေ၊ ကျွန်မတို့လည်း အိမ်မှာမနေချင်အောင် ဖြစ်လာတယ်၊ ဒါနဲ့ ကျွန်မတို့နှစ်ယောက်ချိန်းပြီး မြို့ထဲထွက်ခဲ့ကြတာပဲ၊ တစ်ယောက်တို့တစ်ယောက်ကြိုက်ပါတယ်၊ ချစ်ပါတယ်လို့ ဖွင့်မပြောသေးပေမယ့် နားလည်မှုတော့ ရှိနေကြတာပေါ့ ဆရာကြီးရယ်၊ ကျွန်မတို့ နေပြည်တော်ရုံက ထွက်လာတော့ လေးနာရီကျော်ပြီလေ၊ အိမ်ကိုပြန်ရင် နားမခံသာအောင် အဆူခံရဦးမှာ သေချာတယ်၊ နှစ်ယောက်စလုံးလည်း သိပ်စိတ်ညစ်နေကြတယ်၊ ကိုဝင်းက ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ကမာရွတ်စံပယ်ခြံက သူ့အစ်ကိုဝမ်းကွဲတစ်ယောက်အိမ် သွားရအောင်လို့ပြောတယ်၊ ကျွန်မကလည်း မငြင်းပါဘူး၊ ဒါနဲ့ပဲ စံပယ်ခြံကို ရောက်သွားကြတာပေါ့၊ ကိုဝင်းအစ်ကိုက ပျော်ပျော်နေတတ်တယ် နောက်နောက်ပြောင်ပြောင်နေတတ်တယ်၊ နာမည်က ကိုသိန်းဦးတဲ့၊ သူ့မိန်းမနာမည်က အေးကြည်ခင်တဲ့၊ ကျွန်မတို့ ရောက်သွားတော့ သူတို့နှစ်ယောက်စလုံးက ပြုံးစိစိနဲ့ပေါ့လေ၊ မထေ့တထေ့အကြည့်နဲ့ ကိုသိန်းဦးတို့ ပါးစပ်အငြိမ်မနေဘူးလေ၊ နောက်ရင်းပြောင်ရင်းတနေ အတည်ဖြစ်အောင် လုပ်သွားတာ၊ အဲ့ဒီတနေ့ နေ့ချင်းပြီး အိမ်ထောင်ပြုတဲ့အဆင့်ရောက်သွားတာပါပဲ၊ ကျွန်မတို့လည်း သာကေတကို မပြန်ကြတော့ဘူး"

"နင်တို့ အိမ်ထောင်ကျပုံကြီးကလည်း တစ်မျိုးကြီးပါလား"





"ဟုတ်ပါတယ် ဆရာကြီး၊ တစ်မျိုးကြီးပါ။ ဒါပေမယ့် ကျွန်မတို့ သိပ်ချစ်ကြပါတယ်၊ အချစ်ဝတ္ထုဆရာတွေရေးသလို ဘဝဆိုတာ ချစ်သူ့ရင်ခွင်မှာ အဆုံးသတ်ရတာ ကြည်နူးဆရာအကောင်းဆုံးဆိုတာကို အဲ့ဒီနေ့ကစပြီး သိလိုက်ရပါတယ်"

ခင်လေးနွယ်၏ပြောပုံဆိုပုံက တိုရှင်းလိုရင်း ပွင့်ပွင့်လင်းလင်းကြီး၊ နှစ်ယောက်ပေါင်း တစ်ဘဝခရီး။ သူတို့မွေးလိုက်သည့်မီးမှာ တော်တော်နှင့် အငြိမ်းမသေး၊ ခင်မင်ရင်းစွဲရှိသည့် လူကြီးချင်းလည်း တဖောင်းစေးနှင့် ကျက်ချေးဆိုသလို ဖြစ်ကုန်ကြသည်၊

ဝင်းမောင်တို့အိမ်က ဒီလောက်မဟုတ်၊ ဘကြီးမှန်တို့က ခါးခါးသီးသီး၊ ဘယ်နည်းဘယ်ပုံစံနှင့်မှ လက်မခံနိုင်ပါဟု ပြတ်ပြတ်တောက်တောက်ကြီး ငြင်းဆိုလိုက်သည်။

ဝင်းမောင်တို့အဖေ ဦးဖိုးကျော့က အဝတ်အစားနှင့် ငွေကြေးများကို စိတ်တဆိတ် ထောက်ပံ့ပေးကမ်းခဲ့ရာ သူတို့နှစ်ယောက်မှာ အသက်ရှုပေါက်လင့်ထွက်ပေါက်ကလေး ရသွားသည်၊ ကိုသိန်းဦးတို့ လင်မယားနှစ်ယောက်စလုံးကလည်း ထင်တာထက်ပိုပြီး သဘောကောင်းနေသည်၊

သူတို့လင်မယားက လွတ်လွတ်လပ်လပ် လင်မယား၊ အတွဲအချိတ် သားသမီးမရှိ၊ အေးကြည်ခင်၏ အဒေါ်ဖြစ်သူနှင့်အတူ နေကြသည်၊ အဒေါ်ဒေါ်လှမေက ပါးစပ်ပေါက်ဆိုးပေမယ့် စိတ်ရင်းကောင်းသည်၊ တစ်အိမ်လုံးကို ရှာဖွေကျွေးမွေးနေသူက ကိုသိန်းဦး၊ အိမ်မှာ ဒေါ်လှမေဩဇာထက် ကိုသိန်းဦးဩဇာက ပိုထက်သည်၊ ကိုသိန်းဦးအလုပ်က ဝင်ငွေကောင်းတော့ အိမ်မှာဖောဖောသီသီ၊

သူတို့နှစ်ယောက်မှာ အနေမကြပ်၊ ဒါပေမယ့် ရေရှည်အတွက် မစဉ်းစားလို့ မဖြစ်၊ စဉ်းစားရကြရပြီ၊ သူတို့နေသည့်နေရာနှင့် အင်းလျားတန်ဘင်ရိုးကြီးက သိပ်မဝေး၊ ညနေခင်း လမ်းလျှောက်ထွက်တိုင်း အဲ့ဒီဘက်တိုထွက်ကြသည်၊

"ကျွန်မတို့ ပတ်ဝန်းကျင်မှာကလည်း ကျွန်မတို့နဲ့ အရွယ်မတိမ်းမယိမ်း ကျောင်းသူကျောင်းသား စုံတွဲလေးတွေ အစီအရီနဲ့မို့ ကြင်စဦး ကျွန်မတို့ နှစ်ယောက်အတွက် ကြည်နူးပျော်ရွှင်စရာ အငွေ့အသက်တွေနဲ့ ဖြာဖြာနေပါတယ်၊ ဒါပေမယ့် ကျွန်မတို့က သူတို့လို မဟုတ်ဘူးလေ၊ သူတို့က



www.burmeseclassic.com

www.burmeseclassic.com

စားဝတ်နေရေးအတွက် စဉ်းစားစရာမလိုသေးသူတွေ၊ ပျော်ပျော်ပါး
နေကြရုံသာပါ။ ကျွန်မတို့ကြတော့. . ."

"အစ်ကို. . . မလေးတို့ရှေ့ရေးအတွက် စဉ်းစားရဦးမှာနော်၊ ဒီလိုချည်
နေသွားလို့ မဖြစ်သေးဘူး။ အစ်ကိုသိန်းဦးတို့ လင်မယားက ဘယ်လော
သဘောတောင်းကောင်း မလေးတို့က သိတတ်ရမှာနော်၊ ရေရှည်ကြတော့

"မပူစမ်းပါနဲ့ မလေးရယ်၊ ကိုဝင်းယောကျ်ားပါ၊ သားကျွေးမှု မယားကျွေး
တာဝန်ကို ကိုဝင်းထမ်းဆောင်ရမယ်၊ လုပ်ရမယ်ဆိုတာကို နားလည်ပါတယ်
ကိုသိန်းဦးနဲ့လည်း သည်ကိစ္စအတွက် ပြောဆိုပြီးသားပါ၊ မနေ့ညက ကိုဝင်း
လက်ဖက်ရည်ထွက်သောက်တုန်းက ပြောကြတာတွေရှိတယ်၊ ဒီနေ့ည
မလေးကို အေးအေးဆေးဆေးပြောမလို့"

"ကဲပါ. . . ပြောရင်လည်း မြန်မြန်ပြောစမ်းပါ"

"ကိုဝင်း တိုသိန်းဦးနဲ့အတူတူလိုက်ပြီး အလုပ်လုပ်မယ်လေ"

"ဖြစ်ပါ့မလား ကိုဝင်းရယ်၊ သူတို့က ငွေရင်းငွေနှီးနဲ့ အရောင်းအဝယ်
လုပ်နေကြတာ၊ မလေးတို့မှာက လက်ဖဝါးပဲရှိတာ ဘယ်လိုလုပ်ပြီး. . .

"အဲ့ဒါအတွက် ကိုသိန်းဦးက စီစဉ်ပေးပါလိမ့်မယ် မလေးရာ၊ ကိုဝင်း
သန်ဘက်ခါဝဲ ခရီးထွက်ရလိမ့်မယ်"

"ဒီလိုဆို မလေးတကော. . ."

"မလေးက မအေးကြည်ခင်နဲ့ နေခဲ့ပေါ့"

"ဟင်. . . ကိုဝင်းကလည်း. . ."

"ဟော. . . မလေးပဲ အလုပ်လုပ်ပါဆို"

"မလေးပြောတာက မလေးနဲ့ ကိုဝင်းတို့ခွဲနေပြီး ခရီးထွက်ရတဲ့အ
မျိုးမှ မဟုတ်ဘဲဟာ၊ ရန်ကုန်မှာနေပြီး လုပ်လို့ရတဲ့ အလုပ်ကိုပြော

"မလေးကလည်း ကိုဝင်းတို့အခြေအနေကို သိသားနဲ့၊ ရန်ကုန်
ရုတ်တရက် အလုပ်ရဖို့ ဘယ်လွယ်ပါ့မလဲ"

"ဒီကြားထဲမှာ မလေးသုံးဖို့စွဲဖို့ကော"

"ကိုဝင်း အဖေ့အလုပ်ရုံလိုက်သွားပြီး ပိုက်ဆံတောင်းပေးခဲ့မယ်

ခေါင်းညိတ်လိုက်ရသော်လည်း ခင်လေးနွယ် မျက်နှာမှာ ခါတို
ကြည်ကြည်လင်လင် မရှိ၊ ညှိုးရိပ်ထင်နေသည်။ အိမ်အပြန်ခရီးမှာ ခါတို
တွတ်ထိုး၍ မပြန်၊ တိတ်တိတ်ဆိတ်ဆိတ် အတွေးကိုယ်စီနှင့်၊ ဝင်း





ကလည်း ရခါစ ဇနီးမယားလေးကို ဘယ်ခွဲချင်မှာပါ။

တစ်တွဲတွဲ မခွဲခွာဘဲ နေချင်တာပေါ့၊ လပိုင်းပင် မကူးသေး၊ ရက်ပိုင်းပဲ
ရှိသေးတာ လောလောဆယ် ရရာအလုပ်ကိုလုပ်ပြီး နောက်ပိုင်းကျမှ မီးစင်
ကြည့်ကရတော့မည်ပါ။ ဝင်းမောင်က ခင်လေးနွယ်၏ လက်ကလေးကို
ဖြစ်ညှစ်ဆုပ်ကိုင်၍ အားပေးစကားဖြင့် နှစ်သိမ့်လိုက်ရသည်။

"ကျွန်မတို့ အိမ်ထောင်ရေးက အစမကောင်းခဲ့တော့ ခုလိုအနှောင်း
မသေချာတဲ့အဖြစ်ကို ရောက်ခဲ့ရတာပါပဲ။ ကိုဝင်းကို ကျွန်မပြောပါသေးတယ်၊
သူ့အဖေရဲ့ ဝပ်ရှော့မှာ နေ့စားပညာသင် ဝင်လုပ်ဖို့၊ သူက မလုပ်ချင်ဘူး၊
ကိုသိန်းဦးနဲ့ တွဲမိလိုက်တာဟာ အစပိုင်းကောင်းသလိုလို ရှိပေမယ့် အနှောင်း
ပိုင်းကျတော့ သူလည်း သက်တန်းမစေ့ဘဲ သေသွားရတယ်၊ ကျွန်မလည်း
ဗိုက်တစ်လုံးနဲ့ ခုလို ထောင်ထဲကို ရောက်ခဲ့တာပါပဲ။ ကြမ္မာရဲ့အလှည့်အပြောင်း
ဟာ ကြောက်စရာကောင်းလှပါတယ်"

သိန်းဦးက မော်လမြိုင်နှင့် ရန်ကုန်ကို အိမ်ဦးနဲ့ကြမ်းပြင်လို ကူးသန်း
နေသူ၊ တကယ်တော့ သူကလည်း သူ့ကိုယ်ပိုင်ငွေကြေးနဲ့ ကုန်ကူးနေသူ
မဟုတ်၊ သူ့နောက်မှာ ငွေကြေးထုတ်ပေးသည့် ဘော်ဇာရှိသည်။ သူက ငွေ
အင်အားအလုံးအရင်းကိုင်၍ ပန်ကာအောက်မှာထိုင်ပြီး အလုပ်လုပ်နေသူ၏
လူယုံကိုယ်စားလှယ် (ဝါ) မားစားခံ၊ ပြဿနာပေါ်ပြီဆို သိန်းဦးတို့လိုလူက
ခံရစမြဲ၊ လက်ထိပ်နဲ့ တွဲစပ်ရစမြဲ။

ဝင်းမောင်ခရီးမထွက်ခင်နေ့က သူတို့နှစ်ယောက် မြို့ထဲမှာ ရုပ်ရှင်
သွားကြည့်ကြသည်၊ ခင်လေးနွယ်က ခါတိုင်းလိုမဟုတ်၊ သူ့အလှကို ဝင့်မြူး
နေအောင် ချယ်မှုန်းထားသည်။ အေးကြည်ခင်က သူ့ကိုတော့မပြော၊ ဝင်း
မောင်ကို ပြောလိုက်သည်။

"ကိုဝင်းမောင်. . . မလေးက သိပ်လှတာပဲနော်၊ ရှင်နဲ့တောင် မလိုက်
ဘူး၊ မလေးလှတာက ကျက်သရေရှိရှိလေးလှတာ"

"မိန်းမချင်း သည်လိုအချီးအမွှမ်းခံရတာ နည်းနည်းနောနော ပီတိ
ဖြစ်စရာမှ မဟုတ်တာ၊ ကျွန်မလည်း ရင်တွေဘာတွေခုန်လို့၊ ကိုဝင်းမျက်နှာ
ပေါ်မှာလည်း အပြုံးတွေ ရွှမ်းရွှမ်းလက်လက် တောက်ပလို့ပေါ့"

ညနေဘက် ထုံးစံအတိုင်း အင်းလျားတန်ဘောင်ရိုးကြီးပေါ် လျှောက်သွား
ကြသည့်အခါ. . .

www.burmeseclassic.com

"ကိုဝင်းလေ. . . မလေးကို. . ."

"ဆက်မပြောနဲ့တော့၊ ဘာပြောမယ်ဆိုတာ မလေးသိပြီးသား၊ မလေးကလည်း ကိုဝင်းကို. . ."

"ဆက်ပြော. . . ကိုဝင်းကတော့ မလေးနှုတ်ဖျားက ပွင့်အာလာတဲ့ နှုတ်ထွက်စကားတို့မှ ကြားချင်တာ"

"တဲ. . . ပြောမယ်၊ နားထောင်နော်၊ သိပ်ချစ်တယ်လို့"

"ကိုဝင်း အစစအရာရာ စိတ်ချသွားမယ်နော်"

"ပြောနေရသေးသလား ကိုဝင်းရယ်၊ မလေးဟာ ကိုဝင်းအပေါ် တစ်သက်ပန်လုံး သစ္စာရှိတဲ့ ဇနီးကောင်းအဖြစ်နဲ့ နေသွားမှာပါ၊ ကိုဝင်းကသာ"

"မလေးကို ထိုက်ထိုက်တန်တန် အဆင့်အတန်းနဲ့ ထားနိုင်အောင် ကိုဝင်း ကြိုးစားသွားမှာပါ"

"အချစ်နဲ့ယှဉ်တဲ့ သစ္စာဟာ စွမ်းအားကြီးမားပါတယ် မလေးရယ်"

"ဟုတ်တာမဟုတ်တာ ဖြစ်တာမဖြစ်တာ အပထား၊ ကိုဝင်းက အဲဒီလို ပြောလိုက်တော့ ကျွန်မရင်ထဲမှာ သိမ့်သိမ့်စိမ့်စိမ့် အေးမြသွားရပါတယ်၊ ကြည်နူးနှစ်သိမ့်မှုကိုလည်း ပြည့်ပြည့်ဝဝကြီး ခံစားလိုက်ရပါတယ်၊ နောက်ပိုင်းမှာ အဲဒီနေ့က ကိုဝင်းပြောခဲ့တဲ့အတိုင်း ကျွန်မဟာ ထိုက်ထိုက်တန်တန် အဆင့်အတန်းနဲ့ နေခဲ့ရပါတယ်၊ ဒါပေမယ့် ကျွန်မက အဲဒီအခွင့်အရေးကို အလွဲသုံးစားလုပ်လိုက်မိလို့. . ."

ခရီးထွက်သွားပြီး ခြောက်ရက်မြောက်နေ့ ဝင်းမောင်ပြန်ရောက်လာသည်။ သူ့မျက်နှာမှာ မှီရသည့်မျက်နှာ သကာရေလောင်းထားသည့် မျက်နှာဟု ဆိုရမည်မျိုး။ သူ့အတွက်ရော အေးကြည်ခင်အတွက်ပါ အင်္ကျီနှင့်လုံချည်စများ ပါလာသည်၊ ဝမ်းသာရသည်မှာ သူ့အတွက်ထက် အေးကြည်ခင်အတွက် အဝတ်စများပါလာခြင်း၊ ကိုယ်က သူများအိမ်မှာ ခိုကပ်နေရသည့်ကာလ၊ အိမ်ရှင်ဖြစ်သူအတွက် အလိုက်တသိ ဝယ်လာသမို့ မျက်နှာပန်းလှသည်၊ တစ်ဘက်သား ကြည်ဖြူမှုကို ခံရမည်၊ ကိုယ်လည်းအနေအထိုင်ချောင်သည်။

အဝတ်စများအပြင် လက်ရောက်အပ်လာသည်မှာ ငွေက တစ်ရာကျော်၊ ရွှေအလားအလာ ကောင်းမည့်သတင်းကောင်းကြားလိုက်ရသည်မှာလည်း ရင်အေးစရာ ဘဝင်နွေးစရာ။





"တစ်ရာကျော်ဆိုတဲ့ငွေဟာ မများပါဘူး၊ မပြောပလောက်တဲ့ငွေကြေးပါ၊ ဒါပေမယ့် ကျွန်မရဲ့ ဝမ်းသာကြည်နူးမှု ဘယ်လိုရှိမယ်ဆိုတာကို ပြန်မပြောတတ်အောင်ပါပဲ၊ ပြီးတော့ ရွှေအလားအလာကောင်းတယ်ဆိုတဲ့ သတင်းစကားကလည်း ကျွန်မတို့နှစ်ယောက်ရဲ့ ကြည်နူးသာယာပျော်ရွှင်မှုကို အထွတ်အထိပ်သို့ ရောက်စေခဲ့ပါတယ်၊ ကိုသိန်းဦးတို့ မအေးကြည်ခင်တို့ လင်မယားကိုလည်း ကျေးဇူးတင်လို့မဆုံးပါဘူး၊ ကျွန်မတို့ရဲ့ ဘဝခရီးအစဟာ ခလုတ်ကန်သင်း ကင်းတယ်လို့ ဆိုရမှာပဲ၊ ဒါပေမယ့်. . ."

×××××

အိမ်ထောင်သက် နှစ်နှစ်နီးပါးခန့်ရောက်သော်လည်း သူတို့နှစ်ယောက်စလုံးဇာ ကြည်သည်လို့မထင်လိုက်၊ ရင်သွေးရတနာလွယ်မွေးရဖို့ အရိပ်အရောင်လည်း မပြသေးသမို့ အိမ်ထောင်ရေးသုခကို တင်းပြည့်ကျပ်ပြည့် ခံစားနေရဆဲ၊

ပြီး သူတို့နှစ်ယောက်က တခြားတစ်ပါးသော ဇနီးမောင်နှံများလို အမြဲတမ်းအတူတကွ နေရသူများမဟုတ်၊ တစ်ယောက်တစ်ကွဲစီ ခွဲခွာနေရသည့်ရက်က တစ်ပတ်ဆယ်ရက်၊ အတူတကွနေရသည်က နှစ်ရက်သုံးရက်မို့ သူတို့၏ အိမ်ထောင်ရေးမှာ ရိုးအီမသွားဘဲ အစဉ်အမြဲ ဆန်းသစ်ချိုလွင်နေသည်။

တခြားဇနီးမောင်နှံတွေဆို အိမ်ထောင်သက်တမ်း နှစ်နှစ်ရောက်ပြီဆိုရင် ရိုးအီခြင်း ညည်းငွေ့ခြင်းမရှိသည့်တိုင် သစ်သစ်လွင်လွင်မရှိတော့၊ အလျှော်အဖွပ်များသည့် အဝတ်သို့နှယ် ရှိလာပါချေ၏၊ ဒါက ဓမ္မတာ၊

ဝင်းမောင် ခရီးထွက်လျှင် ခင်လေးနွယ်က မျှော်ရသည်၊ နေ့စဉ်တွေ့နေကျ ဇနီးမောင်နှံတို့မှာမူ အလုပ်သွားနေသည့် ခင်ပွန်းသည်ကို မမျှော်၊ အချိန်တန် အိမ်ပြန်ရောက်လာမည်မှာ သေချာသမို့ အေးအေးပဲ နေကြသည်၊ သူတို့ဇနီးမောင်နှံမှာမူ တစ်ယောက်က ခရီးထွက်ရသည်၊ ကျန်တစ်ယောက်က မျှော်ရင်းစောင့်ရသည်၊


www.burmeseclassic.com

www.burmeseclassic.com

ထွက်ရသည့် ခရီးအတိုင်းအတာနှင့် အချိန်အပိုင်းအခြားမှာမူ မှတ်ချက်မရှိ။ နှစ်ရက်သုံးရက်နှင့်လည်း ပြန်ရောက်သည်၊ တစ်ပတ်နှစ်ပတ်လည်း ကြာတတ်သည်၊ မျှော်ရသည်မှာ အရသာတစ်မျိုး ရှိပချေ၏၊ ရင်ဖိုရသည့် အခါမျိုးတွင် လှိုက်လှိုက်ထင်ထင် ဖိုရသည်၊ တစ်ခုခုများ ဖြစ်နေသလားဟု စိုးရိမ်သောကပွားရသည်မှာလည်း အရသာတစ်မျိုး။

ဝင်းမောင်တို့ လုပ်နေသောလုပ်ငန်းမှာ သည်းထိပ်ရင်ဖိုစရာများနှင့် တွဲစပ်နေသည့်လုပ်ငန်း။ မျှော်ရသည်မှာ စိုးတထင့်ထင့်ရှိရစမြဲ။ ပြန်ရောက်လာလို့ ဝင်းမောင်မျက်နှာပေါ်က အပြုံးကို မြင်လိုက်ရလျှင် ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာရသည်၊ ကလေးတစ်ယောက်လို လက်ခုပ်လက်ဝါးတီး၍ ပျော်ရစမြဲ။

ဝင်းမောင်ပြန်ရောက်လာတိုင်း လက်ကိုင်ငွေ ဖောဖောသီသီပါလာစမြဲမို့ ရုပ်ရှင်သွားလိုက်ကြ၊ စားလိုက်သောက်လိုက်ကြ၊ လည်လိုက်ပတ်ကြနှင့် မော်မဆုံး ပျော်မဆုံး ရှိကြသည်၊ မင်္ဂလာညမျိုးနှင့်လည်း အကြိမ်ကြိမ်အဖန်ဖန် ပြန်လည် ဆုံဆည်းရသည်။

သူတို့၏အချစ်မှာ သစ်ပြီးရင်ဟောင်းရမည်ဆိုသည့် နိယာမကို ဆန့်ကျင်ဘက်ပြု၍ သစ်ပြီးရင်သစ်ရင်းဆိုဘိသို့ ရှိပါချေ၏။

အိုးပိုင်အိမ်ပိုင်အနေအထားမဖြစ်သေးစေကာမူ ကိုသိန်းဦးတို့နှင့် တစ်လမ်းထဲမှာ အိမ်ခန်းလေးတစ်ခန်း သီးခြားငှားရမ်းနေနိုင်သည့် အဆင့်သို့ တစ်ဆင့်တက်လှမ်းခဲ့၏။

"ကျွန်မရဲ့ ပျော်ရွှင်မှုအတိုင်းအတာဟာ ကျေနပ်လောက်စရာလို့ ဆိုမယ့်အဆင့်ထက် ကျော်လွန်ခဲ့ပါတယ်၊ ကျွန်မမှာလည်း နားကပ်၊ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုးစတဲ့ မိန်းမသားတစ်ယောက်မှာ ရှိအပ်တဲ့ ဝတ်ဆင်အပ်တဲ့ ရတနာပစ္စည်းကလေးတွေ ပြည့်ပြည့်စုံစုံ ရှိလာပါတယ်၊ ကိုဝင်းမှာလည်း သူတို့ဆရာကြီးငွေကြေးအပြင် ကိုယ်ပိုင်ငွေနဲ့ ရင်းနှီးလုပ်နေတဲ့ လုပ်ငန်းလေးတွေပါ ဆက်စပ်ပူးတွဲလာပါတယ်၊ ကိုဝင်းအပြောအရတော့ ကျွန်မဟာ ဝမ်းသာလှိုင်းကြီးစီးပြီး အပျော်ကြီးပျော်နေရပါတယ်၊ ဒါပေမယ့် သည်အလုပ်မျိုးဟာ တစ်ချိန်မဟုတ်တစ်ချိန်ခံရတဲ့ဘက်ကို အလှည့်အပြောင်း ရှိတတ်ကြောင်း ထည့်မတွက်ခဲ့မိဘူး"

တစ်နေ့တော့. . .။



(ခြောက်)

နှစ်နှစ်နီးပါး ကာလအတွင်း တစ်ခါမှ ပြဿနာမပေါ်ခဲ့ဖူးတော့လည်း ကိုယ့်အလုပ်ကိုယ် ဟုတ်လှပြီလို့ ထင်မှတ်နေခဲ့သည်၊ သိန်းဦးနှင့် ဝင်းမောင်တို့ ဆရာကြီးမှာ ကုန်ကားပိုင်နှစ်စီးရှိသည်၊ တရားဝင်ပစ္စည်းလည်း တင်သည်၊ တရားမဝင်ပစ္စည်းကိုလည်း ရောထွေးတင်သည်။

သူဌေးက အပတ်တိုင်းမလိုက်နိုင်၊ သူဌေးမလိုက်နိုင်သည့် အပတ်တွင် သူတို့နှစ်ယောက်တ သူဌေး. . .

အဲဒီအပတ်က ကားနှင့်မဟုတ် ရထားဖြင့်သွားကြသည့်အပတ်၊ အထူးရှာဖွေရေးအဖွဲ့နှင့် တွေ့သွားခဲ့ရာ လူလွတ်အောင်မနည်းကြိုးစားပြီး ရုန်းထွက်နိုင်ခဲ့သော်လည်း ပစ္စည်းအားလုံးအဆုံးခံလိုက်ရသည်၊ သိန်းဦးရော၊ ဝင်းမောင်ပါ ပြန်မရောက်သေး၊ ဒါပေမယ့် သတင်းဆိုးက လူထက်စော၍ ရောက်လာသည်။

"မအေးကြည်ခင် လာပြောတုန်းက ကျွန်မခေါင်းတစ်ခေါင်းလုံး ချာချာလည်သွားတယ်၊ ရင်တွေ တထိတ်ထိတ်ခုန်လို့ ခဏလေးအတွင်းမှာပဲ ခြေဖျားလက်ဖျားတွေ အေးစက်သွားပြီး ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားပါတယ်၊ မအေးကြည်ခင်တလည်း မျက်ရည်လေးတစစနဲ့ အဲဒီညက ကျွန်မ တစ်ညလုံးအိပ်လို့မရဘူး၊ ကိုဝင်းမရှိတဲ့အခါ ညဘက်အိပ်ဖော်အဖြစ် ခေါ်ထားတဲ့ အဒေါ်ကြီးကတော့ တရှူးရှူးအိပ်လို့ပါ"

"မိုးသာစင်စင်လင်းရော ငုတ်တုတ်ပဲ၊ ငုတ်တုတ်ဆိုတာတ အမှောင်ကြီးမည်းကြီးထဲမှာ ငုတ်တုတ်နေရတာပါ၊ မီးမထွန်းရဲပါဘူး၊ တစ်ညလုံး မီးထွန်းထားရင် အိမ်ရှင်အခန်းက ဘာဖြစ်လို့လဲ၊ ညာဖြစ်လို့လဲ မေးမြန်းကြမှာသေချာ


www.burmeseclassic.com

www.burmeseclassic.com

ပါတယ်၊ ကိုဝင်းတို့အဖြစ်က ပြန်ပြောလို့ မကောင်းတဲ့အဖြစ်လေ၊ ပစ္စည်းဆုံးပြီး လူမမြင်ရသေးတော့ လူလွတ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားလို့ တွေးတထင့်ထင့် စိတ်တပူပူ ဖြစ်နေရပါတယ်၊ အဲဒီတော့မှ ကျွန်မတို့ဘဝကို ပြန်စဉ်းစားမိတာပါ၊ ကျွန်မတို့ ပျော်ရွှင်မှုတာ စိန်ပန်းရွှေပန်း ပန်ပြီး ပျော်ရတဲ့ ပျော်ရွှင်မှုပါကလားလို့ သဘောပေါက်ခဲ့ရပါတယ်"

ဝင်းမောင်ပြန်ရောက်လာသည်၊ ခါတိုင်းလို အပြုံးတဝေဝေနှင့် မဟုတ်၊ ရွှင်ရွှင်ပျပျမရှိ၊ မျက်စိမျက်နှာပျက်လို့၊ ဟန်ဆောင်အရယ်အပြုံးလေးသော်မှ မလုပ်နိုင်။

"ကျွန်မကလည်း ခါတိုင်းလို ဝမ်းသာအဲလဲ ဆီးမကြိုနိုင်တော့ဘူးလေ၊ ဘာစကားကို ဘယ်လိုစပြောရမှန်းမသိတဲ့ အဖြစ်၊ ကိုဝင်းကိုတွေ့လိုက်တာနဲ့ မျက်ရည်ကို မထိန်းနိုင်တော့ဘဲ ငေးငေးငိုင်ငိုင်ကြီး ဖြစ်နေတယ်၊ ကျွန်မလည်း ဘာမှမမေးမိတော့ဘူး၊ ကိုဝင်းက. . ."

"မလေး သတင်းစုံကြားပြီးပြီလားတဲ့"

"မနေ့က မအေးကြည်ခင် လာပြောလို့"

"မလေးဈေးထွက်ရောင်းမယ်လေ"

"ဈေးရောင်းတယ်ဆိုတာက အပြောလွယ်သလောက် အလုပ်ခက်တယ် မလေးရဲ့၊ ရောင်းရေးဝယ်ရေး အလေ့အကျင့်ရှိရင် အကြောင်းမဟုတ်ဘူး မရှိဘဲ ထလုပ်ရင်တော့ ရှိတာပါ ပြုတ်သွားလိမ့်မယ်၊ အခု ကိုဝင်းတို့ဖြစ်တဲ့ အဖြစ်မျိုးက တစ်ခါမဟုတ် တစ်ခါတော့ ကြုံရမှာပေါ့၊ ကိုဝင်းတို့က နှစ်နှစ် အတွင်း ဒီတစ်ခါပဲ ကြုံလိုက်ရတာ တစ်ခြားလူတွေဆို. . ."

"တစ်ခါဆို ဆိုသလောက်ဆိုတော့လည်း ကိုဝင်းရယ်"

"ကိုဝင်းတို့မှာ အရှုံးမရှိသေးပါဘူး မလေးရာ"

"ကျွန်မတို့နှစ်ယောက် အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ပြောကြဆိုကြရင် သဘောတူညီတဲ့ အဖြေထွက်မလာဘဲ ရန်ပွဲအငယ်စားလေးဖြစ်ပြီး အဆုံးသတ်ခဲ့ရပါတယ်၊ အိမ်ထောင်ကျကတည်းက ဟုတ္တိပတ္တိ စိတ်မညစ် စိတ်မဆင်းရဲခဲ့ရဘူးတဲ့ ကျွန်မဟာ သည်ရက်ပိုင်းအတွင်းမှာတော့ အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရပါတယ်၊ ကိုဝင်းမှာ ဇွတ်တရွတ် ဆက်လုပ်မယ့် ဆုံးဖြတ်ချက် ရှိနေပြီလေ"

ခင်လေးနွယ်က ရှိတာလေးထုခွဲ၍ အရောင်းအဝယ်လုပ်ချင်သည်





ယုတ်စွအဆုံး သူ လုပ်ခဲ့ဖူးသည့် အိမ်ဆိုင်ကလေးဖွင့်ပြီး တစ်ဘက်တစ်လမ်း ရှာမည်။ ဝင်းမောင်က အလုပ်တစ်ခုခုရအောင် ကြိုးစား၊ ဆယ်တန်းမအောင် ပေမယ့် စက်ရုံအလုပ်ရုံတွေမှာ အလုပ်တစ်ခုခုရနိုင်သည်။

ဝင်းမောင်အဖေ ဦးဖိုးကျော့ကလည်း ပြောဖူးသည်။ သူတို့အလုပ်ရုံမှာ ပညာသင်အဖြစ် အလုပ်ဝင်လုပ်ရင်လုပ် ဒါမှမဟုတ် အပြင်ဝပ်ရှော့တစ်ခုခုမှာ အလုပ်အပ်ပေးမည်လို့။ ကားပြင်သည့် အတတ်ပညာမှာ ဘယ်တော့မှ မတိမ်ကော၊ လူသားတို့သွားရေလာရေးနှင့် စားကုန်သောက်ကုန် သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ကားကို မသုံးမဖြစ်သုံးရသည်။

မော်တော်ကားရှိနေသမျှ ပြင်ဆင်ရေးလုပ်ငန်းကလည်းရှိမည်။ သည်ပညာကို မတောက်တစ်ခေါက် တတ်သော်မှ ထမင်းမငတ်၊ သားဖြစ်သူကို ဤသို့နားချဖူးသည်။ ခု ခင်လေးနွယ်က ထပ်၍ဖျောင်းဖျနားချသည်။

စိတ်သောကကို မထွေးပိုက်ရဘဲ လင်မယားနှစ်ယောက် အေးအတူပူအမျှနေကြဖို့။ ဒါကို ဝင်းမောင်က လက်မခံ။ ဖြတ်လမ်းနည်းနှင့် ချမ်းသာချင်သည်။ ဘာကိုလုပ်လုပ် ဖြတ်လမ်းလိုက်သူမှန်သမျှ လမ်းခုလတ်မှာ ခါးပြတ်ကျန်တတ်သည်ကို သူကသဘောမပေါက်၊ သူ့ဘက်ကလည်း ဆင်ခြေပေးလာသည်။

အဖေတစ်သက်လုံး ဒီပညာနှင့် ကျွမ်းကျွမ်းကျင်ကျင် အသက်မွေးဝမ်းကျောင်းခဲ့ပါလျက် ဆံဖြူသွားကျိုး ခါးကိုင်းနားထိုင်းသည့်အရွယ်သို့ ရောက်ခါနီးသည့်တိုင် မိသားတစ်စုလုံး ထမင်းနပ်မှန်ရုံပဲ စားရသည်။ ဘယ်မလဲ ကြီးပွားတိုးတက်တာ။

ခု သူလုပ်နေသည့်အလုပ်က သေမြေကြီး ရှင်ရွှေထီးပါတဲ့။ ဒါက သူ့ဘက်မှဆင်ခြေ။ ဥပဒေဆန့်ကျင်ဘက်လုပ်ငန်းသမားတွေ ပေးလေ့ပေးထရှိသည့်ဆင်ခြေ။

တစ်နေ့ခဲရပြီဆိုသောအခါကျမှ နောင်တ တရရရှိကြစမြဲ။ သားတစ်ကွက်မြင်သော်လည်း မြားချက်ကိုမမြင်။

"နောက်ဆုံးတော့ ကျွန်မကပဲ အလျှော့ပေးလိုက်ရပါတယ်၊ ကျွန်မဟာ မိန်းမသားပါ၊ သူများနည်းတူ ဝတ်ချင်စားချင် သုံးစွဲချင်တဲ့စိတ်မရှိလို့ မဟုတ်ပါဘူး၊ သူ့အန္တရာယ်လမ်းကြောပေါ် လျှောက်နေသမျှ ကျွန်မကလည်း စိုးရိမ်ကြောင့်ကြသောကဗျာပါဒကို ပိုက်ထွေးထားရမှာပါ၊ ထမင်းတောင်း ဟင်

www.burmeseclassic.com

ကောင်းကို ရင်တထိတ်ထိတ် မစားချင်ပါဘူး၊ ပေါ်သမျှ အဆင်ဆန်းတွေ ဝတ်ပြီး စိုးတန့်ရွံ့ ဖြစ်မနေချင်ပါဘူး၊ ဒါဟာ အခုမှ ကျွန်မလုပ်ကြံပြော စကားမဟုတ်ပါဘူး၊ လင်က မားပြတိုက်ကျွေးကျွေး မယားက ယပ်ခတ်စားမယ် ဆိုတဲ့အထဲမှာ ကျွန်မ မပါပါဘူး"

ဟုတ်တာမဟုတ်တာ အပထား။ ထိုတဒင်္ဂအတွင်း ထောင်မှူးလေး ဦးတင့်လွင်မှာ ခင်လေးနွယ်ကို အထင်တကြီးရှိသွားရသည်။ ယောကျ်ားဖြစ် သူက ဘယ်လိုနည်းနဲ့ရရ မိန်းမဖြစ်သူတ ဝတ်စားမော်ကြွားပြီး ရသ သုံးဖြုန်းမည်ဆိုသော သဘောထားရှိသည့် အများစုမိန်းမသားထဲမှာ ခင်လေးနွယ်မပါ။ မိန်းမသားသဘာဝနှင့် ဆန့်ကျင်ဘက်ထဲမှာ ခင်လေးနွယ် ပါသည်ဟု ဆိုနိုင်ရာ၏။

ဒီနေ့ အိမ်အပြန် ထောင်မှူးလေး ဦးတင့်လွင်က ချစ်ဇနီးအေး သည့်အကြောင်းလေး ပြန်ပြောင်းပြောပြရသည်။ အေးလည်း စိတ်ဝင်စား သွားသည်။

ဒီလိုသဘောထားအမြင်ရှိသည့် မိန်းကလေးတစ်ယောက် ဘာကြော သည့်ပုဒ်မမျိုးနှင့် ထောင်ထဲကို ရောက်နေပါလိမ့်ဟု။

"သူ ဒီအမှုကို ဘယ်လိုဖြစ်ပြီး ကျူးလွန်ခဲ့တာလဲ အစ်ကိုလွင်"

"အဲ့ဒီအစိတ်အပိုင်းအထိ မရောက်သေးဘူးလေ၊ ကိုယ်လည်း အေးလို သိချင်တာပေါ့၊ ဒါပေမယ့် ဇာတ်လမ်းအပြည့်အစုံကိုသိမှ အမှုရုပ်လုံးပေါ်မှာမို့ ကိုယ်လည်း ကြားဖြတ်မမေးတော့ပါဘူး"

"အစ်ကိုလွင် ခုတလော မိန်းမထောင်ကို တာဝန်ယူနေရတာ သဘောတွေ့ မှာပေါ့နော်၊ ပျင်းစရာမှ မကောင်းတော့တာ"

"ဟော. . . အေးက ဖောက်လာပြီ"

"အစ်ကိုလွင်ရေ. . . သနားပြီးတော့မှ သံယောဇဉ်တွယ်ပြီး ချစ်ရမယ့် အချစ်ဟာ သိပ်ခိုင်မြဲတယ်လို့ ကြားဖူးမှတ်ဖူးတယ်လေ"

"ပြောရင်းပြောရင်း အေးမြားဦးက အစ်ကိုလွင့်ဘက် လှည့်လာတာကို"

"မောင်လည်း ယောကျ်ားပဲ မဟုတ်လား မောင်ရယ်၊ ရဟန္တာတောင်မှ"

"တဲ. . . တော်ပြီ၊ အစ်ကိုလွင် ရေချိုးလိုက်ဦးမယ်"

×××××





ဝင်းမောင်နှင့် သိန်းဦးမှာ အမှောင်လမ်းကြောင်းထဲသို့ ပြန်လည်ဝင် ရောက်သွားကြပြန်သည်။ ခါတိုင်းလိုပင် သွားလိုက်လာလိုက် လုပ်နေသော် လည်း ပြန်လာသည့်အခါ ခင်လေးနွယ်ကိုပေးသည့် ငွေကြေးမှာ ယခင် အခေါက်လို စို့စို့ပို့ပို့မရှိ။

ခင်လေးနွယ်ကလည်း ဘယ်သို့မှမဆို။ ဘာမှမမေး။ ပေးသမျှကိုပဲ ယူထားလိုက်သည်။ သူတို့လင်မယားနှစ်ယောက်၏ ဆက်ဆံရေးမှာ ပြေပြေ လည်လည်ရှိသော်လည်း ကြည်ကြည်သာသာရှိသည်ဟုတော့ မဆိုနိုင်။ ဝင်း မောင်ကလည်း ယခင်ကလို တက်တက်ကြွကြွမရှိ။

ခင်လေးနွယ်က အပျော်အပါးနှင့် အဝတ်အဆင်ကို ခြိုးခြံချွေတာရုံ သာမက ငွေကုန်ကြေးကျများသည့် အပြင်ဆိုင်များသို့ ထမင်းထွက်စားခြင်း ကိုလည်း မလုပ်တော့။ ခြိုးခြံချွေတာ စုဆောင်းရေး ဇယားချလိုက်၏။

တစ်နေ့တော့ ဝင်းမောင်က ဤသို့စကားဆိုသည်။

"မလေး. . . တိုယ်တို့အိမ်ခန်းမှာ နေ့လယ်လောက်သာနေပြီး ညဘက်ကို မအေးကြည်ခင်နဲ့ သွားအိပ်ပါလား"

"ဘာဖြစ်လို့လဲ ကိုဝင်း"

"ကိုယ်တို့ သည်တစ်ခါထွက်မယ့်ခရီးက ရက်ရှည်လိမ့်မယ်။ ညရေး တာအတွက် မလေးကိုစိတ်ချမလို့၊ ပြီးတော့ မအေးကြည်ခင်လည်း အဖော် ရတာပေါ့၊ ခု သူက ကိုယ်လေးလက်ဝန်ကြီးနဲ့လေ"

"ကိုဝင်း. . . မလေးကို တကယ်ချစ်တယ်နော်"

"ချစ်တာပေါ့ မလေးရယ်၊ ချစ်လို့လည်း မလေး သူများနဲ့ တန်းတူ နေနိုင်အောင် ကိုဝင်းကြိုးစားနေတာပေါ့"

"မလေး နေတတ်ထိုင်တတ်ပါတယ် ကိုဝင်းရယ်၊ ကိုဝင်းသာ သည်အလုပ် ကို စွန့်မယ်ဆိုရင် မလေး သိပ်ဝမ်းသာမှာပဲ၊ လင်မယားနှစ်ယောက် အခုလို နေရတာရယ်၊ ကိုဝင်းမျက်နှာကို မမြင်ရမချင်း ရင်မအေးရတာရယ်ဟာ လေးအတွက် ပေါပေါဝတ်ပြီး ဖောဖောသီသီစားရတာထက်ပိုပြီး စိတ်ဆင်းရဲ ပါတယ်၊ ကိုဝင်းက ခရီးရှက်ရည်ကြီး ထွက်ဦးမယ်ဆိုတော့. . ."

"မလေး. . . ကိုဝင်းလုပ်ငန်းကို ဖြောင့်ဖြောင့်တန်းတန်းလုပ်ပါရစေ၊ ကိုဝင်း မလေးအတွက်လည်း စဉ်းစားပြီးသားပါ၊ ကိုဝင်းတစ်ချီကောင်း နှစ် ကောင်း အပိုင်လုပ်ပြီးရင် မလေးစိတ်တိုင်းကျ သည်လုပ်ငန်းက လုံးဝ


www.burmeseclassic.com

www.burmeseclassic.com

နားလိုက်တော့မှာပါ"

"တကယ်ပြောတာလား. . . ကိုဝင်း"

"တကယ်ပြောတာပါ မလေးရာ၊ ကိုဝင်းတို့အတွက် ဆိုင်လေးတစ်ဆိုင် လောက်ဆဲပြီး ရင်းလောက်နီးလောက်ရရင် တော်ပါပြီ"

"မလေးလည်း အစွမ်းကုန် ခြိုးခြံချွေတာပြီး စုမယ်၊ ကိုဝင်း ခရီးရတဲ့ ရှည်ထွက်နေတုန်း မလေးရွာကို ခဏပြန်ချင်တယ်၊ အဖေတို့ အမေတို့နဲ့ မတွေ့ရတာ ကြာပြီမဟုတ်လား"

"မလေးဆန္ဒရှိရင်သွားပေါ့၊ ကိုဝင်းတို့က အနည်းဆုံး တစ်လလောက် တော့ ကြာလိမ့်မယ်"

သူတို့နှစ်ယောက် ပြန်လည်ကြည်လင်သွားကြသည်။ လုပ်ငန်းအကြောင်း မေးသည့်အခါ ဝင်းမောင်က တိတိပပမပြော။ ဆင်ဝှေ့ရန်ရှောင်သဘောမျိုးပဲ ပြောခဲ့သည်။

ခင်လေးနွယ်ကလည်း အထွန့်မတက်။ မပြောချင်သည်ကို အရအဖိ မမေး။ ဘယ်သွားသည်ဆိုတာလောက်ပဲ မေးခဲ့သည်။

ဝင်းမောင်၏အဖြေမှာ မြစ်ကြီးနားဘက်ကိုတဲ့။

◆ ◆ ◆

(၅)

"ကိုဝင်းက သည်လုပ်ငန်းအပေါ် သိပ်ပြီးအားသန်နေတော့ ကျွန်မ လည်း အကြောက်အကန်မပြောတော့ဘူးလေ၊ ကျွန်မတို့နှစ်ယောက်ကြားမှာ ဒီကိစ္စကြောင့် ကြည်ကြည်သာသာမဖြစ်ဘဲ ကသိကအောင့်ဖြစ်ရတာပဲ အဖတ်တင်တာမို့ ဖြစ်လာသမျှကို ဖြစ်လာတော့မှ ဖြစ်သလိုရင်ဆိုင်ရတော့ မှာပဲလို့ ကိုယ့်ကိုယ်ကို စိတ်လျှော့ပြီး ဖြေသိမ့်လိုက်ရပါတယ်"

ရွာကထွက်လာကတည်းက ရွာကိုပြန်ရောက်သည်မှာ နှစ်ခေါက်မျှသာ။ အပျိုတုန်းက တစ်ခေါက်၊ အခုတစ်ခေါက်။ ခြောက်တန်းတုန်းက ဘကြီးမှန် တို့နှင့်အတူ ရွာကိုတစ်ခေါက်ပြန်ရောက်ခဲ့သည်။

အိမ်ထောင်ကျပြီးနောက် မရောက်။ ခင်လေးနွယ် လင်နောက်လိုက် သွားသည့်အကြောင်းကို ဘကြီးမှန်က အဖေတို့ အမေတို့ဆီ အကြောင်း ကြားခဲ့သည်။ အမေတော့မပါ။ အဖေလိုက်လာသည်လို့ ကြားလိုက်ရပေမယ့် မတွေ့လိုက်ရ။ သည်အကြောင်း ကိုဝင်းမောင်တို့အိမ်က တစ်ဆင့်ကြားရ သိရရုံပဲ ရှိသည်။

အဖေက ရန်ကုန်မှာ နှစ်ရက်ပဲနေပြီး ပြန်သွားသည့်အကြောင်း၊ ဘကြီး မှန်တို့ အငြိုးအငြင်ကို ခံရမှာစိုးလို့ပဲလား၊ သူတို့ကိုပဲ ရှာရဖွေရမှာ ခက် လို့လားမသိ။ အဖေ နှစ်ရက်ပဲနေပြီး ရွာကိုပြန်သွားကြောင်း သတင်းပဲ ကြားလိုက်ရသည်။ သည်တစ်ခေါက် ရွာအပြန်မှာ လှလှပပဟု ဆိုရပါမည်။

အဖေအမေတို့နှင့် အစ်ကိုတို့ ညီမလေးတို့အတွက် လတ်ဆောင်ပစ္စည်းနှင့် စားစရာ သောက်စရာများ ဝယ်သွားနိုင်သောကြောင့်ပါ။ ကိုယ်ပေါ်မှာလည်း အသင့်အတင့်သော လက်ဝတ်ရတနာများ ဝတ်ဆင်လျက်။ ဘကြီးမှန်တို့

www.burmeseclassic.com

ပြောလိုက်သည့် စကားအကြားနှင့် အမြင်ကွာပါလိမ့်မည်။

ရွာအပြန်လမ်းခရီးမှာ တစ်ယောက်တည်း။ အိမ်ထောင်ကျပြီးကတည်းက ဝေးဝေးလံလံ ခရီးကို တစ်ယောက်တည်း မသွားဖူးခဲ့။ ယုတ်စွအဆုံး ရန်ကုန်မြို့ထဲကိုသော်မှ ဝင်းမောင်မပါဘဲ သွားခဲလာခဲသည်။ ခု တစ်ယောက်တည်း ထွက်လာရသည်မှာ တစ်မျိုးကြီး။ ညနေထွက် ဖျာပုံသင်္ဘောကို စီးခဲ့ရသည်။

တော်ပါသေးသည်။ ခရီးသွားဖော်အနီးဝန်းကျင်တွင် ရှိနေသူတွေက မိန်းမသူတွေဖြစ်နေလို့၊ မျက်နှာကို အချယ်အမှုန်းမသဘဲ လျှော့ထားလိုက်သည်။ ဒါတောင် ယောကျ်ားတွေအကြည့်က စူးစူးရဲရဲ။ စူးစူးရဲရဲကြည့်သည့် အကြည့်ကို ပြန်မကြည့်မိအောင် ရှောင်ဖယ်ရသည်မှာ ခက်ခဲဘိ၏ဟု ဆိုရမည်သို့။

တစ်စုံတစ်ယောက်က ကိုယ်ကိုကြည့်လျှင် ကိုယ်ကလည်း ပြန်ကြည့်ချင်သည်မှာ ဓမ္မတာ။ ခုတော့ မျက်လွှာလှန်ရုံလောက်ပဲ တိတ်တခိုး လျှပ်တပြတ် ကြည့်ရသည်။ ပြီး သွားရသည့်ခရီးက ညခရီးမို့ အပေါ်အလေးကိစ္စ အထအသွားပါ ဂရုစိုက်ရသည်။

တစ်သက်နှင့်တစ်ကိုယ် ခရီးဝေးကို ပထမဆုံးအကြိမ် တစ်ယောက်တည်း သွားဖူးခြင်းဖြစ်သမို့ ရင်မငြိမ်။ စိုးရိမ်စိတ်ကလေးမှာ အစဉ်ယှက်သန်းလှုပ်ခတ်နေသည်။ ဖျာပုံကနေ တစ်ထပ်မော်တော်အသေးလေးနှင့် ခရီးဆက်၍ ထိုမှသုံးမိုင်ခန့် ခြေကျင်ခရီး နှင်ရဦးမည်ပါ။

လှည်းကြုံမတွေ့ရင်မလွယ်။ လှည်းကြုံတွေ့ပါစေလို့ တသသ ဆုတောင်းနေရသည်။ ဆုတောင်းမပြည့်၊ လှည်းကြုံမတွေ့။ ဒါပေမယ့် ပါလာသည့် အိတ်နှစ်လုံးအနက် တစ်လုံးကို ကူညီသယ်ပိုးပေးမည့်သူ တွေ့သမို့ ရွာကို လှမ်းရသည့် ခြေကျင်ခရီးမှာ မထောင်းတာ။

ရွာကိုရောက်တော့ အဖေနှင့်အစ်ကိုတွေ အိမ်မှာမရှိ။ အမေနှင့် ညီမ အငယ်ဆုံးပဲ ရှိကြသည်။ မမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်ရသမို့လား မသိ။ နှုတ်ထွက်စကားမဆိုနိုင်လောက်အောင် တအံ့တသြ အံ့အားဘသင့်ကြီး ဖြစ်နေကြသည်။

အမေက သမီးဖြစ်သူကိုကြည့်ပြီး မျက်ရည်ယိုစီးလာသလို သမီးဖြစ်သူတလည်း မျက်ရည်များ ရစ်သွယ်လာသည်။ တစ်ဘက်အိမ်က အမေ့အစ်မကြီး ဒေါ်ပုရောက်လာမှပဲ စကားသံ စည်စည်ဝေဝေ ရှိသွားသည်။ နောက်တော့လည်း တစ်အိမ်လုံး လူတွေအပြည့်။





ချီးပစကား၊ အားကျစကား၊ ဝ၊
တောသုံးတောင်သို့နှယ် ရှိနေပါချေ၏။ ပြား။ အဖေအမေက ဖားကန့် ခေါင်းတဆတ်ဆတ်ညိတ်လျက်။ မည်သို့သောအသည့်လုပ်ငန်းကို လုပ်ကိုင်မှ မည်သူမှ မသိနိုင်ရာ၊ တစ်သွေးတစ်မွေး အား၏။
အတွက် ဂုဏ်ယူဝမ်းသာလေသည်လား၊ ကြောင့်ကြစိုးရိမ်မှာင်းအဝယ်

သားမက်ဖြစ်သူအခြေအနေ ဘယ်သို့ရှိသည်ကို ဘကြီးမှသည်၊ ကြားပြီး သိပြီးသား၊ ခု မျက်စိရှေ့မှောက်ရောက်လာသည့် သမီးအနေအိတိုကြည့်ရုံဖြင့် မမေးဘဲ ခန့်မှန်းကြည့်နိုင်သည်မှာ သားမက်ဖြစ်သူ လည်လည်ပတ်ပတ် ရှိလိမ့်မည်အကြောင်း။

'လည်လွန်းသည့်ဘီးချေးသင့်' ဆိုသော ပမာစကားကို လက်ခံရှိုးရှိကြသည်မှာ ရှေးလူကြီးများ၏ အစဉ်အလာ၊ ကန်တော့သည့်ပစ္စည်းများ လက်ခံယူ၍ အကန်တော့ခံစဉ် အဖေမျက်ရည်တွေ ရစ်သိုင်းနေသည်။

"အဘတို့မှာ မပြည့်စုံပေမယ့် လုံလောက်ပါတယ် သမီးရယ်၊ သွားသွားလာလာရှိရင်ပဲ မိဘအနေ့ ကျေနပ်ပါတယ်၊ ဒါထက် သမီးခင်ပွန်းသည်ကကော. . ."

"ခရီးထွက်နေပါတယ် အဘ"

"ဘာတွေများ လုပ်ကိုင်နေလို့လဲကွယ်"

"အရောင်းအဝယ်ပါ အဘ"

"အေး. . . သမ္မာအာဇီဝဖြစ်ရင်တော့ ကောင်းတာပေါ့ကွယ်၊ မင်းစိုးတွေနဲ့ မလွတ်မကင်းရှိရင် တစ်နေ့ဒုက္ခတွေ့တတ်သကွဲ့၊ သတိထားပြီး လုပ်ကြကိုင်ကြ၊ နေကြထိုင်ကြပေါ့ကွယ်"

အဖေ၏ဆုံးမစကားမှာ ရိုးရိုးကလေး။ အခု ထောင်ထဲရောက်တော့မှ အဘစကားကို ပြန်လည်သတိတရ ရှိလိုတ်သည်၊ ရှေးလူကြီးအတွေး ပြေးကြည့်တာထက်မှန်ဆိုသလို မဟုတ်လား။

ရွာမှာနေခဲ့ရသည့် ခုနစ်ရက်တာကာလမှာ စိတ်အချမ်းမြေ့ဆုံး၊ ရန်ကုန်ကကိစ္စတွေအားလုံးကို မစဉ်းစား မတွေးတောဘဲ မေ့ပျောက်ထားလိုက်သည် ပျော်ရွှင်ချမ်းမြေ့ခဲ့သည်။ လန်းလန်းဆန်းဆန်း၊ ကျန်းကျန်းမာမာ၊ အပြန်ခရီးမှာ အားလုံးအဆင်ချောပြေလျက်၊

"ကျွန်မ ရန်ကုန်ပြန်ရောက်တာ ဆယ့်ငါးရက်ရှိသွားပါပြီ၊ ကိုဝင်းတို့နှစ်


www.burmeseclassic.com

www.burmeseclassic.com

ယောက်စလုံး ပြန်မရောက်ကြသေးဘူး ကျွန်မလည်း တန်ဖိုးရှိ ပစ္စည်းအချို့နဲ့ အဝတ်အစားသေတ္တာကို မအေးကြည်ခင်တို့အိမ်ကိုရွှေ့ပြီး ပြောင်းနေခဲ့ ပါတယ်၊ စားတာက အသုပ်တစ်လှည့်၊ မုန့်ဟင်းခါးတစ်လှည့်နဲ့ ပြီးပါတယ်၊ ပထမ ပြန်ရောက်လာတာက ကိုသိန်းဦးပါ၊ ကိုသိန်းဦးပြန်ရောက်လာပြီး ကိုဝင်းပါမလာတော့ ကျွန်မ တစ်ခေါင်းလုံး ချာချာလည်ပြီး ရင်တွေ တဒိန်းဒိန်း ခုန်နေလို့ ရင်ဘတ်ကို လက်ဝါးနှစ်ဘက်နဲ့ ဖိထားလိုက်ရပါတယ်၊ အကျိုး အကြောင်း မေးကြည့်တော့မှ ခေါင်းနောက်တာပျောက်ပြီး ရင်ထဲမှာ အေး သွားရပါတယ်"

သိန်းဦးပြန်လာခြင်းမှာ ကိုယ်ဝန်အရင့်အမာနှင့် ကျန်ရစ်ခဲ့သည့် မယားဖြစ်သူကို စိတ်မချလို့၊ ဝင်းမောင်ကျန်ရစ်ခဲ့သည်မှာ လုပ်ငန်းတချို့ မပြီးပြတ်သေးသည်ကတစ်ကြောင်း၊ လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်မိသူ မိုးကောင်းသူဌေးတစ်ယောက် ဝင်းမောင်ကို အရမ်းခင်လို့ အတင်းဆွဲထား၍ တစ်ကြောင်း သိန်းဦးနှင့် ပြန်မလာနိုင်ခြင်း ဖြစ်၏။ သိန်းဦးနှင့်အတူ စာ တစ်စောင်နှင့် ငွေတစ်ထောင်ပါလာသည်။

"စာထဲမှာ ကျွန်မကို တောင်းပန်စကား ထပ်တလဲလဲနဲ့ ဖြေသိမ့်ပြီး လုပ်ငန်းနဲ့ ပတ်သက်လို့ အားကိုးအားထားပြုရလောက်တဲ့ မိတ်ဆွေသစ် တစ်ယောက်နဲ့ တွေ့ရတဲ့အကြောင်း၊ မိုးကောင်းမှာ သူဌေးဆိုပေမယ့် လူကြီး ပိုင်းမဟုတ်ဘဲ ကိုဝင်းနဲ့အသက် မတိမ်းမယိမ်း လူငယ်တစ်ဦးဖြစ်တဲ့အကြောင်းနဲ့ သူဌေးကလေး ကိုအောင်မြင့်မောင်ရဲ့ အကြောင်းတွေကို စုံစုံစိစိ ရေးထားပြီး သူ နောက်ဆယ်ရက်လောက်အတွင်း ဆက်ဆက်ပြန်ခဲ့မည့်အကြောင်း ရေး ထားပါတယ်၊ ပြီး ကိုသိန်းဦးကလည်း ကိုအောင်မြင့်မောင်နဲ့ ကိုဝင်းတို့ အံ့ဩစရာကောင်းလောက်အောင် ခင်မင်သွားကြပုံအကြောင်းနဲ့ ကိုအောင် မြင့်မောင်ဆိုတဲ့ မိုးကောင်းသူဌေးသားလေးအကြောင်းကို ပြည့်ပြည့်စုံစုံ ပြောပြပါတယ်၊ ကိုဝင်းနဲ့ ကိုအောင်မြင့်မောင်တို့ ခင်မင်မှုက ကျွန်မတို့ရဲ့ အနေအထိုင်အဆင့်အတန်းကို ပြောင်းလဲသွားစေပါတယ်၊ အခုဖြစ်တဲ့ မှုခင်း ကြီးဖြစ်ဖို့ အစပျိုးလိုက်ခြင်းလို့လည်း ပြောရမှာ ဖြစ်ပါတယ်၊ အဲ့ဒီတုန်းက တော့ ဒီလိုမထင်ခဲ့ဘူးပေါ့လေ၊ တို့ကုသိုလ်ကောင်းလှချည်လား၊ ကံထူးလှ ချည်လားလို့ ထင်ခဲ့ပါတယ်၊ ထင်လောက်စရာလည်း ဖြစ်ခဲ့တာကို"

xxxxx





ကိုအောင်မြင့်မောင်အကြောင်း၊

မြန်မာစစ်စစ်တော့မဟုတ်၊ ရှမ်းတရုတ်ကပြား။ အဖေအမေက ဖားကန့် တီ။ လွတ်လပ်ရေးရပြီးကတည်းက ကျောက်စိမ်းတူးသည့်လုပ်ငန်းကို လုပ် ကိုင်ခဲ့ရာမှ စီးပွားဖြစ်ထွန်းပြီး ချမ်းသာခဲ့ကြသူများဖြစ်၏။

ကျောက်စိမ်းတစ်ခေတ်ဆန်းလာတော့ ကျောက်စိမ်းအရောင်းအဝယ် လောကမှာ သူတို့မပါမပြီးဆိုသလို ကျောက်စိမ်းဘုရင်သဖွယ် ဖြစ်ခဲ့ပြန်သည်။ ထို့မှ သိန်းကြီးကျောက်အောင်ခဲ့ရာ ဖားကန့်တွင်မနေတော့ဘဲ မိုးကောင်းကို ပြောင်းရွှေ့အခြေချခဲ့ကြသည်။

သူတို့ချမ်းသာသည်မှာ နည်းနည်းနောနောမဟုတ်၊ ဓာတ်သိတွေက သိန်းလေးငါးဆယ်အနည်းဆုံးဟု ခန့်မှန်းပြောစမှတ်ပြုကြသည်။ အောင် မြင့်မောင်က တစ်ဦးတည်းသောသား။ သူကလည်း ကျောက်အိတ်စပတ်။

ရန်ကုန်မှာ အမြဲမနေသော်လည်း မြို့လယ်ခေါင် ပန်းဆိုးတန်းမှာ တိုက်ခန်းတစ်ခန်းကို အပျောက်ပေးပြီး ဝယ်ယူထားခဲ့သည်။ အဖိုးတန် အိမ် ထောင်ပရိဘောဂ အစုံအလင်နှင့်။ သူ ရန်ကုန်လာသည့်အခါ ထိုတိုက်ခန်းမှာပဲ တည်းခိုသည်။ သူ မိုးကောင်းပြန်ရင် အစောင့် ဦးထွန်းလူက အခန်းကို စောင့်ရှောက်နေထိုင်ရသည်။

ဘဝပဋ္ဌာန်းဆက်က ဘယ်လိုရှိခဲ့မှန်းမသိ။

သူတို့နှစ်ယောက်၏ ခင်မင်မှုမှာ မယုံရင်ပုံပြင်လို့ဟု ပြောရမည်သို့ ပါချေ၏။

ဝင်းမောင်က သည် လောက်မဟုတ်။ အောင်မြင့်မောင်က းမောင်အပေါ် လွှန်လွှန်ကဲကဲ တန်းတန်းစွဲခင်သည်။

ယ်ပေါင်းကြီးဖော် ခင်မင်ပုံမျိုးထက် သာလွန်သည်။

ဘယ်လောက်ထိအောင်လည်းဆို။

xxxxx

www.burmeseclassic.com

www.burmeseclassic.com


တွေ့ဆုံခင်မင်မှုကာလ တစ်နှစ်ကျော်အကြာတွင် ခင်လေးနွယ်တို့ လင်မယား ပန်းဆိုးတန်းတိုက်ခန်းသို့ ပြောင်းရွှေ့ရောက်ရှိလာကြသည်၊

"ကိုဝင်းပြန်လာတော့ ကိုအောင်မြင့်မောင် သူ့အပေါ် ဘယ်သို့ဘယ်လို ခင်မင်ပုံအကြောင်းကို ပြောခဲ့ပါတယ်၊ ယုံရခက်ကြီးလို့ ဆိုရမလောက်ပါ၊ ကိုအောင်မြင့်မောင် ရန်ကုန်ကိုရောက်လာတိုင်း ကိုဝင်းက သူနဲ့အတူ တစ်ပူ တစ်တွဲတွဲ ရှိနေရသည်။ ကျွန်မလည်း ခဏခဏဆိုသလို သူတို့နဲ့ သွားအတူ လာအတူရှိတော့မှ ကိုဝင်းပြောတာကို ယုံလိုက်ရပါတယ်၊ သူ ကိုဝင်းတို့ သိစ်ယုံကြည်သလို အတူအညီတွေလည်း မယုံနိုင်လောက်အောင် ပေးခဲ့ပါ တယ်၊ ကျွန်မတို့ သူ့တိုက်ခန်းကို ပြောင်းခဲ့ရတာဟာလည်း သူက အတင်း အကြပ် သူ့တိုက်ခန်းပေါ်ကို ဆွဲတင်လို့ပါ၊ ကံကြမ္မာအလှည့်အပြောင်းရဲ့ ဆန်းကျယ်ပုံဟာကို ကျွန်မဖြင့် အံ့ဩလို့ မဆုံးနိုင်အောင် ဖြစ်ရပါတယ်

အောင်မြင့်မောင်ကို အမှီပြု၍ ဝင်းမောင်လည်း အတော်လေး အလုံ ဖြစ်နေသည်။

နေထိုင်ပုံရော ဝတ်စားဆင်ယဉ်ပုံရော လှုပ်ရှားပုံဟန်ပန်ရော အားလုံး ပြောင်းလဲသွားသည်။

သူ့ကိုကြည့်လိုက်လျှင် အရာရှိလိုလို၊ သူဌေးသားလိုလို အထင်ကြီးစ အရိပ်အသွင်အပြင် အပြည့်။

တစ်ခုတော့ ပြောစရာရှိသည်။

ယခင်က မလုပ်ဖူးသည့် အလုပ်တစ်ခုကို စွဲစွဲမြဲမြဲ လုပ်တတ်နေပြီ အရက်တို့ မက်မက်မင်မင် သောက်တတ်လာခြင်း။

"ကျွန်မ ဒါကိုလည်း ခွင့်လွှတ်လိုက်ရပြန်ပါတယ်၊ သူတို့အလုပ်သဘော အရ အပေါင်းအသင်းဝင်ဆန့်အောင် အလုပ်ကိစ္စအတွက် ဆက်ဆံမှုပြေပြ အောင်နဲ့ အရက်ကို မက်မက်မင်မင် သောက်တတ်တဲ့ အောင်မြင့်မောင်ရဲ့ အလိုကို မလိုက်မဖြစ်လို့ လိုက်တဲ့အနေနဲ့ အနည်းအပါး သောက်ရ အကြောင်း အကြောင်းပြလာတော့ ကျွန်မလည်း စိတ်ပျက်ပျက်နဲ့ ခေါ ညိတ်လိုက်ပြန်ပါတယ်၊ သူ့အခြေမြင့်လာတော့ ကျွန်မအခြေလည်း တင့်လ ပါတယ်လေ၊ ကျွန်မလည်း မိန်းမသား မဟုတ်လား၊ ဝယ်ဟယ်စားဟ သုံးဟယ်ဖြုန်းဟယ်နေရတော့ သာယာမိတာပေါ့၊ ကျွန်မတို့ရဲ့ဘဝဟာ ချင်းညချင်းဆိုသလို ပြောင်းလဲသွားတာကိုး"

အရင် သူတို့ငှားနေသည့် စံပယ်ခြံက တဲကလေးမှာ ခန်းဖွင့်ဆယ်ပေ ပင်မပြည့်၊ နောက်ဘက်အရှည်မှာ ဆယ့်ရှစ်ပေလောက်ပဲ ရှိမည်၊ အိမ်သာ နှင့်အိမ်မက အတော်လေး လှမ်းသည်။ ညရေးညတာ အပေါ့အခင်းသွားဖို့က အကြောင်းမဟုတ်၊ အလေးအခင်းသွားဖို့ကျတော့ အကြောင်း၊

ခုတော့ ရေဆွဲအိမ်သာနှင့် အိမ်သာအခန်းထဲမှ ကျောက်ပြားဖြူဖြူ ဖွေးဖွေးတွေကပ်လို့၊ အိမ်သာထဲမှာ အမွှေးရနံ့တသင်းသင်းနဲ့၊ ရေချိုးခန်း ကလည်း ထို့အတူပါ။ ရေပန်းနဲ့ချိုးမလား၊ ရေလုံးခံပြီး ချိုးမလား၊ ညှပ် အိပ်ရေကို ခပ်ပြီးချိုးမလား ကြိုက်သလိုချိုး။

ကိစ္စပြီးရင် ခဏတစ်ဖြုတ်သော်မှ နေလေ့မရှိသောနေရာကိုပင် တောက်တောက်ပြောင်ပြောင် သသတင်တင်ထားသည်ဆိုတော့ အိပ်ခန်းတို့ ဧည့်ခန်းတို့ အနေအထားကို ထူးထူးထွေထွေ ဖော်ပြစရာလိုမည်မထင်။

ဧည့်ခန်းတွင်ထားသည့် ဆက်တီခုံမှာ ကြိမ်ဆက်တီမဟုတ် ဆိုဖာဆက်တီ။ ကိုယ်လုံးပေါ် မှန်ဗီရိုကြီးနှင့် အိမ်ထောင်ပရိဘောဂအပြည့်အစုံ။ ကြမ်းပြင်ကို ကော်ဇောကြမ်းခင်းထားသည်၊ ဘာမှ လိုလေးသေးမရှိ။

"ကျွန်မဆိုတာ ကိုယ့်ဘဝ ကိုယ်တောင်မယုံချင်သလို ဖြစ်မိရတယ်၊ ကျွန်မတို့နေ့ချင်းပြီး အိမ်ထောင်ပြုလိုက်တုန်းက အဝတ်တစ်ထည် ကိုယ် တစ်ခုနဲ့ လက်ဖဝါး ခြေဖဝါးပဲ ရှိတာပါ၊ အဲ့ဒီကနေ ရှစ်ပေအခန်းလေးထဲကို ပြောင်းနေနိုင်ဖို့ မနည်းကြိုးစားခဲ့ရပါတယ်၊ သည်အခြေအနေလည်း ရောက် ရော ဘဝပျက်တော့မလိုဖြစ်ပြီး လင်မယားတွေ စကားများကြရုံတင်မက သာသာယာယာ နေထိုင်ခဲ့ရတာတွေပါ ပြောင်းလဲသွားပါတယ်၊ သည်လိုကနေ ဘယ်လိုမှ မမျှော်လင့်ဘဲ ရန်ကုန်မြို့လယ်ခေါင် တိုက်ခန်းပေါ် ရောက်ခဲ့ ပြန်ပါတယ်၊ ပြောကြစတမ်းဆိုရင် ကျွန်မတို့အဖြစ်ဟာ စိတ်ကူးယဉ်ဇာတ် လမ်းဆင်ပြီး ပြောနေတာလို့ ထင်စရာပါ၊ ကျွန်မတို့အဖြစ်အပျက်ကတော့ တတယ့်ကို ဒီအတိုင်းဖြစ်ခဲ့ပါတယ် ဆရာကြီး။ ဆရာကြီးကို လိမ်ပြောလို့ လည်း ကျွန်မမှာ ဘာမှအကျိုးမထူးပါဘူး၊ ဆရာကြီးမေးလို့သာ ကျွန်မပြော နေရတာပါ"

ခင်လေးနွယ်မှာ ပန်းဆိုးတန်းတိုက်သို့ မရောက်မီက ကိုယ်လုံးပေါ် မှန် ကြီးတို့ တစ်ခါမှ မကြည့်စဖူးခဲ့။

သမ္မတနှင့် ပပဝင်းရုပ်ရှင်ရုံသို့ ရုပ်ရှင်ကြည့်သွားသည့်အခါတွင်သာ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ပုံရိပ်ကို လျှပ်တပြက် မြင်ဖူးတွေ့ဖူးလိုက်ရသည်။ လူအများကြားထဲ ဘယ်ပြောင်းညာလှည့် သွဲ့သွဲ့ပြောင်းပြောင်း စိမ်ပြေနပြေ ကြည့်လို့မဖြစ်

ခုပန်းဆိုးတန်းတိုက်ရောက်မှ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ ကိုယ့်ပုံရိပ် သွင်ကို အားပါးတရ တဝကြီး ကြည့်ရ၏။

မှန်ထဲက ပုံရိပ်သွင်ကိုကြည့်၍ ကိုယ့်အလှကို အားရကျေနပ်မိရသည် မိန်းမတို့၏ အလှမာနတက်ကြွခြင်း ဖြစ်ရသည်။

ကြည်နူးပီတိဖြာဝေရသည်။

အေးကြည်ခင်အပြောလေးကို ပြန်လည်၍ သတိတရရှိလိုက်ရသည်။ လှလေခက်လေ၊ လှလေအန္တရာယ်ကြီးလေ ဆိုသည်တိုမှ. . .

◆ ◆ ◆

(၅)

ထောင်မှူးလေး ဦးတင့်လွင်က ခင်လေးနွယ်၏ ဇာတ်လမ်းဆက် အကြောင်းအရာတွေထဲမှ ထူးခြားချက်ကလေးတွေပါလာတိုင်း ချစ်ဇနီးအေးကို ဖောက်သည်မချဘဲ မနေနိုင်။ အေးကလည်း နားထောင်ပြီးတိုင်း ဝေဖန်မှတ်ချက်ချစမြဲ။

"ခင်လေးနွယ်တို့လင်မယားရဲ့ အဖြစ်အပျက်က ယုံရခက်ခက်လို့ပဲ ပြောရမလား၊ အကွေ့အလှည့်အပြောင်းအလဲတွေ များလွန်းလှချည့်လို့ပဲ ဆိုရမလား၊ မှတ်ချက်ချဖို့တောင် ခပ်ခက်ခက်ပဲနော်"

"အဲဒီလိုမျိုး အပြောင်းအလဲများတဲ့ အိမ်ထောင်စုမျိုး မရှိနိုင်ဘူးလို့ တစ်ထစ်ချပြောလို့တော့မရဘူး အေးရဲ့၊ တချို့လည်း ကိုယ်က မဖန်တီးဘဲ ပတ်ဝန်းကျင်ရဲ့ဖန်တီးမှုကြောင့် ပြောင်းလဲသွားတာတွေလည်း ရှိတတ်တာပဲ"

"အင်းပေါ့လေ. . . ဇာတ်လမ်းအဆက်က ဘယ်လိုဆက်လာဦးမှန်းမှ မသိတာ၊ အစ်ကိုလွင်ပဲ ဆက်နားထောင်လိုက်ဦးပေါ့၊ နားထောင်ရင်း. . ."

ကိုတင့်လွင်က အေးပါးစပ်ကို လှမ်းပိတ်လိုက်သည်။ ခနဲ့စကား ကလိစကားတွေ ထွက်လာတော့မည်ကြောင့်. . .။

×××××



www.burmeseclassic.com

www.burmeseclassic.com

ခင်လေးနွယ် ရုံးထွက်ရသည့်နေ့။

ထောင်မှူးလေး ဦးတင့်လွင် မိန်းမထောင်ကို ရောက်ကတည်းက ခင်လေးနွယ် တစ်ခါမှ ရုံးမထွက်ရသေး။ ယခင် ဦးတင့်လွင်မရောက်ခင်ကတစ်ကြိမ် ရုံးထွက်ခဲ့ပြီးပြီ။

ခု ဒုတိယအကြိမ်မြောက် ရုံးထွက်ရခြင်း။

သည်တစ်ပတ်ရုံးထွက်တွင် ခင်လေးနွယ်၏ ရှေ့နေကြီးက သူ၏တရားခံ ဖြစ်သူအတွက် အာမခံလျှောက်ဖို့ စီစဉ်ထားသည်။ သို့တစေ အာမခံရဖို့မှာ ဆယ်ရေးတစ်ရေးဆိုသလို မရေရာ မသေချာ။

ခင်လေးနွယ်၏ ရှေ့နေကြီးသဘောထားမှာမူ အာမခံလျှောက်ထားဖို့ ကိစ္စတို အချိန်ယူစေချင်သည့် ဆန္ဒရှိသည်။ အခုနေ အာမခံလျှောက်ရင် မှုခင်းဖြစ်ရပ်အပေါ် အခြေခံလို့မရ။ လူမှုရေးအရ ထောက်ထားညှာတာမှု အပေါ် အခြေခံ၍ လျှောက်ထားရမည်။ ဥပဒေသဘောအရ မရနိုင်သည့် ဘက်က အလေးသာနေသည်။

သို့မို့ကြောင့် အာမခံ မလျှောက်စေချင်သေး။ ခင်လေးနွယ်၏ဆန္ဒကို လိုက်လျောသည့်အနေဖြင့် လျှောက်ထားရမည့် အာမခံ။ ဒါကြောင့် ဆယ်ရေး တစ်ရေးဟု ဆိုရခြင်းပါ။ သို့တစေ ခင်လေးနွယ်မှာမူ မျှော်လင့်ချက် အပြည့် အဝထားရှိလျက်။

ရုံးထွက်သွားမည့်နေ့နံနက် သူ့အပြုံးမှာ မြူးမြူးရွှင်ရွှင်။ သူ့ဟန်ပန်မှာ တက်တက်ကြွကြွ။ အာမခံလျှောက်ထားသည့် ရုံးထွက်တရားခံတိုင်း သည်သို့ပင် ရှိကြသည်။ ရုံးထွက်ရာမှ အပြန်တွင်မူ။ သူတို့မျက်နှာပေါ်မှာ အပြုံးမတွေ့ သိနိုင်။ တုံ့နှေးသော ခြေလှမ်းများဖြင့် မှိုင်တွေချ၍ ပြန်လာစမြဲ။

အဲ့ဒီနေ့က ကိုအောင်မြင့်မောင် လာလိမ့်မည်ဟု မျှော်လင့်မထား။ ကိုအောင်မြင့်မောင်က သူ ခရီးလွန်နေလို့ ယခင်တစ်ပတ်ရုံးထွက်ကို မလာ နိုင်သည့်အကြောင်း ငွေကြေးကအစ လိုအပ်သော အကူအညီများပေးမည့် အကြောင်း ပြောလာသည်။ အာမခံကိစ္စအတွက် အဆင်မပြေသော်လည် ကိုအောင်မြင့်မောင်နှင့် တွေ့လိုက်ရသည့်အတွက် တအားတက်သွားရသည်။

ကိုအောင်မြင့်မောင်က လက်ရှိရှေ့နေကြီးအစား ဥပဒေပညာရှင် လောကမှာ ထိပ်တန်းစာရင်းဝင် နာမည်ကြီး ဗဟိုတရားရုံးရှေ့နေကြီး ဦး တင်ထွန်းအောင်အား ငှားရမ်းပေးမည့်အကြောင်း ပြောလာသည်ကိုမူ ခေါင်း





မညိတ် ခေါင်းမခါဘဲ စဉ်းစားပါရစေဦးဟု အဖြေစကား ပြောကြားခဲ့ရသည်။

သူ့အမှုကိစ္စအတွက် အမှုစတင်ဖြစ်ကတည်းက ကိုယ်ဖိရင်ဖိလိုက်ပါ ဆောင်ရွက်ကူညီပေးနေသည့် ကိုသိန်းဦးတို့လင်မယားနှင့် တိုင်ပင်ရဦးမည်။ ပြီးတော့ ပတ်ဝန်းကျင်မှ ပြောလာဆိုလာမည့်အကြောင်းရပ် အထွေထွေကို လည်း မျက်ကွယ်ပြု၍မရ။

ခု မှုခင်းဖြစ်ရပ်နှင့်ပတ်သက်လို့ ပြောကြဆိုကြသည့် ပြောသံဆိုသံ တွေကိုသာ နားနှင့်ဆတ်ဆတ်ကြားရရင် သူ့လောကမှာ အသက်ရှင်လျက် ဆက်လက်နေချင်စရာ ဘယ်ရှိမှာပ။ မှုခင်းတစ်ခုဖြစ်လာပြီဆိုရင် အမနာပ စကားတွေကို စီစီညံညံ ကြားရစမြဲ။

ညှာညှာတာတာ သက်သက်သာသာ ပြောသူကရှာမှရှား။ ချဲ့ချဲ့ကားကား မညှာမတာ ပြောတတ်ကြသည်မှာ ဓမ္မတာ။

အပြင်မှာ ပြောတာဆိုတာတွေကို ထားတော့။ အကျဉ်းခံဘဝသို့ရောက် နေကြသူဒုက္ခသည် အချင်းချင်းပင်လျှင် သက်ညှာသမှုမပြုကြ။ ဖေးဖေးမမ မပြောကြ။

ဘိန်းစားချင်းအတူတူ ခေါင်းတစ်လုံးပိုမြင့်သည့် ပြစ်ပြစ်နစ်နစ် ပယ် ပယ်နယ်နယ် အပြောအဆိုမျိုးတွေကို နားခံခက်လှအောင် ပြောတတ်ကြစမြဲ။

ခင်လေးနွယ် ဆက်နွယ်ဖြစ်ခဲ့ရသည့် မှုခင်းကလည်း ရှုပ်ရှုပ်ထွေးထွေး မရှင်း မရှင်းရှိသမို့ ပြောချင်သူတွေအတွက် ပြောကွက်အလွန်ကောင်း သည်ပါ။ တကယ်တော့ ပြောသူအပြစ်မဟုတ်။ ပြုသူ အပြစ်ပါ။ ပြုသူက မပြုလျှင် ပြောသူက ဘယ်သို့လျှင် ပြောထွက်ရမှာပ။ ပြောရဲလိမ့်မှာမ။

ခုတော့ ကိုယ်က ခေါင်းမဖော်ရဲ။ အစားမတော်တစ်လုတ်၊ အသွား မတော်တစ်လှမ်း၊ အနေမတော်အခက်ဟူ၍ ဆိုရိုးပမာစကားရှိသည်ကို မထိမဲ့ မြင်ပြုမိရာမှ မိန်းမသားတို့မရောက်အပ်သည့်နေရာကို ရောက်နေရပါလေပြီ။

ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ထောင်ထဲရောက်နေသူမှန်သမျှ တစ်နေ့နှစ်နာရီ တစ်လနှစ်ရက်ခွဲ တစ်နှစ်ကိုတစ်လ သက်တန်းပိုတိုသည်။ ဒါက ထောင်ထဲမှာနေရစဉ်ကာလတစ်လျှောက်လုံး ကျန်းကျန်းမာမာရှိပါမှ။ နို့မဟုတ်ရင် သက်တန်းတိုသည်နာရီမှာ ထို့ထက်ပိုများသည်။

မကျန်းမာသူအတွက် သက်တန်းတိုသည့်ကာလမှာ အနည်းဆုံးတစ်နှစ်ကို သုံးလဟု သုတေသနပြု၍ တွက်ချက်ထားကြသည်။


www.burmeseclassic.com

www.burmeseclassic.com

စိတ်ဆင်းရဲမှုနှင့် ကိုယ်ကာယဒုက္ခကို ထောင်ထဲရောက်သူတိုင်း မလွဲမသွေခံစားရသည်ဖြစ်ရာ ခင်လေးနွယ်တို့လို သန္ဓေလွယ်ထားရသူတို့၏ ခံစားမှုတို့မှု စာမဖွဲ့သာ။

လူကြီးသာမဟုတ် လူ့လောကထဲသို့ ရောက်ဖို့ဆဲဆဲ သန္ဓေသားမှာလည်း တန်းမစေ့သားအဖြစ် လူ့ဘဝသက်တမ်း ဆက်ရတော့မည်ကို တွေးလိုက်တိုင်း သည်းခိုက်တုန်မျှ ရင်နင့်စရာသို့ ရှိပါချေ၏။ မိခင်စားသောက်လိုက်သော အာဟာရကိုမှီ၍ ရှင်သန်ရသည်။

သန္ဓေသား၏ ကျန်းမာဖွံ့ဖြိုးမှုမှာ မိခင်၏စိတ်ကျန်းမာမှု၊ ကိုယ်ကျန်းမာမှု၊ အစားအသောက် ဆေးဝါးသုံးမှုအပေါ်တွင်တည်၍ ဖွံ့ထွားရသည်မှ ကျန်းမာသောကလေးငယ်အဖြစ် လူ့လောကထဲသို့ ရောက်ရသည်ပါ။

ခင်လေးနွယ်မှာ အာဟာရပြည့်ဝသည့် အစာကို မစားသောက်ရ၊ ကိုယ်ဝန်ဆောင်မိန်းမသားတစ်ယောက် မှီဝဲစားသုံးရမည့် ဆေးဝါးများကို မစားသုံးရ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် မနေရမထိုင်ရ၊ အထူးသဖြင့် စိတ်ကျန်းမာရေးမှာ အနိမ့်ဆုံးအဆင့်သို့ လျှောကျနေပါလေပြီ။

ဤသို့သော မိခင်မှ မွေးဖွားသန့်စင်လာမည့် ကလေးငယ်မှာ. . .

စဉ်းစားလိုက်ရင် ရင်မလင်းစရာ။ ရင်နင့်စရာတွေချည်း။ ခင်လေးနွယ်မှာ သည်အကြောင်းကို ခေါင်းထဲမရောက်အောင် ဖယ်ထုတ်ဖို့ ကြိုးစားသော်လည်းမရ။ နေ့ဘက်မှာဆို တော်သေးသည်၊ အိပ်ရာဝင်သည်နှင့် အတွေးစဉ်မှာ အမှောင်တစ်တန်းတန်း။ အခြားသော အတူနေအချုပ်သမတွေက အမှုအတွက် သောကပွေ၍ ရတတ်ဖြာရသည်။

ခင်လေးနွယ်မှာမူ အမှုအတွက်ရော သန္ဓေသားအတွက်ပါ သောကအထွေထွေနှင့် ရစ်ထွေးနေရသည်။ စိတ်အားငယ်နေရသည်။ ရှေ့ဆက်လျှောက်ရမည့် ဘဝခရီးလမ်းကြောင်းမှာ ချောမွေ့ခြင်း အလျှင်းကင်းဘိ၏။

အမှုကလွတ်သည့်တိုင် အားထားအမှီပြုရာ လင်ယောကျ်ားမရှိဘဲ ဝမ်းရေးအတွက် ကျောထောက်နောက်ခံမရှိဘဲ ဘယ်သွားလို့ ဘယ်မှာနေရမည်ကို မသိဘဲ မိန်းမသားတစ်ယောက်တည်းဆက်ရမည့် ဘဝခရီးမှာ. . .

သည်ကနေ့ ရုံးထွက်သွားစဉ်က. . .

တရားရုံးမှာ ကိုယ်တစ်ဦးတည်း အမှုရင်ဆိုင်ရသည်မဟုတ်။ မနက်နေထွက်တပြိုက်စ၍ အမှုသည်တို့နှင့် ဆက်နွယ်ရာလူပေါင်းစုံတို့မှာ တရားရုံး





န်းကျင်သို့ ရောက်ရှိလာစမြဲ၊ စုစုဝေးဝေး စုရုံးလာစမြဲ။ ကိုးနာရီကျော်ကျော်မှစ၍ စည်စည်ဝေဝေရှိသည့် လူအုပ်မှာ လျော့ပါးသွားသည်ဟူ၍မရှိ၊ ပ်၍ထပ်၍သာ တိုးလာစမြဲရှိ၏။

ဆယ်နာရီနှင့်ဆယ့်တစ်နာရီကြားတွင် ထောင်မှထုတ်လာသည့် အချုပ်ရားခံပို့ကားများ ရောက်ရှိလာစမြဲရှိရာ အချုပ်ကားများရောက်လာသည်နှင့် ရားရုံးဝန်းကျင်တွင် ဟိုတစ်စု သည်တစ်စု ရှိနေကြသည့်အုပ်စုများမှာ ုပ်လှုပ်ရွရွဖြစ်လာ၍ ကားရပ်မည့် နေရာသို့စုဝေးလာကြသည်။

ကားပေါ်မှ အချုပ်တရားခံများမဆင်းမီကပင် ကားပေါ်နှင့် ကားအောက် လုအယက်ပြောကြသည့် စကားသံများမှာ ဆူဆူညံညံ။

အချုပ်တရားခံများ ကားပေါ်မှဆင်း၍ တရားရုံးအချုပ်ခန်းထဲသို့ င်သွားကြသည့်တိုင် ပြောလက်စ စကားများမှာ မပြတ်မစဲ တိုးလိုးတန်းလန်း ျန်ရစ်စမြဲရှိကြသည်။

အမျိုးသမီးအချုပ်သမတွေ ကားပေါ်မှ အလျင်ဆင်းရသည်။ မျက်လုံးခုံပေါင်းများစွာမှာ သူတို့ဆီသို့ စူးရောက်လျက်၊ မျက်လုံးစူးရောက်မှုနှင့် တူ ပါးစပ်ကလည်း ထင်မြင်ချက် ဝေဖန်ချက်ပေးသံများ တစ်ပြိုက်တည်း ွက်လာလေသည်။ အမျိုးသမီးအချုပ်သမတွေ ကားပေါ်တဆင်းလာရင် ်မြင်ချက်ပေးသံမှာ တစ်သံတည်း ထွက်လာစမြဲရှိ၏။

ပြည့်တန်ဆာအမှုတွေ ဖြစ်မှာပေ့ါဟူ၍။

ဘာအမှုပဲဖြစ်ပါစေ ဟိုအမှုလို့ပဲ ထင်ကြသည်မှာ အစဉ်အလာ၊ အဲ့ဒီမှုမျိုးတွေကလည်း များမှများလို့ ဆိုရမည်သို့ရှိချေရာ အချုပ်ကားပေါ်မှ င်းလာသူတိုင်းကို သည်လိုပဲထင်ကြသည်။ အဲ့ဒီနေ့က သူတို့အချုပ်ကားါ်မှာ သူပါ အချုပ်သမလေးယောက်ပါလာသည်။

တစ်ယောက်က အသက်ကြီးပြီ၊ ခိုးမှု မသင်္ကာမှုနှင့် အချုပ်ခံနေရသည့် သက်အရွယ် ငါးဆယ်ကျော်အဒေါ်ကြီး။ ကျန်နှစ်ယောက်မှာ ခင်လေးနွယ် ်အသက်အရွယ် မတိမ်းမယိမ်း။ အချုပ်ကားပေါ်မှဆင်းလာသည့် သူတို့် ်ယောက်မျက်နှာထားမှာ အပိုးမသေ၊ ပြောင်စပ်စပ် ဘာမထီမျက်နှာမျိုး ် ဝိုင်းကြည့်နေကြသူတွေထဲက မျက်မှန်လေးနှင့် ခပ်ချောချောကောင်လေး ်ယောက်ကို မျက်စပစ်၍ လျှာထုတ်ပြလိုက်သည်။

ဘေးကကြည့်နေသူတွေက ပြုံးစိစိ၊



www.burmeseclassic.com

www.burmeseclassic.com

ခင်လေးနွယ်က သူ့ခေါင်းကို တည့်တည့်မတ်မတ် မထားရဲသမို့ ခေါ
ကလေးငုံ့ပြီး ခပ်ရိုရိုဆင်းခဲ့ရသည်။ ရုပ်ကချောချော၊ ကိုယ်လုံးကိုယ်ပေါက်
ပြောင့်ပြောင့်ဆိုတော့။ ခပ်ကျယ်ကျယ်အသံတစ်သံမှာ ခင်လေးနွယ်နားထဲ
စူးဝင်လာသည်။ သူ့ကိုလည်း ဟိုလိုအမျိုးသမီးလို့ပဲ ထင်မြင်ချက်ပေးလို
သည့်အသံ။

အထက်တန်းလွှာတ. . . ကြီးဖြစ်မှာပေါ့တဲ့။

သူက အသံကိုပဲ ကြားလိုက်ရသည်။ ပြောသူကို မျက်လွှာလှန်မကြည့်
ခေါင်းငုံ့ထားလျက် အချုပ်ခန်းရှိရာသို့ ခပ်သွက်သွက်လှမ်းပြီး ဝင်ခဲ့ရသ
အချုပ်ခန်းထဲရောက်တော့မှပဲ ငုံ့ထားရသည့် ခေါင်းကို မတ်မတ်က
ပြန်မော့လိုက်ရ၏။ အချုပ်ခန်းထဲထိုင်မိတော့မှ အောင့်ထားရသည့်သက်ပြ
ရှူးခနဲ မှုတ်ထုတ်လိုက်နိုင်သည်။

မလွယ်ပါလားနော်။ ခင်လေးနွယ်၏ အသံမထွက်သော ညည်းညူ
တရားခွင်မှာ။

အချုပ်ခန်းထဲက တရားခွင်သို့ထုတ်ယူလာစဉ် ခင်လေးနွယ်တို့ 
ထိတ်မခတ်ပါ။ အမျိုးသမီးရဲမေတစ်ယောက်နှင့် အမျိုးသားရဲတစ်ယောက်
ခြံရံလျက်။ တရားရုံးသို့ ရောက်နေသူအတော်များများမှာ ခင်လေးနွယ်
အမှုစစ်မည့် တရားခွင်အဝသို့ စုပြုံ၍ ရောက်လာကြသည်။

တစ်ယောက်စကား တစ်ယောက်နားသို့ပေါက်ပြီး ကိုယ့်ယောက်
တိုယ်တိုင်သတ်သည့် တရားခံကိုကြည့်ရှုရန် ရောက်လာကြခြင်း ဖြစ်ပါသ

"ဟယ်. . . မိန်းမချောကလေးပါလား၊ ငယ်ငယ်ပဲရှိသေးတယ်

"အို. . . ကိုယ်ဝန်ကြီးနဲ့ပါလား"

"ထောင်ထဲမှာ ကိုယ်ဝန်ကြီးနဲ့ဆိုတော့ သနားစရာပဲနော်"

"ယောကျ်ားက ဘယ်လောက်ဆိုးသလဲမှမသိတာ၊ နှိပ်စက်လွန်း
မခံနိုင်လို့ ဖြစ်မှာပေါ့"

မိန်းမတွေက သည်သို့ပြော်ကြသည်။ မိန်းမချင်းစာနာသော 
ဆိုကြသည်။

"နောက်မီးကိစ္စ ဖြစ်မှာပေါ့ကွာ"

"လှလေဒိုက်လေဆိုတာ ဒါမျိုးပေါ့"

"တောင်မလေးရုပ်က. . ."



...ဘာညာစသဖြင့် ထင်မြင်ချက်ပေးကြသည်။ ခင်လေး
နွယ်မှာ ခေါင်းမဖော်ရဲ၊ ဘာဖြစ်လို့ဆိုသည်ကို ရှင်းပြဖို့ ဖြစ်နိုင်တာမှ မဟုတ်
တာ။ ခေါင်းငုံ့ရုံပဲပေါ့။

"ကျွန်မဘဝသက်တမ်းမှာ ရဲစခန်းတို့၊ ရုံးတို့၊ ထောင်တို့နဲ့ မဆက်နွယ်
ပတ်သက်အောင် နေထိုင်သွားတော့မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ရဲစခန်း
အတွေ့အကြုံ၊ တရားရုံးအတွေ့အကြုံနဲ့ ထောင်အတွေ့အကြုံအရ ငတ်သေ
မယ့်အခြေအနေဖြစ်လာရင်တောင်မှ ဥပဒေနဲ့ ဆန့်ကျင်ဘက်အလုပ်တို
မလုပ်တော့ပါဘူး၊ ကျွန်မဟာ လူပါ၊ ဒါပေမယ့် ထောင်ထဲရောက်ကတည်းက
ကိုယ့်ကိုကိုယ် ငါဟာ လူတစ်ယောက်မှ ဟုတ်ပါလေစလို့ ထင်မှတ်ရလောက်
အောင် အဆင့်အနေနိမ့်ကျသွားရုံမက လူ့အခွင့်အရေးအားလုံး ဆုံးရှုံးသွား
ခဲ့ပါတယ်၊ ဒီခံစားမှုမျိုးကိုတော့ ကျွန်မတစ်သက်တာမှာ ဘယ်လိုမှ မေ့ပျောက်
လို့မရတော့ပါဘူး၊ အကြောက်ကြီးကြောက်လှပါပြီလို့ပဲ ပြောပါရစေတော့ရှင်"

တစ်ခါတစ်ခေါက် မတော်တဆ ထောင်ထဲရောက်လာသူတိုင်း ပြော
တတ်ကြသည့် စကားရပ်မှာ. . .

"ထောင်ဆိုရင် ခြင်ထောင်ဆိုတဲ့အသံကိုတောင် မကြားပါရစေနဲ့"
တဲ့ပါ၍. . .။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

(ကိုး)

သည်မှုခင်းဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ပန်းဆိုးတန်းတိုက်တို ပြောင်းရွှေ့ရောက်ရှိလာခြင်းနှင့် မခင်သီခေါ် မမသီနှင့် တရင်းတနှီး ပေါင်း ဖက်မိခြင်းကြောင့်ဟု ဆိုရမည်ပါ။

"မိန်းမချင်းတောင် ငေးကြည့်ရလောက်အောင်လှတဲ့ မမသီဟာ ကျွန်မနဲ့ တွေ့တော့ အသက်သုံးဆယ်မပြည့်တပြည့်အရွယ် အလှရိပ်တွေ ဖြိုးဖြိုးဝေဝေ မောက်ကြွယ်ကြွယ် တောက်ပနေတုန်းပါ"

ရုပ်ရှင်မင်းသမီးကြီး ဒေါ်မြင့်မြင့်ဌေး အလှကြွယ်ဖြိုးဝေဆာနေတုန်းက ပုံစံမျိုး။

ဝါရည်သွေးအသားအရည်က စိုပြေပြီး ဝင်းမွတ်နေသည်။ အရပ်က မြင့်မြင့်သွယ်သွယ်၊ ထွားထွားဖွံ့ဖွံ့၊ မောက်တစ်လုံးဝန်းနေတဲ့ရင်၊ ဖွံ့ဖြိုးပြည့် တင်းပြီး စွင့်ကားနေတဲ့တင်၊ ပြည့်တင်းသွယ်ဆင်းပုံလှတဲ့ ပေါင်တန်တွေက သူမ၏ ကိုယ်လုံးအလှကို အပိုအလိုမရှိအောင် ဖြည့်တင်းပေးထားသည်သို့ နှယ် ရှိပါချေ၏။

မဟူရာသွေးသို့နှယ် နက်မှောင်ဝိုင်းစက် တောက်ပရွှန်းစိုနေတဲ့မျက်လုံး စောင်းညွတ်နေတဲ့ မျက်တောင်၊ စင်ရော်တောင်လို ကော့ပျံနေတဲ့မျက်ခုံး ဖြောင့်စင်းသွယ်တန်းတဲ့နှာတန်၊ ဖူးငုံပြည့်တင်းတဲ့နှုတ်ခမ်း၊ ရယ်လိုက်လျှင် သိသိသာသာ ခွက်ဝင်သွားတဲ့ ပါးချိုင့်တို့ကလည်း မျက်နှာအလှကို ပြည့်ပြည့် ဝဝ ဖြည့်တင်းပေးထားသည်သို့နှယ်။

"မမသီက အလှနဲ့အတူ ဆွဲဆောင်မှုညှို့ဝန်းလည်း ပြည့်လျှမ်းပါတယ် အပျိုတော့ မဟုတ်ပါဘူး၊ သားသမီးသုံးယောက်မိခင် အိမ်ထောင်ရှင်ပါ





မမသီယောက်ျားက ဌာနတစ်ခုက ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိတဲ့ အရာရှိ တစ်ယောက်ပါ၊ နာမည်က ဦးအေးမြင့်လို့ခေါ်ပါတယ်၊ သူတို့နှစ်ယောက် ဟာ ရှေ့သွားနောက်လိုက်ညီတဲ့ နေနဲ့လ ရွှေနဲ့မြလို ဇနီးမောင်နှံရယ်လို့ ပမာစကားနဲ့ တင်စားလို့မရလောက်အောင် မလိုက်ဖက်ပါဘူး၊ ရုပ်ဆင်း သဏ္ဌာန်ခြားနားသလို အနေအထိုင်နဲ့အပြုအမူလည်း ကွာခြားပါတယ်၊ နည်း နည်းကွာခြားတာ မဟုတ်ပါဘူး၊ အများကြီး ကွာခြားတာပါ"

"ဦးအေးမြင့်က အညာသား၊ မခင်သီက မော်လမြိုင်သူ၊ ရန်တုန်သားနဲ့ မန္တလေးသူမဟုတ်ဘဲ ရွှေဘိုသားနဲ့ မော်လမြိုင်သူပါ"

တစ်ယောက်က စိုစိုဖြူဖြူ၊ တစ်ယောက်က ခြောက်ခြောက်မဲမဲ။ တစ်ယောက်က အကျည်းတန် အရုပ်ဆိုး၊ တစ်ယောက်က စူစူတင်တင် အလှ ပိုင်ရှင်။ တစ်ယောက်က ရိုးရိုးအေးအေး၊ တစ်ယောက်က လှုပ်လှုပ်ရှားရှား၊ ကြွားကြွားယားယား၊ လှုပ်ရှားမှုနဲ့ အစဉ်အမြဲ ပွန်းတီးနေသူ။

ဦးအေးမြင့်က ဆေးဖြစ်ဝါးဖြစ် မိတ်ဖက်ဖြစ်ရုံလောက် အနည်းအပါး သောက်တတ်သည်ကလွဲလို့ လောင်းကစား၊ မိန်းမ၊ ဘာဘာညာညာ အကုန် လုံး တင်းရှင်းသည်။

မခင်သီက မိုးလင်းကနေ အိပ်ရာဝင်သည်အထိ သူ့ကိုယ်သူလှအောင် ပြင်ပြီး သသတင်တင်ကလေး နေတတ်သမို့ အမြင်နှင့်အထင်ပြောရလျှင် ကလေးသုံးယောက်အမေလို့ ဘယ်လိုမှမပြောနိုင်ရာ။

"မမသီက အားရင်အိမ်မှာမနေတတ်ဘူး၊ ကားတစ်စီးနဲ့ဘီးရာထပ်နေ မွှေ့နေရာမှ နေတတ်ထိုင်တတ်ရှိတယ်၊ အိမ်မှာ တူဖော်လောင်ဖက်ခေါ်ထားတဲ့ ဒေါ်ထွေးရင်က အိမ်ကိစ္စအားလုံးကို ပြောစရာမရှိအောင်လုပ်တဲ့အပြင် ဆွေမျိုးရင်းချာထက်မက စိတ်ချယုံကြည်ရတယ်၊ ကလေးတွေကိုလည်း သိပ် ချစ်တယ်၊ ကျောထောက်နောက်ခံ သံယောဇဉ်တွယ်ပိုးစရာကလည်းမရှိတော့ ဒေါ်ထွေးရင်က မမသီတို့အပေါ် ဆွေမျိုးရင်းချာလိုဖြစ်နေတာပေါ့လေ မမသီအိမ်မှာ တစ်နေ့လုံးရှိတဲ့နေ့ဟာ အိမ်မှာဝိုင်းရှိတဲ့နေ့ပဲ"

မမသီတို့ဝိုင်းက အိမ်တစ်အိမ်တည်းမှာ ပင်တိုင်မလုပ်။ တစ်နေ့တစ်အိမ် လှည့်လုပ်သည်။ ဝိုင်းက နေ့တိုင်းတော့မဖြစ်၊ တစ်ပတ်မှာ သုံးလေးရက် ဖြစ်သည်။

ဦးအေးမြင့်က မခင်သီကို အလိုလိုက်ရသည့်အကြောင်းမှာ မခင်သီသာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်လုပ် ပြောဟယ်ဆိုဟယ်မရှိ။ ဦးအေးမြင့်က လခအပြင် အပိုဝင်ငွေမရှာတတ်၊ မခင်သီက ဦးအေးမြင့်ကို အမှီပြုပြီး အပိုဝင်ငွေရအောင်ရှာတတ်သည်။ မခင်သီက အသုံးအစွဲလက်ကြီးသလောက် အရှာအဖွေလည်း တော်သည်။

အပေါင်းအသင်းတွေလည်း ဝင်ဆန့်သည်။ ရုပ်ကလည်းချော၊ အပြောတလည်းကောင်း၊ ပါးပါးနပ်နပ်လည်းရှိသူမို့ မခင်သီနှင့် ပေါင်းမိသူတိုင်း မခင်သီကို မကျေသူဟူ၍မရှိ။ မခင်သီအပေါင်းအသင်းတွေက လူပေါင်းစုံသလို နေရာမျိုးစုံမှာ ရှိကြသည်။

"ကျွန်မတို့ ပန်းဆိုးတန်းတိုက်ကိုပြောင်းပြီး သုံးလေးလအတွင်းမှာ မမသီနဲ့ စတင်ရင်းနှီးခဲ့ပါတယ်၊ နောက်ကျတော့ တဖြည်းဖြည်း အလွန်အမင်း ရင်းနှီးလာပြီး ကျွန်မတို့နှစ်ခန်းဟာ နှစ်ခန်းတစ်ခန်းလို ဖြစ်လာပါတယ်၊ ပန်းဆိုးတန်းတိုက်ပြောင်းပြီးတတည်းက ကိုဝင်းတစ်ယောက် ခရီးထွက်များလာသလို တစ်ခါထွက်ပြီဆိုရင် တစ်လကိုးသီတင်း ကြာတတ်တာကြောင့် ကျွန်မလည်း ထမင်းချက်မစားတော့ပါဘူး၊ ထမင်းချိုင့်ကို လပေးယူပြီး စားပါတယ်၊ ကျွန်မအတွက် ကိုဝင်းပေးတဲ့အသုံးစရိတ်ဟာ လုံလောက်ရုံမကဘဲ ပိုပိုလျှံလျှံ ရှိပါတယ်၊ နားမှာ စိန်နားကပ်၊ လက်မှာ မြကိုစိန်ခြယ်ကွင်းထားတဲ့ လက်စွပ်နဲ့ပါ၊ လူတန်းစေ့ဆိုတဲ့ အဆင့်ထက် သာလွန်ခဲ့ပါတယ်၊ စရောက်စတု ညဘက်မှာ ဦးထွန်းလူရဲ့မိန်းမ ဒေါ်ထယ်က ကျွန်မနဲ့အတူ လာအိပ်ပါတယ်၊ နေ့ဘက်မှာတော့ ဒေါ်ထယ်ရဲ့သမီးအကြီး မလှရီက ကျွန်မနဲ့အတူလာနေပြီ အိမ်သန့်ရှင်းရေး၊ အလျှော်အဖွပ်၊ မီးပူတိုက်စတဲ့အလုပ်တွေကိုပါ ကူလုပ်ပေးပါတယ်၊ မနက်စာထမင်းကို ကျွန်မနဲ့အတူစားပြီး ညနေကျတော့ အဘဦးထွန်းလူက သူ့မိန်းမကိုလာပို့ပြီး ပြန်ခေါ်သွားပါတယ်၊ နောက်ပိုင်းကျတော့ နေ့ဘက်မှာ မမသီတို့အခန်းမှာပဲ အနေများပြီး ညဘက်မှာ ဒေါ်ထွေးရ အဖော်အဖြစ်နဲ့ လာအိပ်ပေးလို့ အဘဦးထွန်းလူတို့လည်း တာဝန်ပေါ့သွားပါတယ်၊ ကျွန်မလည်း လွတ်လွတ်လပ်လပ် နေထိုင်သွားလာရတာပေါ့"

ခင်လေးနွယ်က ကလေးချစ်တတ်သည်။ အိမ်ထောင်ကျပြီးပါလျှင် ကလေးမမွေးဖွားဖူးသူများ ကလေးတို့ပို၍ ချစ်တတ်ကြသည်မှာ မမွတ ကလေးမွေးမွေး၊ မမွေးမွေး မိန်းမသားများတွင် မိခင်စိတ်ဓာတ်အပြည့် အဝရှိကြစမြဲ။ အပျိုကြီးတွေ ကလေးချစ်တတ်ကြသည်မှာ မိခင်စိတ်ဓာတ် ကြောင့်၊ ယောက်ျားတွေထက် မိန်းမသားတွေ ကလေးတို့ပို၍ ချစ်တတ်





သည်မှာလည်း မိခင်စိတ်ဓာတ်ကြောင့်ပင်။

"ကျွန်မက ကလေးတွေကို သိပ်ချစ်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့ အိမ်ထောင်သက်သုံးနှစ်ကျော်တဲ့အထိ ကလေးရမယ့်အရိပ်အရောင် မြမလာပါဘူး၊ တစ်နေ့ ကျွန်မတို့နှစ်ယောက် သည်အကြောင်းပြောဖြစ်ကြပါတယ်"

"မလေးတို့ ခုထက်ထိ ကလေးမရသေးတာနဲ့ ပတ်သက်လို့ ကိုဝင်း ဘယ်လိုများခံစားနေရသလဲဆိုတာ မလေးကို ပွင့်ပွင့်လင်းလင်း ပြောပြပါလားဟင်"

"ကျွန်မ အဲ့ဒီလိုမေးလိုက်တော့ ကိုဝင်းမျက်နှာ ကွက်ခနဲပျက်သွားတာကို သတိထားလိုက်ပါတယ်၊ ပြီးတော့မှ ဣန္ဒြေပြန်ဆည်ပြီး. . ."

"ကိုဝင်းလည်း မလေးလိုပဲ ကလေးလိုချင်တာပေါ့ မလေးရယ်၊ ဒါပေမယ့် ကလေးဆိုတာ လိုချင်တိုင်းရတာမှမဟုတ်ဘဲဟာ၊ ဘာတတ်နိုင်ပါ့မလဲ၊ ခု မရသေးပေမယ့် ရချင်တဲ့အချိန်တန်ရင် ရလာမှာပေါ့ မလေးရယ်၊ တစ်သက်လုံး မရတော့ဘူးလို့ ယတိပြတ်ပြောလို့ဖြစ်တာမျိုးမှ မဟုတ်တာ၊ တချို့အိမ်ထောင်တွေဆို အိမ်ထောင်ကျပြီး လေးငါးဆယ်နှစ်ကြာမှ ကလေးရကြတာတွေ တစ်ပုံတစ်ပင်ကြီးရှိသားပဲဟာ၊ မလေးလည်း တစ်နေ့တော့. . ."

"အဲ့ဒီလိုသာ ပြောတယ်၊ သူပြောပုံက တက်တက်ကြွကြွမရှိဘူး၊ အေးတိအေးစက်ကြီးပါ။ နောက်ပြီးတော့ သူတဆက်ပြောပါတယ်"

"ခုလောက် အိမ်ထောင်သက်နဲ့ ကလေးမရစေချင်သေးဘူးလေ၊ ဘာလို့လည်းဆိုတော့ ကလေးတွေ တစ်နှစ်တစ်ယောက်သာမွေးလိုက်ရင် မလေး ခုလို ဘယ်လှနေပါတော့မလဲ၊ မလေးအလှတွေ လျော့ပါးပျက်ပြယ်သွားမှာ သေချာတာပေါ့၊ မလေးလည်း နေရထိုင်ရတာ ခုလို ဘယ်လွတ်လွတ်လပ်လပ် ရှိပါ့မလဲတဲ့"

"သည်လိုပြောတာဟာ ကျွန်မကို ဖြေသိမ့်လိုက်တာ ဖြစ်ပါလိမ့်မယ်၊ တကယ်လို့များ အိမ်ထောင်ကျပြီး နှစ်နှစ် သုံးနှစ်အတွင်း ကလေးရခဲ့ရင် ကျွန်မတို့လင်မယားရဲ့ဘဝလမ်းကြောင်း အပြောင်းအလဲဟာ တစ်မျိုးတစ်ဖုံ ဖြစ်လာမှာပါ၊ ခုလို အဖြစ်ဆိုးနဲ့ ကြုံရဆုံရမှာ မဟုတ်ပါဘူး"

ပန်းဆိုးတန်းတိုက်ကို ရောက်ကတည်းက ဝင်းမောင်ခရီး တရစပ် ထွက်နေရသည်။ အိမ်မှာ နှစ်ပတ်ပြည့်အောင် တစ်ခါမှ မနေရ၊ လင်မယား နှစ်ယောက်တည်းရှိသည့်အိမ်ထောင်စုတစ်ခုမှာ တစ်ယောက်တစ်တွဲနေရပြီ



www.burmeseclassic.com

www.burmeseclassic.com

ဆိုသောအခါ. . .။

"ကျွန်မက ကလေးချစ်တတ်တော့ မမသီရဲ့ ကလေးသုံးယောက်နဲ့ အချိန်ဖြုန်းနေရပါတယ်၊ ဖြိုး၊ စိုး၊ မိုး မောင်နှမသုံးယောက်ကလည်း ချစ်စရာလေးတွေပါ၊ ဒါပေမယ့် သူတို့လေးတွေက အိမ်မှာ အမြဲမရှိကြဘူးလေ၊ သူတို့လေးတွေ ကျောင်းသွားပြီဆိုရင် ကျွန်မပျင်းကျန်ရစ်ခဲ့တာပေါ့၊ မမသီကလည်းမရှိတော့ ဒေါ်ထွေးရင်ကိုပဲ စကားပြောဖော်လုပ်ပြီး နေရတယ်၊ ကြာတော့လည်း ငြီးငွေ့လာတာပေါ့၊ မမသီလို အပြင်ထွက်ပြီး အချိန်ဖြုန်းချင်လာပါတယ်၊ မမသီကလည်း ခဏခဏခေါ်ပါတယ်၊ ကျွန်မက ကိုယ့်လင်သား ခရီးထွက်နေတုန်း မယားက အပြင်ထွက်လည်နေရင် သူများပြောစရာဖြစ်လာမှာစိုးပြီး ထိန်းချုပ်နေခဲ့ရပါတယ်၊ ရိုးရိုးပြောရင် အကြောင်းမဟုတ်ပါဘူး၊ ထင်ကြေးနဲ့ ဟိုနှယ်ဒီနှယ်ပြောကြရင် ကျွန်မတို့လင်မယားကြားမှာ ပြဿနာပေါ်လာနိုင်တာကြောင့်ပါ"

သည်တစ်ခေါက် ကိုဝင်းမောင်ခရီးထွက်ကအပြန်မှာ ခင်လေးနွယ်က သူနေရတဲ့အခြေအနေကိုပြောပြပြီး ဝင်းမောင်ကို ဖျောင်းဖျနားချခဲ့သည်။

လက်ရှိလုပ်နေသည့်အလုပ်ကို စွန့်လိုက်ဖို့။ ရန်ကုန်မှာပဲ လင်မယားနှစ်ယောက် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်နေထိုင်ကြဖို့။

"ကျွန်မတို့မှာ ရင်းနှီးလုပ်ကိုင်ဖို့ ငွေကြေးလည်း အတော်အသင့်ရှိနေပြီလေ၊ ဒါကြောင့်လည်း ကျွန်မက ကိုဝင်းကို နားချခဲ့တာပါ၊ ကိုဝင်းကလည်း ကျွန်မပြောတာကို ခေါင်းညိတ်လိုက်ပါတယ်၊ ဒါပေမယ့် သူတို့လုပ်ငန်းက တစ်ယောက်တည်းမဟုတ်ဘဲ အစုစပ်လုပ်နေတာဖြစ်လို့ ချက်ချင်းခွဲခြမ်းလို့မဖြစ်တဲ့အကြောင်း တဖြည်းဖြည်းခွဲပြီး ကျွန်မပြောတဲ့အတိုင်း လုပ်ပါမယ်လို့ ကတိပေးတော့ ကျွန်မလည်း ခေါင်းညိတ်လိုက်ရပြန်ပါတယ်၊ ကျွန်မတို့ လင်မယားနှစ်ယောက်ကြားမှာ အဲဒီအချိန်အထိ ဘာပြဿနာမှ မပေါ်ခဲ့ပါ၊ သည်နောက်ပိုင်းမှာမှ ပြဿနာပေါ်လာတာပါ"

တစ်ကွက်မှားသောကျား အစားခံရတတ်သည်ဟု ဆိုစကားရှိသည့်အတိုင်း. . .။

♦ ♦ ♦



(တစ်ဆယ်)

"ကျွန်မကို မမသီနဲ့ရုပ်ရှင်တို့၊ ဗိုလ်ချုပ်ဈေးတို့သွားဖို့ ကိုဝင်းကပဲခွင့်ပြုခဲ့တာပါ၊ မမသီကိုလည်း ခေါ်ပြုသွားဖို့ မမသီနဲ့ဆိုရင် စိတ်ချတဲ့အကြောင်း ကိုဝင်းကိုယ်တိုင်ပဲ ပြောခဲ့ပါတယ်"

သည်နောက်ပိုင်း မခင်သီသွားလာလှုပ်ရှားရာသို့ အရိပ်ပမာ တွဲတွဲပါနေသူမှာ ခင်လေးနွယ်။ လမ်းထွက်များလာတော့ အိမ်မှာမနေချင်။ နှစ်ယောက်စလုံးက မိန်းမချော မိန်းမလှတွေ။ သွားလေရာ ရောက်လေရာမှာ အာရုံစိုက်ခံရသည်။

အမျိုးသားတွေက ပို၍အရေးတယူ အလေးမူ၍ အရေးပေးကြသည်။ ဒီအပေါ်မှာ ခင်လေးနွယ် သာယာလာသည်။ မိန့်မောလာသည်။ ကြည်သာလာသည်၊ အလှမာန တက်လာသည်။

အလျင်က အရှိအလှကို ပေါ်လွင်ရုံ ရိုးရိုးကလေးပြင်ဆင်ခြယ်မှုန်းတတ်သည့် ခင်လေးနွယ်၏အပြင်အဆင် အခြယ်အသမှာ ဆန်းထွေလာသည်။ လှတာကို ကြွအောင်ပြင်လိုက်တော့ အာရုံစူးစိုက်မှုပို၍ ခံရသည်။

တစ်ဆင့်တက်တော့ ဘဝင်မြင့်လာသည်။ ဘဝင်ခိုက်လာသည်။ ဘယ်သူဆို ဘဝင်မြင့် ဘဝင်ခိုက်လာပြီဆိုရင် အောက်ခြေလွတ်စမြဲ။ အောက်ခြေလွတ်လွန်ရင် မှောက်လျက်သော်လည်းကောင်း၊ ပက်လက်သော်လည်းကောင်း၊ ဘေးစောင်းသော်လည်းကောင်း လဲရမည်မှာ ဓမ္မတာ။

လဲသည့်အခါ အကျမတော်ခဲ့ရင်. . .။

×××××


www.burmeseclassic.com

www.burmeseclassic.com

မန္တလေးသား ဇော်မောင်မောင်နှင့် ခင်လေးနွယ်ကို မိတ်ဆက်ပေးခဲ့သူမှာ မမသီ။ ကရဝိတ်စားသောက်ခန်းမှာ။

အိမ်တထွက်တုန်းက ဦးတည်ရာလမ်းကြောင်းမှာ ဗိုလ်ချုပ်ဈေးကို ရောက်သွားတော့ ကရဝိတ်။

"နွယ်ရေ. . . မမမြင့်ကြီးတို့ဆိုင်မှာ အဆင်ဆန်းတွေ ရောက်နေလို့တဲ့"

"သွားလေ မမသီ၊ နွယ်လည်းလိုက်မှာပေါ့"

ဗိုလ်ချုပ်ဈေးကိုအဝင် အလယ်ပေါက်ထိပ်မှာ သက်လတ်အရွယ်လူငယ်နှစ်ယောက်နှင့် ဆုံမိကြသည်။

"ဟော. . . မမသီပါလား"

"မောင်မောင်ပါလား၊ ဆိုစမ်း၊ မင်းဘယ်တုန်းကရောက်တာလဲ"

"ကျွန်တော် မနေ့က ညရထားနဲ့ လိုက်လာတာ မမသီ၊ အိပ်ရေးပျက်လာတာနဲ့ ခဏနှပ်ပြီး ခုပဲထွက်လာတာပဲ"

"ရောက်ရောက်ချင်း ဗိုလ်ချုပ်ဈေးမှာ မွှေ့မယ်ဆိုပါတော့"

"မဟုတ်ရပါဘူး မမသီရာ၊ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ပါ"

"တော်စမ်းပါ မောင်မောင်ရယ်၊ မသိရင်ခက်မယ်"

"ဟဲ. . . ဟဲ. . . ဟဲ မမသီကလဲ၊ ဪ. . . မမသီနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်သူငယ်ချင်း တင်ဝင်းဦး၊ မမြို့က ကျွန်တော့်လုပ်ငန်းကို လေ့လာဖို့လိုက်လာတာ၊ ဒါက သိပ်ခင်စရာကောင်းတဲ့ မမသီ၊ မမသီအကြောင်း အပြည့်အစုံတော့ နောက်မှပြောမယ်ကွာ"

"မောင်တင်ဝင်းဦးနဲ့တွေ့ရတာ ဝမ်းသာပါတယ်ကွာ၊ တို့ကိုလည်း မှတ်ထားဦး။ ကဲ. . . မောင်မောင် မမသီကလည်း ပြန်မိတ်ဆက်ပေးရဦးမယ်၊ ဒါက မမသီရဲ့ညီမဝမ်းကွဲ နွယ်၊ နာမည်အပြည့်အစုံက ခင်လေးနွယ်၊ သူကတော့ မန္တလေးက ဇော်မောင်မောင်ပေါ့"

လှလှပပလေး ပြုံးလိုက်ရသည်။ သူတို့နှစ်ယောက်လည်း စူးစူးမြမြ အကြည့်နှင့် ပြုံးပြကြသည်။ မိတ်ဆက်ခြင်းမှ ရင်းနှီးခြင်းသို့။

"မမသီတို့ အရေးတကြီးတိစ္စရှိလို့လား"

"မရှိပါဘူးကွယ်၊ အဆင်ဆန်းလေးတွေ ရောက်လာတယ်ဆိုလို့"

"ဒါဖြင့်လည်း ကြိုတင်ချိန်းဆိုချက်မရှိတဲ့ မိတ်ဆက်စားပွဲလေး လုပ်ပါရစေလား မမသီ"





"အခုလား"

"အခုပေါ့"

"ကျွန်မနဲ့ မမသီတို့ အတူသွားအတူလာရှိနေကြပေမယ့် ဒါမျိုးပွဲနဲ့တော့ တစ်ခါမှ မဆုံရသေးပါဘူး၊ ဒါဟာ ပထမအကြိမ်ပါပဲ၊ အိမ်တွေမှာ စားကြသောက်ကြတာတော့ ရှိဖူးပါတယ်၊ ခု မမသီက ဘာမှမပြောတော့ဘဲ ကဲ. . . သွားရအောင်ဆိုပြီး ကျွန်မလက်ကိုဆွဲခေါ်သွားတာနဲ့ ကျွန်မလည်း ပါသွားရပါတယ်၊ ကျွန်မက မလိုက်ချင်ဘူးလို့ ငြင်းလိုက်ရင် မမသီမျက်နှာပျက်မယ်လေ၊ သူ့ကို အမှီပြုနေရတဲ့ ကျွန်မက မမသီငြိုငြင်အောင် ဘယ်လုပ်လို့ ဖြစ်ပါ့မလဲ၊ ပြီး. . . ခုဟာက ရိုးရိုးသားသားဖိတ်တာမို့"

နံပါတ်အနက် ဖယ်မလီယာကားနီလေး၏ ရှေ့ဘက်မောင်းသူဘေးမှာ တင်ဝင်းဦး။ နောက်ဘက်မှာ သူတို့သုံးယောက်၊ မမသီက ဘေးဘက်မှာ၊ ခင်လေးနွယ်က အလယ်မှာ၊ ဇော်မောင်မောင်က တစ်ဘက်ဘေးစွန်မှာ။

ဖယ်မလီယာကားနောက်မှာ သုံးယောက်ဆိုတော့ ခွာခွာဝေးဝေးထိုင်လို့မဖြစ်။ ပူးပူးကပ်ကပ် ထိုင်ရသည်။ နေရာအနေအထားအရ ဇော်မောင်မောင်နှင့် မပူးကပ်လို့ကလည်း မဖြစ်။

ကိုယ်လုံးကလေးကို မမသီဘက် ယိမ်းထားပေမယ့် ထိစပ်မှုကိုတော့ မရှောင်သာ။ တစ်လမ်းလုံးအသက်ရှူကြပ်လာလိုက်တာ ကရဝိတ်ရောက်လို့ ကားပေါ်မှဆင်းတော့မှပဲ အသက်ရှူချောင်သွားသည်။ ရင်ထဲမှာတော့ ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်း။

"မှာထားတဲ့စားစရာတွေရောက်မလာခင် ပြောကြတဲ့စကားဝိုင်းမှာ ကျွန်မနဲ့ ကိုတင်ဝင်းဦးက နားထောင်သမားပါ။ မမသီနဲ့ ကိုဇော်မောင်မောင်တို့နှစ်ယောက်ကတော့ စကားစဉ် စကားဆက် မပြတ်ကြဘူး၊ အများဆုံး ဦးတည်ပြောနေတဲ့အကြောင်းကတော့ ရုပ်ရှင်အကြောင်းပါ။ ရုပ်ရှင်အကြောင်းက ရုပ်ရှင်ဇာတ်ကားအကြောင်းမဟုတ်ပါဘူး၊ ရုပ်ရှင်ကုမ္ပဏီတွေနဲ့ ရုပ်ရှင်မင်းသား မင်းသမီးတွေရဲ့ အတွင်းရေးအကြောင်းတွေ အစုံပါတော့ ပိုပြီး စိတ်ဝင်စားရပါတယ်၊ ကျွန်မတစ်ခါဖူးမှ မကြားဖူးတဲ့အကြောင်းတွေပါ။ ဇော်မောင်မောင်က စကားပြောသွက်သလို စကားကိုလည်း သိုင်းသိုင်းဝိုင်းဝိုင်းနဲ့ နားထောင်သူ စိတ်ဝင်စားအောင် ပြောနိုင်ပါတယ်၊ ရုပ်ရှင်အတွင်းရေးတွေကို သူ ဘာလို့ ဒီလောက်တောင် နက်နက်နဲနဲ သိနိုင်ပြောနိုင်တာပါလိမ့်လို



www.burmeseclassic.com

www.burmeseclassic.com


ကျွန်မ အတွေးစဉ်ထဲမှာ လှုပ်ခတ်နေပါတယ်၊ အဲဒီအချိန်အထိ ဇော်မော
မောင် ဘာလုပ်ငန်းလုပ်တယ်ဆိုတာကို ကျွန်မ မသိရသေးပါဘူး"

တင်ဝင်းဦးရော၊ ဇော်မောင်မောင်ပါ ခင်လေးနွယ်အပေါ် စိတ်ဝင်တ
ကြောင်း မျက်လုံးစကား အလွန်အကျွံပြောနေကြသည်။

တင်ဝင်းဦးအကြည့်က အရိုင်းကြည့်၊ ဇော်မောင်မောင်အကြည့်
အယဉ်ကြည့်၊ အရိုင်းကြည့်က စူးစူးထင်ထင်၊ အယဉ်ကြည့်က မသိမသ
တိတ်တခိုးအကြည့်၊ သိသာသည်။ တင်ဝင်းဦးက မိန်းကလေးများနှင့် ကျွ
ဝင်မှုအားနည်းဟန်ရှိသည်။ ဇော်မောင်မောင်က အတွေ့အကြုံများသူ၊ အ
သမား။

တင်ဝင်းဦးတ ငွေထုတ်ပြီး ဒကာခံဖို့ ကြိုးစားသည်ကို ဇော်မော
မောင်တ ခွင့်မပြု။ သူတိုင်လာသည့် အတက်ချိတ်ကော့စ်ထဲက ငွေစက္ကူအထ
လိုတ်ထုတ်၍ ရှင်းပေးလိုက်သည်။

ခင်လေးနွယ်တို့နှစ်ယောက်ကို ဗိုလ်ချုပ်ဈေးသို့ ပြန်ပို့ပေးပြီး လူချ
ခွဲလိုက်ကြသည်၊ နှစ်လိုဖွယ်ရာ အပြုံးကိုယ်စီနှင့်။

နောက်ထပ်တွေ့ဆုံဖို့တို့ အသံပေါဘဲ အကြည့်နှင့်ချန်းဆိုသွားသူ
ဇော်မောင်မောင်။ တင်ဝင်းဦးနှင့် ဇော်မောင်မောင်တို့နှစ်ယောက်ကို ယှ
ကြည့်လိုက်သောအခါ တင်ဝင်းဦးက အချောဘက်သို့ ပို၍အလေးသာသည်
ဆိုနိုင်သည်။ သို့တစေ ဆွဲဆောင်မှုအား မပြည့်ထင်။

ဇော်မောင်မောင်ရုပ်က တင်ဝင်းဦးလိုမချောပြစ်သော်လည်း ယောကျ်
ပီသရိုပ် လွှမ်းထင်နေရုံမက ဆွဲဆောင်မှုအား ရာနှုန်းပြည့်ရှိသည်။ မိန်း
လေးတို့ အလွယ်တကူတျလောတ်သည့် ရုပ်လက္ခဏာ ထင်းထင်းလင်းလ
ရှိဘိ၏ဟု ဆိုရမည်။

တင်ဝင်းဦးတ အရုပ်အနေတော် အသားအရည်မှာ ဝင်းစိုဖြူစင်သည
နဖူးပြည့်ပြည့် နှာတံစင်းစင်း၊ မျက်ခုံးကောင်းကောင်း၊ ပါးလွှာသည့်နှုတ်ခမ်
စိုစို့ရွှမ်းရွှမ်း၊ မျတ်လုံးကြည်လင်သော်လည်း အရည်မလည်။ မျက်လုံး
သည်။ ငြိမ်သည်၊ လူချောဟုဆိုနိုင်သော်လည်း ယောကျ်ားချော ချောသည်
မဆိုနိုင်။ မလျှာစိတ်ပေါက်သည့် လူချောအရိပ်အဆင် ထင်သည်၊ ပါးမို့
လေးတ မိန်းမပါးမို့ပုံလို။

ဇော်မောင်မောင်တ အသားညိုပေမယ့် ပြာပြာခြောက်ခြောက်မည

အလင်းရောင်သန်းသည့် အညိုမျိုးညိုသည်။ မိန်းမဆိုဖြူမှ ယောကျ်ားဆို
ညိုမှ။ မိန်းမအသားဖြူလျှင် ရုပ်ဆောင်သည် ဆိုသော်လည်း ယောကျ်ားဆို
အသားညိုမှ ယောကျ်ားပီသသည့်ရုပ်သွင် ပို၍ပေါ်သည်။

အရုပ်မြင့်မြင့် ကိုယ်လုံးဖွံ့ဖွံ့ ဖြောင့်ဖြောင့်တောင့်တောင့် ကိုယ်လုံးမျိုး။
နှုတ်ခမ်းအနေအထားမှာ ထူထဲပြည့်ဝန်းသည်။ မျက်လုံးအနေအထားနှင့်
မျက်လုံးအကြည့်မှာ အားပါလွန်းသည်။ ဆွဲဆောင်ရိပ်ပြည့်ထင်သည်၊ အပြုံး
လှသည် သူ့အပြုံးက နှစ်လိုဖွယ်ရာအပြုံး။ နှစ်လိုဖွယ်ရာရှိအောင် ဖန်တီး
ယူထားသည့်အပြုံးမျိုးမဟုတ်။ နဂိုအရှိပြုံးကိုက နှစ်လိုဖွယ်ရာအပြုံး။

"အိမ်ထောင်ရှိပြီး သားသမီးတွေ တစ်ပုံတစ်မနဲ့ ယောကျ်ားတလေး
တွေတောင် စိတ်ဝင်စားစရာတောင်းတဲ့ မိန်းကလေးကိုတွေ့လိုက်ရင် ကိုယ့်
ဘဝကိုယ်မေ့ပြီး ပတ်ဝန်းကျင်ကို ဂရုမပြုမိတော့ဘဲ အလှရိပ်နောက်ကို
မျက်လုံးတန်းတန်းစွဲလိုက်သလို ကျွန်မတို့မိန်းမသားတွေဟာလည်း စိတ်ဝင်
စားစရာကောင်းတဲ့ နှစ်လိုဖွယ်ရာရှိတဲ့ယောကျ်ားနဲ့တွေ့တဲ့အခါ ရင်ထဲမှာ
တစ်မျိုးလေး ဝေဒနာလှိုင်းဂယက် ခတ်သွားစမြဲရှိပါတယ်၊ ကိုယ်ကြိုက်တဲ့
အတ်မင်းသားတို့၊ ရုပ်ရှင်မင်းသားတို့၊ စတီရီယိုအဆိုတော်တို့နဲ့တွေ့ရင်
ကွန္ဒြေတို့ သိက္ခာတို့ မျိုးဂုဏ် ဆွေဂုဏ်တို့ မထိန်းနိုင်ကြဘူးလေ၊ ဒါတောင်
တစ်ယောက်ချင်းတွေ့တာ မဟုတ်ဘူးနော်၊ လူအများကြားထဲမှာကို ဆတ်ဆတ်
ကဲကဲ ထွန့်ထွန့်လူးလူး ဖြစ်ကြတာ၊ ကျွန်မတို့လို ငယ်ရွယ်သူတွေတိုထား
တော့၊ ရွယ်လွန်ငါးဆယ်ကျော် ခြောက်ဆယ်ကျော်တွေလည်း ဆယ်ကျော်
သက်တွေနဲ့ နင်လားငါလားပါပဲ၊ ကျွန်မ ဇော်မောင်မောင်ကို စိတ်ဝင်စား
ခဲ့တာက လူကို စိတ်ဝင်စားတာထက် သူပြောတဲ့ရုပ်ရှင်လောကအကြောင်း
ကိုပါ။ ဒါ ကျွန်မကိုယ့်ကိုယ့်ကို ကာကွယ်ပြီးပြောတာ မဟုတ်ပါဘူး၊ သူ့အပေါ်
စိတ်ဝင်စားတာလည်းပါပါတယ်"

ထောင်မှူးလေး ဦးတင့်လွင်က ခင်လေးနွယ်ပြောတာကို သဘောကျ
လွန်းလို့ ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

သူကိုယ်တိုင်ပင်လျှင် ချစ်ရလွန်းသည့် ဇနီးချောကို ဘေးမှာထားပြီး
မျက်လုံးတစား၍ တစ်ပါးသော မိန်းကလေးများအပေါ် စိတ်ဝင်စားမိသည့်
အကြိမ်ပေါင်းမနည်းတော့ပြီ၊ မရေတွက်နိုင်အောင်ရှိခဲ့ပြီ။ ချစ်ဇနီးအားလည်း
သို့အတူရှိကောင်းရှိပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်အပြန် ချစ်ဇနီးအေးကို ပြောပြတော့ အေးလည်း တွေတွေဝေဝေ ငေးငေးမောမော ရှိသွားသည်။ ဓမ္မတာနှင့် သဘာဝသဘောကို လွန်ဆန်ခြင်းဟာ မတတ်သာ။ ဒါမျိုးမဖြစ်ဖူးပါ မခံစားဖူးပါဟု ငြင်းဆိုခဲ့လျှင် မုသာဝါဒကံကို ကျူးလွန်ခြင်းမှတစ်ပါး အခြားမရှိနိုင်ဟု ဆိုရပါမည်။

ကိုယ့်ကိုယ်ကို မလိမ်တတ်သူတိုင်း ဝန်ခံရပါလိမ့်မည်။ သို့ကလို စိတ်မျိုးဖြစ်ပေါ်ဖူးသော်လည်း စိတ်နောက်ကိုယ်ပါမလုပ်မိအောင် ထိန်းနိုင်ခြင်းနှင့် အသိတရား သတိတရားနှင့် စိတ်ပိုင်းကို ထိန်းကွပ်နိုင်လို့သာ ကာမောက်ကမမဖြစ်ကြသည်ပါ။

ကမောက်ကမ ဖြစ်ကုန်ကြသူများမှာ စိတ်ပိုင်းကို မထိန်းနိုင်ကြလို့။

×××××

ဇော်မောင်မောင်တို့နှင့် ကရဝိတ်မှအပြန် လူချင်းခွဲပြီးကတည်းက ဇော်မောင်မောင်အကြောင်းသိချင်သည့်စိတ်ကို မနည်းကြီးအောင့်အည်းမျို သိပ်ထားရသည်။ ဇော်မောင်မောင်အကြောင်းဆိုတာက ဇော်မောင်မောင်နှင့် ရုပ်ရှင်လောက ဘယ်လိုများ ဆက်နွယ်ပတ်သက်နေပါလိမ့်ဟု သိချင်သည့် ဆန္ဒ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေရခြင်းပါ။

မမသီကို မေးချင်သည်မှာ ပါးစပ်တယားယား လျှာတရွရွ ရှိနေသော်လည်း မမသီ တစ်မျိုးတစ်မည်ထင်သွားမည်ကို စိုးရွံ့ပြီး မေးချင်လျက် မမေးရဲဘဲ မမသီစကားအစကို စိတ်ကသိကအောင့်နှင့် စောင့်နေရသည်။ သို့တစေ မမသီက စကားမစ။

ဝယ်ခြမ်းပြီးလို့ အိမ်ပြန်ရောက်လာသည့်အထိ မမသီပြောသမျှစကားထဲမှာ ဇော်မောင်မောင်တို့ အကြောင်းမပါ။ မမသီအပေါ် အခြောက်တိုက်ဒေါပွနေမိသည်။ မကျေမနပ်ဖြစ်နေမိသည်။ မေးမိလုလုဖြစ်ရသည်မှာ အခါခါ။ ဒါပေမယ့် မမေးဖြစ်၊ စိတ်ထဲမှာတော့ ခိုးလိုးခုလု။

ပြောလိမ့်မည်ဟု မထင်သည့်အချိန်ကျမှာ ပြောလာသည်။ စိတ်လှုပ်ရှားမှု လက်ရရှိသည့်နေ့များတွင် မမသီက ကလေးသုံးယောက်နှင့် သူ့တို့ပါခေါ်ပြီး





ပန်းခြံထဲ သွားထိုင်တတ်သည်။ ရုံးပိတ်ရက်နှင့်ဆုံသည့်အခါ ဦးအေးမြင့်လည်း ပါလာတတ်သည်။

အဲဒီနေ့ကတော့ ရုံးပိတ်ရက်မဟုတ်ဘဲ ဦးအေးမြင့်ပါ ပါလာသည်။ ဦးအေးမြင့်ပါလာသည့်အခါ သူတို့နှစ်ယောက် အေးအေးဆေးဆေး ဝနာငြိမ်ငြိမ် စကားပြောရသည်။ ဦးအေးမြင့်မပါရင် ကလေးသုံးယောက်ကို ကြည့်ရထိန်းရသည်တတစ်ဖက်မို့ ထိုင်သည့်နေရာကို ကျောက်ချထားလို့မရ။ အေးအေးလူလူ စကားမပြောရ။

ခု ကလေးသုံးယောက်နှင့် ဦးအေးမြင့်က တစ်နေရာ၊ သူတို့နှစ်ယောက်က တစ်နေရာ။ သူတို့နှစ်ယောက် ပြောဆိုနေသည့် စကားဆက်ထဲသို့ ဇော်မောင်မောင်တို့အကြောင်းပါလာသည်မှာ ကရဝိတ်ရေခဲမုန့်ကို အကြောင်းပြု၍ . . .။ ကရဝိတ်ဖွင့်စက ရေခဲမုန့်အလွန်ကောင်းသည့်အကြောင်း မနက်ပိုင်းက စားခဲ့ရသည့် ရေခဲမုန့်မှာ ဖွင့်စရေခဲမုန့်လောက် အဆင့်မမီသည့်အကြောင်း ပြောရင်းက ဇော်မောင်မောင်တို့အကြောင်း ပါလာသည်။

"နွယ့်တို့ မောင်မောင့်အကြောင်းတောင် မပြောရသေးဘူး"

သည်သို့စကားစလိုက်သည်နှင့် ခင်လေးနွယ်ရင်ထဲမှာ လှုပ်ခတ်သွားသည်။ သို့တစေ မျက်နှာအမူအရာကတော့ စိတ်ဝင်စားဟန်မပြ။ ပြောလို့သာ နားထောင်လိုက်ရသည့်ပုံစံမျိုး။ ရင်ထဲကတစ်မျိုး မျက်နှာအမူအရာကတစ်မျိုး။

ဒါက မိန်းမသားတို့၏ အထာသဘော၊ မိန်းမသားတို့၏ မွေးရာပါ အတတ်ပညာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်တစ်)

ဇော်မောင်မောင် မိဘတွေက ချမ်းသာသည်။ မိဘတွေက ဘိုးဘွား လက်ငုတ်လုပ်ငန်းကို ဆက်ခံလုပ်ကိုင်ကြသော်လည်း ဇော်မောင်မောင်က မိဘများလုပ်ကိုင်နေသည့် ဆီစက်နှင့် ဆီအရောင်းအဝယ်လုပ်ငန်းကို စိတ်မဝင်စား။

ဆီစက်နှင့် ဆီအရောင်းအဝယ်လုပ်ငန်းမှာ လျှော့ကြီးထိုးရိုးရိုးလုပ်ငန်း ဖြစ်သည့်အပြင် ဆက်ဆံမှုအသိုင်းအဝိုင်းနယ်ပယ်တန်းမမြင့် ကျဉ်းမြောင်းသည်ဟု အထင်ရောက်သည်။

ဇော်မောင်မောင်တို့လို ခေတ်လူငယ်များက မြေပဲနှင့်နှမ်းစိုက် တောင်သူများအပေါ် အထင်မကြီးသလို ဆီအရောင်းအဝယ်လုပ်ငန်းနှင့် သတ်မွေးဝမ်းကျောင်းပြုနေသူကိုလည်း သမာရိုးကျ ဈေးသည်လိုပဲမြင်ကြသည်။

အဆင့်အတန်းနိမ့်ကျသည်ဟူသော အမြင်မှာ သူတို့၏ဦးနှောက်အသိတွင် စွဲထင်နေသည်။ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ အညာသား ဆီသည်ဆိုသည့် နာမည်ကို အခေါ်မခံချင်။ ဘိုးဘွားမိဘစဉ်ဆက် အရောင်းအဝယ်လုပ်ငန်းနှင့် ချမ်းသာလာပြီး သူတို့ဆီကြောင့် လူတစ်လုံး သူတစ်လုံး အတန်းမြင့်မြင့် နေထိုင်နိုင်သည်ကို မေ့ပစ်ဖျောက်ပစ်ချင်ကြသည်။

သူတို့မှာ မောင်နှမသုံးယောက်ရှိသည်။ သူက အကြီးဆုံးယောက်ျားလေး။ မိဘတွေက လက်ငုတ်လက်ရင်းလုပ်ငန်းကို ထိန်းသိမ်းလုပ်ကိုင်စေလိုကြသည်။ ဆီအရောင်းအဝယ်လုပ်ငန်း၏အမြတ်အစွန်းကို တွက်ပြကြသည်။ ဆီမပါရင် ဟင်းမဖြစ်။ ဆီတိုရေချို ဆေးရိုးမီးလှုံဆိုသော ပမာစကားရှိသည်။ မြန်မာလူမျိုးတို့ ကြိုက်နှစ်သက်သည့် မုန့်ပဲသွားရည်စာကအစ ဆီနှင့်မတွဲစပ်လို့မရ။





ဘယ်တော့မှ မတိမ်ကောနိုင်သည့်လုပ်ငန်း ကျိန်းသေပေါက် အမြတ်အစွန်းကျန်သည့်လုပ်ငန်းကိုသာ အကြီးဆုံးက ဆက်ခံလုပ်ကိုင်စေချင်ကြသည်။ ဇော်မောင်မောင်က လုံးဝစိတ်မဝင်စား။ ဘယ်လိုမှ နားချလို့မရ။ နောက်ဆုံး မိဘများက သူလုပ်ချင်သည့် လုပ်ငန်းအတွက် ရင်းနှီးငွေ ထုတ်ပေးလိုက်ရသည်။ ဇော်မောင်မောင်က ပညာမချွန်။ အပေါင်းအသင်းပဲ ချွန်သည်။ ဒါကြောင့်လည်း ဆယ်တန်းမအောင်။ တစ်ခုတော့ရှိသည်။

သူက အပေါင်းအသင်းများနှင့် ကြုံရင်ကြုံသလို အနည်းအပါး သောက်တတ်စားတတ်သည်ကလွဲလို့ သူ့မှာ လေလွင့်ပျက်စီးလူငယ်စရိုက်မျိုး မရှိ။ ပေါ့ပေါ့နေ ပေါ့ပေါ့သုံးဖြုန်းပြီး အပျော်အပါးနှင့် သာယာယစ်မူးတွဲ ဆက်စပ်နေလိုသည့် စိတ်ထားမျိုးမရှိ။

ချမ်းသာသော မျိုးနွယ်ဆက်လူငယ်တို့ လျှောက်မှားလေ့ရှိသည့် လမ်းကြောင်းအမှားကြီးပေါ်သို့ ခြေမချမိအောင် ထိန်းသိမ်းနိုင်စွမ်းရှိသည်။ သူလုပ်ချင်သည်က လူအထင်ကြီးပြီး အထက်တန်းလွှာလောကနှင့် ဝင်ဆန့်၍ လူငယ်ဘာဝ ပျော်ပျော်ပါးပါး လှုပ်ရှားရသည့်အလုပ်မျိုး။ မည်သို့ပင်ရှိစေ။

အလုပ်လုပ်ချင်သည့်စိတ်ဓာတ်။ မိဘငွေကို ဒိုင်ခံသုံးဖြုန်းနေမည့်အစား ငွေပွားခတ်အောင်လုပ်ချင်သည့် စိတ်ဓာတ်မျိုးရှိသည်မှာတော့ ချီးကျူးစရာ။ ဇော်မောင်မောင် လုပ်ချင်သည့်အလုပ်က ရင်ရှုပ်ရသည့် ရုပ်ရှင်လုပ်ငန်း။

အဖေနှင့်အမေက လုံးဝသဘောမတူ။ သားဖြစ်သူက ငယ်သေးသည်။ ရှုပ်ထွေးမှုပေါင်းစုရာလောကမှာ ရုပ်ရှင်လောက။ ပျက်စီးစရာလမ်းကြောင်းတွေ အမြှာမြှာအစိတ်စိတ် ဖွာလျာကြနေသည်မှာ ရုပ်ရှင်လောက။ သည်လောကထဲသို့ သူတို့သားကို မဝင်စေချင်။ ဇော်မောင်မောင်ကလည်း ဒါဆိုမှဒါ။

မိဘနှင့်သားသမီးကြားမှာ လိပ်ခဲတည်းလည်းဖြစ်ပြီးသည့်နောက် ဇော်မောင်မောင် ရန်ကုန်ကိုထွက်လာခဲ့သည်။ မခင်သီပြောလာသမျှကို နားထောင်နေသည့် ခင်လေးနွယ်မှာ တအံ့တသြဖြစ်နေသည်။

ဒီလောက်အသေးစိတ်သိရအောင် မမသီနှင့် ဇော်မောင်မောင်တို့ ဘယ်လိုဆက်နွယ်ပြီး ဘယ်လောက်ရင်းနှီးလို့ သည်လိုသိနေပါလိမ့်ဟု။

"မမသီက ဇော်မောင်မောင်အကြောင်း တော်တော်ကိုအသေးစိတ်သိတာပဲနော်"

ရှေ့ဆက်ရမည့်စကားပိုတွေကို ဆက်ရမှာ မကောင်းတာတ်သမို့ သည်



www.burmeseclassic.com

www.burmeseclassic.com

'နော်'မှုနှင့် ရပ်လိုက်သည်ပါ။

"နွယ်က အံ့ဩသွားတယ်ထင်တယ်"

မခင်သီကလည်း မိန်းမပါးပဲဟာ၊ ပါးစပ်ဟရုံနှင့် အူခွေတွေကို လှမ်းမြင်လိုက်သပေါ့။

"မောင်မောင်တို့အဒေါ် ဆွေဆွေလဲ့နဲ့ မမသီတို့ သိပ်ခင်ကြတာ၊ ကြီးပေါင်းဖြစ်ပေမယ့်လို့ ငယ်ပေါင်းလိုပဲ ခင်ကြတယ်လေ၊ မောင်မောင် မန္တလေးကထွက်လာတော့ လဲ့တို့အိမ်မှာပဲနေတာ၊ နောက်တော့ မောင်နဲ့ပါ ရင်းနှီးပြီး မောင်မောင့်အကြောင်းတွေကို လဲ့ကပဲ ပြောပြတာ"

သည်တော့မှ ဪ ဒါကြောင့်ကိုးလို့ တိတ်တခိုး မှတ်ချက်ချလိုက်ရသည်။

ဇော်မောင်မောင် ရန်ကုန်ကိုထွက်လာခဲ့သည်မှာ ဘာရယ်မဟုတ်။ မိဘကို နှုတ်ဆိုဆိုပြီး ဆန္ဒပြသည့်သဘော။ ဇော်မောင်မောင် ရန်ကုန်ထွက်လာပြီး ဆယ်ရက်ပင်မကြာ။ ဇော်မောင်မောင်တို့အမေ ရန်ကုန်ကို ဆင်းလိုက်လာရသည်။ ဇော်မောင်မောင်က ဘွားအေအချစ်ဆုံးမြေး။

သတ်ရှိထင်ရှား အတူနေဘွားအေက ဇော်မောင်မောင်အဖေရဲ့အမေ။ ဇော်မောင်မောင်အိမ်မှာ ရှိမရှိကို ဘွားအေဖြစ်သူက ချက်ချင်းသိသည်။ သူက အဘွားကို မနက်အိပ်ရာထတစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် နေ့စဉ် ကန်တော့ရိုးအစဉ်အလာရှိသည်။

သုံးရက်မြောက်နေ့တွင် ဘွားအေဖြစ်သူက သူ့မြေးဘယ်သွားနေသည်ကို အမေးရှိလာသည်။ အဖေက ကိစ္စတစ်ခုခုရှိ၍ ရန်ကုန်ကိုလွှတ်လိုက်ကြောင်း ပြောသည်ကို ဘွားအေက လက်မခံ။

ရှေးလူကြီးပေမယ့် ချက်ဆိုနားခွက်က မီးတောက်ပြီးသား။ တစ်အိမ်သားလုံး မျက်နှာမကောင်းဖြစ်နေသည်ကို အကဲဖမ်းပြီး လေကြောရှည်ပါလေတော့သည်။

မြေးအတွက် သားကိုရော ချွေးမကိုပါ ရန်လုပ်လာသည်။ သူ့မြေး ရန်ကုန်ကိုသွားသည်မှာ အလုပ်ကိစ္စနှင့် ရိုးရိုးသွားခြင်းမဖြစ်နိုင်ဟု စွဲချက်တင်လာသည်။ သားဖြစ်သူထက် ချွေးမဖြစ်သူကို အဖြစ်မှန်ပြောရမည်ဟု အကျပ်ကိုင်လာသည်။ လင်မယားနှစ်ယောက် ခေါင်းချင်းရိုက်ရပြီ။

အိမ်မှာ ဘွားအေသြဇာထက်မြက်တုန်း၊ ဇော်မောင်မောင့်အဖေတိုယ် တိုင်က အမေကိုမလွန်ဆန်ရဲ၊ အမေပြောသမျှ ခေါင်းညိတ်ရသူ၊ အမေက





အသက်ခုနစ်ဆယ်ကျော်၊ ဇော်မောင်မောင်တို့အဖေက ငါးဆယ်ကျော်။ ဒါပေမယ့် အမေ့ရှေ့ရောက်ရင် တလေးငယ်တစ်ယောက်ပမာသို့ ပြောဆိုနေရသည်။

ဆီစက်ကိစ္စ၊ ဆီအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်သမျှကို ခုထက်ထိ တိုင်ပင်ရတုန်း။ အကြံဉာဏ်ယူရတုန်းရှိနေဆဲ။ နှစ်ပေါင်းငါးဆယ်နီးပါး အတွေ့အကြုံကို ပယ်လို့မရစကောင်း။

နောက်ဆုံးတွင် ဇော်မောင်မောင် ရန်ကုန်ထွက်သွားသည့်အကြောင်း ဖြစ်ရပ်အမှန်ကို အဘွားကြီးအား ဖွင့်ပြောလိုက်ရ၏။ ဒေါသူပုန်ထပြီး သားနှင့် ချွေးမကို ဆူလိုက်ပူလိုက်သည်မှာ ရစရာမရှိ။ သူ့မြေးကို ချက်ချင်းပြန်ခေါ်ရမည်။ သူပိုင် စိန်တွေရောင်းပြီး မြေးဖြစ်သူလုပ်ချင်တာလုပ်ပစေဟု တစ်ချက်လွှတ် အမိန့်ချလိုက်သည်။

"အဲဒီကစပြီး မောင်မောင်ဟာ အထက်မြန်မာပြည်ရုပ်ရှင်ဖြန့်ချိရေး အလုပ်ကို စလုပ်ခဲ့တာပဲ နွယ်ရဲ့၊ မောင်မောင်ကြိုးစားတာလည်းပါတယ်၊ ကံလိုက်တာလည်း ပါမယ်ပေါ့ကွယ်၊ မောင်မောင်တို့ထက် လုပ်ငန်းစောလုပ်တဲ့ လူတွေထက်တောင် အောင်မြင်ခဲ့တယ်လေ၊ ခုတော့ ဇာတ်ကားတော်တော်များများ ဟာ မောင်မောင်မလိုချင်မှာ တခြားလူတွေရတဲ့အခြေအနေထိအောင် ရောက်နေပြီ၊ ဒါကြောင့်လည်း မောင်မောင်က ရုပ်ရှင်လောကအကြောင်းကို အပ်ကျတာကအစ သိနေတာပေါ့၊ ဝင်ငွေစံချိန်တင်တဲ့ မြန်မာဇာတ်ကားတွေဆို မောင်မောင့်လက်ထဲမှာချည်းပဲ"

"ဇော်မောင်မောင်က အိမ်ထောင်နဲ့လား မမသီ"

"မိုးကုတ်သူဌေးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျဖူးတယ်၊ ဒါပေမယ့် အဆင်မပြေကြလို့ အတည့်အလင်း ကြေညာပြီး ကွာရှင်းပြတ်စဲလိုက်ကြတယ်၊ ခုတော့ လူလွတ်ပေါ့ကွယ်"

×××××

www.burmeseclassic.com

"မမသီ အဲ့ဒီလိုပြောပြတော့ ကျွန်မလည်း ဖော်မောင်မောင်ကို စိတ်ဝင်စားသွားပါတယ်၊ ကျွန်မစိတ်ဝင်စားတယ်ဆိုတာက ဟိုလိုသည်လိုစိတ်မျိုးနဲ့ စိတ်ဝင်စားတာမဟုတ်ပါဘူး၊ ကျွန်မက ရုပ်ရှင်ကိုကြည့်ဖို့တင် ဝါသနာပါတာမဟုတ်ပါဘူး၊ ပိတ်ကားပေါ်မှာ ကိုယ့်ရုပ်ကိုပြန်မြင်ချင်တာမျိုး ဝါသနာပါတာပါ။ မမသီပြောတဲ့အတိုင်းဆိုရင်တော့ ကျွန်မ အကြိမ်ကြိမ် အခါခါ စိတ်ကူးယဉ်ခဲ့ရတဲ့ ဆန္ဒဟာ ဖော်မောင်မောင်နဲ့ ဆက်နွယ်လိုက်ရင် ပြည့်ဝသွားလိမ့်မယ်လို့ မျှော်လင့်ယုံကြည်လိုက်မိပါတယ်၊ ဒါပေမယ့် သည်အကြောင်း မမသီကို မပြောခဲ့ပါဘူး၊ ကိုဝင်းနဲ့ ကျွန်မတို့ရဲ့ အိမ်ထောင်ရေး ဖရိုဖရဲဖြစ်စေဖို့ စခဲ့တာဟာ အဲ့ဒီတုန်းကလို့ ဆိုရမှာပါပဲ"

တစ်နေ့၊

"ကျွန်မတို့ ကရဝိတ်မှာ တွေ့ကြပြီးတဲ့ သုံးရက်မြောက်နေ့ပေါ့၊ ဖော်မောင်မောင် မမသီတို့အိမ်ကို ရောက်လာပါတယ်၊ သူ့အဖော်မပါပါဘူး၊ သူတစ်ယောက်တည်းပါ။ ကျွန်မကလည်း မမသီတို့အခန်းမှာပဲ ရှိနေပါတယ်၊ သူက သူ့ရဲ့ နှစ်လိုဖွယ်ရာ ရွှမ်းမြတဲ့အပြုံးနဲ့ တရင်းတနှီးကြီး နှုတ်ဆက်ပါတယ်၊ သူ ရောက်လာတုန်းက ဧည့်ခန်းမှာ ကျွန်မနဲ့ ကလေးသုံးယောက်ပဲ ရှိပါတယ်၊ မမသီက အခန်းတွင်းမှာ ရေချိုးဖြီးလိမ်းနေတုန်းပါ၊ ကျွန်မကပဲ ဧည့်ထောက်ခံပြီး စကားပြောနေရတာပေါ့၊ ဆယ်မိနစ်လောက်ကြာမှ မမသီ ထွက်လာပါတယ်"

"မမသီက မောင်မောင်ပြန်သွားပြီတောင် မှတ်နေတာ၊ ခုတလော လဲ့တို့အိမ်တောင် မရောက်ဘူးလေ၊ လဲ့ကော နေကောင်းရဲ့လား"

"ကောင်းပါတယ် မမသီ၊ အန်တီလဲ့လည်း ခုတလော အိမ်မြဲနေတယ်"

"အလုပ်ဖြစ်နေပြီထင်ကယ်၊ ဒါကြောင့် လဲ့အိမ်မြဲနေတာ ဖြစ်မှာပေါ့"

"မဖြစ်ဘူး မမသီရေ၊ သားတွေသမီးတွေရဲ့ ကျူရှင်ဝိုင်းက အိမ်မှာလေ သူတို့အတွက် အိမ်မြဲနေရတာ အန်တီလဲ့ကလည်း မမသီပြောသလိုပြောတာပါ"

"ဆိုစမ်းပါဦး"

"သီသီတစ်ယောက်လည်း မလာဘူးတဲ့၊ အိမ်မှာပဲ အလုပ်ဖြစ်နေလို့လား မသိဘူးတဲ့"

"ဘယ်မှာမှ အလုပ်မဖြစ်ဘူး မောင်မောင်ရေ၊ ခုတလော စီမံချက်နဲ့ အဖမ်းအဆီးတွေများနေလို့ ငြိမ်နေရတယ်၊ မောင်မောင်ရော ဘယ်တော့





ပြန်မလဲ"

"ကျွန်တော် တစ်ပတ်လောက်ကြာဦးမယ် မမသီ၊ ကျွန်တော်ဝယ်ထားတဲ့ ကားတစ်ကား သန်ဘက်ခါ ထရှိုင်းရှိုးပြမယ်၊ ကားက တော်တော်လေးကောင်းတယ်၊ မင်းသမီး မင်းသားအားလည်း အပြည့်ပဲ၊ အကယ်ဒမီသုံးယောက်ပါတယ်၊ ပြီးတော့ ဒီကားရဲ့ သုံးပုံနှစ်ပုံကို ကျွန်တော်ကိုယ်တိုင်ရိုက်တာ၊ မန္တလေးနဲ့ မေမြို့ရိုက်ကွင်းတွေအတွက် အထက်ကိုတက်လာတုန်း ဒါရိုက်တာ တိုက်ဖွိုက်ဖြစ်တာနဲ့ သူနဲ့ကျွန်တော်နဲ့ တိုင်ပင်ညှိနှိုင်းပြီး ရိုက်လိုက်ရတာ၊ ထရှိုင်းရှိုးပြတဲ့နေ့ကျရင် အန်တီလဲ့နဲ့ မမသီတို့လာကြည့်ပြီး ကျွန်တော့်လက်ရာကို ဝေဖန်မှတ်ချက်ပေးဖို့ လာဖိတ်တာပါ၊ သည်က မနွယ်လည်း လိုက်ခဲ့ပေါ့၊ ကျွန်တော် ကားလွှတ်လိုက်မယ်"

"အလဲ့. . . တို့မောင်က ဘယ်ဆိုးလို့တုန်း၊ ဒါရိုက်တာတောင်ဖြစ်နေပြီပဲ၊ နောက်ပိုင်းကျရင် ကုမ္ပဏီရှာပြီး ကိုယ်တိုင်ကားရိုက်တော့မယ်ပေါ့၊ တို့မောင်ရိုက်တဲ့ကားကျမှပဲ မမသီတို့လည်း ရုပ်ရှင်ထဲပါရလိမ့်မယ်ထင်တယ်"

"မမတို့နှစ်ယောက်စလုံးပေါ့ တကယ်ပါမယ်ဆိုရင် ကျွန်တော် တကယ်ထည့်ရိုက်မှာနော်"

"အမလေး မလုပ်လိုက်ပါနဲ့ တို့မောင်ရယ်၊ အုတ်ခဲတွေပုံလာလို့ တိုက်တွေဘာတွေ ဆောက်နေရပါဦးမယ်"

"မမသီသာ ရုပ်ရှင်ရိုက်ရင် မြင့်မြင့်ဌေးကြီးလို နာမည်ကြီးလာမှာ သေချာပါတယ် မမသီရာ"

ဘေးနားထိုင်နားထောင်နေသည့် ခင်လေးနွယ်ရင်ထဲမှာတော့ ကျလိကျလိ၊ မုန့်ဆီကြော်နှင့် နှုတ်ခမ်းနာဆိုသလို။

ဒါပေသိ ခင်လေးနွယ်က မမသီနဲ့ ဖော်မောင်မောင်တို့ပြောဆိုနေကြသည်ကို ဂရုတစိုက်နားထောင်ဟန်မပြဘဲ ကလေးငယ်နှင့်ဆော့ကစားရင်း နားစွင့်ပြီး နားထောင်နေခဲ့သည်။

ဟန်ကိုယ်ဖို့ဆိုစကားရှိသား မဟုတ်လား။ မမသီတို့နှစ်ယောက်စလုံးပေါ့လို့ ဆိုလိုက်သည့် စကားက သူ့ရင်ကို သဲ့သဲ့လေး လှုပ်ခတ်သွားစေပါသည်၊ အဲ့ဒီနေ့ညက စိတ်ကူးယဉ်အိပ်မက်တွေ တစ်ထွေးတပိုက်ကြီးနှင့်၊

×××××


www.burmeseclassic.com

www.burmeseclassic.com

ထရှိုင်ရှီးခေါ် အစမ်းပြသည့်နေ့ည။

ရှစ်မိုင်စတူဒီယိုခြံတစ်ခြံထဲမှာ၊ လူမများ။ အားလုံးပေါင်းမှာ အယောက်နှစ်ဆယ်လောက်ပဲရှိမည်။

ဇာတ်ကားထဲတွင်ပါသည့် အကယ်ဒမီမင်းသား မင်းသမီးတွေ လာလိမ့်မည်ထင်သော်လည်း မလာ။

ကုမ္ပဏီပိုင်ရှင် အသိုင်းအဝိုင်း၊ ဒါရိုက်တာမိသားစုနှင့် မြို့ပတ်ကန်ထရိုက်နှင့် သူတို့ပဲရှိကြသည်။

"ပထမနေရာယူကြတုန်းက ကျွန်မတို့သုံးယောက်ဘေးမှာ ဘယ်သူမှ မရှိပါဘူး၊ ဇော်မောင်မောင်က ကျွန်မတို့ကုလားထိုင်တန်းရှေ့က ကုလားထိုင်မှာ ဒါရိုက်တာဦး. . . နဲ့အတူ ထိုင်နေပါတယ်၊ မမသီနဲ့ ဒေါ်ဆွေဆွေလှတို့ နှစ်ယောက်က ဘေးချင်းယှဉ်ထိုင်နေကြတာမို့ ကျွန်မက မမသီဘေးမှာ ထိုင်ရပါတယ်၊ ကျွန်မတို့ထိုင်ရတဲ့ ကုလားထိုင်က လက်တန်းပါတဲ့ ကုလားထိုင်ပါ"

ရုပ်ရှင်ကို စိတ်ဝင်စားနေသောကြောင့် ခင်လေးနွယ်မှာ ဇော်မောင်မောင် သူ့ဘေးသို့ ဘယ်အချိန်ရောက်လာသည်ကိုပင် မသိလိုက်။

"ကျွန်မ သတိထားမိတော့ လက်တန်းပေါ်တင်ထားတဲ့ ကျွန်မလက်ပေါ်ကို ဇော်မောင်မောင်ရဲ့ ညာလက်အုပ်မိုးပြီး ခပ်ဖွဖွလေးကိုင်ထားတယ်လေ၊ ရင်ထဲမှာ ဒိန်းကနဲ ဖြစ်သွားပြီး ကျွန်မလက်ကို ရုပ်သိမ်းဖို့ လှုပ်ရှားလိုက်တော့မှ သူက 'ဆောရီး မနွယ်'လို့ တိုးတိုးကလေးပြောပြီး သူ့လက်ကို ရုပ်သိမ်းလိုက်ပါတယ်၊ ကျွန်မတို့ အကြည့်ချင်းဆုံသွားပေမယ့်လို့ ကျွန်မတို့ရဲ့ အကြည့် ဘယ်လိုအဓိပ္ပါယ်ဆောင်တယ်ဆိုတာကို ပြောလို့မရပါဘူး၊ ရုပ်ရှင်ပြနေတုန်းဆိုတော့ အလင်းရောင်က အားနည်းနေတာကိုး၊ ဒီလိုနဲ့ပဲ စိတ်ဝင်စားစရာကောင်းတဲ့ ရုပ်ရှင်လည်းပြီးသွားပါတယ်၊ ရုပ်ရှင်ပြီးသွားတဲ့အချိန်က အစောကြီးပါ၊ အပြန်ခရီးမှာ ရှစ်မိုင်ဟိုတယ်ကိုဝင်ပြီး စားသောက်ကြပါတယ်၊ ရုပ်ရှင်ဇာတ်ကားနဲ့ပတ်သက်လို့ ကျွန်မတို့သုံးယောက်စလုံးရဲ့ သဘောထားထင်မြင်ချက်ကိုမေးပါတယ်၊ ကျွန်မက ကောင်းပါတယ်ဆိုတာလောက်ကလွဲလို့ မပြောတတ်ပါဘူး၊ မမသီကတော့ ထုံးစံအတိုင်း ထင်မြင်ချက်နဲ့ ဝေဖန်ချက်တွေ တအားကြီးပြောပြီး ဇော်မောင်မောင်ကို အားပါးတရ ချီးကျူးလိုက်ပါတယ်"

အဲဒီပွဲတအပြန် ဇော်မောင်မောင်နှင့် ခင်လေးနွယ်တို့ တစ်ယောက်နှင့်





တစ်ယောက် ဝုဝုရုံရုံ ပြောရဲဆိုရဲ ကြည့်ရဲသည်အထိ ရင်းနှီးခဲ့ကြသည်။

သူတို့နှစ်ယောက်အကြားမှာ တိတ်တခိုးအကြည့်တွေ၊ ပဟေဠိအပြုံးတွေ၊ သွယ်သွယ်ဝိုက်ဝိုက်အပြောတွေ၊ ဟိုနှယ်သည်နှယ်ဟန်ဆောင်မှုတွေ မရှိတော့ပြီ။ မခင်သီနှင့် ဇော်မောင်မောင်တို့၏ ရင်းနှီးမှုအတိုင်းအတာလောက်အထိဟု မဆိုနိုင်သော်လည်း 'နီးပါးလောက်' ဟု ဆိုနိုင်ရာသို့ ရှိခဲ့ပါချေ၏။

ထိုရင်းနှီးမှုအကြောင်းကိုအခြေခံ၍ ဖြစ်ပေါ်လာမည့်အကျိုးဆက်များသည် အကောင်းဘက်သို့ မျက်နှာမူလေမည်လား။ အဆိုးဘက်သို့ မျက်နှာမူလေမည်လား ဆိုသည်ကိုမူ. . .။

xxxxx

ခင်လေးနွယ်ပြောပြနေသည့် ဇာတ်လမ်းမှာ မဆုံးသေး။ ခုမှ ဇာတ်လမ်းအလယ်ပဲရှိသေးသည်။ ဇာတ်ရှိန်မှာ တက်စပြုလာပြီ။

ဆက်ပြောမည့်ဇာတ်ကြောင်းမှာမူ စိတ်ဝင်စားစရာ ဇာတ်လမ်းဆက်ပါလာလိမ့်မည်။

သို့တစေ ထောင်မှူးလေး ဦးတင့်လွင်မှာ နားမထောင်အား၊ ခုတလော အရမ်းအလုပ်ရှုပ်နေသည်။ သည်ရက်ပိုင်းအတွင်း အချုပ်သစ်တွေ အဆက်မပြတ်ရောက်လာသလို မိန်းမအကျဉ်းသူများထဲမှ ရဲဘက်စခန်းပို့ရမည့် အကျဉ်းသူရွေးချယ်ရေးကိစ္စကိုလည်း သတ်မှတ်ရက်အတွင်း ပြီးအောင်လုပ်နေရသည်။

မိန်းမအချုပ်ဆောင်နှင့် မိန်းမထောင်ကျဆောင်မှာ ဝင်းတစ်ဝင်းတည်းဟုတ်၊ တခြားစီ။ ဟိုဘက်ကူးလိုက်၊ သည်ဘက်ကူးလိုက် ထောင်မှူးကြီးနှင့်ပြေးလိုက်နှင့် မောကြောဆိုက်နေသည်။ မိန်းမအချုပ်သမများထားသည့် အချုပ်ထောင်မှာ ဝင်းတစ်ဝင်း၊ နှစ်ထပ်အဆောက်အအုံတစ်ခုနှင့် တစ်ထပ်အဆောက်အအုံတစ်ခုရှိသည်။

နှစ်ထပ်တိုက်အဆောက်အအုံမှာ ရောက်လာသမျှသော မိန်းမအချုပ်သမားတို့ ထားသည့်အဆောင်၊ အဆောင်စဉ်အလိုက်တပ်ထားသည့် နံပါတ်



www.burmeseclassic.com

www.burmeseclassic.com

စဉ်အရ အဆောင်(၇)ဟု အခေါ်အဝေါ်ပြုသည်။ နှစ်ထပ်အဆောင်နှင့် သရက်ပင်ကြီးများခြားလျက်ရှိနေသည့်အဆောင်မှာ သွပ်မိုးပျဉ်ကာအဆောင်။ အထူးအဆောင်ဟု သတ်မှတ်အခေါ်အဝေါ်ပြုသည်။

အက်(ဖ)အာစီ အမှုသမားများ၊ အချုပ်သမားပေါင်းစုံနှင့် ရောနှော မထားရန် သတ်မှတ်ထားသည့် အချုပ်သမများ။ သီးသန့်ထားရမည့် အမှုသည်များကို ထားသည့်အဆောင်။

အထူးဆောင်တွင် အချုပ်သမနည်းသည့်အပြင် နေထိုင်သူများကိုယ်တိုင် အဆင့်အတန်းရှိသည့်အလျောက် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ရှိသည်။ အချုပ်ဆောင်ကြီးမှာမူ ထိုသို့မဟုတ်။ ရောက်လာသူတွေက လူပေါင်းစုံ။

အပြင်မှာ ကိုယ့်အဆင့်အတန်းနှင့်ကိုယ် သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် နေခဲ့သူတွေပါသလို ပြီးကပစ်နေထိုင်ကျင့်ရှိသူများလည်း ပါကြသည်။ မိန်းမနှင့်မတူအောင် အနေအထိုင် ပက်စက်သူများလည်းရှိကြရာ အဆောင်တစ်ခုလုံးခြုံကြည့်လျှင် သန့်ရှင်းသပ်ရပ်သည်ဟု မဆိုနိုင်။

အနံ့အသက်ကအစ သီးသန့်ဆောင်နှင့်မတူ။ အနေအထိုင် ပက်စက်သူများမှာ ညဘက်ဆိုပိုတောင်ဆိုးသေးသည်။ မိန်းမတို့ဣန္ဒြေရှေပေးမရ ဆိုသည်မှာ အပြင်စကား၊ ထောင်ထဲမှာ ထိုပမာစကား၏ အဓိပ္ပါယ်ကို ဘယ်သို့မှဖော်ဆောင်လို့မရ။

အနေအထိုင်သိပ်သည်းကျစ်လျစ်မှ မိန်းမပီသသည်ဟုဆိုလျှင် ထောင်ထဲမှာ မိန်းမပီသသူဦးရေကို လက်ချိုးရေတွက်ရပေလိမ့်မည်။

ထောင်မှူးလေး ဦးတင့်လွင် မိန်းမဆောင်ကိုင်တော့မှ ပစ်စလက်ခတ် အနေအထိုင်များကို အမျိုးသမီးထောင်ကြပ် ဒေါ်စောတင်မှတဆင့် ကြပ်ကြပ် မတ်မတ်ကိုင်တွက်ရသည်။ အမျိုးသမီးထောင်မှူးတွေ ကိုင်တွယ်တုန်းက စည်းကမ်းစနစ်မကျလို့လား မရှိလို့လားဟု မေးခဲ့သော် မဟုတ်ပါဟု ဖြေရပါမည်။

သို့တစေ မိန်းမသားချင်းဆိုတော့ အနေအထိုင် အမြင်မတော်ရာများကို ရေးကြီးခွင်ကျယ်မလုပ်၊ မျက်စိမလွဲသော်မှ ကြည့်လို့ဖြစ်သည်မို့ တော်ရုံ တန်ရုံလောက်ကို မျက်နှာလွှဲထားကြသည်ပါ။

ဦးတင့်လွင်က အချုပ်ဆောင်ကြီးတွင်မထိုင်။ မနတ်ပိုင်း အဆောင် သန့်ရှင်းရေးကို ကြည့်ရှုစစ်ဆေးဖို့အတွက်တစ်ကြိမ်ပဲ မှန်မှန်ရောတ်သည်





...ထွက်နှင့်တခြားကိစ္စရှိရင် ခဏတစ်ဖြုတ်ဆိုသလို ရောက်သည်။

အခြားအချိန်များတွင် သွားလာဝင်ထွက်လေ့မရှိ။ သူရုံးထိုင်သည်က အထူးဆောင်မှာ။ အထူးဆောင်တွင် သူ့အတွက် စားပွဲကုလားထိုင်နှင့် သီးသန့်နေရာရှိသည်။

မိန်းမထောင် အချုပ်ဆောင်ကို လူသစ်ရောက်လာတိုင်း ထိုလူသစ်အချုပ်သမမှာ နောက်တစ်နေ့မနက်တွင် ရေကန်ထဲသို့ ရေ(၁၄)ထမ်း ဖြည့်ထည့်ရသည်။ မည်သူမဆို ရောက်ရောက်ချင်း မလုပ်မနေ လုပ်ရသည့်အလုပ်။

ထောင်အကြောင်းနှင့် ထောင်အထာသဘောကို ပြစမ်းခြင်းဟု ဆိုရပါမည်။ နောက်မှ ဘောက်ဆင်း အလုပ်ချသည်။ ဘောက်ဆင်းဆိုသည့် စကားအသုံးအနှုန်းမှာ မည်သည့်စကားကို အခြေခံပြီး မည်သို့မည်ပုံအဓိပ္ပါယ်ဖော်ဆောင်၍ သုံးနှုန်းသည်ကို အရင်းအမြစ်ဖော်မရသေး။

အထွေထွေအလုပ်လုပ်ရခြင်းကို ဘောက်ဆင်းဟူသော စကားရပ်ဖြင့် ပြောင်းလဲအသုံးပြုခြင်း ဖြစ်ပါလိမ့်မည်။

အဆောင်တွင်း သန့်ရှင်းရေး၊ ရေကန်မိလ္လာသန့်ရှင်းရေး၊ သောက်ရေအိုးနှင့် ဆေးကြောရေဖြည့် အဆောင်ဝန်းကျင်သန့်ရှင်းရေး စသည့်လုပ်ငန်းများကို ဘောက်ဆင်းအမည်တပ်၍ လုပ်ကိုင်ကြရသည်။

တန်းစီးနှင့် အမျိုးသမီးထောင်ကြပ်တို့က အလုပ်ချထားပေးသည်ကို မျှမျှတတရှိအောင် ထောင်မှူးလေးက ကြီးကြပ်၍ စီမံခန့်ခွဲပေးရသည်။ အလုပ်ချထားရေးကိစ္စနှင့်ပတ်သက်၍ လျှာတိုသလောက် စကားကြွယ်ပိုးသည့် အမျိုးသမီးအုပ်စုကြားတွင် မကြာခဏပြဿနာပေါ်တတ်သည်မို့ ထောင်မှူးကလေးကိုယ်တိုင် ဝင်ရသည်ပါ။

ထောင်မှူးလေး ဦးတင့်လွင်မှာ အချုပ်ဆောင်ကိစ္စဝိစ္စပြီးလျှင် ထောင်ကျဆောင်ဘက်သို့ ကူးရပြန်သည်။ အမျိုးသမီးအချုပ်ဆောင်နှင့် ထောင်ကျဆောင်မှာ အလယ်ကြောလမ်း၏ တစ်ဘက်တစ်ချက်တွင် သီးခြားဝင်း သီးခြားအဆောင်ဖြင့် တစ်တန့်စီ တည်ရှိသည်။

အမျိုးသမီးထောင်ကျဆောင်ကို အဆောင်(၆)ဟု သတ်မှတ်ခေါ်တွင်သည်။ အဆောင်(၁)(၂)မှာ ယောကျ်ားအချုပ်ဆောင်။

အဆောင်(၃)မှာ အထူးဆောင်။ (သီးသန့်ခွဲခြား ချုပ်နှောင်ရမည့်အချုပ်သမားများကိုထားသည့်အဆောင်)



www.burmeseclassic.com

www.burmeseclassic.com


အဆောင်(၄)(၅)မှာ ထောင်ကျဆောင်၊ အဆောင်(၆)မှာ မိန်းမထော
ကျဆောင်၊

ထောင်တိုင်းတွင် အချုပ်နှင့်ထောင်ကျကို အတူတူ တစ်ဆောင်တည်
ပူးတွဲထားလေ့မရှိ၊ မိန်းမဆောင်တွင်လည်း ထို့အတူ၊

အမျိုးသမီးထောင်ကျဆောင်မှာ သွပ်ပြားများဖြင့် ကာရံထားသည
တိုက်တန်းရှိသည်၊

ယောကျ်ားထောင်တွင် ထောင်ထဲရောက်ပြီးနောက် ထောင်စည်းကမ်
ဥပဒေကို ချိုးဖောက်သည့် အကျဉ်းသားအချုပ်သားများ၊ ဆိုးသွမ်းသူမျ
အကျဉ်းသားအချင်းချင်း ကိုယ်ထိလက်ရောက်ကျူးလွန်သူများကို သီးခြ
ခွဲထားသည့် တိုက်တန်းများနှင့် ကြိုးတိုက်ရှိသလို မိန်းမထောင်မှာလည
တိုက်ရှိသည်။

ကြိုးတိုက်ဟူ၍တော့ သီးခြားမရှိပါ၊ အမျိုးသမီး ကြိုးကျတရားခံရှိခဲ့သည
စည်းကမ်းဖောက်ဖျက်သူ အကျဉ်းသူနှင့် အချုပ်သမများကိုထား
သီးခြားတိုက်သဘော ဆောက်ထားခြင်းဖြစ်၏၊ အမျိုးသမီးကြိုးကျတရား
သည့်အခါတွင်လည်း ထိုတိုက်တွင်ပင်ထားသည်၊

မိန်းမထောင် ထောင်ကျဆောင်ဝင်းထဲမှာ အတွင်းတောင်ယာရှိသည
အပြစ်ကျပြီး အကျဉ်းသူများထဲမှ တောင်ယာဘုတ်တွင် အလုပ်ကျသ
အကျဉ်းသူများမှာ အတွင်းတောင်ယာဘုတ်တွင် အလုပ်လုပ်ရသည်၊ အလ
ကြီးဘက်သို့ အလုပ်ဆင်းရသည်၊

အချုပ်သမဘဝတွင် ဘောက်ဆင်းအလုပ်လုပ်ရသော်လည်း ပင်ပ
ပန်းပန်းလုပ်ရသည်ဟု မဆိုသာ၊ အကျဉ်းသူဘဝရောက်ပြီဆိုလျှင်ထေ
အလုပ်ကို အလုပ်နှင့်တူအောင်လုပ်ရသည်၊

ထိုမှတဆင့် ရဲဘက်စခန်းရောက်ပြီဆိုလျှင်တော့ မသက်သာ၊ ကြမ်းကြ
တမ်းတမ်း ဒုပေနာပေနေခဲ့သူများပင် တော်ပါတော့ နောက်တစ်ခါဟု မြ
တမ်းရလောက်အောင် ပင်ပန်းသည်၊ ကျောက်တောင်ကြီးကို မြင်လိုက်ထို
စိတ်ဓာတ်တဖွားဖွားကျရစမြဲ၊

ယောကျ်ားရင့်မာကြီးများတောင် အမလေး တရသည့်ကျောက်ထုအလုပ်
ယောကျ်ားများနှင့်တန်းတူလုပ်ရပြီဆိုတော့လည်း. . .

အမျိုးသမီးထောင်ကျဆောင်မှာ ရဲဘက်စခန်းအတွက် လူရွေးပြီဆိုလျှ



ရွေးခံစာရင်းထဲပါသူတိုင်း မျက်ရည်လည်ရွှဲ ငိုပွဲဆင်ရစမြဲ ရှိချေ၏၊ အရွေး
ရသူများ မျက်ရည်လည်ရွှဲငိုပွဲဆင်ရသလို ရွေးချယ်ရသူများမှာလည်း ရင်နင့်
အောင် စိတ်မကောင်းကြီး ဖြစ်ရသည်၊

အဲဒီလိုနေ့မျိုးတွင် ချစ်ဇနီးက ချစ်လင်အကြိုက် ဟင်းလျာများကို
ယ်ဖွယ်ရာရာ စားချင့်စဖွယ်ရှိအောင် ထမင်းပွဲကို ပြင်ဆင်ပေးစေကာမူ
ျာအရသာမတွေ့၊ စားလို့မမြိန် ဖြစ်ရစမြဲ ရှိ၏၊ ထောင်မှူးလေး ဦးတင့်
င်မှာ ထောင်မှူးဆိုသည့် နာမဝိသေသနအမည်ကို ခံယူထားရပေမယ့်
ျခေတ်ပါးကွက်အာဏာသားကြီးများလို စိတ်ကြမ်းကိုယ်ကြမ်းရှိသည့် လူ
မ်းလူရမ်းကြီးများမဟုတ်၊

ရက်စက်ရာတွင် ကမ်းကုန်အောင် လက်လွတ်စပယ် ရက်စက်တတ်
များလည်းမဟုတ်၊ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားမျိုး
တို့ရင်မှာ မကိန်းအောင်း၊ ခက်ထန်မာကျောသည့် နှလုံးသားပိုင်ရှင်
တတ်၊ မွေးဇာတိနှလုံးသားနူးပျော့သူ လူသားအများစုထဲက လူသားများသာ
ဖြစ်ကြ၏၊

ထောင်ထဲတွင် သူတို့နေ့စဉ် ထိတွေ့ဆက်ဆံနေရသည့် မတစ်ရာသား
များစုမှာ အကျင့်မကောင်းသည့်အလျောက် အနေအထိုင် စည်းကမ်း
လနားမရှိ၊ အပြောအဆိုရိုင်းစိုင်းကြမ်းတမ်းသူများ ဖြစ်ကြ၏၊ သူတို့ကို
ပ်ချုပ်ရသည်မှာ သွဲ့ပျောင်းနွဲ့နှောင်းလို့မရ၊ လူမှုရေးရှုထောင့်ကိုချည်း
စ်ဘက်သတ်ကြည့်လို့မရ၊

စည်းကမ်းကို ဖောင်းပေးရသည့်အလျောက် အကြမ်းအမောင်း အအော်
ငေါက်ပါလာရပြီ၊ တစ်ခါတစ်ရံ အဆဲအဆို အထုအထောင်းများလည်း
ပ်ရသည်၊ တာဝန်ပိုင်းအရလုပ်ရပေမယ့် စိတ်မကောင်း၊ တာဝန်ပိုင်းအင
ဝန်ကျေပွန်အောင်မလုပ်ရင် ပြဿနာက ကိုယ့်အပေါ် ရစ်ထွေးပတ်ချည်
လိမ့်မည်၊

အမှုထမ်းကောင်းတစ်ယောက်၏ အရည်အချင်းမပြည့်ဝဟု သတ်မှတ်
လျှင် ဘဝရှေ့ရေးတက်လမ်းကို ထိခိုက်လာလိမ့်မည်၊ သည်လိုတော့
ဖြစ်မခံနိုင်၊

ထောင်မှူးဖြစ်လာပြီး ခြောက်လလောက်အထိ အသားမကျသေး လူမှုရေ
ထောင့်နှင့်တာဝန်ပိုင်းကို ပြတ်ပြတ်သားသား မခွဲခြားနိုင်သေး၊ ထို့နောက်

www.burmeseclassic.com

ပိုင်းကျမှပဲ အသားကျလာသည်။ တာဝန်ပိုင်းနှင့် လူမှုရေးရှုထောင့်ကို ပိုင်းပိုင်း
ပြတ်ပြတ် စည်းခြားလာနိုင်သည်။

ထောင်တံခါးကြီးအတွင်းကို ဖြတ်ကျော်ဝင်လိုက်သည်နှင့် မိမိ၏
စရိုက်ကို မေ့ဖျောက်ပစ်လိုက်ရသည်၊ ရဲဘက်စခန်းသို့ လိုက်ပါရမည့် စာ
ဝင်သူများက ခြေထောက်ဖက်လုမတတ် မျက်ရည်စက်လက်နှင့် အသနား
သည်များကို ရင်နင့်စွာ မျက်နှာလွှဲလိုက်ရသည်၊ ဒါတင်လားဆိုတော့ မဟုတ်သေ

နည်းလမ်းအသွယ်သွယ်နှင့် ချဉ်းကပ်လာသည့် နားလည်မှုအပေးအ
ကိစ္စများကိုလည်း ရှောင်ရတိမ်းရသေးသည်။ သာမာန်ကြည့်ရှုပေးပါ
အဝတ်အထည်လေးအစ၊ စားစရာလေးအစ အပေးအကမ်းရှိလာသည်
အကြောင်းမဟုတ်။

ဘာလုပ်ပေးရင် ဘာပေးပါမည်ဟု အပေးအယူစကားဆိုလာသည်
ကျတော့ ပြတ်ပြတ်သားသား ပြောဆိုရ ခေါင်းခါရသည်။ အပေးအယူကို
ခေါင်းညိတ်လွှယ်ရင် ကိုယ်ကိုယ်တိုင်လည်း ထောင်ထဲဝင်ရမည်၊ ဘဝ
ဝက်ဘာမှာ ထွက်လမ်းမရှိ။ ပိတ်မိလိမ့်မည်။

ထောင်မှူးအလုပ်ဆိုတာက ထောင်အုတ်ရိုးပေါ် လမ်းလျှောက်
သည့်နှယ်၊ အကျမတောင်ရင် အတွင်းဘက်ကို ရောက်သွားလိမ့်မည်
ဦးတင့်လွင်မှာ ပုထုဇဉ်လူသား၊ ရသည်ကို လိုချင်ပါသည်။ မလို
သောစိတ်မရှိပါဟု စကားအရာဖြင့် အကြွားပိုတတ်သူ မဟုတ်ပါ။

သို့တစေ ခဏစားရမည့် လျှာမြက် ထမင်းလုတ်နှင့် ထာဝရစား
စားရိုးစားစဉ် ထမင်းလုတ်ကို ပိုင်ပိုင်နိုင်နိုင်စည်းခြားပြီး ငါးစာနှင့်
ခိုင်ခိုင်မြဲမြဲ တွဲစပ်စမြဲရှိသည့် ငါးများချိတ်ကို ပြတ်ပြတ်ထင်ထင် မြင်ပြီး
အစားမတော်တစ်လုတ်ဆိုသည့်ပမာစကားကို မျက်ကွယ်မပြုသာ။

ရဲဘက်စခန်းလိုက်ရမည့် အကျဉ်းသူများကိစ္စတွင် အစားမတော်
လုတ်နှင့် ခလုတ်မတိုက်မိအောင် ရှောင်ရတိမ်းရသည်မှာ မလွယ်။

သည်ကိစ္စကြီး ပြီးသွားတော့မှပဲ ခေါင်းအေးအေးဖြင့် ပုံမှန်အလုပ်
လုပ်နိုင်ပြီမို့ ခင်လေးနွယ်၏ဇာတ်လမ်းကို ပြန်ဆက်ဖို့ မီးစိမ်းပြလိုက်
တော့၏။

◆ ◆ ◆



(တစ်ဆယ့်နှစ်)

"ပထမဆုံးအတွေ့အကြုံဟာ ကြည်နူးစရာကောင်းတယ်ဆိုရင် နောက်
အတွေ့အကြုံတွေဟာ ယစ်မူးစရာတွေပဲလို့ဆိုရမယ် ထင်ပါတယ်၊ ဥခွံထဲက
ခွဲထွက်ခဲ့တဲ့ သတ္တဝါပေါက်စရဲ့လွတ်လပ်ချင်မှုမျိုး ကျွန်မမှာရှိနေပါပြီ။ ဇော်
မောင်မောင်က မမသီနဲ့အတူ မန္တလေးကို အလည်လိုက်ခဲ့ဖို့ခေါ်လာတော့
ခေါင်းညိတ်မိတာကအစရင်၊ မလိုက်သင့်ဘူးဆိုတဲ့အသိ ဖြစ်ပေါ်လာတာတ
နောက်မို့ မန္တလေးကို လိုက်သွားခဲ့ပါတယ်"

ပထမဆုံးအကြိမ် ခရီးရှည်ထွက်ရခြင်းမို့လားမသိ။ မီးရထားကြီးထွက်
စကတည်းက ရင်ထဲမှာ သိမ့်သိမ့်ခါခါ လှုပ်နေသည်။ မလိုက်သင့်ဘူးဆိုတဲ့
အသိကြောင့် မန္တလေးခရီးကို မလိုက်လိုကြောင်း မမသီကိုပြောဖို့ နှစ်ခါသုံးခါ
မက ပြောလုလု ဖြစ်ခဲ့သော်လည်း လက်တွေ့တွင်မပြောဖြစ်။

ခု တကလေးကြော် ခု ဆီထမင်းကြော်ဆိုတဲ့ အပြောမျိုးပြောလာမည်ကို
ခံချင်သည်က တစ်ကြောင်း၊ သည်ခရီးကိုမလိုက်ရင် ကိုယ်မှန်းထားသည့်
ဆန္ဒပျက်ပြယ်သွားမည်ကို စိုးရွံ့မိသည်က တစ်ကြောင်း၊ မန္တလေးအလည်
အပတ်ခရီးကို မက်မက်မင်မင် တမ်းတမ်းသသ ရှိနေသည်က တစ်ကြောင်း
သည့်အကြောင်းကြောင်းများကြောင့် မလိုက်သင့်ဆိုသောအသိကို ရင်ထဲက
ယ်ထုတ်ပစ်လိုက်ရသည်။

ဝင်းမောင်က ခင်လေးနွယ်ကို လွတ်လွတ်လပ်လပ် သွားစေလာစေ
နေလို့ ခွင့်ပြုထားသည်မှာ ရန်ကုန်မြို့တွင်းတွင်သာ။ ဒါတောင် တစ်ယောက်
တည်းမဟုတ်၊ မမသီနှင့်အတူဟု စကားခံဆိုထားသည်ပါ။

မမသီက ဒုဉ္စန်ကြားရေးမှူးကတော်မို့ ဝင်းမောင်က မမသီတို့ လင်

www.burmeseclassic.com

www.burmeseclassic.com

မယားကို အထင်တကြီးရှိပြီးသား၊ မမသီခေတ်ဆန်ဆန်ပြင်ဆင်ဝတ်စားပြီး လွတ်လွတ်လပ်လပ်သွားလာလှုပ်ရှားနေသည်ကို ဟိုနှယ်သည်နှယ် အထင်မရောက်၊ အရာရှိကြီးတစတော်မို့ ဒီလောက်တော့ နေသင့်သည်ဟု အမြင်ရှိထားသည်။

ဒါကြောင့်လည်း ဇနီးမယားကို မမသီနှင့်အတူ သွားလာနေထိုင်ဖို့ ခွင့်ပြုထားခြင်း ဖြစ်၏၊ လူတစ်ယောက်၏ အဇ္ဈတ္တအသွင်ကို အပြင်အမြင်ကြည့်ရုံဖြင့် မသိနိုင်။

နှစ်နှင့်ချီ၍ လက်ပွန်းတတီး ပေါင်းသင်းနေထိုင်ရသည့်တိုင် ထဲထဲဝင်ဝင် မသိနိုင်၊ ပန်းဆိုးတန်းတိုက်ကိုရောက်ပြီးမှ သိကြသည်။ ဦးအေးမြင့်ကို အကြောင်းပြု၍ ဒေါ်ခင်သီကိုပါ ရောယောင်အထင်ကြီးသည်ကလွဲပြီး သူတို့ အိမ်တွင်းရေးနှင့် သူတို့ဗီဇ အကျင့်စရိုက်ကို ဘာမှမသိ။

သူ့ဘက်က ချွတ်ယွင်းနေသည့် ဝတ္တရားကိုတော့ ဝင်းမောင်သိလာသည်၊ သူက ဖြတ်လမ်းနည်းနှင့်ကြီးပွားအောင် စီးပွားရေးကို လုံးပမ်းနေသည် တလွဲ၍ မယားတစ်ယောက်ကို ငွေကြေးပုံပေးသည်ကလွဲ၍ တခြားတာဝန် ဘာမှမကျေပွန်။

သူတို့လင်မယားနှစ်ယောက်၏ အသက်အရွယ်နှင့် နုနယ်သေးသည့် အိမ်ထောင်သက်အရ ခုလိုအနေမျိုးမနေသင့်၊ လောက၏ မမွှတာအစုံ အလာကို ဆန့်ကျင်ဘက်ပြုနေဘိသို့ ရှိနေချေ၏။

ဒါကြောင့်လည်း ခင်လေးနွယ်တစ်ယောက် အသိတရားကို သတိထားဖို့ ကျတော့ မလွယ်သဘောသို့ မျက်နှာမူလိုက်ရခြင်းဖြစ်၏။

လင်သားခရီးထွက်နေသည့်အချိန် လင်သား၏ခွင့်ပြုချက်မပါဘဲ ရန်ကုန်မြို့နှင့် မိုင်ငါးရာနီးပါး ခရီးတာကွာဝေးသည့် မန္တလေးသို့ လိုက်ပါဖို့ အလွယ်တကူ ခေါင်းညိတ်လိုက်သည်မှာ မညိတ်အပ်သောခေါင်းကို အလွယ်တကူ ညိတ်မိသည်ဟု ဆိုရမည်မှတစ်ပါး အခြားဆိုဖွယ်ရာမရှိပြီ။

သို့တစေ. . .။

xxxxx





"မသွားသင့်ဘူးဆိုတာသိပေမယ့်လို့ ကျွန်မမှာ အဲဒီအသိကို ထိန်းသိမ်းနိုင်စွမ်းမရှိပါဘူး၊ အရွယ်အားဖြင့်ပဲဆိုဆို ကျွန်မတို့နှစ်ယောက်ရဲ့အိမ်ထောင်ရေးအနေအထားရပဲဆိုဆို ကျွန်မနေရာမှာ တခြားမိန်းကလေးတစ်ယောက်ဆိုရင်လည်း ကျွန်မလိုပဲ ဆုံးဖြတ်လိမ့်မယ်လို့ထင်ပါတယ်၊ ပြီးတော့ ကျွန်မမှာ မမသီနဲ့လို့ဆိုတဲ့ ခိုင်ခိုင်လုံလုံ ဆင်ခြေပေးစရာကလည်း ရှိနေတာကိုး၊ ဒီခရီးကို လိုက်သင့်တယ်လို့ ကျွန်မဘက်က ဆိုစရာအကြောင်းလည်း ရှိပါတယ်၊ အဲဒီအချိန်အထိကို ဇော်မောင်မောင်ရဲ့ ကျွန်မအပေါ် ဆက်ဆံပုံဟာ မရိုးဘူးဆိုတဲ့ သံသယကြီးမျိုးထင်စရာ၊ ပြောစရာ၊ ဆိုစရာ အရိပ်အဆင် ပေါ်ပေါ်ထင်ထင်မရှိပါဘူး၊ နုပျိုလန်းဆန်းတဲ့အလှကို စိတ်ဝင်စားတယ်ဆိုတာ ယောကျ်ားတွေရဲ့ မွေးရာပါဗီဇစရိုက်ပါ၊ ဇော်မောင်မောင်က ကျွန်မရဲ့ နုပျိုလတ်ဆတ်တဲ့အလှအပေါ် ယစ်မူးစိတ်ဝင်စားတာကို ဆန်းတယ်လို့ ဘယ်ပြောလို့ရပါ့မလဲ၊ သူ့လို့အရွယ်မပြောနဲ့ ဆံဖြူသွားကျိုး သချိုင်းကိုတစ်နေ့ ငါးကြိမ်လောက် မျက်စောင်းထိုးနေတဲ့ အရွယ်မှဲ့တွေတောင် ကျွန်မတို့လို ငယ်ငယ်လှလှလေးတွေကိုတွေ့ရင် အပုတ်ကောင်ရုပ်ဆောင်ထားတဲ့ အရိုးစုကြီးလို့ သဘောမထားဘဲ ငယ်မူငယ်သွေးအကြည့်မျိုးနဲ့ ကြည့်ကြသေးတာပဲဟာ"

သည်အပြောလေကြောင့် ယောင်မှုးလေး ဦးတင့်လွင်ပင်လျှင် မျက်နှာပျက်လုလု အနေအထားမျိုး ဖြစ်ခဲ့ရသေးသည်ပါ။

ခင်လေးနွယ်က အမှန်ကို အမှန်အတိုင်း အရှိကိုအရှိအတိုင်း ဟောဟောဒိုင်းဒိုင်း မသွယ်မဝိုက်ပြောနေမှုကိုး။

အိမ်ပြန်ရောက်တော့ ထမင်းစားရင်း အေးကို သည်အကြောင်းပြောပြခဲ့ရာ 'ခင်လေးနွယ်က ဘယ်ဆိုးလို့တုန်း'လို့ အေးက မှတ်ချက်ချလိုက်သည်။

"အင်းလေ. . . အစ်ကိုလွင်တို့ ယောကျ်ားတွေကလဲ"

"ဟော. . . အေးက မိန်းမပီပီ ခင်လေးနွယ်ဘက်က ရှေ့နေလိုက်တော့မယ်ထင်တယ်၊ နှာခေါင်းပေါက်ချင်းတူပေမယ့် အသက်ရှူပုံချင်းမှ မတူတာ"

"ဟင်း. . . မတူလို့သာပေါ့၊ တူများတူရင်တော့လား"

"ကဲပါ အေးရာ၊ ထားပါတော့၊ နက်ဖြန် အစ်ကိုလွင် ဦးစီးရုံးကို သွားစရာရှိတယ်၊ မနက်ပိုင်းခဏဝင်ပြီး အစောကြီးပြန်ထွက်ခဲ့မယ်၊ အေးတို့သား အမိပါ လိုက်ခဲ့ပါလား"

"အစ်ကိုလွင်တ ရုံးကိစ္စနဲ့ဆိုတော့"


www.burmeseclassic.com

www.burmeseclassic.com

"ရုံးကိစ္စက ခဏကလေးပါ၊ ထောင်ထဲပြန်မဝင်နဲ့တော့လို့ ထောင်မှူးကြီးက ပြောလိုက်တယ်လေ၊ အမှတ်မထင်တဲ့အခွင့်အရေးလေးရတုန်း ရုပ်ရှင်လေးဘာလေး ကြည့်ကြရအောင်"

မိမိရက်အားကိုသော်မှ ကျိန်းသေပေါက် အားရက်ရယူနိုင်သည်လို့ မပြောနိုင်ရာ၊ ထောင်မှူးလေးများမှာ သားမယားနှင့်အတူ စုံတွဲထွက်ဖို့ မလွယ်၊ အခွင့်သာခိုက် ရသည့်အခွင့်အရေးကို အမိအရ ယူကြရသည်ပါ။

"ဒါဖြင့် နက်ဖြန်ဘာမှမချက်နဲ့တော့၊ မြို့ထဲမှာ တစ်ခုခုစားပြီး သမ္မတရုံမှာ ရုပ်ရှင်ကြည့်ရအောင်"

"အစ်ကိုလွင့်အစီအစဉ်အတိုင်းလုပ်ပေါ့၊ ရုပ်ရှင်ကြည့်တာတော့ ဟုတ်ပါရဲ့၊ သမ္မတရုံဆိုတော့ လက်မှတ်ရဖို့ လွယ်ပါ့မလား၊ ခုပြနေတဲ့ကားက ပွဲတိုင်းရုံပြည့်တယ်လို့ ပြောနေကြတယ်လေ၊ ကြိုတင်လက်မှတ်လုပ်မထားဘဲ သွားကြည့်မှာဆိုတော့ အေးတို့အတွက် လက်မှတ်က. . ."

"ဒါလောက်တော့ အစ်ကိုလွင်လည်းမီးသေပါတယ် အေးရာ၊ အထင်မသေးစမ်းပါနဲ့ ထောင်မှူးပါ"

ထောင်မှူးကလေး ဦးတင့်လွင်က လက်မလေးထောင်ပြီး ဇနီးဖြစ်သူကို ကြွားလုံးထုတ်လိုက်သည်၊ ဟုတ်ပ၊ ကြွားလုံးထုတ်စရာအကြောင်းလည်း ရှိပေသကိုး။

ရုပ်ရှင်လက်မှတ်မှောင်ခိုရောင်းသူများမှာ ထောင်ထဲကို ဝင်စို့ထွက်စို့ လုပ်နေသူတွေ၊ အချုပ်ဆောင်ကိုင်ရသူ ထောင်မှူးလေး ဦးတင့်လွင်နှင့် ရုပ်ရှင်လက်မှတ်မှောင်ခိုသမားများမှာ အမြဲတမ်းလိုလို တွေ့ဆုံနေရစမြဲရှိ၏၊

ရုပ်ရှင်လက်မှတ်မှောင်ခိုသမားများမှာ ထောင်ထဲတွင် ကြာကြာမနေရ၊ သူတို့အမှုက ဒဏ်ငွေနှင့်ပြီးသည့်အမှု၊ ရမာန်လေးတစ်ပတ်နေပြီးရင် ရုံးထွက်၊ ဒဏ်ငွေဆောင် ထောင်ထဲကိုပြန်မလာရတော့၊ သူတို့က သူတို့အကြောင်း သူတို့သိသမို့ ရုံးထွက်သွားခါနီးတိုင်း ထောင်မှူးလေး ဦးတင့်လွင်ကို ဖိတ်မန္တက ပြုသွားမြဲ၊

"ဆရာကြီး ရုပ်ရှင်ကြည့်ချင်ရင် ဘယ်အချိန်မဆို ကျွန်တော်တို့ဆီကို လာခဲ့ပါတဲ့"

ရုပ်ရှင်ရုံမှာ လက်မှတ်ရောင်းသည့် ဝန်ထမ်းတွေက သူတို့လောက် မပိုင်၊ လက်မှတ်ရောင်းလို့ကုန်သွားပြီဆိုရင် ကိုယ့်မိတ်ဆွေထားလို့ တိုယ်





ဆရာသမားလာသော်မှ လက်မှတ်တစ်စောင်ရအောင် မလုပ်ပေးနိုင်၊

ကြိုတင်မှာထားရင်သာ လုပ်ပေးနိုင်ကြသည်၊ မှောင်ခိုသမားတွေကတော့ သည်လိုမဟုတ်၊ ရုပ်ရှင်ရုံမှာ ပြည့်ပြီဆိုင်းဘုတ်သေးသေးပဲချိတ်ချိတ်၊ ကြီးကြီးပဲချိတ်ချိတ်၊ ချိတ်ချင်သလိုချိတ် သူတို့လက်ထဲမှာ လက်မှတ်အထပ်လိုက်၊

သူတို့က ဈေးလျှော့မရောင်း၊ နမူနာကားတွေ ဘယ်အချိန်အထိပြသည်၊ ဇာတ်ကားရှည် ဘယ်အချိန်မှစပြသည်ကို သူတို့လေ့လာထားကြသည်၊ ဇာတ်ကားရှည်စပြမည့်အချိန်အထိ လက်မှတ်ဆယ်စောင်လောက်ကို ကိုင်ထားစမြဲရှိကြသည်၊ တမန်းကတန်းလာသူကဆို ဈေးကိုမဆစ်တတ်၊ ပြောဈေးအတိုင်း ကပျာကသီဝယ်ပြီး ရုံထဲသို့ ကသုတ်ကယက် အပြေးအလွှား ဝင်ကြစမြဲ၊

တစ်လော်ဆီက ဦးတင့်လွင်ကိုင်နေသည့် အချုပ်ဆောင်သို့ မှောင်ခိုဂိုဏ်း ခေါင်းဆောင်ကြီးနှင့် နောက်လိုက်နောက်ပါငါးဆယ်ကျော် အစုလိုက်အပြုံလိုက် တန်းစီပြီး ဝင်လာကြသည်၊ သူတို့ပါမက ရုပ်ရှင်ရုံဝန်ထမ်းတွေလည်း တစ်သုတ်ပြီးတစ်သုတ် အစုအဖွဲ့နှင့် ဝင်လာကြသည်။

ရန်ကုန်မြို့လယ်က ရုပ်ရှင်ရုံတွေမှာ သူတို့အမြဲရှိကြသည်မို့ ကြိုတင်လက်မှတ်လုပ်မထားဘဲ သမ္မတရုံမှာ ရုပ်ရှင်ကြည့်မည်ဟု ဇနီးသည်ကို အာမခံလိုက်ခြင်းဖြစ်ပါသည်၊ အာမခံလိုက်သည့်အတိုင်း ကြည့်ဖြစ်ကြသည်၊

လက်မှတ်ကို အလွယ်တကူရရုံမက ပိုက်ဆံထုတ်ပေးသည်ကိုပင် ခါးခါးသီးသီး ငြင်းပယ်လိုက်ကြသည်၊ သူတို့ပေးသည့်လက်မှတ်မှာ စတော ဒီစီလက်မှတ်မဟုတ်၊ လော့(ချ်)ခေါ် ရှေ့ဆုံးသီးသန့်တန်းလက်မှတ်၊ ခန့်ညားသည့် သမ္မတရုပ်ရှင်ရုံပေါ် အတက်တွင် အေးမျက်နှာမှာ အပြုံးတဝေဝေနှင့်၊

×××××



www.burmeseclassic.com

www.burmeseclassic.com

ခင်လေးနွယ်က သူတို့ခရီးထွက်တုန်း ဝင်းမောင်ပြန်ရောက်လာရင် ဖတ်ဖို့ မှာတမ်းတစ်စောင်ရေးခဲ့သည်။

အဲဒီစာထဲမှာ ဖော်မောင်မောင်အကြောင်း လုံးဝမပါ။ မမသီကို တစ်ခုနှင့် မန္တလေးသို့သွားဖို့ အကြောင်းပေါ်လာသောကြောင့် ဘုရားဖူးရင် မမသီပါအဖော်ရအောင် လိုက်သွားရသည့်အကြောင်း၊ ကိုဝင်းမသိဘဲ လိုက် ပါသွားရသည်ကို ခွင့်လွှတ်ဖို့အကြောင်း၊ မမသီပါသမို့ စိတ်ချလက်ချ လိုက်သွားသည့်အကြောင်းကို တစ်ဖွဲ့တစ်နွဲ့ ရေးထားသည်။

စာပါအကြောင်းအရာများနှင့် ပတ်သက်သမျှကို မမသီနှင့်စည်းဝါး ရိုက်ပြီးသား။ မမသီက ပြောသမျှခေါင်းမခါတတ်သည့် ဦးအေးမြင့်ကို ပြော ဆိုပြီးသား။

သူတို့ခရီးသွားနေတုန်း ဝင်းမောင်ပြန်ရောက်ခဲ့သော် ဦးအေးမြင့် ချစ်ဇနီးအမှာစကားမြှုထားသည့်အတိုင်း ထပ်ဆင့်ရှင်းပြလိမ့်မည်မို့ နောက် ကြောင်းအတွက် စိတ်တထင့်ထင့် နောက်ဆံတင်းစရာမလို။

အိမ်ထောင်ကျပြီးကတည်းက ဝင်းမောင်နှင့်အတူ ပဲခူးကို ဘုရား အလည်သွားဖူးသည်ကလွဲလို့ ခရီးရှည်မထွက်ဖူးသေး။ သည်ခရီးနှင့်ပတ် သက်လို့ မမသီမှာ ဘယ်လိုရည်ရွယ်ချက် ဘယ်သို့သော အကြောင်းရင်း ရှိသည်ကိုမသိ။ သူ့မှာက အကြောင်းရင်းခံနှင့် ရည်ရွယ်ချက်ရှိသည်။

သူတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ခုတုံးလုပ်နေကြောင်း သိပေမယ့် မသိကျိုးကျွံပြုနေကြသည်ပါ။

မန္တလေးရောက်ရင် ဖော်မောင်မောင်တို့တိုက်မှာမတည်း။ သူတို့ဘာသာ တည်းခိုခန်းမှာတည်းမည့်အကြောင်း မမသီပြောစဉ်က တစ်မျိုးပါလားလို့ ထင်လိုက်သော်လည်း သည်အစီအစဉ်ကို ခင်လေးနွယ်ကလည်း သဘော ကျသည်။

သူများအိမ်တွင် တည်းခိုနေထိုင်ရသည်မှာ မလွတ်လပ်။ ဒါအပြင် သူတို့သိတာက ဖော်မောင်မောင်တစ်အိမ်သားလုံးမဟုတ်။ ဖော်မောင်မော တစ်ယောက်တည်းကိုသာ။ သူတို့အိမ်သားတွေ ဆက်ဆံပုံအနေအထားကိုမသိ

သူတို့အပေါ် ဘယ်လိုသဘောထားမည်ကို မခန့်မှန်းနိုင်။ ကိုယ့်ဟာ ကိုယ် လွတ်လွတ်လပ်လပ် တည်းခိုခြင်းသည် အကောင်းဆုံးဖြစ်သည်။ သည် အစီအစဉ်ကို မမသီနှင့် ဖော်မောင်မောင်တို့ စည်းဝါးရိုက်ပြီးဖြစ်လိမ့်မည်





င်လေးနွယ်ထင်ခဲ့သည်။

သူတို့က ညထွက်ပထမအမြန်ရထားနှင့် လိုက်ကြမည်။ လက်မှတ်ကိစ္စ ကိစ္စ သူတို့ဘာမှလုပ်စရာမလို။ ခင်လေးနွယ်က လက်မှတ်ခ ဘယ်ရွှေ ယ်မျှပေးရမည်ကိုမသိသမို့ မမသီကို မေးခဲ့သည်။

"အမလေး နွယ်ရယ်၊ တို့က လိုက်ချင်ပါတယ်လို့ပြောပြီး လိုက်တာမှ ဟုတ်တာဘဲဟာ၊ သူက အတင်းဖိတ်မန္တကပြုလို့ လိုက်ရတာ၊ သူ့ကိစ္စ သူ င်းလိမ့်မပေါ့"

"မမသီကတော့ ဟုတ်တာပေါ့၊ နွယ်ကျတော့"

"နွယ့်ကို မမသီက တဆင့်ခေါ်တာမှမဟုတ်ဘဲဟာ အတူတူပေါ့နွယ်ရဲ့၊ ငွေကို ကြေးမမချင်စမ်းပါနဲ့ကွာ၊ စိတ်ရှင်းလက်ရှင်း အေးအေးသာ လိုက်ခဲ့ မသီအားလုံးကြည့်ပြီး စီစဉ်သွားမယ်"

ခင်လေးနွယ်က ရိုးရိုးတန်းတို့ အထက်တန်းတို့အကြောင်းမသိ။ ရထား ါ်ရောက်မှ အထက်တန်းနှင့်သွားရမည်ကိုသိသလို အထက်တန်းတွဲဆိုတာ ကြီးပါလားလို့ သိဖူး တွေ့ဖူး မြင်ဖူးလိုက်ရသည်။

"ကျွန်မ ခရီးရှည်ရထားစီးဖူးတာဟာ ဒါ ပထမဆုံးအကြိမ်ပါပဲ၊ ပြီးတော့ သားကို ဒုတိယအကြိမ်စီးဖူးတာပါ၊ ရထားနဲ့ပတ်သက်တဲ့ အတွေ့အကြုံကို န်မ မသိခဲ့ပါဘူး၊ ပထမတစ်ကြိမ်စီးဖူးတာက မြို့ပတ်ရထားကိုပါ၊ အထက် န်းတွဲနဲ့ ထိစပ်မိတာဟာ ဒါ ပထမဆုံးအကြိမ်ပါပဲ၊ ကျွန်မတို့သုံးယောက် သားတစ်စီးတည်း အတူတူခရီးသွားရမှာဖြစ်ပေမယ့် နေရာမတူပါဘူး၊ ထက်တန်းအိပ်ခန်းမှာ နှစ်ယောက်၊ အထက်တန်းထိုင်ခုံမှာ တစ်ယောက်၊ လိုပဲ နေရာခွဲသွားရမှာကို ရထားပေါ်ရောက်မှပဲ သိရပါတယ်၊ လက်မှတ် တ်အခဲကြောင့် အိပ်ခန်းနှစ်နေရာနဲ့ ထိုင်ခုံတစ်နေရာရတဲ့အကြောင်း ာ်မောင်မောင်ကပြောပြပြီး ကျွန်မတို့နှစ်ယောက်ကို အိပ်ခန်းမှာအိပ်ကြဖို့ က ထိုင်ခုံနဲ့လိုက်မယ့်အကြောင်းပြောတဲ့အခါ မမသီက သူထိုင်ခုံမှာ သွားနေ ယ့်အကြောင်း ကျွန်မတို့နှစ်ယောက် အိပ်ခန်းကလိုက်ဖို့ပြောလိုက်တော့ မရင်ထဲမှာ တုန်ယင်သွားရပါတယ်၊ အဲ့ဒီအချိန်အိပ်ခန်းထဲမှာ ကျွန်မတို့ ယောက်ပဲရှိတာကို၊ မမသီဘယ်လိုများပြောလိုက်တာလဲလို့ မမသီအပေါ် မချမ်းဖြစ်သွားရပါတယ်၊ ဒါပေမယ့် ဖော်မောင်မောင်က သူ့သူငယ် တွေနဲ့တွေ့လို့ သူပဲထိုင်ခုံက လိုက်မယ့်အကြောင်းပြောလိုက်တော့မှ

www.burmeseclassic.com

ကျွန်မလည်း သက်ပြင်းကလေးကို ညင်ညင်သာသာ ချလိုက်ရပါတယ်"

တစ်ခန်းတည်း အတူသွားရမည့် ခရီးသွားဖော်မှာ သူတို့လို မိန်းမ သားတွေမဟုတ်၊ ယောကျ်ားတွေ၊ ငါးဆယ်ကျော်သက်လွန်ရွယ်တွေဖို့ မထောင်းသာ။ သို့တစေ လွတ်လွတ်လပ်လပ်တော့မရှိ။

မမသီကတော့မမှု၊ အဖွဲ့ကျအောင် ပေါင်းလိုက်သည်။ ဒါးပိန်ဘူတာ အလွန်ကတည်းက မမသီနှင့် တရင်းတနှီး ရှိသွားကြ၏။ သူ့ယောကျ်ားဝုတ် ပုဒ်ကို ဖော်ထုတ်လိုက်ရာ ခရီးသွားဖော်များက မမသီကို တလေးတစားပင် ဆက်ဆံကြသည်။

ဖော်မောင်မောင်က ထိုင်ခုံနှင့်အိပ်ခန်းကို ကူးချည်သန်းချည် လှုပ်ရှားလျက်

◆ ◆ ◆

## (တစ်ဆယ့်သုံး)

မန္တလေးဟိုတယ်မှာ တည်းခိုကြသည်။ မန္တလေးဟိုတယ်မှာ အခန်းရဖို့ ခက်လွယ်။ မန္တလေးကိုကျွမ်းသည့် ဖော်မောင်မောင်က ရန်ကုန်မှလှမ်း၍ ကြိုတင် ဖုန်းဆက်အခန်းယူထားသောကြောင့်သာ အခန်းအလွယ်တကူရခဲ့သည်ပါ။

ရုပ်ရှင်သမားဆိုတာက နေရာပေါင်းစုံ လူပေါင်းစုံနှင့် အဖွဲ့ကျသလို နေရာတကာတို ဝင်ဆန့်သည်၊ သာမာန်လူတွေ ခက်ခက်ခဲခဲလုပ်ရသည့် ကိစ္စမှန်သမျှ သူတို့က အလွယ်တကူလုပ်နိုင်သည်။

မန္တလေးဟိုတယ်ကို အနည်းဆုံးတစ်နေ့တစ်ခေါက် ရောက်စမြဲရှိသူ ဖော်မောင်မောင်မှာ ဟိုတယ်ဝန်ထမ်းအားလုံးနှင့် တရင်းတနှီး ကျွမ်းဝင်ပြီးသား၊ မန္တလေးမှာ ခေတ်ပေါ်ခေတ်မီတည်းခိုခန်းတွေ အများကြီး၊ ဒါပေမယ့် တည်းခို သူတွေက လူပေါင်းစုံ၊ တည်တည်ငြိမ်ငြိမ် တည်းခိုနေထိုင်သူတွေပါသလို သောသောရုတ်ရုတ်သမားတွေလည်း ပါသည်။

သောသောရုတ်ရုတ်သမားတွေက မန္တလေးဟိုတယ်လိုနေရာကိုမကပ်၊ ကပ်လို့လည်းမရ၊ အရောင်းအဝယ်သမားတွေက ဈေးနားနီးနီး ကားဂိတ် နားနီးနီး ဘူတာနီးနီး တည်းခိုခန်းတွေမှာသာ တည်းခိုလေ့ရှိကြ၏၊ သူတို့ လုပ်ငန်းက ထိုနေရာတဝိုက်တွင်သာ။

မန္တလေးဟိုတယ်က ဈေးလည်းကြီးသည်၊ သူတို့လုပ်ငန်းနယ်ပယ်နှင့် လည်းမနီး၊ သူတို့စရိုက် သူတို့အထာများနှင့်လည်း မအပ်စပ်၊ တည်းခိုခန်းနှင့် ဟိုတယ်အရှိန်အဝါမတူသလို အဆင့်အတန်းမြင့်ပုံချင်းလည်းမတူ၊

အမျိုးသမီးနှစ်ယောက်တည်း ဟိုတယ်မှာ တည်းခိုနေစေတာမှ အထင် သား၊ အမြင်သေးသည့်အကြည့်မျိုးဖြင့် မကြည့်ကြ မမြင်ကြ၊ သူတို့နှစ်

www.burmeseclassic.com

ယောက်၏ ရုပ်လက္ခဏာနှင့် နေထိုင်ပုံအဆင့်အတန်းကြောင့် သူတို့အပေါ် အမြင်ဖြောင့်စင်းသည်။ မန္တလေးရောက်ပြီး နာရီပိုင်းအတွင်း လင့်ရိုဘာ ကားတစ်စီးလည်း ရောက်လာသည်။

သူတို့အချိန်ပြည့်သုံးပြုဖို့အတွက်။

သူတို့အပေါ် အထင်မကြီးသော်မှ အထင်မသေးသာစရာ။ သွားလိုက် ကြ လည်လိုက်ကြသည်မှာ အနားမရှိ။ သူတို့လင့်ရိုဘာကားကို မန္တလေး နေရာတိုင်းမှာ မတွေ့ချင်အဆုံး။ သူတို့နှင့်အတူ တွဲလျက်ပါနေသူမှာ ဇော် မောင်မောင်။ သူ မပါဘဲ သူတို့နှစ်ယောက်တည်း သွားကြလာကြသည့်အခါ များရှိသည်။

ဒါပေမယ့် အများအားဖြင့်တော့ သူပါစမြဲ။ မန္တလေးမှာ ဇော်မောင်မော ကိုလူသိများသည်။ သိကြသည်က ရုပ်ရှင်နှင့်ဆက်သွယ်နေသူတစ်ယောက်အဖြ သူပိုင် ပစ်တိုင်းထောင်ရုပ်ရှင်ဖြန့်ချိရေးမှ ဇာတ်ကားများ မန္တလေးမှာ ရုံတိ တိုင်း ရုပ်ရှင်ရုံမှာ သူ့ကိုတွေ့ကြရစမြဲ ရှိသည်။

မန္တလေးသို့တက်လာသည့် ရုပ်ရှင်အဖွဲ့များနှင့် တပူးတွဲတွဲနေတ သည့်သူ့ကို အမြင်အတွေ့များကြသည်။ ရင်ရှုပ်စရာ ရုပ်ရှင်ကို လူတို စိတ်ဝင်စားကြသမို့ မန္တလေးက ရုပ်ရှင်ဝါသနာအိုးတို့များဆို သူနှင့်မိတ်ဖွ ရမည်ကို လိုလိုမင်မင်ရှိကြ၏။

ယုတ်စွအဆုံး သူနှင့်သိကျွမ်းလျှင် လက်မှတ်အလွယ်တကူဝယ်ယူ ရသည်။ မေတ္တာလက်မှတ်ဖြင့် ဝင့်ဝင့်မော်မော် ရုပ်ရှင်ကြည့်ရသည်။ မေတ္တာ လက်မှတ်ကို ဖောဖောသီသီပေးနိုင်သူမှာ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်နှင့် ဇော် မောင်မောင်တို့လို ရုပ်ရှင်ဇာတ်ကားဖြန့်ချိရေးပိုင်ရှင်များ ဖြစ်၏။

မေတ္တာလက်မှတ်။ နာမည်ကလေးကလှလှပပ။ လက်မှတ်ရကြသူမှာ ကလည်း ကြွကြွရွရွ ကြွားကြွားရွားရွား။ မေတ္တာလက်မှတ်ဆိုသည့် နာမည် အတိုင်း မေတ္တာဖြင့် အလကားပေးရသည်ဆိုသော်လည်း မေတ္တာလက်မှတ် ပေးသူကို မေတ္တာလက်မှတ်က ပြန်လည်အကျိုးပြုတာတွေ အများကြီးရှိသည်။

မျက်နှာပွင့်သည်။ နေရာတကာမှာ ဝင်ဆန့်သည်။ ကိစ္စကြီးငယ်ရှိလျှ နေရာတကာကို အချိန်အခါမရွေး ဝင်နိုင်ထွက်နိုင်ခွင့်ရသလို ကိစ္စကြီး ဟူသမျှကို ပြီးပြေလျော့ပါးစေနိုင်သည်။ 'တတ်နိုင်သူ' စာရင်းထဲမှာ သူ ပါကြသည်။





ဒါ့ပြင် ရုံလူဝင်နည်းလာသည့်အခါ ရုံရှေ့တွင် ရုပ်ရှင်ကြည့်ပရိသတ် ခြောက်ခြောက်ကပ်ကပ်ရှိမနေအောင် ကြည့်လိုက်လျှင် လူတွေအုပ်နှင့်သင်းနှင့် ရှိနေအောင် မေတ္တာလက်မှတ်က လုပ်စွမ်းပေးနိုင်သည်။

အလကားပေးရသည့်တိုင် ကိုယ့်အိတ်ထဲက လုံးလုံးလျားလျား မစိုက်ရ။ ငါးကျပ်တန်းလက်မှတ်တစ်စောင်ကို ပွဲခွန်အတွက် ကိုယ့်အိတ်ထဲက စိုက် လိုက်ရသည်မှာ နှစ်ကျပ်။ ပြန်ရသည့်အကျိုးအမြတ်မှာ နှစ်ကျပ်မကတာတွေ အများကြီးရှိပါလေသတတ်။

ထားပါတော့. . .။

သူတို့နှစ်ယောက်တည်းသွားသည့်အခါ အကြောင်းမဟုတ်။ သက်ရင့် မိန်းမချောတစ်ယောက်နှင့် သက်နုမိန်းမချောလေးတစ်ယောက်အဖြစ် ရိုးရိုး စင်းစင်းကြည့်ကြမြင်ကြသည်။

ဇော်မောင်မောင်တွဲပြီးပါလာသည့်အခါတွင်မူ ရိုးရိုးစင်းစင်းအကြည့်များ ပြောင်းလဲသွားသည်။ ဈေးချိုတစ်ဝိုက်သို့ရောက်ပြီဆိုရင် စူးစမ်းလေ့လာသည့် အကြည့်။ စူးစူးထင်ထင်အကြည့်ဖြင့် ဝိုင်းကြည့်သည့်အကြည့်မျိုးနှင့် ဆုံဆည်း ရသည်။ ရုပ်ရှင်နှင့် ဆက်နွယ်နေသူများလေလားဟု။

အကြည့်တွေက စူးရဲသည်။ ဟိုနွယ်သည်နွယ် ထင်ကောင်းထင်သည် မျိုးလည်း ပါရှိလိမ့်မည်ပါ။ တစ်ခုတော့ရှိသည်။ ဇော်မောင်မောင်က မန္တ လေးမှာ ကြန္ဒြေရရနေတတ်သမို့ နာမည်ပျက်မရှိ။ အပုပ်နံ့သိပ်မထွက်။ သူမြို့သူ့လုပ်ငန်းခွင်ရှိရာနေရာမှာ မခုတ်တတ်သည့်ကြောင်သူတော်သို့နှယ် အနေအထိုင်ပိပြားသိုသိပ်သည်။

သို့မို့ကြောင့် ပတ်ဝန်းကျင်၏အထင်သေး အမြင်သေးအကြည့်မျိုး ခံရ။ သူတို့မန္တလေးရောက်နေသည်မှာ သုံးရက်ရှိပြီး ဇော်မောင်မောင်၏ ဝရုတစိုက်ရှိပုံမှာ အိမ်ရှင့်ဝတ္တရားကျေပွန်ရုံမက ဧည့်သည်က အလွန်အမင်း အားနာရလောက်အောင် ပိုသာလွန်းသည်ဟု ဆိုရမည်သို့ရှိပါချေ၏။

မန္တလေးကို ဘုရားဖူးအလည်အပတ်ခေါ်လာပြီး လိုလေးသေးမရှိအောင် ဧည့်ဝတ်ကျေပွန်နေသည့် အကြောင်းရင်း ဘယ်သို့ရှိသည်ကိုမူ ခင်လေးနွယ် မှာ တွေးရခက်ကြီး ဖြစ်နေသည်။

ရွှေစွန်ညိုဝဲသည်ကိုတော့ အသိသား။ မမသီအပေါ် လား။ သူ့အပေါ် လားဆိုသည်ကိုတော့ မဝေခွဲသာ။ အဖြေညိုပေးမယ့် ပယောဂ်သဖွယ်သို့။



www.burmeseclassic.com

www.burmeseclassic.com

"သူက တရားလွန်စည့်ဝတ်ကျေပွန်လေ၊ ကျွန်မရင်ထဲမှာ လှုပ်ရှားလေ
ဖြစ်ခဲ့ရပါတယ်၊ ဒါကလည်း ကျွန်မအထင်နဲ့ ကျွန်မဖြစ်နေတာပါ၊ မန္တလေး
ရောက်ပြီး လေးရက်မြောက်နေ့ကျမှပဲ ရှုပ်ထွေးနေတဲ့အတွေးစဉ်များ ရှင်
လင်းသွားရသလို အဖြေညှိလို့မရတဲ့ ပဟေဠိကိုလည်း အဖြေညှိလို့ရခဲ့ပါတယ်၊
မန္တလေးခရီးဆိုတာဟာ ကျွန်မနဲ့ပတ်သက်လိမ့်မယ်လို့ ထင်ခဲ့ပေမယ့် တကယ်
တော့ မမသီနဲ့ပတ်သက်တဲ့ကိစ္စပါ၊ ဒါကို မမသီက ဖွင့်ပြောခဲ့ပါတယ်၊ သူတို့
အရောင်းအဝယ်ကိစ္စဟာ မန္တလေးမှာမပြီးဘဲ လားရှိုးအထိတက်ရမှာမို့ ကျွန်မ
လားရှိုးအထိ ဆက်လိုက်လိုတဲ့ ဆန္ဒရှိမရှိ မေးလာပါတယ်၊ ဘာအရောင်း
အဝယ်ကိစ္စလို့တော့ မပြောပါဘူး၊ ကျွန်မလည်း မေးလို့မကောင်းတာနဲ့
မမေးပါဘူး၊ ကျွန်မလားရှိုးဘက်မလိုက်ရင် လေယာဉ်ပျံနဲ့ပြန်ဖို့ စီစဉ်ပေး
မယ့်အကြောင်း၊ လေယာဉ်ကွင်းမှာ ဦးအေးမြင့်လာကြိုဖို့ ဖုန်းဆက်ထား
မယ့်အကြောင်းပြောတော့ ကျွန်မစိတ်ထဲမှာ ခိုးလိုးခုလုဖြစ်ပြီး ရင်ထဲမှာ
တစ်မျိုးကြီးပဲ ခံစားလိုက်ရပါတယ်၊ အဲဒီကနေ တလွဲမာနထောင်ခဲ့မိတာပါ"

"ဒီလိုဖြစ်လိမ့်မယ်လို့မထင်လို့ မမသီ နွယ့်ကိုခေါ်လာတာ၊ မမသီ
စိတ်မကောင်းပါဘူး နွယ်ရယ်၊ တစ်ယောက်တည်းရထားနဲ့မပြန်စေချင်လို့
မမသီပဲ လေယာဉ်ပျံစီစဉ်ခိုင်းလိုက်တာပါ၊ မောင်မောင်ကတော့ နွယ့်ကို
လားရှိုးဘက်အထိ ဆက်လိုက်စေချင်တာပေါ့"

"အဲဒီလိုပြောလိုက်တော့ ကျွန်မရင်ထဲမှာ တစ်မျိုးဖြစ်သွားပြန်ပါတယ်၊
ပထမဖြစ်တဲ့အဖြစ်မျိုးနဲ့ ဒုတိယဖြစ်တဲ့တစ်မျိုးက မတူပါဘူး၊ အမှန်အတိုင်း
ဝန်ခံရရင် ဖော်မောင်မောင့်အပေါ် ကျွန်မစိတ်ဝင်စားနေပြီဆိုတာကို ငြင်းလို့
မရတော့ပါဘူး၊ ကိုယ့်ကိုယ်ကို မလိမ်စတမ်းပြောရရင် ကျွန်မဟာ ဖော်မောင်
မောင်အပေါ် စိတ်ဝင်စားနမိပါပြီ၊ ဒါပေမယ့် သူက. . ."

ခင်လေးနွယ်က လားရှိုးဘက်ကိုလိုက်ချင်ပေမယ့် မာနတံခွန်လေးထူ
လိုက်ချင်ကြောင်းမပြော၊ လေယာဉ်ပျံလက်မှတ်ခကို အတင်းပဲထုတ်ပေးခဲ့သည်။
မမသီကမယူ၊ ဖော်မောင်မောင်ကိုပေးသည်။ ဖော်မောင်မောင်ကလည်းမယူ

"မနွယ်ကလည်းဗျာ၊ ကျွန်တော်တို့အပေါ် သူစိမ်းဆန်လိုက်တာ၊ ကျွန်တော်
မနွယ်အပေါ် ခင်မင်တာကို အသိအမှတ်မပြုချင်လို့လား"

"သူက အဲဒီလိုပြောလိုက်တော့ ကျွန်မရင်ထဲမှာ ပီတိတလှိုင်းလှိုင်း
ဖြစ်သွားရပါတယ်၊ ကျွန်မက ကိုဝင်းအပေါ် မချစ်လို့ စိတ်တုန်ခန်းနေလို့





မကျေနပ်လို့ မဟုတ်ပါဘူး၊ ကိုဝင်းကို ချစ်လည်းချစ်တယ်၊ သူ့အပေါ် အစစ
အရာရာလည်း ကျေနပ်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့နှစ်ယောက် အတူနေရ
တဲ့အချိန်နည်းလို့လားမသိဘူး၊ တွယ်တာမှုသိပ်မရှိတော့တာအမှန်ပါ၊ ကျွန်မ
စိတ်အပြောင်းအလဲဖြစ်ရတာမှာ ဒီအကြောင်းလည်းပါလိမ့်မယ် ထင်ပါတယ်"

ခင်လေးနွယ်၏စိတ်နေစိတ်ထား၊ အယူအဆသဘောထားနှင့်ပတ်သက်၍
အေးအယူအဆကိုမေးမြန်းသည့်အခါ တချို့သော မိန်းမသားများတွင် ခင်
လေးနွယ်လိုစိတ်ထားသဘောထားမျိုးရှိကြသော်လည်း မိန်းမသားအများစု
တွင်မူ ထိုစိတ်ထားသဘောထားမျိုးမရှိနိုင်ဟု မှတ်ချက်ပြုသည်။

"ခင်လေးနွယ်က သူ့ယောကျ်ားနဲ့ခွဲနေရတာ လပိုင်းလောက်ပါ၊ တချို့ဆို
နှစ်နဲ့ချီပြီး ခွဲနေရတာပဲဟာ၊ သူ့လိုမျိုးသာဖြစ်ကြစတမ်းဆိုရင် ခက်ကုန်ကြ
တော့မှာပေါ့၊ အစ်ကိုလွင်ပြောသလို ယောကျ်ားချင်းတူပေမယ့် အသက်ရှူ
ချင်းကွဲတယ်ဆိုသလိုပေါ့၊ မိန်းမချင်းတူပေမယ့် အသက်ရှူချင်းကွဲပါတယ်၊
ခု သူပြောတဲ့အတိုင်းဆိုရင် ခင်လေးနွယ်ကဟာ စိတ်ကစားတတ်သလောက်
စိတ်လွယ်မယ်ဆိုတာ သေချာတယ်၊ အစ်ကိုလွင်လည်း သတိထားနော်၊
အပျက်ပျက်နဲ့. . . ဟင်း. . ."

"ဟောဗျာ. . . ဘယ့်နှယ် အစ်ကိုလွင့်ဘက်လှည့်လာရပြန်တာလဲ"

"အစ်ကိုလွင်က သူ့အပေါ် စိတ်ဝင်စားနေလို့သာ သူ့အကြောင်းကို
အချိန်ကုန်ခံပြီး နားထောင်နေတာပေါ့၊ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး အေးရာ၊ မိန်းမထောင်မှာ ယောကျ်ားထောင်မှာလို
မဟုတ်ဘူးလေ၊ ဟိုသွားဒီသွားဖို့လည်းမရှိဘူး၊ ခဏခဏ အဝင်အထွက်လုပ်
လို့လည်း မကောင်းဘူး၊ အားတဲ့အချိန်လေးကို အချိန်ကုန်အောင် အချိန်
မြှုန်းနေတာပါ၊ မဟုတ်သော်လည်း အပျင်းပြေဆိုသလိုပေါ့ မေးရာ"

"ဒါဖြင့်လည်း ဇာတ်လမ်းဆုံးအောင် ဆက်နားထောင်လိုက်ဦးပေါ့"

အေး၏နှုတ်ခမ်းလွှာပေါ်မှာ မဲ့ရိပ်ကလေး ထင်သွားသည်။ အပြစ်မဆို
သာ၊ သူလည်း မိန်းမသားပေကိုး။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

ခင်လေးနွယ်တစ်ယောက်တည်း လေယာဉ်ပျံနှင့် ပြန်လာသည်၊ လေယာဉ်ကွင်းကို မမသီနှင့် ဇော်မောင်မောင်တို့ လိုက်ပို့ကြ၏၊ တစ်ခါမှ လေယာဉ်မစီးဖူးသေး၊ စီးဖူးဖို့နေနေသာသာ အနီးကပ်သော်မှ မြင်ဖူး ကြည့်ဖူးခြင်းမရှိ၊

လေဆိပ်ရောက်ကတည်းက ရင်တုန်ပန်းတုန်ဖြစ်နေသည်၊ လာနိုးနိုးမျှော်ကိုး၍ စောင့်ရသည်မှာ ရင်မောစရာ၊ လေယာဉ်တွင်းသို့ ရောက်နေသည်မှာ နှစ်နာရီမကပြီ၊ သူစီးရမည့်လေယာဉ်ပျံ ဆင်းမလာသေးပါ၊

အရိပ်အာဝါသမစည်ဝေသည့် လေယာဉ်ကွင်းမှာ ပူပူလောင်လောင်မိုးချွေးတစို့စို့၊ သုံးနာရီနီးပါးစောင့်ရပြီးမှ လေယာဉ်ပျံကြီးဆင်းလာသည်၊ အပြင်အမြင် အကြီးကြီး၊ လေယာဉ်ပေါ်ရောက်တော့ သေးသေးလေးလေး၊

သူ လေယာဉ်ပေါ်ရောက်ပြီးမှ မမသီနှင့် ဇော်မောင်မောင်တို့ ပြန်သွားကြသည်၊ လေယာဉ်ထိုင်ခုံပေါ် ထိုင်မိကတည်းက မျက်စိကိုမဖွင့်ဘဲ ပိတ်ထားလိုက်သည်၊

လေယာဉ်ပေါ်ရောက်ရင် ဘာလုပ်ရမည်နည်း၊ လေယာဉ်ဆင်းကာနီး ဘာလုပ်ရမည်နည်း၊ အန်ချင်ရင် အသုံးပြုရမည့်အိတ် ဘယ်နေရာမှာရှိသည် စသည်များကို မမသီက သင်ပြထားသည်ကြောင့် အခက်အခဲမရှိပါ၊

လေယာဉ်ပျံတက်စ ရင်တထိတ်ထိတ် ခုန်နေသော်လည်း ကောင်းကင်ယံသို့ရောက်သွားသည့်အခါတွင်မူ လေယာဉ်ပျံကြီး ငြိမ်သက်သွားသလို တုန်ခုန်နေသည့်ရင်လည်း ငြိမ်သက်သွားသည်၊

ဘေးချင်းယှဉ်လျက်ခုံတွင်ရှိနေသည့် အဒေါ်ကြီးမှာ လေယာဉ်စထွက်ကတည်းက စကားတစ်လုံးမှမပြော၊ လက်ထဲတွင်ကိုင်ထားသည့်ပုတီးကိုလုံးဝအနားမပေးဘဲ တစ်ပတ်ပြီးတစ်ပတ်စိတ်လျက် လိုက်ပါလာသည်၊

ပုတီးပတ် ဝတ်မပျက်အောင် စိတ်နေသည်လား၊ လေယာဉ်ပျံနှင့် ခရီးသွားရသည်ကို ကြောက်လို့အားကိုးအားထားပြုရာ ပုတီးပတ်ကို တွင်တွင်စိတ်နေသည်လားဆိုသည်ကိုမူ ကာယကံရှင်မှတစ်ပါး မည်သူမျှမပြောနိုင်ရာ၊

မင်္ဂလာခုံရောက်တော့ ဦးအေးမြင့်လာကြိုနေသည်၊ မမသီအကြောင်းကိုတစ်ခွန်းမှမမေး၊ ချစ်လွန်းလို့ ခွင့်လွှတ်နိုင်သည်လား၊ မပြောသာ မဆိုသာလို့ ဥပေက္ခာပြုထားသည်လား၊ ဒါမှမဟုတ် တခြားသောအကြောင်းတစ်စုံတစ်ရာ ရှိလေမည်လား၊

မည်သို့ပင်ရှိစေ၊ ဦးအေးမြင့် မမသီအပေါ် ချစ်ပုံမှာ တစ်မျိုးကြီးပါဟု





ဆိုရမည်သို့၊ သူကတော့ ကိုဝင်းပြန်လာမလာကို အမောတကောမေးလိုက်မိသည်၊ မလာသေးပါဆိုသည့်အဖြေကိုရလိုက်သမို့ စိတ်လှုပ်ရှားမှုလေး ငြိမ်သက်သွားရသည်၊

ကိုဝင်းမောင်ပြန်လာတိုင်း ခင်လေးနွယ်က အပြုံးတစ်ဝေဖြင့် ဆီးကြိုစမြဲရှိခဲ့ရာ ခုတစ်ခေါက်ပြန်ရောက်လာလို့ သူ့ကိုမတွေ့ရင်ဆိုသည့် စိုးရွံ့မှုကလေးရှိနေသောကြောင့် အမောတကော မေးလိုက်ရခြင်းပါ၊

တိုက်ပဲတိုက်ဆိုင်လွန်းသည်ဟု ဆိုရမည်လား၊

အိမ်ပြန်ရောက်တော့ ဘယ်လိုမှမမျှော်လင့်ဘဲ ကုလားထိုင်ပေါ်မှာငူငူကြီးထိုင်နေသည့် ဝင်းမောင်ကို ဘွားခနဲ တွေ့လိုက်ရ၏၊

"အို . . . ကိုဝင်းပါလား၊ ဘယ်တုန်းက ပြန်ရောက်နေတာလဲဟင်"

လွှတ်ခနဲ အာမေဍိတ်သံနှင့်အတူ အမေးစကားပြုလိုက်သော်လည်း တုံ့ပြန်အဖြေစကားသံထွက်မလာ၊ မကျေနပ်သည့်အကြည့်မျက်လုံးကိုသာမျက်လုံးချင်းဆိုင်လိုက်ရ၏၊

သုံးနှစ်နီးပါး ပေါင်းလာသည့် ယောက်ျားပဲဟာ၊ ကိုယ့်ယောက်ျား မျက်နှာရိပ်မျက်နှာကဲ ဘယ်သို့ရှိသည်ကို မသိဘယ်နေပါ့မလဲ၊ သူတို့မကြည်သာပြီဆိုရင် ရယ်တာတောင် ပုံစံပြောင်းတတ်သည်ပဲဟာ၊

သူ့အချိုးပြောင်းနေပုံမှာ သိသိသာသာ၊ ခါတိုင်းဆို ခရီးထွက်ပြန်လာရင်တစ်ခန်းလုံး သူ့အသံချည်း၊

မယားအတွက်ဝယ်လာသည့် အဝတ်အစားများကိုတစ်မျိုးပြီးတစ်မျိုးထုတ်ပြလို့၊ ကိုယ်ပေါ်မှာကပ်ခိုင်းပြီး တပြုံးပြုံးနဲ့ထိုင်ကြည့်နေတတ်တာ၊

ကိုဝင်းရယ် အမောလေးဘာလေးဖြေပါဦးလို့ ပြောပေမယ့်မရ၊ အခုအပြုံးလုံးဝမဆောင်သည့် မျက်နှာထားကြီးမှာ သုန်သုန်မှုန်မှုန်၊ မျက်နှာကြောတင်းထားလိုက်ပုံမှာ ကြောက်စရာ လန့်စရာသို့နှယ် ရှိဘိ၏၊

"ကျွန်မက တိုယ့်အပြစ်နဲ့ကိုယ်မို့ အိတ်ကလေးချပြီး သူ့ရှေ့မှာ ဝင်ထိုင်လိုက်ပါတယ်၊ သူက ပက်လက်ကုလားထိုင်ပေါ်မှာ၊ ကျွန်မက ကိုဝင်းရဲ့ခြေရင်းမှာ ရို့ရို့တျိုးကျိုး သူ့ရဲ့ဒူးနှစ်လုံးကို ကိုင်ထားလိုက်ပါတယ်၊ နှုတ်ခွဲ့တောင်းပန်စရာရှိတာကို နှုတ်ဖွင့်မတောင်းပန်ခင် ကိုယ်အမူအရာနဲ့ တောင်းပန်လိုက်တဲ့သဘောပါပဲ၊ တင်းလွန်းတဲ့မျက်နှာကြော နည်းနည်းလျှော့သွားပေမယ့် ခါတိုင်းလိုအပြုံးမျိုး ပွင့်မလာသေးပါဘူး၊ ကိုဝင်းစိတ်မကြည်တဲ့



www.burmeseclassic.com

www.burmeseclassic.com


အခါတိုင်း စကားနည်းရန်စဲဖြစ်အောင် ကျွန်မက သည်နည်းကိုသုံးခဲ့ပါတယ်"

ခုလည်း. . .။

"ကိုဝင်း. . . မလေးကို စိတ်ဆိုးနေသလားဟင်၊ မလေး တောင်းပန်ပါတယ် ကိုဝင်းရယ်၊ မန္တလေးကို ဘုရားဖူးတစ်ခေါက်မှမရောက်ဖူးလို့ မမသီ မန္တလေးသွားဖို့ကိစ္စပေါ်လာတာနဲ့ မလေးလိုက်သွားမိတာပါ၊ ပထမ မလေး ငြင်းပါသေးတယ်၊ မမသီက အတင်းခေါ်တာနဲ့. . ."

"ခုပြန်တော့ မမသီ မပါပါလား"

"မမသီက သူ့အရောင်းအဝယ်ကိစ္စမပြီးလို့ ကျန်ခဲ့တယ်လေ၊ မလေးသာ ကိုဝင်းအတွက် နောက်ဆံတင်းပြီး ရက်ညောင်းမှာစိုးလို့ မမသီကို လေယာဉ်ပျံလက်မှတ်လုပ်ခိုင်းပြီး ပြန်ခဲ့ရတာ"

"ကျွန်မက အဲ့ဒီလိုပြောလိုက်တော့မှ ကိုဝင်းမျက်နှာ ကြည်သာသွားပြီး ပြောပေါက်ဆိုပေါက်လေသံ ပျော့ပျောင်းလာပါတယ်၊ အဲ့ဒီနောက်တော့ ကြည်သာသွားတာပေါ့လေ၊ ယောကျ်ားဆိုတာက ကိုင်တွယ်တတ်ရင် ရွှံ့လိုပဲ လိုရာပုံသွင်းလို့ရပါတယ်"

သည်အကြောင်းကလည်း သဘောကျစရာပါ။ ဦးတင့်လွင်မှာ ခေါင်းတဆတ်ဆတ်။

"ခင်လေးနွယ်က အရွယ်နဲ့မလိုက်အောင် လည်တာပဲနော် အစ်ကိုလွင်"

"ဒါပေါ့ အေးရယ်၊ လည်လွန်းတဲ့ဘီး ချေးသင့်ဆိုသလို လည်လွန်းတော့ ထောင်ထဲရောက်လာရတာပေါ့"

"သူ နီးနီးကပ်ကပ်ပေါင်းနေတဲ့ မမသီဆိုတာကလည်း တော်တော်လည်ပတ်ပုံရတယ်နော်၊ သူကတော့ ကိုယ့်ယောကျ်ားကို ရှုပ်သေးရှုပ်လို့ သဘောထားတယ်ထင်တယ်"

"အဲ့ဒီ မမသီအကြောင်းကို ခင်လေးနွယ်ပြောတဲ့အတိုင်းသာပြန်ပြောရရင် အေးတောင် နားထောင်ဝံ့မှာမဟုတ်ဘူး၊ ကိုလွင်တောင် မပြောဖို့တားယူရတယ်၊ တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုးဆိုတဲ့ ရှေးလူကြီးတွေရဲ့ စကားပုံဟာ သိပ်မှန်တာပဲအေးရဲ့၊ ကောင်မလေးရဲ့ ပင်ကိုဗီဇနဲ့စရိုက်က သည်လောက်ဆိုးပုံမရဘူး၊ အတုခိုးမမှန်လို့ ဒုက္ခဝက်ဘာထဲမှာလည်ပြီးရင်လည်ဆိုသလို လည်ရင်းနဲ့ထွက်ပေါက်မတွေ့ခဲ့တာမျိုးပဲ ဖြစ်လိမ့်မယ်"

"ဒါနဲ့ အစ်ကိုလွင် ဒေါ်ခင်မြကြွယ်တောင် အလုပ်ပြန်ဝင်တော့မယ်ဆိုပါလား"

"ဟောဗျာ အစ်ကိုလွင်တောင် သည်သတင်း မကြားရသေးဘူး။ အေး ဘယ်ကနေကြားလာတာလဲ"

"နေ့လည်က ဒေါ်ချိုမြင့်အိမ်လည်လာရင်း ပြောသွားတာ"

ဒေါ်ချိုမြင့်က ထောင်မှူးဦးစိုးမင်းမိန်းမ၊ ဒေါ်ခင်မြကြွယ်တို့နှင့် နီးနီးစပ်စပ်ရှိသည်။

ခွင့်ရက်ရှည်ယူထားသူ ဒေါ်ခင်မြကြွယ်က ထောင်လိုင်းမှာမနေ၊ သူ့ခင်ပွန်းကျောင်းအုပ်ဆရာကြီးနေသည့် မြောင်းမြမှာသွားနေသည်။

ရေကျော်တွင်နေသော ဒေါ်ခင်မြကြွယ်ညီမက ဒေါ်ချိုမြင့်နှင့် ကျောင်းနေဘက်သူငယ်ချင်း။

တဆင့်စကား သတင်းကြားလာခြင်း ဖြစ်လိမ့်မည်။ သည်သတင်းသာ မှန်ခဲ့လျှင် ဦးတင့်လွင်အတွက် အတိုင်းထက်အလွန်ဝမ်းသာစရာ။ မိန်းမထောင်တွင် တာဝန်ထမ်းဆောင်ရသည်မှာ ဖျင်းရိငြီးငွေ့စရာကောင်းသည့် အပြင် တစ်ပုံတစ်ပင် ပြဿနာပေါင်းစုံကို နေ့စဉ်ရှင်းလင်းနေရသည်မှာ မလွယ်။

ရှင်းရင်းရှုပ်သွားသည်များရှိသလို စေတနာက ဝေဒနာဖြစ်သွားရသည်များလည်းရှိသည်။

ရင်ဝယ်စွဲမိရသည့်စေတနာ ရှေ့လွန်သွားရာမှ ဝေဒနာအဆစ် နောင်ပိုးလာသည့်ဖြစ်ရပ် တစ်ခုမှာ. . .

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်လေး)

မိန်းမထောင်မှာ ရန်ဖြစ်တာလောက်တော့မဆန်း။ ဗိုဇေရိုက်မကောင်းလို့ ထောင်ထဲရောက်လာသူတွေပဲဟာ၊ အထဲရောက်မှ ဗိုဇေရိုက်ဘယ်ကောင်းနိုင်မှာ

ပြီးတော့ မိန်းမသားတွေ အတင်းအဖျင်းပြောလေ့ရှိသည့်စရိုက်မှ ကလေးဘဝကတည်းက အရိုးစွဲလာသည့်စရိုက်။

နှစ်ယောက်ဆုံမိရင် နည်းနည်းလောက်ဆော့ ပြောလိုက်ရမှ အတင် ပြောတတ်သူကို လျှာဖြတ်စတမ်းဆိုရင် မိန်းမသားတွေမှာ လျှာဟူ၍ မရှိနိုင်ရာ

နေရသည်က စုစုဝေးဝေး၊ အိပ်ဆောင်တံခါးဖွင့်လိုက်သည်နှင့် မျက်နှာ သစ်ရင်း အပေါ့အလေးစွန့်ရင်းပြောလိုက်ကြတာ မျက်စိနှစ်လုံးစုံပိတ်တော့ မှပဲ အပြောရပ်ပါလေတော့သည်။

အတင်းပြောခြင်း၏ နောက်ဆက်တွဲပါလာသည်မှာ စကားအခြေအတင် ပြောခြင်းနှင့် ရန်ဖြစ်ခြင်း။ အသေးအဖွဲ့စကားများ ရန်ဖြစ်တာမျိုးလောက် ကျတော့ ထောင်မှူးလေးဆီမရောက်၊ တန်းစီးတို့ အမျိုးသမီးထောင်ကြပ်တို့ အဆင့်မှာပင် အဆုံးသတ်သွားစမြဲ။

ကိုယ်ထိလက်ရောက်ကျူးလွန်သည့်အဆင့်မျိုးရောက်ရင် တန်းစီးတို့ ထောင်ကြပ်တို့အဆင့်မှာမပြီး၊ ဦးတင့်လွင်ဆီရောက်လာစမြဲ။ နင်တန်နှ တန်လုပ်လို့မရ။ ဖြစ်သည့်အကြောင်းရင်းနှင့် ဘယ်သူလွန်သည်ကို စစ်ဆေး၍ အပြစ်ပေးရသည်။

ကိုယ်ထိလက်ရောက်ကျူးလွန်သည့်အဆင့်မျိုးရောက်ပြီဆိုရင် ဆုံးမ စကားဆိုရုံနှင့်မရ၊ နောက်မဖြစ်ကြနဲ့လို့ပြောရုံနှင့်မပြီး။ ထိုက်သင့်ရာ အပြစ် ဒဏ်ကို မပေးမနေ ပေးရပါလေမည်၊ စစ်လိုက်ပြီဆိုရင် နှစ်ဘက်စလုံးက





ကိုယ်မှန်သည်လို့ပဲ ဇွတ်မှိတ်ပြောကြသည်။

ကိုယ်ကမှားပါသည်၊ ကိုယ်ကလွန်ပါသည်လို့ ဝန်ခံရိုးထုံးစံမရှိ။ သူတို့က ဘယ်သူဘယ်ဝါသိပါသည်၊ ရှိပါသည်ဟု သက်သေထူလာသည်ကိုလည်း အသိ အမှတ်ပြုလို့မဖြစ်၊ သူတို့က ကိုယ့်အုပ်စုနှင့်ကိုယ် နီးစပ်သလို နေထိုင်ကြ သောကြောင့် ကိုယ့်လူဘက်က မှန်သည်ဟုပဲ သက်သေပြုကြသည်။

မိန်းမအချုပ်ထောင်မှာ အအုပ်အသင်းမဖွဲ့ဘဲ သီးသန့်နေထိုင်ကြသူ များရှိသလို အအုပ်အသင်းမဖွဲ့မဖြစ်ဖွဲ့ပြီး နေထိုင်သူများလည်း ရှိသည်။

သူတို့အချုပ်သူအချင်းချင်းကလည်း ဝိုင်းပယ်ကြသည်။ ထောင်ကြပ် ထောင်မှူးတို့ကလည်း မျက်နှာသာမပေး။ အမျိုးသမီးထောင်ကြပ်ထောင်မှူး တို့က အမျိုးသမီးချင်းဖြစ်စေကာမူ ဟက်ဟက်ပက်ပက် မဆက်ဆံ၊ လိုက်လိုက် လျောလျော မျက်နှာသာမပေး။

"ဟော့ . . . မရှိရင်တောင်းစားမယ်၊ ဒါမျိုးတော့မလုပ်ဘူး" ဆိုသည့် မိန်းမသား ဂုဏ်မာနထားကြသူများက သူတို့ကို မမုန်းသည့်တိုင် ရွံရှာကြသည်။

ဖြစ်လာလို့ပြောကြပြီဆိုရင် "ဟော့ တို့က မိန်းမပျက်မဟုတ်ဘူး၊ အတန်း စားက မိန်းမ မဟုတ်ဘူး" လို့ ပြောလိုက်ရင် သူတို့ခေါင်းလျှိုသွားရစမြဲ။

သူတို့အပေါ် လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောစရာတွေ တစ်ပုံတစ်ပင် ပါလေသတတ်။ ဒါကြောင့်လည်း သူတို့က ထောင်ထဲမှာ သူများမစော်ကား အောင် အအုပ်အသင်းဖွဲ့၍ နေကြသည်ပါ။

ကိုယ်ထိလက်ရောက် ကျူးလွန်မှုရန်ပွဲမျိုးဖြစ်သော်အခါ အဓိကထား၍ စစ်ဆေးရသည်မှာ ကာယကံရှင်များကိုမဟုတ်။ သူတို့ကို အနီးကပ်အုပ်ချုပ် ရသည့် တန်းစီးကို အဓိကထား၍ စစ်ဆေးရ၏။

တန်းစီးဆိုတာတ အချုပ်ဆောင်မှာဖြစ်ဖြစ် ထောင်ကျဆောင်မှာဖြစ်ဖြစ် သူတို့ကိုအချိန်ပြည့် အနီးကပ်အုပ်ချုပ်နေရသူ။ အဆောင်ကိုင်ထောင်မှူး တို့၏ ညာလက်ရုံးသဖွယ် အားကိုးအားထားပြုရသူ။

အပ်ကျတာကအစ တန်းစီးတွေမသိလို့မရ၊ ဒုတိယစစ်ဆေးရသူမှာ အမျိုးသမီးထောင်ကြပ်၊ တန်းစီးလောက် လက်ပွန်းတတီးမနေရစေကာမူ အချုပ်သမတွေ အကျဉ်းသမတွေအကြောင်းကို အတွင်းနှိုက်နှိုက် လေ့လာ ထားကြသူများဖြစ်သောကြောင့်။

သိပ်မကြီးကျယ်လျှင် ထောင်မှူးလေး အဆုံးအဖြတ်ဖြင့် အပြစ်ပေးရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တိုက်ပိတ်ရမည့်အဆင့်မျိုးလောက်ဖြစ်သွားသည့် အမှုမျိုးဆိုလျှင် ထောင်မှူးလေးတစ်ယောက်တည်းက အဆုံးအဖြတ်မပြုနိုင်။ ထောင်မှူးကြီး ထံတင်ပြ၍ အဆုံးအဖြတ် ရယူရသည်။

အတင်းပြော၍ စကားများလျှင် အတင်းပြောသူ ရေဆယ်ထမ်း။ စောင်းမြောင်းပြီး သူတစ်ပါးမြင်သာအောင် မဲ့ရွဲ့ပြလျှင် ရေဆယ့်ငါးထမ်း။ ဆဲဆိုကြိမ်းမောင်းခြိမ်းခြောက်လျှင် ရေအထမ်းနှစ်ဆယ်။

အမှုနှင့်ပြစ်ဒဏ်ကိုတွဲစပ်၍ အမိန့်ပြန်တမ်းထုတ်လိုက်သည့်အချိန်မှ စ၍ အချုပ်ဆောင်တွင် ပြဿနာအတော်လေးနည်းသွားသည်။ ဒါတော် လုံးလုံးမပပျောက်။

မိန်းမဆောင်တွင် ပြဿနာအပေါ်ဆုံးက အပုပ်ကြီးချိန်ခေါ်သည့် ညဘက်မှာ။ အထူးသဖြင့် အိပ်ဆောင်ပိတ်ချိန်မှ ညရှစ်နာရီအတွင်း။ ရှစ် နာရီနောက်ပိုင်းတွင် ပြဿနာမပေါ်။ အိပ်ချိန်အချက်ပေးပြီးရင် စကားသံ လုံးဝမထွက်ရ။ စကားသံမထွက်ရမှတော့ ပြဿနာဖြစ်စရာမရှိ။

ဒါကြောင့် မိန်းမထောင်ကိုင်ရသည့် ထောင်မှူးကလေးများမှာ ကိုးနာရီ လောက်တွင် တစ်ခေါက်ဝင်၍ စစ်ဆေးရသည်။ ပြောင်ပြောင်တင်းတင်း ဝင်၍ စစ်ဆေးရသည့်အခါရှိသလို ချွတ်နင်းပြီး ဝင်ချောင်းရသည့်အခါမျိုး လည်းရှိသည်။

တန်းစီးနှင့် ဘာယာတွေ စနစ်တကျ အိပ်ဖန်စောင့်မစောင့်၊ အစီ သမီးထောင်ကြပ်တာဝန်ကျသူများနေရမည့်နေရာတွင် နေမနေ၊ လုပ်ရမည့် တာဝန်ပိုင်းကို လုပ်မလုပ် စသည်များကိုလည်း စစ်ဆေးရသည်။ မှားစရာ ရှိသည်များကို မှာရသည်။

အဓိကထား၍ မေးမြန်းရသည်မှာ မမာမကျန်းဖြစ်နေသူများ၏ အခြေ အနေ။ နေ့ဘက်တွင် ဘာဖြစ်ဖြစ် အကြောင်းမဟုတ်။ ထောင်ဆေးရုံမှာ ကွန်ပေါင်ဒါနှင့် ဆရာဝန်တို့ရှိသည်။ ညဘက်တွင် ဆရာဝန်မရှိ၊ ကွန်ပေါင် ဒါမရှိ။ သူတို့က ထောင်ကျကွန်ပေါင်ဒါတွေ။ အသေးအမွှားရောဂါလော တော့ သူတို့နှင့်ကိစ္စပြီးသည်။ ရောဂါကြီးတွေကျတော့ သူတို့နှင့်မပြီး။

ရောဂါကြီးသမားတွေ ညဉ့်နက်ပိုင်း ဗွေဖောက်ရင်မလွယ်။ ယောကျ်ား ရောဂါကြီးသမားတွေကို ထောင်ဆေးရုံမှာ အတွင်းလူနာအဖြစ် ထားလို့ရသည်။ မိန်းမအချုပ်သမား အကျဉ်းသမားတွေကျတော့ ထောင်ဆေးရုံမှာ ထား





ဖြစ်။ အဆောင်မှာပဲထားပြီး ကုသပေးရသည်။

ထောင်ကျဆောင်မှာ နှလုံးပွန်ကျယ်ရောဂါသည် တစ်ယောက်ရှိနေသည်။ ဗိုဒ် ၄၀၉အလွဲသုံးစားမှုနှင့် ထောင်ဒဏ် နှစ်နှစ်ကျခံနေရသူ။ လုံးကြီးပေါက်လှ ရုပ်ချောချော အသက်သုံးဆယ်ကျော်အရွယ်။ ခင်အေးမော်မှာ စိန်ပွဲစား။

ယောကျ်ားဖြစ်သူမှာ အစိုးရဌာနတစ်ခုမှအရာရှိ။ အထက်တန်းလွှာ အသိုင်းအဝိုင်းနှင့် ဝင်ဆန့်သူ။ ခင်အေးမော်၏အဒေါ်ဖြစ်သူမှာ စိန်ပွဲစား လောကတွင် နာမည်တစ်လုံးနှင့် အောင်မြင်နေသူဖြစ်သည့်အလျောက် တူမဖြစ်သူကို လက်တွဲခေါ်ခဲ့ရာမှ ခင်အေးမော်မှာ စိန်ပွဲစားလောကတွင် အတင်းမွေးသည့် သောင်းကြီး သိန်းကြီးကိုင် စိန်ပွဲစားဖြစ်လာသည်။

ပွဲစားလောကမှာ ကတိသစ္စာ သမာဓိတည်ကြည်လျှင် သက်ရှယ်ကြီးလို့ လုပ်နိုင်သည့်တိုင် အိမ်မှာထိုင်နေရင်းက အကဲဖြတ်ခရသည့်ငွေကြေးနှင့် တင့်တောင့်တင့်တယ် နေနိုင်စားနိုင်သည်။

ဒါပေသည့် ခင်အေးမော်က အဒေါ်ဖြစ်သူလို နာမည်တစ်လုံးကို သေ တစ်ပန်သက်တစ်ဆုံး မထိန်းနိုင်ခဲ့။ စိန်အရောင်းအဝယ်လုပ်ငန်းဖြင့် သွားလာ လုပ်ရှားရင်း မိန်းမတန်မဲ့ ဂျင်ဝိုင်းနှင့်တွဲစပ်မှုရှိလာသည်။

လောင်းကစားနှင့် ဘဝရပ်တည်မှု အောင်မြင်သူမရှိရာဆိုသည်ကို မျက်နှာလွှဲခဲ့ရာမှ မလှည့်နိုင် မပဲ့နိုင် မရှုနိုင် မကယ်နိုင် အနေအထားသို့ ရောက်ခဲ့ပြီး တစ်သိန်းရှစ်သောင်းကျော်တန် စိန်ထည်များကို အလွဲသုံးစား လုပ်မှုဖြင့် ထောင်ထဲရောက်ခဲ့ရသူ။

နှလုံးပွန်ကျယ်ရောဂါကြောင့် အပြင်မှာ ဆေးရုံနှစ်ခါတက်ခဲ့ရဖူးသည်။ အိပ်၍ ကုသရမည့်အဆင့်သို့ ရောက်လုဆဲဆဲ ထောင်ထဲသို့ ဝင်ခဲ့ရ၏။

ထောင်ဆရာဝန်က ကြပ်မတ်ကုသပေးနေသည့်တိုင် အစားအသောက် နေအထိုင်နှင့် ဆေးဝါးကြောင့် တောင်းတစ်လှည့် ဆိုးတစ်ခါ နေနေရ၏။ ထောင်အလုပ်တာဝန်များကို ဘာမှမခိုင်းဘဲ နာတာရှည်လူမမာစာရင်း သွင်း ထားသောကြောင့် သက်တောင့်သက်သာနေရသည်။

တစ်ည။

ကိုးနာရီလောက် ဦးတင့်လွင်က ထောင်ကျဆောင်ကို စစ်ဆေးပြီး ပြန် ထွက်မည့်အလုပ် ခင်အေးမော် ရောဂါဖောက်လာသည်။ ထောင်မှူးကြီးရုံခန်း တစ်ဆင့် ထောင်ဆရာဝန်ကြီးအိမ်ကို ဖုန်းဆက်ပြီး အကြောင်းကြားခိုင်း

www.burmeseclassic.com

ရသည်။ ခင်အေးမော်နေရသည်မှာ ထောင်မှူးလေး ရုံးခန်းထိုင်သည့် သီးသန့်အဆောင်တွင်. . .။

ထောင်ဆရာဝန်ရောက်မလာခင် ဝါဒါဒေါ်အေး၊ သီးသန့်ဆောင် တန်းစီးမမြကျင်တို့ အကူအညီဖြင့် တတ်သမျှမှတ်သမျှ ဝိုင်းဝန်းပြုစုကြရသည်။

ဦးတင့်လွင်လည်း မနေသာ။ လည်ပင်းကြောကြီးတွေထောင်ပြီး တခွီးခွီးဖြစ်နေရာ ရင်ဘတ်နှိပ်ပေးနေသည့် ဒေါ်အေးကို ခြေထောက်ဘက်ပြောင်းခိုင်းပြီး သူကိုယ်တိုင် ရင်ဘတ်ကို ဖိဖိစီးစီးလှုပ်ရှားပေးခဲ့ရသည်။

ထောင်ဆရာဝန်ရောက်လာပြီး ဆေးထိုးပေးလိုက်တော့မှ သက်သာသွားသည်။

လူလူချင်းထောက်ထားစာနာသည့်သဘောဖြင့် စေတနာကိုအရင်းခံ၍ ကူညီခဲ့ခြင်းဖြစ်သော်လည်း မနက်မိုးလင်းတော့ ဝေဒနသတင်းကို ကြားလိုက်ရသည်။ ညက ခင်အေးမော်ကို ထောင်မှူးလေးက ဘယ်သို့ညာသို့ဆိုသည့် မိန်းမတို့လေအတိုင်း. . .။

ရှင်းချက်ထုတ်ရင် ဆေးအတွက်ပိုလေးဆိုသလိုဖြစ်မည်မို့ လျှာအရိုးမရှိတိုင်း ပြောကြတာပဲဟုသဘောမှု၍ နာသာခံခက်နေလိုက်ရသည်ပါ။ မိန်းမဆောင်ကို အုပ်ချုပ်ရသည်မှာ မလွယ်။

ဒါကြောင့်လည်း ခင်လေးနွယ်နှင့်စကားပြောသည့်အခါ အချုပ်ဆောင်တန်းစီးဒေါ်တုတ်ကို အနားမှာ ခေါ်ခေါ်ထားရသည်။ ဒါတောင် အပြောအဆိုမလွတ်။ သူ့ကိုတော့ တိုက်ရိုက်မပြော။ ခင်လေးနွယ်ကို စောင်းမြောင်းပြောဆိုရင်း ဦးတင့်လွင်ကိုပါ အဖျားခတ်ကြသည်။

"ကောင်မ မျက်နှာကိုကြည့်ပါလား၊ စပရင်မျက်နှာကျနေတာပဲ ထောင်မှူးလေးကို သူ့လင်များအောက်မေ့နေသလားမသိဘူး၊ ထောင်မှူးလေးနဲ့ စကားပြောရင် ညုတုတု ပြုံတီတီနဲ့၊ တစ်ပိုက်က မမွေးသေးလို့သာပေါ့၊ နို့မဟုတ်ရင်တော့လား ထောင်ထဲမှာတင် နောက်တစ်ရိုး သေချာတာပေါ့"

သည်သို့သည်လို အပြောမျိုးတွေကို နားမဆန့်အောင်ကြားရသည် တော်သေးသည်ဟု ဆိုရမည်။ အေးနားကို မပေါက်လို့။

နို့မဟုတ်ရင်တော့လား. . .။

♦ ♦ ♦



(တစ်ဆယ့်ငါး)

ခင်လေးနွယ် မနက္ခလေးပြန်လာပြီး ငါးရက်မြောက်နေ့တွင် ဝင်းမောင်ခရီးတကျော့ပြန်ထွက်သွားသည်။ မမသီ မန္တလေးက ပြန်မရောက်သေး။

သူသာ စောစောပြန်မလာမိရင် ပြဿနာပိုတက်မည်မှာ သေချာသည်။ ဒါတောင် နှစ်ရက်လောက်အလူးအလဲချော့ပြီး သူ့အကြိုက်ကို လုံးလျားလျားဖြည့်ပြည့်ဝဝကြီး လိုက်လျောလိုက်တော့မှ နဂိုပုံမှန်အနေအထားသို့ ပြန်ရောက်ခဲ့သည်။

ဝင်းမောင်က သူခရီးထွက်နေတုန်း ဘယ်သူနှင့်မှ ညဥ့်အိပ်ညဥ့်နေ သွားပါဘူးဆိုသည့် ကတိကို တောင်းခဲ့လေသည်။

"ကိုဝင်းတောင်းတဲ့ကတိကို မလေးပေးပါတယ်၊ ကိုဝင်းကလည်း မလေးကို ကတိပြန်ပေးပါဦး"

"ကျွန်မက ခုလိုအမြဲတမ်း ခရီးထွက်နေရတဲ့ အလုပ်ကိုစွန့်ပြီး လင်မယား ်ယောက် နေ့တိုင်းထမင်းလက်ဆုံစားလို့ တစ်ယောက်ကိုတစ်ယောက် ယုယယပိုက်ထွေးလို့ ဘယ်သွားသွား ရှုပ်ရှင်ကြည့်တာကအစ လင်မယား ယောက်အတူတွဲလို့ အေးအတူပူအမျှ ဘဝခရီးကို လက်တွဲလျှောက်လိုတဲ့ မ တောင့်တောင့်တတရှိနေတဲ့ဆန္ဒကို လိုက်လျောဖို့ ကတိတောင်းခဲ့ တယ်"

"မလေးတောင်းတဲ့ကတိကို ကိုဝင်းသိပ်ပေးချင်တာပေါ့ မလေးရယ် မယ် ကိုဝင်းတို့အလုပ်က တစ်ယောက်ထည်းလုပ်ရတဲ့အလုပ်မျိုး မဟုတ် ငွေကြေးကအစ ရှယ်ယာထည့်ပြီး အစုအဖွဲ့နဲ့လုပ်နေတာဆိုတော့ င်းရုတ်တရက် ခွဲထွက်ဖို့မလွယ်ဘူး မလေး၊ ပြီးတော့ ကိုဝင်းတို့ကို


www.burmeseclassic.com

www.burmeseclassic.com

သည်အခြေအနေမျိုးရောက်အောင် ဖန်တီးပေးတဲ့ ကိုအောင်မြင့်မောင်ရဲ့ မျက်နှာကို ထောက်ထားရမယ်လေ၊ သစ်စိမ်းချိုးချိုးလို့မဖြစ်ဘူး မဟုတ်လား၊ ကိုဝင်း အချိန်နည်းနည်းယူပါရစေဦး၊ အကြာကြီးမဟုတ်ပါဘူး မလေးရာ၊ တစ်နှစ်လောက်ပါ၊ မလေးဆန္ဒကို ကိုဝင်းဖြည့်စွမ်းပေးပါ့မယ်"

"သူက အဲ့ဒီလိုပြောလာတော့ ကျွန်မလည်း ခေါင်းညိတ်လိုက်ရပြန်တာပေါ့၊ ခုတစ်ခေါက်အပြန်မှာ အရင်အခေါက်တွေကလို မဟုတ်ဘူး၊ ကိုဝင်း အရက်ကို တော်တော်လေးသောက်လာတယ်၊ ဒါနဲ့ပတ်သက်လို့တော့ ကျွန်မ ဘာမှမပြောပါဘူး၊ ကိုဝင်းတို့သွားလာနေရတဲ့ ဒေသတွေမှာ ရာသီဥတု အလွန် အေးတယ်ဆိုတဲ့အကြောင်း၊ အရက်မသောက်ရင် ရာသီဥတုဒဏ်ကို မခံနိုင်တဲ့ အကြောင်းကို ကိုအောင်မြင့်မောင်ပြောပြလို့ ကျွန်မသိထားတာကိုး၊ ဒါကြောင့် သူ အရက်သောက်တာကို မတားမြစ်ပါဘူး၊ အလွန်အကျွံမသောက်ဖို့ဘဲ သတိပေးခဲ့ပါတယ်၊ ဒီအရက်ကြောင့် ကျွန်မတို့လင်မယား ဒုက္ခပင်လယ် ဝေလိမ့်မယ်လို့ မထင်ခဲ့ပါဘူး၊ တကယ်တော့ ကျွန်မ ကိုဝင်းကို သေစေလို တဲ့ ဆန္ဒနဲ့ ဘာမှမလုပ်ခဲ့ပါဘူး၊ အဲ့ဒီနေ့က သူ အရက်တွေ အလွန်အကျွံမူးပြီ ဒေါသကို မထိန်းနိုင်လို့ ဖြစ်ရတာပါ"

"ဒါဖြင့် မခင်လေးနွယ် ဘာလို့အဖမ်းခံရတာလဲ"

"ဒါနဲ့ပတ်သက်လို့တော့ ပြောစရာတွေအများကြီးကျန်ပါသေးတယ် ကျွန်မပြောတာကို ဆရာကြီးလည်း ယုံမှာမဟုတ်ပါဘူး၊ ရဲကရော တရား ကပါ မယုံလို့ ခုထိ ကျွန်မထောင်ထဲမှာပဲ နေတာပါ၊ ကျွန်မပြုမှားမိခဲ့ အမှားကွက်က မပြေးသော်ကန်ရာရှိသလို အခုဖြစ်ပွားတဲ့အမှုနဲ့ပတ်သတ် ကျွန်မအပေါ်ကို စွပ်စွဲစရာတွေ ဖြစ်လာရတာပါပဲ"

မခင်သီက မန္တလေးက ပြန်ရောက်လာသည်။ ခင်လေးနွယ်အတွ မမျှော်လင့်ရာသော သတင်းကောင်းကို ယူဆောင်လျက်. . .

"ကဲ. . . ရောက်ရောက်ချင်း နွယ့်ကို သတင်းကောင်းပါးရဦးမယ်"

"ဘာများလဲ မမသီ"

"သုံးရက်လောက်နေရင် မောင်မောင်ရန်တုန်တို့ ဆင်းလာလိမ့်မ စာရေးဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)ရဲ့ ဝတ္ထုတစ်ပုဒ်ကိုကြိုက်လို့ အ ပြေရင် အဲ့ဒီစကားကို သူကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်လိမ့်မယ် ကားမှာ နွယ့်ကို အဓိကဇာတ်ပို့နေရာအတွက် လျာထားတဲ့အကြောင်း မမ





ပြောလိုက်တယ်"

ရင်ထဲမှာ ဝမ်းသာလှိုင်း လှုပ်လှုပ်သဲသဲ ရိုက်ခတ်သွားသော်လည်း ဝမ်းသာကြည်နူးရတဲ့ အရုပ်အဆင်ကို မျက်နှာပေးမှာ ထင်မသွားအောင် ထိန်းပြီး စိတ်မဝင်စားတဲ့အမူအရာမျိုးနဲ့. . .

"ကျွန်မကတော့ သိပ်စိတ်ဝင်မစားဘူး မမသီ၊ ရုပ်ရှင်ရိုက်ရင် နယ်တွေ ဘာတွေထွက်ရမယ် မဟုတ်လား၊ ဒါဆို ကိုဝင်းနဲ့ ပြဿနာဖြစ်လိမ့်မယ်၊ ခု မန္တလေးသွားတဲ့ကိစ္စကိုတောင် ကျွန်မတို့နှစ်ယောက်ကြားမှာ လိပ်ခဲတည်းလည်း ဖြစ်ရတယ်"

"မောင့်ဝင်းကိစ္စကို မမသီတာဝန်ထားလိုက်စမ်းပါ နွယ်ရာ၊ ယောကျ်ား ဆိုတာ ကိုယ်ကသိပ်အရေးစိုက်လွန်းရင် နေရာတကာမှာ သူတို့ဩဇာလွှမ်း မိုးချင်တယ်၊ သူတို့အလိုကို ကိုယ်ကလိုက်လျောသလို ကိုယ့်အလိုကို သူတို့က လိုက်လျောအောင် လုပ်ထားရတယ် နွယ်ရဲ့၊ ယောကျ်ားတွေဟာ အတ္တသိပ် ကြီးတယ်၊ သူတို့လုပ်ချင်တာကျတော့ မိန်းမက မတားနဲ့၊ မိန်းမလုပ်ချင်တာ ကျတော့ သူတို့က တားမယ်ဆိုတဲ့ တစ်ဘက်သက်ကျတဲ့ စိတ်သဘောထားမျိုး ကို တရားသေ ဆုပ်ကိုင်ထားကြတာ၊ ပြီးတော့ ကိုယ်က မရှာနိုင်မဖွေနိုင်ရင် သူတို့အရိပ်အောက်က ရာသက်ပန်ထွက်လို့မရဘူး၊ မမသီကိုပဲကြည့်၊ ကိုယ်က တစ်ဘက်တစ်လမ်းရှာဖွေနေတာဆိုတော့ သူ ဘာပြောလို့ရမလဲ၊ မမသီက အလကားအလေလိုက်နေတာမှ မဟုတ်ဘဲဟာ၊ ယောကျ်ားကို ခေါင်းဖေါ်ပါ် တင်မထားနဲ့နွယ်ရေ၊ ပခုံးချင်းပဲယှဉ်"

မမသီပြောသမျှကို ခွန်းတုံ့မပြန်ဘဲ အပြုံးသီ၍ နားထောင်နေလိုက်သည်။ မမသီပြောတဲ့အတိုင်း ရာနှုန်းပြည့်မဟုတ်တောင် ဟုတ်သင့်သလောက် ဟုတ် နေသည်ကို သူကိုယ်တိုင်လည်း ခံစားနေရပြီပဲဟာ ခေါင်းညိတ်လိုက်ရသာပေါ့။

"မမသီပြောတာတွေက ဟုတ်သင့်သလောက် ဟုတ်နေတယ်လေ၊ ကိုဝင်း ကျတော့ တစ်လကိုးသီတင်းသွား၊ အိမ်ပစ် မယားပစ်သွားနေပြီး ကျွန်မ လေးငါးရက်သွားတာကျတော့ တကယ်ထဲ ချောလိုက်မော့လိုက်ရတာ ကျွန်မက အတိုက်အခံပြောရင် ကိုယ်က အလကားသွားနေတာ မဟုတ်ဘူးလို့ ပြော မှာပေါ့၊ ယောကျ်ားလုပ်စာထိုင်စားနေတဲ့မိန်းမတွေဟာ သူတို့ပြောသမျှ နေ မယ်ဆိုတဲ့သဘောထားအရင်းခံဟာ ယောကျ်ားအတော်များများမှာ ရှိကြ တာပါ၊ ထားပါလေ ကျွန်မတို့ မိန်းကလေးအတော်တော်များဟာ အတော်


www.burmeseclassic.com

www.burmeseclassic.com

-ားများလို့ ပြောရတာက ကျွန်မတို့အရွယ် မိန်းကလေး ရာနှုန်းပြည့်နီးပါးဟာ -ုပ်ရှင်ထဲသာပါသွားရမယ်ဆိုရင် ခေါင်းခါသူဘယ်ရှိပါ့မလဲ ကျွန်မလည်း. . ."

တကယ်တော့ ဖော်မောင်မောင်တ ပြောမလာရင်တောင် မမသီတ -တဆင့်ပြောဖို့ ရည်ရွယ်ပြီးသား၊ ခု သူတို့က ပြောလာမှတော့။

အဲ့ဒီညက ခင်လေးနွယ်တော်တော်နှင့်အိပ်မပျော်။ စိတ်ကူးယဉ် အတွေး -တ်ဘာထဲမှာ တဝဲလည်လည်ဖြစ်နေသည်။ စိတ်ကူးယဉ်ဆိုတာက စမိရင် -အဆုံးသတ်လို့မရ ဆန့်သလောက်ရှည်တတ်သည်မျိုး။

နှုတ်ခမ်းနာနှင့်မုန့်ဆီကြော်တည့်မတည့် မပြောနိုင်ရာသော်လည်း နှုတ်ခမ်း -နာနေသူ ခင်လေးနွယ်သွားရည်ယိုနေပါလေပြီ။ ဒေါ်ထွေးရင် တစ်ရေးနိုးလာ -သည့်တိုင် ခင်လေးနွယ်အိပ်မပျော်သေး။ အတွေးရေယဉ်ကြော လွင့်မျောနေဆဲ။

"ကျွန်မလည်း နောက်တစ်နေ့ကစပြီး အရှုထတော့တာပါပဲ၊ မှန်ရှေ့က -မခွာဘဲ ကိုယ့်ဟာကိုယ်အမူအရာတွေ အမျိုးမျိုးလုပ်ကြည့်၊ ဆံပင်ပုံစံအမျိုးမျိုး ပြောင်းပြီး မျက်နှာတို့ အလှဆင်ကြည့်နဲ့ အားလပ်ချိန်အလွန်များတဲ့ ကျွန်မ ဟာ အားလပ်ချိန်မရှိအောင် တစ်ယောက်တည်း အလုပ်ရှုပ်နေခဲ့ပါတယ်၊ ကိုယ့်ဟာကိုယ် အမူအရာလုပ်၊ ကိုယ့်ဟာကိုယ်သဘောကျပြီး ကြည်နူးရိပ်တွေ တစ်လိပ်လိပ်ဝေဖြာနေဆဲ"

"ကိုဝင်းနဲ့ဖြစ်လာမယ့်ပြဿနာတွေ အတွေးစဉ်ထဲကို ဖျတ်ကနဲ ဝင်လာရင် တုန်ခါသွားတဲ့ ရင်လှုပ်သံတို့ ကျွန်မဟာတွန်မပြန်ပြီး ကြားနေသလားလို့ ထင်မိပါတယ်၊ ဒါပေမယ့် ကျွန်မဆုံးဖြတ်ချက်ချပြီးသားပါ၊ ကိုဝင်းနဲ့အကျေ အလည်ဖြစ်အောင် ကြိုးစားမယ်၊ ခြေထောက်ကိုကိုင်ပြီး တောင်းပန်ရ တောင်းပန်ရ တောင်းပန်အသနားခံမယ်၊ သူ သတ်မှတ်ပေးတဲ့ စည်းကမ်းချက်အတိုင်းနေမယ်၊ ထိုင်မယ်၊ လုပ်မယ်။ ဒါကိုမှ ကိုဝင်းက လက်မခံရင်တော့ နောက်ဆုံးအဆင့်ပေါ့"

ကြည်နူးဝမ်းသာရလွန်းသည်မှ ကြေကွဲဝမ်းနည်းရလွန်းသည့် အဖြစ် အဖျက်နှင့် ဆုံတွေ့ရလိမ့်မည်ဟု မထင်မှတ်ခဲ့။ ကြည်နူးရခြင်းနှင့် ကြေကွဲရခြင်း ဝမ်းသာရခြင်းနှင့် ဝမ်းနည်းရခြင်း၊ အောင်မြင်ခြင်းနှင့် ဆုံးရှုံးရခြင်းတို့မှာ ဒွန်တွဲဆက်စပ်စမြဲရှိသည်ကို သတိမမူမိခဲ့ရာမှ. . .။

×××××





အမှုခွင်အနေအထားမှာ တိတိပပ မခန့်မှန်းနိုင်ရာသေး၊ လိုပြသက်သေများ စစ်ဆေးပြီးလျှင် အမှုခွင်အနေအထား ရုပ်လုံးပေါ်လာမည်၊ လိုပြသက်သေများကို စစ်ဆေးပြီးမှ အာမခံကိစ္စအတွက် ထပ်မံကြိုးစားရမည်။

စတုတ္ထအကြိမ် ရုံးထွက်နေ့တွင် လိုပြသက်သေထဲမှ အဓိကကျသူ သက်သေနှစ်ယောက်ကို စစ်ဆေးမည်ဖြစ်သောကြောင့် မနေ့ညကတည်းက အိပ်မပျော်နိုင်လောက်အောင် စိတ်လှုပ်ရှားမှု ပြင်းပြင်းပျပျ ရှိနေရသည်။

သူတို့နေရသည့် အချုပ်ဆောင်နှင့် အနီးဆုံးထောင်ဝူးမကြီးပေါ်မှာ တီးလိုက်သည့် နာရီအချက်ပေးသံချောင်းခေါက်သံခြောက်ချက် ထွက်လာပြီးနောက်မှ နိုးတစ်ဝက် အိပ်တစ်ဝက်မှေးစက်ခြင်းနှင့် ဆုံမိလိုက်ရ၏။

သံချောင်းသံ ခြောက်ချက်ထွက်ပေါ်လာသည်မှာ ခြောက်နာရီထိုးခြင်း အမှတ်အသားမဟုတ်ပါ။ ပထမလေးချက်က လေးမောင်းတစ်နာရီပြည့်ကြောင်း ခေါက်သည့်အသံ။

ဒုတိယထွက်ပေါ်လာသည့်နှစ်ချက်သော သံချောင်းခေါက်သံသည် နှစ်နာရီထိုးပြီဖြစ်ကြောင်း အမှတ်အသားပြုသည့် သံချောင်း၂ဝ၏။

သည်ကနေ့ စစ်ဆေးမည့်လိုပြသက်သေနှစ်ဦးမှာ သူနှင့်လက်ပွန်းတတီးသွားလာနေထိုင်ခဲ့၍ သူ့အကြောင်းကို နှိုက်နှိုက်နစ်နစ်သိရှိခဲ့သူ ဤမှုခင်းဖြစ်ရပ်ဇာတ်ကြောင်း၏ အဓိကဇာတ်ကောင်ဟု ဆိုနိုင်ရာသော ဒေါ်ခင်သီခေါ် မမသီနှင့် အိမ်ဖော်ဒေါ်ထွေးရင်တို့ဖြစ်ကြ၏။

ခင်လေးနွယ်ထောင်ထဲရောက်နေစဉ်ကာလ မမသီက ထောင်ဝင်စာနှစ်ကြိမ်နှင့် ရုံးထွက်တစ်ကြိမ် လာတွေ့ခဲ့သည်။ ရုံးထွက်လာတွေ့စဉ် သက်သေအဖြစ် လိုက်ပါရမည့်အကြောင်း၊ မှုခင်းဖြစ်ပွားသည့်နေ့က အမှုစစ်အရာရှိထံတွင် အစစ်ခံခဲ့သည့်အစစ်ခံချက်ကိုသာ ထွက်ဆိုမည့်အကြောင်း ပြောသွားခဲ့သည်။

သို့တစေ ခင်လေးနွယ်မှာ မမသီကို စိတ်မချနိုင်သော သောတနှင့်ရစ်ထွေးနေရသည်။ လူ့စိတ်သဘောကို တရားသေစွဲထင်ထားလို့မရ။ ရွှေ့တင်တစ်မျိုး၊ ကွယ်ရာတစ်မျိုးဆိုသည်ကို ထားဘိတော့။ ရှေ့တင်မှာပင် ခုတစ်မျိုး ခုတစ်မျိုး ပြောင်းလဲတတ်သည့်သဘောသဘာဝရှိသည်။

ပြီး. . . မမသီတ ဖော်မောင်မောင့်သိက္ခာကို တင်ပေးဖို့ သူ့ဘက်သို့ အလေးမတင်းသည့် ထွက်ဆိုချက်မျိုးထွက်ခဲ့သော်. . .



www.burmeseclassic.com

www.burmeseclassic.com

ဇော်မောင်မောင်နှင့် မမသီတို့က ဆက်တွဲရမည့်သူတွေ။ သူနှင့်က ထောင်ကလွတ်သည့်တိုင် ဆက်တွဲရန်အကြောင်းမရှိတော့။ တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံဖို့ပင် မဖြစ်နိုင်သည့်အနေအထား။

ထောင်ကလွတ်ရင် ခင်လေးနွယ် နေစရာနှစ်နေရာပဲရှိသည်။ ဘကြီးမှန်တို့အရိပ်အောက်ကို ပြန်ဝင်ခိုနားလို့မဖြစ်၊ ကိုသိန်းဦးနှင့် မအေးကြည်ခင်တို့အရိပ်အောက်ကို ဝင်နားခိုလို့ဖြစ်သည့်တိုင် ကြာရှည်မလွယ်။ မွေးဖွားလာမည့်ကလေးငယ်နှင့် ဝမ်းရေးကျောင်းရဦးမည်မို့ ကြာရှည်မဖြစ်၊ ရွာကိုပြန်ရမည်မှာ သေချာနေသည်။

သည်လိုအနေအထားမျိုးမှာ မမသီ၏ထွက်ဆိုချက် ဘယ်သို့ရှိလိမ့်မည်ကို မခန့်မှန်းနိုင်ရာ။ ဒေါ်ထွေးရင်ကလည်း အကြောင်းကြောင်း မလည်မဝယ်။ ရုံးပြင်ကနား အတွေ့အကြုံလည်းမရှိသမို့ ကဘောက်ချိကဘောက်ချာ ကမောက်ကမထွက်ဆိုချက်တွေ ထွက်ခဲ့သော်။

ရင်တမမနှင့် ရုံးထွက်ခဲ့ရသည်။

ဒုတိယအကြိမ် ရုံးထွက်အထိ ရုံးထွက်အသားမကျသေး။ မျက်နှာမထားတတ်သေး။ အရှက်ကို မျက်နှာပြောင်မတိုက်ရဲသေး။ တီးတိုးတီးတိုး ပြောသံဆိုသံများကို မယဉ်ပါးသေး။ ရှက်ရွံ့မှုဥခွံထဲမှ ရုန်းမထွက်နိုင်သေးသမို့ ရုံးထွက်ကပြန်တိုင်း စိတ်ပန်းလူပန်းနှင့် စိတ်ကရောဂါကို ပိုပိုပိပိ ခံရစမြဲ။ လေးငါးရက်နှင့် နားလန်ပြန်မထူ။ အချိန်နှင့်အမျှ အိပ်ရာထဲမှာ ခွေလျောင်းနေရသည်။

ထောင်မှူးဦးတင့်လွင်၊ ထောင်ကြပ်ဒေါ်စောတင်အပါအဝင် အတူနေသူများက ဝိုင်းဝန်းဖျောင်းဖျ နားချရသည်။ အာမခံမရမချင်း အမှုမပြီးမချင်း နောက်ထပ်ဘယ်နှစ်ခါ ရုံးထွက်ရဦးမည်မသိ၊ ရုံးထွက်ပြန်တိုင်း သည်လိုသာဖြစ်နေရင် ကျန်းမာရေးအတွက် ဆေးချက်မရှိ ဖြစ်လိမ့်မည်။

လူကြီးက အကြောင်းမဟုတ်၊ သန္ဓေသားကလေးငယ်အတွက်ကအကြောင်း။ မိခင်ကစားနိုင်ပါမှ သူတို့မှာအာဟာရဖြစ်ရသည်။ မိခင်ကျန်းမာမှ သူတို့လည်း လန်းဖြာသည်။ မိခင်စိတ်ရွှင်လန်းပါမှ သူတို့ချမ်းမြေ့ရသည်။

သန္ဓေသားဟူသည် မိခင်ကို အမှီပြု၍ လူဖြစ်ရသည်ပါ။ သန္ဓေသားကို အကြောင်းပြု၍ နားချလိုက်သောအခါ မိခင်မေတ္တာရှိန်ရှိန် တောက်လာသည်။ လောကခံကို ကြံ့ကြံ့ခံရင်ဆိုင်ရဲသည့် သတ္တိသွေးတက်ကြွလာသည်။ မျိုးဆက်





သားအတွက် တအားတက်လာသည်။

သည်သန္ဓေသားသည် တစ်ခြားတစ်ပါးသော ယောကျ်ားတို့၏သွေးမနှောသည်ကို ခင်လေးနွယ်အသိဆုံး၊ လိပ်ပြာမသန့်စင်စရာ စိုးစဉ်းမျှမရှိ။ သူ့ဘဝကိုရှင်သန်အောင် လုပ်ရမည်။ သူ့ဘဝရှင်သန်မှ သန္ဓေသားလည်း ရှင်သန်မည်။ သည်အသိ သူ့နှလုံးသားနှင့် ဦးနှောက်ထဲမှာ စွဲထင်ပြီးသည့်နောက်. . .

တတိယအကြိမ် ရုံးထွက်ကို ဝံ့ဝံ့ရဲရဲ ရင်ဆိုင်လိုက်သည်။

သူ့အမှုက ကြိုးတော့မကျနိုင်။

ထောင်ကျရင်လည်း ထောင်ထဲမှာ ကလေးကို ရင်အုပ်မကွာ မွေးနိုင်ခွင့်ရှိသည်ပဲဟာ။ ဘာမှုစရာမှတ်လို့။

ဒါကြောင့်လည်း စတုတ္ထအကြိမ်ရုံးထွက်မှာ သက်သေထွက်ချက်အပေါ် ရင်တမမရှိရသည်ကလွဲလို့ ခါတိုင်းလို ဇက်နာလောက်အောင် ခေါင်းငုံ့မထားရတော့။

တရားခွင်မှာ. . .။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ခြောက်)

တရားခွင်အခန်းထဲကို အမျိုးသမီးရဲအစောင့်နှင့်အတူ ရောက်သွားသည်အထိ မမသိကို မတွေ့ရသေး။

တရားခွင်လူစုံတော့မှ 'ဒေါ်ခင်သီ၊ ဒေါ်ခင်သီ' ဆိုသည့်ခေါ်သံကို ကြားလိုက်ရသည်။ မမသိ ဝင်လာပြီ။ မမသိ၏အပြုံးမှာ အပြောင်းအလဲမရှိ၊ သူ့ကို နှစ်နှစ်ပြုပြုပြုံးပြပြီးမှ သက်သေထိုင်ရမည့်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ခင်လေးနွယ် ရင်မငြိမ်တော့. . .။

"ကျွန်မရဲ့ခင်ပွန်းနဲ့ ကလေးသုံးယောက်က ရှစ်နာရီလောက်မှာ အပြင်ကို ထွက်သွားကြပါတယ်၊ အိမ်မှာ ကျွန်မနဲ့ ဒေါ်ထွေးရင်တို့ပဲ ရှိနေကြပါတယ်၊ ခုနစ်နာရီသာသာလောက်က ကျွန်မ ခင်လေးနွယ်တို့အခန်းကို ကူးသွားပါသေးတယ်၊ ခင်လေးနွယ်ရဲ့ယောကျ်ား မောင်ဝင်းမောင်ကိုလည်း တွေ့ပါတယ်၊ သူတို့လင်မယားနှစ်ယောက်စလုံးဟာ ခါတိုင်းလို မျက်နှာရွှင်ရွှင်လန်းလန်း မရှိတာကြောင့် ကျွန်မလည်း ကြာကြာမနေဘဲ ပြန်ကူးခဲ့ပါတယ်၊ ကျွန်မတို့ အခန်းတံခါးရော သူတို့အခန်းတံခါးပါ ပိတ်ထားလို့ သူတို့ဘယ်အချိန်ကစပြီး စကားများနေကြတယ်ဆိုတာကို မသိပါဘူး၊ ဝုန်းဝုန်းဒိုင်းဒိုင်း အသံများနဲ့ အော်သံဟစ်သံတွေကြားတော့မှ ကျွန်မတံခါးဖွင့်ပြီး ဟိုဘက်ခန်းတံခါးပေါက်ကို ရောက်သွားပါတယ်၊ အဲ့ဒီအချိန်မှာပဲ ဝုန်းဒိုင်းအသံနဲ့ ကွဲသံရှသံတွေကို ကြားလိုက်ရပါတယ်၊ ကျွန်မက မနွယ်ရေ တံခါးဖွင့်စမ်း တံခါးဖွင့်စမ်းလို့ အော်လိုက်ပါတယ်၊ ခဏနေတော့မှ တံခါးဖွင့်သံနှင့်အတူ ခင်လေးနွယ်နဲ့ မျက်နှာချင်းဆိုင်လိုက်ရပါတယ်၊ သူ့ကိုယ်လုံးက တစ်ခြမ်းစောင်းအနေအထားမို့ ကုလားထိုင်နဲ့ စားပွဲကြားမှာ မှောက်ခုံကြီးလဲနေတဲ့ မောင်ဝင်းမောင်ကိုပါ





တွေ့လိုက်ရပါတယ်၊ ကျွန်မလည်း ကဗျာကသီ အထဲတိုဝင်လိုက်ပြီး ဘယ်လို ဖြစ်ကြတာလဲ မနွယ်ရယ်လို့ မေးလိုက်ပါတယ်၊ သူက 'တိုဝင်းတော့ ကျွန်မ ကြောင့်. ကျွန်မကြောင့်' လို့ပြောပြီး ဘာမှဆက်မပြောဘဲ ငိုနေပါတယ်၊ သွေးတွေကို မြင်လိုက်ရတော့ ကျွန်မလည်း လန့်သွားပါတယ်၊ ဘာဆက်လုပ်ရမှန်းမသိပါဘူး၊ ကျွန်မအပြင်ကို ပြန်ထွက်လိုက်တဲ့အခါ ဒေါ်ထွေးရင်က အခန်းဝမှာပါ၊ အဲ့ဒီတုန်းမှာပဲ ကျွန်မရဲ့ခင်ပွန်းသည်နဲ့ကလေးတွေ ပြန်လာ ကြပါတယ်၊ ကျွန်မက ကလေးတွေကို အခန်းထဲခေါ်သွားဖို့ ဒေါ်ထွေးရင်ကို ပြောပြီး ကျွန်မခင်ပွန်းသည်ကို မနွယ်တို့အခန်းထဲကို ဆွဲခေါ်ခဲ့ပါတယ်၊ ကျွန်မရဲ့ခင်ပွန်းသည်က ရဲစခန်းကို ဖုန်းဆက်မှပဲလို့ပြောပြီး ကျွန်မတို့အခန်း ဘက်ပြန်ကူးသွားပါတယ်၊ အဲ့ဒီအချိန်မှာ ခင်လေးနွယ်က အဖြစ်အပျက် အပြည့်အစုံကို မပြောဘဲ ပြန့်ကြဲနေတဲ့ခွက်ပုံတွေကို လက်ညှိုးထိုးပြပြီး 'ကျွန်မကြောင့်ဖြစ်ရတာပါ မမသီရယ်၊ ကျွန်မကြောင့် ဖြစ်ရတာပါလို့' ပြောပြီး ရှိုက်ကြီးတငင် ငိုနေပါတယ်၊ မကြာခင် ရဲတွေရောက်လာတော့မှ မောင်ဝင်း မောင် သေဆုံးနေပြီဆိုတာ သိလိုက်ရလို့ ကျွန်မလည်း အထိတ်တလန့်ဖြစ်ပြီး ကျွန်မတို့အခန်းဘက်ကို ပြန်ကူးခဲ့ပါတယ်၊ ခဏကြာတော့ ကျွန်မယောကျ်ား အခန်းထဲကိုဝင်လာပြီး ခင်လေးနွယ်ကို ရဲစခန်းခေါ်သွားလိမ့်မယ်၊ သီအဖော် လိုက်သွားရင် ကောင်းမယ်လို့လာပြောပါတယ်၊ ကျွန်မက မှုးနောက်နောက် တတုန်ကယင် ဖြစ်နေတာကြောင့် ဒေါ်ထွေးရင်ကို ခေါ်သွားပါ၊ အစ်ကိုလည်း လိုက်သွားပါလို့ ပြောလိုက်ပါတယ်၊ ကျွန်မ ဒါလောက်ပဲ သိပါတယ်"

ခင်လေးနွယ် ရုံးမရောက်ခင် တရွေ့ရွေ့ခံစားနေရသည့် စိုးရိမ်မှုများ ပြေလျော့သွားရသည်။ ဒေါ်ခင်ခင်သီ၏ ထွက်ဆိုချက်မှာ အပိုအလိုမရှိ၊ တစ်ဘက်စောင်းနင်းမှုမပါဘဲ အမှန်အတိုင်း ထွက်ဆိုသွားခဲ့ခြင်းဖြစ်သည်။

တရားလိုရှေ့နေကြီး မေးခွန်းထုတ်သည့်အလှည့်တွင်မူ ငြိမ်သက်စပြု နေသည့် ရင်တွင်းကလိစာများ ပြန်လည်လှုပ်ရှားခဲ့ရပြန်သည်။ အဲ့ဒီအကြောင်း ပြန်ပြောစဉ် ခင်လေးနွယ်၏အသံမှာ ဒေါသလှိုင်းခတ်သံ သိသိသာသာ ပါနေ သည်ကို ထောင်မှူးလေး ဦးတင့်လွင် သတိပြုလိုက်မိ၏။

"ဆရာကြီးရယ် ကျွန်မဖြင့်လေ အဲ့ဒီရှေ့နေကြီးကို ဘယ်လိုမုန်းမှန်း သိဘူး၊ ဘယ်လိုမှလည်း ကြည့်လို့မရဘူး။ နောက်ပိုင်းမှာ ကျွန်မ သူ့ကို မကြည့်မိအောင် ခေါင်းငုံ့ ငုံ့ထားရတာပဲ၊ ကြည့်လိုက်မိတာနဲ့ ကျွန်မ ဖင်



www.burmeseclassic.com

www.burmeseclassic.com

တကြွကြွ ဖြစ်လာတော့တာပဲ၊ သူ့မျက်နှာကြီးကို ကျွန်မရဲ့ လက်သည်းဆယ်ခုနဲ့ ကုတ်ခြစ်ဆွဲဖွဲ့ပစ်လိုက်ချင်တယ်၊ စိတ်ရှိလက်ရှိသာ လုပ်စမ်းဆိုရင် ကျွန်မ သူ့ကိုမပြောအပ်တဲ့နည်းနဲ့ကို သတ်ပစ်လိုက်မှာ ကျွန်မကို အာမခံမရအောင် လည်းလုပ်တယ်၊ ခုလည်း ထောင်မကျ ကျအောင်လုပ်နေပြန်ပြီ၊ ပေါက်ပေါက် ကပ်ကပ် မေးတဲ့ပြောတဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူး၊ လျှာအရိုးမရှိတိုင်း ဆိုတာ သူတို့မှအစစ်၊ သူများတွေ မျက်ရည်နဲ့မျက်ခွက်ဖြစ်ပြီး ဒုက္ခရောက်ရင်"

နာကျည်းခံပြင်းစိတ်နှင့် မကျေမနပ် ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်ကို သဘာဝနယ်လွန်သည်ဟု မဆိုသာ။ တရားခံဖြစ်စေ၊ တရားလိုဖြစ်စေ ဆန့် ကျင်ဘက်ရှေ့နေကြီးအပေါ် ကျေနပ်ကြည်ဖြူရိုး ထုံးစံမရှိ။

တာဝန်နှင့်ဝတ္တရားအရ ဆောင်ရွက်နေသည်ပါကလားလို့ သဘော မပေါက်၊ အမြင်မကြည်လင်၊ အထူးသဖြင့် တရားခံများက အစိုးရရှေ့နေ များအပေါ် မကျေနပ်မှုပို၍ ပြင်းထန်ကြသည်။ တစ်ဘက်သက်အမြင်မှာ သူတို့တို့ ထောင်မကျကျအောင် လုပ်နေသည်ဟု။

"သည်လိုလည်း ဘယ်ဟုတ်မလဲ မနွယ်၊ သူတို့လည်း လူသားတွေပဲ ဟာ ညှာတာထောက်ထား ကြင်နာတရားမရှိဘဲ ဘယ်နေပါ့မလဲ၊ ဒါပေမယ့် တာဝန်ပိုင်းကို ကျေပွန်အောင် ဆောင်ရွက်တဲ့နေရာမှာ လူမှုရေးရှုထောင့်ကို အလေးပေးလို့မရဘူးလေ၊ ဆရာတို့လည်း သည်လိုပဲပေါ့"

နှစ်သိမ့်စကားဆိုလိုက်သည့်တိုင် ခင်လေးနွယ်၏အမြင်မှာ မသန့်စင် မကြည်လင်နိုင်သေး။ တစ်ဘက်ရှေ့နေကြီး ပစ်လွှတ်လိုက်သည့် မေးခွန်း များချက်မှာ ထိထိရောက်ရောက် စူးစိုက်ဝင်ခဲ့သောကြောင့်။

×××××

"ဒေါ်ခင်သီနဲ့ မခင်လေးနွယ်တို့ဟာ အခန်းချင်းတပ်နေထိုင်ရုံတင်မက တစ်ယောက်နှင့်တစ်ယောက် အလွန်အမင်း ရင်းရင်းနှီးနှီး နေထိုင်ဆက်ဆံ ခဲ့ကြတယ်လို့ဆိုခဲ့ရင် ဒေါ်ခင်သီ ငြင်းစရာများရှိပါသလား"

"မရှိပါဘူးရှင်"





"ခင်ဗျားတို့ အိမ်ထောင်စုနှစ်စုဟာ ကိုယ့်အခန်း သူ့အခန်းကိုလည်း အမြဲတမ်း အဝင်အထွက်ရှိခဲ့ကြတယ်ဆိုရင်ကော"

"မှန်ပါတယ်"

"တစ်ဦးရဲ့အတွင်းရေးကို တစ်ဦးက အတွင်းကျကျသိခဲ့ကြတယ်ဆိုရင်ကော"

"သိသင့်သလောက်သိကြပါတယ်"

"ဟုတ်ပါပြီ သိတယ်ပေါ့"

"ဟုတ်ကဲ့ သိပါတယ်"

"မခင်လေးနွယ်ရဲ့ခင်ပွန်း သေဆုံးသူကိုဝင်းမောင် ဘာအလုပ်အကိုင် လုပ်တယ်ဆိုတာကိုလည်း သိတယ်နော်"

"တိတိကျကျတော့ မသိပါဘူး၊ ကုန်သည်လုပ်တယ်ဆိုတာလောက်ပဲ သိပါတယ်"

"ကိုဝင်းမောင်ဟာ အိမ်မှာအနေများသလား၊ ခရီးထွက်တာများသလား"

"ခရီးထွက်တာ များပါတယ်"

"သူတို့လင်မယားဟာ သင့်သင့်မြတ်မြတ်မရှိဘူး ဆိုရင်ကော"

"ရှိပါတယ်"

"အချင်းမှုခင်း မဖြစ်ခင်ကကော ကြီးကြီးကျယ်ကျယ် စကားများတာတို့ ရန်ဖြစ်တာတို့ မရှိဘူးလား"

"ကျွန်မ မကြားမိပါဘူး"

"အချင်းမှုခင်းဖြစ်တဲ့နေ့ကလို တံခါးတွေပိတ်ထားတဲ့အချိန်မျိုးမှာ ဖြစ်ခဲ့ရင် ဒေါ်ခင်သီမသိနိုင်ဘူးပေါ့"

"ဟုတ်ကဲ့ မသိနိုင်ပါဘူး"

"ဟုတ်ကဲ့ ကောင်းပါပြီ၊ ဟောဒီဓာတ်ပုံထဲက အမျိုးသားကို ဒေါ်ခင်သီ သိပါတယ်နော်"

"ဟုတ်ကဲ့ သိပါတယ်"

"ရင်းရင်းနှီးနှီးပေါ့"

"ဟုတ်ကဲ့ ရင်းရင်းနှီးနှီး သိကြတာပါ"

"သူ့နာမည်က. . ."

"ကိုဇော်မောင်မောင်ပါ"

"သူက ရုပ်ရှင်လုပ်ငန်း လုပ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ မန္တလေးက ရုပ်ရှင်ဇာတ်ကားဖြန့်ချိရေးပိုင်ရှင်ပါ"

"ဒေါ်ခင်ခင်သီရယ်၊ မခင်လေးနွယ်ရယ်၊ ကိုဇော်မောင်မောင်ရယ် သုံးယောက် မန္တလေးကို ခရီးအတူ သွားခဲ့ကြဖူးတယ်နော်"

"ဟုတ်ကဲ့ သွားခဲ့ဖူးပါတယ်"

"ဘယ်နှစ်ခုနှစ် ဘယ်လလောက်တုန်းလဲ"

". . . . ခုနှစ် . . . . လကပါ"

"မန္တလေးကိုသွားကြတဲ့ အကြောင်းကကော"

ဘုရားဖူးအလည်ခရီး လိုက်သွားကြတာပါ"

"မခင်လေးနွယ် လိုက်လာတာက ကိုဇော်မောင်မောင်နဲ့ ရင်းနှီးလို့ လိုက်လာတာပေါ့နော်"

"ဟုတ်ပါတယ်"

"ကိုဇော်မောင်မောင်နဲ့ မခင်လေးနွယ်တို့ အဲဒီကတည်းကပဲ ရင်းရင်း နှီးနှီး ရှိနေကြတာပေါ့နော်"

"ဟုတ်ပါတယ်"

"မန္တလေးမှာ သွားလာလည်ပတ်ကျတော့ ကိုဇော်မောင်မောင်လည်း အတူပါတာပေါ့"

"ဟုတ်ကဲ့ ပါပါတယ်"

"ဟောဒီဓာတ်ပုံတွေကို ဒေါ်ခင်သီမြင်ဖူးတွေ့ဖူးတယ်နော်"

"ဟုတ်ကဲ့ မြင်ဖူးပါတယ်"

"သည် ရုပ်သေဓာတ်ပုံတွေ ရိုက်တဲ့အကြောင်း ရည်ရွယ်ချက်ဆိုတော့ဗျာ၊ ဘယ်လိုများ ရှိပါသလဲ၊ ဒေါ်ခင်သီသိသလောက်ပေါ့"

"ကိုဇော်မောင်မောင်က သူကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်မယ့် ကားမှာ မခင်လေးနွယ်ကို ဒုတိယမင်းသမီးအဖြစ်သုံးမယ်ဆိုပြီး ရုပ်သေဓာတ် ရိုက်ကြတာပါပဲ"

"ဟောဒီရုပ်သေဓာတ်ပုံတွေမှာ ကိုဇော်မောင်မောင်နဲ့ ခင်လေးနွယ် တွဲရိုက်ထားကြတယ်နော်"

"ဟုတ်ပါတယ်"

"သည်လိုဆို အဲဒီဇာတ်ကားမှာ ကိုဇော်မောင်မောင်က ဒါရိုက်တာ မဟုတ်ဘဲ ဇာတ်လိုက်မင်းသားပါ လုပ်မယ်ဆိုတဲ့သဘောလို့ ဆိုရမှာပေါ့"





"အဲဒါတော့ ကျွန်မ မသိပါဘူး"

"ရုပ်သေဓာတ်ပုံရိုက်တယ်ဆိုတဲ့ သဘောက အဲဒီဇာတ်ကားမှာပါမယ့် သရုပ်ဆောင်တွေကို ရွေးချယ်ပြီးမှရိုက်တဲ့ ထုံးစံအစဉ်အလာ ရှိပါတယ်၊ သည်တော့ ကိုဇော်မောင်မောင်ဟာ မခင်လေးနွယ်နဲ့ အတူတွဲပြီး ရုပ်ရှင်ရိုက်မယ်လို့ ဆိုနိုင်ဘူးလား"

"အဲဒီထိအောင် ကျွန်မလည်း မသိပါဘူး၊ ရုပ်ရှင်ရိုက်ဖို့အတွက် ဓာတ်ပုံ စမ်းရိုက်ကြည့်ကြတယ်လို့ပဲ သိပါတယ်"

"ထားပါ မခင်လေးနွယ်က ရုပ်ရှင်ရိုက်မယ်လို့ စပြောတာလား၊ ဒါမှ ဟုတ် ကိုဇော်မောင်မောင်က ရုပ်ရှင်ရိုက်ချင်တယ်လို့ ပြောတာလား၊ ဒေါ်ခင်သီ ယ်လိုများ သိပါသလဲ"

"မခင်လေးနွယ်ကို ရုပ်ရှင်ထဲမှာ ထည့်ရိုက်ချင်တယ်လို့ ကိုဇော်မောင် မောင်က ကျွန်မကတစ်ဆင့် မခင်လေးနွယ်ကို ပြောခိုင်းတာပါ"

"အဲဒီတုန်းက ကိုဇော်မောင်မောင်က အဲဒီကားမှာ သူလည်းသရုပ်ဆောင် ဖြစ်နဲ့ ပါမယ်လို့ မပြောဘူးပေါ့"

"မပြောပါဘူး၊ ကိုယ်တိုင်ဒါရိုက်တာလုပ်မယ်လို့ပဲ ပြောပါတယ်"

"သည်ရုပ်သေပုံတွေ ရိုက်တုန်းက ဒေါ်ခင်သီ မခင်လေးနွယ်နဲ့အတူ က်သွားဖူးပါသလား"

"တစ်ခါနှစ်ခါ လိုက်သွားဖူးပါတယ်"

"အဲဒီတုန်းကလည်း မေးမကြည့်ဖူးဘူးပေါ့"

"ဟုတ်ကဲ့ မမေးပါဘူး"

"မေးသင့်တယ်လို့ကော ဒေါ်ခင်သီမယူဆမိဘူးလား"

"ကျွန်မလည်း အမှတ်တမဲ့ပါပဲ"

ရှေ့နေကြီးက သူ့မေးခွန်းကို ဆက်မမေးသေးဘဲ တရားရေးအဖွဲ့ဝင် ဆီသို့ အပြုံးဖွင့်လျက် လှမ်းကြည့်လိုက်ပါသည်။

ခင်လေးနွယ်မှာ မျက်ရည်ရစ်ဝိုင်းလျက် အံကိုတင်းတင်းကြိတ်ထားရသည်။

"မခင်လေးနွယ် ရုပ်ရှင်ထဲမှာ ပါမယ်ဆိုတာရယ်၊ ရုပ်သေဓာတ်ပုံတွေ ပြီးဆိုတာရယ်ကို ကိုဝင်းမောင်သိတယ် မသိဘူးဆိုတာကို ဒေါ်ခင်သီ လိုများ ထင်မြင်ပါသလဲ"

"ကိုဝင်းမောင် မသိသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ဒေါ်ခင်သီကို မခင်လေးနွယ်က ဘယ်လိုများပြောထားလို့လဲ"

"မောင်ဝင်းမောင်ကို မပြောပါနဲ့ဦးလို့ ပိတ်ထားပါတယ်"

"ဘယ်လိုအကြောင်းများ ရှိလို့လဲ ဒေါ်ခင်သီ"

"မောင်ဝင်းမောင်က သဘောမတူမှာမို့လို့ နောက်မှတဖြည်းဖြည်း နားသွင်းပြီး ပြောမယ်လို့ ခင်လေးနွယ်က ပြောလို့ပါ"

"ဇနီးသည်တစ်ယောက်ဟာ ကိုယ့်ခင်ပွန်းသည်မသိဘဲ ကိုယ်ထင်ရာ ကိုယ်လုပ်သင့် မလုပ်သင့်၊ လုပ်ခဲ့ရင် လုပ်တာဟာ မှန်မမှန်ဆိုတာနဲ့ ပတ်သက်ပြီး ဒေါ်ခင်သီ ဘယ်လိုများထင်မြင်ပါသလဲ"

"မလုပ်သင့်ပါဘူး၊ လုပ်ရင်လည်း မမှန်ဘူးလို့ဘဲ ပြောရမှာပါ"

"သည်ကိစ္စတွေအားလုံးကို မှုခင်းဖြစ်တဲ့နေ့အထိ ကိုဝင်းမောင် ဘာမှ မသိဘူးလို့ မဆိုနိုင်ဘူးလား ဒေါ်ခင်သီ"

"ဟုတ်ကဲ့ ဆိုနိုင်ပါတယ်"

"မှုခင်းဖြစ်တဲ့နေ့က သည်ဓာတ်ပုံတွေ အိမ်ရှေ့ဧည့်ခန်းမှာ ပြန့်ကျဲ နေတာကို ဒေါ်ခင်သီတွေ့တယ်နော်"

"ဟုတ်ကဲ့ တွေ့ပါတယ်"

"ဒါဆို သူတို့လင်မယားသတ်ပုတ်ပွဲဖြစ်ရတဲ့အကြောင်းဟာ ဒီဓာတ်ပုံ တွေကိစ္စကို အကြောင်းရင်းခံပြီး ဖြစ်ရတယ်ဆိုတာ မငြင်းသာဘူးဆိုရင် ဒေါ်ခင်သီဘယ်လိုများ ထင်မြင်မိပါသလဲ"

"ဓာတ်ပုံတွေကြောင့် ဖြစ်ရတာလို့ပဲ ထင်ပါတယ်"

"ဒေါ်ခင်သီက တံခါးဖွင့်ပေးစမ်းလို့ အော်တဲ့အခါ တံခါးကို ချက်ချင်း မဖွင့်ဘဲခဏကြာမှဆိုတော့ အဲဒီခဏဟာ ဒေါ်ခင်သီစိတ်ထင်ဘယ်နှမိနစ် လောက်ရှိမလဲ"

"ငါးမိနစ်လောက်ရှိလိမ့်မယ်လို့ ထင်ပါတယ်"

"တကယ်ဆို မခင်လေးနွယ်ဟာ တံခါးကို ချက်ချင်းလာဖွင့်ရမှာ ငါးမိနစ်လောက်ကြာစရာအကြောင်း ရှိပါ့မလား"

"မောင်ဝင်းမောင် လဲကျသွားတာကို အဲ့အားသင့်ပြီး မှင်သက်မိနေလို့ ကြာသွားတာဖြစ်လိမ့်မယ်"

"ဒါက ဒေါ်ခင်သီမှန်းဆပြီးပြောတဲ့ ထင်ကြေးပေါ့နော်"

"ဟုတ်ပါတယ်"





"ကျွန်တော်မေးတာက ဧည့်ခန်းမှာ ခင်လေးနွယ်ရှိနေမယ်၊ ရှိနေတဲ့ နေရာနဲ့ တံခါးပေါက်နဲ့အကွာအဝေးဟာ ဆယ်ပေလောက်ပဲရှိမယ်၊ အဲ့ဒီ တော့ တံခါးလာဖွင့်မယ်ဆိုရင် တစ်မိနစ်တောင်မကြာနိုင်ဘဲ ငါးမိနစ်လောက် ကြာမှ တံခါးဖွင့်တာဟာ သဘာဝကျမကျ မေးတာပါ"

"အဲ့ဒါကိုတော့ ကျွန်မလည်း မပြောတတ်ပါဘူး"

"ထားပါလေ၊ ဒေါ်ခင်သီကို တွေ့လိုက်တာနဲ့ ခင်လေးနွယ်က ကိုဝင်းတော့ ကျွန်မကြောင့် ကျွန်မကြောင့်လို့ပြောပြီး ငိုတယ်ဆိုတော့ ကျွန်မကြောင့် ကိုဝင်း ခုလိုဖြစ်ရတာပါဆိုတဲ့ အဓိပ္ပါယ် မသက်ရောက်ဘူးလား"

ခင်လေးနွယ်၏ ရှေ့နေကြီးက မှန်းဆချက်နှင့် နိမိတ်ပြမေးခွန်းမမေး သင့်ကြောင်း ထ၍ကန့်ကွက်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် မေးခွန်းပြောင်းမေးပါမယ်"

"ခင်လေးနွယ်က ကျွန်မကြောင့် ကျွန်မကြောင့်လို့ ပြောတာကို ဒေါ် ခင်သီက ဘယ်လိုများ အဓိပ္ပါယ်ကောက်လိုက်ပါသလဲ"

ဒေါ်ခင်သီက ရုတ်တရက် အဖြေမပေးသေးဘဲ တွေပြီးစဉ်းစားနေသည်။ ပြီးမှ. . .

"ကျွန်မ ဒီမေးခွန်းကို မဖြေတတ်ပါဘူး"

"ဟုတ်ကဲ့ ရပါတယ်၊ မခင်လေးနွယ်ဟာ ဒေါ်ခင်သီကို မိတ်ဆွေတစ် ယောက်လိုပဲ ခင်တယ်၊ အစ်မတစ်ယောက်လိုပဲ ချစ်ခင်အားကိုးတယ်ဆိုရင် ရော ငြင်းစရာမရှိပါဘူးနော်"

"ဟုတ်ကဲ့၊ မရှိပါဘူး"

"မခင်လေးနွယ်က ကိုဝင်းမောင်အပေါ် မကျေနပ်ကြောင်း ပြောဆို ဖူးပါသလား"

"တစ်ခါနှစ်ခါလောက် ပြောဖူးပါတယ်"

"ဘယ်လိုမကျေနပ်တာလဲ"

"ခင်လေးနွယ်က မောင်ဝင်းမောင်ကို ရန်ကုန်မှာပဲ သူနဲ့အတူနေပြီး အလုပ်လုပ်စေချင်တယ်၊ ခဏခဏ ခရီးရက်ရှည်ထွက်နေတာကို မကြိုက်လို့ မကျေနပ်ကြောင်း ပြောဖူးပါတယ်"

"ဒါလောက်ပဲပေါ့"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

“လက်ရှိမှုခင်းဖြစ်အခန်းဟာ သူပိုင်တဲ့အခန်းလား”

“မဟုတ်ပါဘူး၊ မောင်ဝင်းမောင်နဲ့ အလုပ်စပ်တူလုပ်တဲ့ ကိုအောင်မြင့်မောင်ဆိုတဲ့လူပိုင်တဲ့ အခန်းပါ”

“ကိုဇော်မောင်မောင်လည်း အဝင်အထွက်ရှိမှာပေါ့နော်”

“ဟုတ်တဲ့၊ ရှိပါတယ်”

“မကြာခဏ လာတတ်သလား၊ တစ်ခါတစ်ရံ လာတတ်သလား”

“တစ်ခါတစ်ရံလောက်ပဲ လာတတ်ပါတယ်”

“မခင်လေးနွယ် သရုပ်ဆောင်အဖြစ်ပါဝင်တဲ့ ရုပ်ရှင်ကားအခြေအနေ ဘယ်အဆင့်အထိ ရောက်နေပြီဆိုတာကို ဒေါ်ခင်သီပြောနိုင်ပါသလား”

“အဲ့ဒီဇာတ်ကားကို မရိုက်ဖြစ်ခဲ့ပါဘူး”

“ဩော်. . . မရိုက်ဖြစ်ဘဲကိုး၊ မရိုက်ဖြစ်တဲ့အကြောင်းကိုရော သိပါသလား”

“ဇာတ်လမ်းအပယ်ခံရလို့ မရိုက်ဖြစ်ဘူးလို့ သိရပါတယ်”

“ဟုတ်တဲ့၊ ဒီလောက်ပါပဲ တော်ပါပြီ”

ရှေ့နေကြီးက လျှောက်လဲချက်ပေးသည့်အခါ အဓိကမြွားချက်ကို ပစ်လွှတ်ဖို့အတွက် အရံမြွားအစင်းပေါင်းများစွာကို ပစ်လွှတ်သွားခဲ့သည်။

ခင်လေးနွယ်၏ ရှေ့နေကြီးကလည်း တိုက်စစ်မြွားတွေလမ်းချော်သွားအောင် ဒိုင်းနှစ်ခုကိုကိုင်၍ ကာကွယ်သွားရုံမက ပြန်လည်တိုက်စစ်ဆင်သည့်မြွားအစင်းပေါင်းများစွာကိုလည်း ပစ်လွှတ်ခဲ့သည်ပါ။

ကျွားနှင့်ဆင် လယ်ပြင်မှာတွေ့ကြရုံပဲရှိသေးသည်၊ အားမာန်နှင့် သတ္တိစွမ်းအားကို ပြရုံအဆင့်ပဲရှိသေးသည်၊ တကယ့်တိုးစစ်ကို မဆင်နွှဲကြသေး။

“ကိုဝင်းသေရတာဟာ သူ့ဟာသူ အမူးလွန်ပြီး ဒေါသတကြီးနဲ့ ကျွန်မဆီကို အတင်းတိုးအဝင်မှာ ဟန်ချက်မထိန်းနိုင်ဘဲ ခလုတ်တိုက်ပြီး ခြေလွှတ်လက်လွှတ် လဲကျခဲ့ပါတယ်၊ သူ့ခေါင်းဟာ စားပွဲစောင်းနဲ့ရော ကုလားထိုင်စောင်းနဲ့ပါ ပြင်းပြင်းထန်ထန်တိုက်မိခဲ့တာကြောင့် ဦးခွံကွဲပြီး ဦးနှောက်ထဲသွေးရောက်သွားလို့ သေရတာပါ၊ ပြဿနာရဲ့အရင်းရဲ့ အရင်းခံကတော့ တရားခံမှာ သက်သေအဖြစ် တင်ပြထားတဲ့ဓာတ်ပုံတွေကြောင့်ပါပဲ၊ ပြိုလ်မွှေတဲ့ဓာတ်ပုံတွေရဲ့အကြောင်းကတော့. . .”

◆ ◆ ◆



## (တစ်ဆယ့်ခုနစ်)

အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ တစ်ဦးတစ်ယောက်ကို ရုပ်ရှင်သရုပ်ဆောင်အဖြစ် အသုံးပြုတော့မည်ဆိုလျှင် အမှုအရာပိုင်းထက် ဖလင်စားမစား၊ ဓာတ်ပုံစားမစားကို ပထမကြည့်ရသည်။

အမှုအရာပိုင်းက သင်ပြလို့ရသည်၊ ဖလင်နှင့် ဓာတ်ပုံမစားသည်ကို ပြုပြင်ရသည်မှာမလွယ်၊ အပြင်မှာ ရုပ်ချောပေမယ့် ဓာတ်ပုံထဲမှာ ရုပ်မလှ၊ အပြင်မှာ အကျည်းတန်ပေမယ့် ဓာတ်ပုံထဲမှာကျတော့ လှလှပပ ရုပ်ကြွထွက်လာသူတွေ အများကြီး၊

အသားညိုပြီးလှသူနှင့် အသားဖြူပြီးလှသူတို့ ဓာတ်ပုံစားပုံမှာမတူ၊ အသားညိုပြီးလှသူက ဓာတ်ပုံပိုစားသည်၊

အငြိမ့်နှင့်ဇာတ်မင်းသမီးတွေကျတော့ မီးစားသူနှင့် မီးမစားသူ ကွာပြန်သည်၊ ရုပ်မလှဘဲ မီးစားသူရှိသလို ရုပ်လှပြီး မီးမစားသူလည်းရှိသည်၊ ရုပ်ရှင်သရုပ်ဆောင်ကျတော့ ဖလင်စားမှုလို့ ဆိုစကားရှိသည်၊

ဒါက ဇော်မောင်မောင်၏ ရှင်းပြချက်၊

ခင်လေးနွယ်ကို ဖလင်ပေနည်းနည်း ရိုက်ကြည့်ရမည်၊ ထောင့်အသွယ်သွယ်ကနေ ဓာတ်ပုံရိုက်ကြည့်ရမည်၊

တည့်တည့်မျက်နှာလှသူ၊ တစောင်းအနေအထားဖြင့် မျက်နှာလှသူ၊ ဘေးတကျကျမှ မျက်နှာလှသူ၊ မျက်နှာကို ပင့်ရိုက်မှ မျက်နှာတကျအဆင်ပြေသူ၊ စီးရိုက်မှ သွင်ပြင်ဟန်ပန် ပေပြစ်သူဟူ၍ ရှိကြသည်၊

တစ်ယောက်တည်း ဓာတ်ပုံအမျိုးမျိုးရိုက်သလို သရုပ်ဆောင်အမှုအရာနှင့် နှစ်ယောက်တွဲ ဓာတ်ပုံအမျိုးမျိုးလည်း ရိုက်ရသည်၊ သရုပ်ဆောင်အမှုအရာ


www.burmeseclassic.com

www.burmeseclassic.com

နှင့် နှစ်ယောက်တွဲရိုက်ရတော့ ဇော်မောင်မောင်နှင့်၊ သူ ရိုက်မည့်ဇာတ်ကားတွင် ခင်လေးနွယ်က မင်းသားနှင့်တွဲရမည်။

ခုမှ ဇာတ်လမ်းတင်ရမှာ။ လျာထား ထားသည့်မင်းသားကို ခုလိုကိစ္စမျိုးအတွက် အကူအညီခေါ်လို့မရ။ ဇာတ်ကားတွေလက်မလည်အောင် ရိုက်နေရသည့် မင်းသားကလည်း အကူအညီလာပေးလိမ့်မည် မဟုတ်။

သည်တော့ ဇော်မောင်မောင်က မင်းသားနေရာမှာ ဝင်ရမည်။ ဇာတ်လမ်းအရ ခင်လေးနွယ် ပါဝင်သရုပ်ဆောင်ရမည့်အခန်းများမှာ မင်းသားနှင့်တွဲရမည့်အခန်း တော်တော်များများလေးပါသည်။

အညှုအတာအခရာအခန်း၊ မြူးမြူးကြွကြွ ပျော်ပျော်ရွှင်ရွှင် မင်းသားနှင့်လည်ရပတ်ရမည့်အခန်း၊ ငေးငိုင်တွေးမှိုင်၍ လွမ်းရမည့်အခန်း။

ဟိုတယ်မှာ စားကြသောက်ကြရင်း ဇော်မောင်မောင်က သူမပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ဝင်ခန်းတချို့ကို ပြောပြခဲ့၏။

"မနွယ်ကြိုးစားသလောက် ပီပီပြင်ပြင်လုပ်စွမ်းနိုင်သလောက် ထိထိမိမိ ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်နိုင်သလောက် ဇာတ်ကားတစ်ကားတည်းနဲ့ ရုပ်ရှင်လောကမှာ အခြေခိုင်သွားဖို့ သေချာသလို နာမည်လည်းဟိန်းသွားမှာ သေချာတယ်၊ ကျွန်တော်ရိုက်မယ့်ကားမှာ ရှိပြီးသား၊ ဇာတ်ပို့အဟောင်းတွေကို မသုံးချင်လို့ မနွယ်ကို စဉ်းစားရတာပါ၊ အမူအရာပိုင်းကိုတော့ ကျွန်တော်ကိုယ်တိုင်သင်ပေးမယ်၊ ဇာတ်လမ်းမကျခင် မနွယ်ကလည်း အချိန်ပေးရလိမ့်မယ်၊ မနွယ်ရဲ့သဘောထားကိုလည်း ပွင့်ပွင့်လင်းလင်း သိချင်တယ်"

"ဇော်မောင်မောင် ရန်ကုန်ဆင်းလာတယ်ဆိုတဲ့သတင်းကို မမသီထံကတဆင့် ကြားရပါတယ်၊ မန္တလေးသွားတုန်းက ကျွန်မအပေါ် အလွန်အမင်းဂရုစိုက်ခဲ့တာကြောင့် ကျွန်မက ထမင်းဖိတ်ကျွေးချင်တဲ့အကြောင်း မမသီကိုပြောပြခဲ့ပါတယ်၊ တကယ်တော့ ရုပ်ရှင်ကိစ္စနဲ့ပတ်သက်ပြီး သူကိုယ်တိုင်ပြောတာကို နားနဲ့ဆတ်ဆတ်ကြားချင်တာကြောင့် သူနဲ့မြန်မြန်တွေ့ရမယ့်နည်းလမ်းကို ဖန်တီးလိုက်တာပါပဲ"

"စားကြသောက်ကြရင်း သူက အဲ့ဒီလိုပြောလာပြီး ကျွန်မသဘောထားကိုမေးလာတော့ ကျွန်မဘာပြန်ပြောရမှန်းတောင် မသိတော့ပါဘူး၊ ဝမ်းသာလုံးကြီးအပြည့်အသိပ် ဆို့ပိတ်နေလို့ပါ၊ အဲ့ဒီတုန်းက ကျွန်မဘယ်လိုဝမ်းသာခဲ့တယ်၊ ဘယ်လောက်တောင် ဝမ်းသာခဲ့ရတယ်ဆိုတာကို ပြန်ပြောနိုင်စွမ်း





မရှိပါဘူး၊ ပြန်ပြောနိုင်စွမ်းမရှိလောက်အောင် ဝမ်းသာရတာပါ၊ ကျွန်မ ဟန်မဆောင်နိုင်တော့ပါဘူး၊ ကိုဇော်မောင်မောင်သဘောအတိုင်းလုပ်ဖို့နဲ့ ကျွန်မအစွမ်းကုန်ကြိုးစားမယ့်အကြောင်းပဲ ပြောလိုက်နိုင်ပါတယ်"

ဇော်မောင်မောင် ချိန်းသည့်နေရာကို ခင်လေးနွယ် သွားခဲ့ရသည်။ မမသီပါသည့်အခါလည်း ရှိပါသည်။ မပါသည့်အခါ တစ်ယောက်တည်းသွားရသည်။

"အမူအရာတွေဘာတွေ မသင်ရသေးပါဘူး၊ ဓာတ်ပုံရိုက်ရုံလောက်ပါပဲ၊ သူနဲ့လည်း တွဲမရိုက်ရသေးပါဘူး၊ ကျွန်မတစ်ယောက်တည်းရဲ့ပုံတွေကို အတော်များများ ရိုက်ခဲ့ရတာပါ၊ ပြီးတော့ သူပေးတဲ့အကြံအတိုင်းပြသနေဆဲ ရုပ်ရှင်ကားမှန်သမျှကို စုံအောင်လိုက်ကြည့်ပြီး သရုပ်ဆောင်တွေရဲ့ အမူအရာကို မျက်စိထဲက မထွက်အောင် ကြည့်ရှုမှတ်သားခဲ့ပါတယ်၊ အဲ့ဒီတုန်းမှာပဲ ကိုဝင်းခရီးထွက်သွားရာက ပြန်ရောက်လာပါတယ်၊ သူပြန်ရောက်လာတော့ ခါတိုင်းလို အပြင်ထွက်ဖို့မလွယ်တာနဲ့ မမသီနဲ့တိုင်ပင်ပြီး မိန်းမဝမ္မတာကိစ္စကြောင့် တစ်ပတ်လောက် အပြင်မထွက်နိုင်တဲ့အကြောင်း ပြောခိုင်းရပါတယ်၊ ကိုဇော်မောင်မောင်များ စိတ်ခုသွားမလားလို့ ပူလိုက်ရတာ၊ သူကလည်း မန္တလေးကိုပြန်ဖို့ ကိစ္စတစ်ခုပေါ်လာတာကြောင့် ခဏပြန်ဦးမယ်ဆိုတဲ့အကြောင်း မမသီတဆင့် သိရတော့မှပဲ စိတ်အေးသွားရပါတယ်၊ မပြန်ခင်နေ့မှာ မမသီနဲ့အတူသွားတွေ့ခဲ့ပါသေးတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုဝင်းကိုဖွင့်မပြောလို့မဖြစ်တော့ပါဘူး၊ ခုမှမရှင်းရင် နောင်ပိုရှုပ်လာမှာကြောင့် ရှင်းတော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်၊ ဒါပေမယ့်. . ."

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ရှစ်)

လိုပြသက်သေ ဇော်မောင်မောင်နှင့် ဝင်းမောင်အဖေဦးဖိုးကျော့ အစစ်ခံမည့်နေ့။

မတွေ့ချင် မျက်နှာချင်းမဆုံချင်သူများနှင့် ပြန်လည်တွေ့ဆုံ၍ မျက်နှာချင်းဆိုင်ရတော့မည်မို့ ထိုနေ့ရုံးထွက်ရမည်ကို အတော်ကြီး ဝန်လေးနေသည်။ ဖြစ်နိုင်ရင်တော့ ရုံးမထွက်ချင်။ သို့တစေ ရုံးမထွက်လို့မရ။

ထောင်ထဲသို့ရောက်သည့် တရားခံများမှာ ရုံးမထွက်နိုင်လောက်အောင် ကျန်းမာရေးအခြေအနေ မကောင်းရင်ဖြစ်စေ၊ ခိုင်လုံသည့်အကြောင်းပြစရာ တစ်စုံတစ်ရာမရှိရင်ဖြစ်စေ ရုံးမထွက်လို့မရ။

အာမခံရပြီး အပြင်ထွက်နေထိုင်၍ တရားဆိုင်နေရသူများပင်လျှင် ရုံးချိန်းနေ့ပျက်ကွက်မှုရှိရင် မိမိတို့၏ ရှေ့နေကြီးများက ခိုင်လုံသော အကြောင်းပြချက်ဖြင့် လျှောက်ထားချက်တင်သွင်းရသည်။

အပြင်တွင်နေထိုင်၍ တရားဆိုင်သူများက အလှည့်အပတ်လုပ်လို့ရသည်။ ထောင်ထဲသို့ရောက်ရှိနေသည့် တရားခံများမှာမူ အရှောင်အတိမ်း အလှည့်အပတ်လုပ်၍မရ။

ရုံးထွက်ရမည့်နေ့တွင် အဆင်သင့်ပြင်ဆင်ထားကြရသည်။

ခင်လေးနွယ်မှာ ရင်မလင်းခေါင်းမရှင်းဘဲ ထွက်ခဲ့ရသည်။

ခါတိုင်းရုံးထွက်နေ့များတွင် မျက်နှာပြောင်ကြီး ဖြစ်မနေစေရန်အတွက် သနပ်ခါးမွှန်မွှန်လိမ်းပြီး မိတ်ကပ်ပါးပါးလေးသစမြဲ ရှိခဲ့၏။

ယခုတစ်ပတ် ရုံးထွက်မှာမူ သနပ်ခါးမွှန်မွှန်သော်မှ မသ။ မျက်နှာပြောင်နှင့် ရုံးထွက်ခဲ့သည်။ မိန်းမထောင် အချုပ်ဆောင်မှာ သနပ်ခါး



မိတ်တပ်ဗူးနှင့် နှုတ်ခမ်းနီဆိုးဆေးများကို ဆောင်ထားစမြဲ ရှိခဲ့ကြ၏။

ထောင်သို့ဝင်ခါစ ထိုပစ္စည်းများမပါလာသည့်တိုင် ထောင်ဝင်စာတွင်ဖြစ်စေ၊ ရုံးထွက်အပြန်တွင်ဖြစ်စေ ပါလာစမြဲ၊ ယူဆောင်လာစမြဲရှိကြ၏။ အလှအပကို မမက်မော မကြိုက်နှစ်သက်သူ မိန်းမသားဟူ၍ လောကတွင် မရှိရာ။

ခင်လေးနွယ်မှာ သနပ်ခါးခဲရော မိတ်ကပ်ပါအပြည့်အစုံရှိသည်။ အဲဒီနေ့က စိတ်မကြည်လင်သမို့ ခါတိုင်းလို မခြယ်သ။

ထောင်ထဲကမထွက်ခင် မရှင်းမလင်းဖြစ်ခဲ့ရသည့် ရင်မှာ တရားရုံးချုပ်သို့ရောက်သည့်အခါ ပို၍နောက်ကျိရှုပ်ထွေးသွားရသည်။ ကိုသိန်းဦးတို့ လင်မယားထံမှ ကြားလိုက်ရသည့်စကားကြောင့်။

ဝင်းမောင်တို့အဖေ ဦးဖိုးကျော့နှင့် သွားရောက်တွေ့ဆုံခဲ့ရာ သူတို့ ထင်သလိုမဟုတ်ဘဲ သူတို့သားအတွက် အခဲမကြေဖြစ်နေကြောင်း တရားရုံးတွင် လျှော့ပေါ့၍ ထွက်ဆိုလိမ့်မည်မဟုတ်ကြောင်း ပြောလာသည့် သတင်းစကားကြောင့် လေးနေသည့်ရင်မှာ ပို၍တင်းကျပ်သွားရသည်။

အမှုတစ်ခုဖြစ်လာပြီဆိုလျှင် တရားခံဘက်မှ တရားလိုပြသက်သေများကို နည်းအမျိုးမျိုးဖြင့်ချဉ်းကပ်၍ ထွက်ဆိုချက်ပေါ့ပါးစေရန် အဝင်အထွက်လုပ်ရလိုက်ရသလို တရားလိုဘက်မှလည်း ထို့အတူ လုပ်ကြရသည်။

လိုက်ပေမယ့် လိုက်အားမရှိ။

ခင်လေးနွယ်မှာ သက်ပြင်းချရုံမှတစ်ပါး မည်သို့မျှမတတ်နိုင်။ တရားလို ပထမအစစ်ခံမည့်သက်သေမှာ ဇော်မောင်မောင်။

ဇော်မောင်မောင်က မျက်မှန်အနက်ကြီးတပ်၍ တရားခွင်သို့ဝင်လာသည်။ ခင်လေးနွယ်က တရားခံများနေထိုင်ရသည့်နေရာသို့ ကြိုတင်ရောက်နေသော်လည်း တရားခွင်သို့ဝင်လာသည့် ဇော်မောင်မောင်က လုံးဝ လှမ်းငဲ့မကြည့်။ သူ ထိုင်ရမည့် တရားခွင်ရှေ့ရှိ တုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

သူ၏ထွက်ဆိုချက်မှာ သူ့သိက္ခာ တာကွယ်ရေးကို အဓိကထားပြီး ခင်လေးနွယ်အပေါ်သို့ သံသယဖြစ်စရာအချက်များကို ဖိအားပေး၍ ထွက်ဆိုခဲ့သည်။

"မခင်လေးနွယ်ကို ကျွန်တော်နဲ့ ခင်မင်ရင်းနှီးသူ ဒေါ်ခင်လှမှတဆင့်

www.burmeseclassic.com

www.burmeseclassic.com

သိက္ခမ်းခဲ့ရခြင်း ဖြစ်ပါတယ်၊ ရန်ကုန်မှာ နှစ်ခါသုံးခါလောက် တွေ့ဆုံ သည်ကလွဲလို့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မရှိခဲ့ပါဘူး၊ နှစ်ခါသုံးခါလောက် တွေ့ဆုံဖူးပေမယ့် နှစ်ယောက်ချင်းတွေ့ဆုံခြင်း မဟုတ်ပါ၊ ဒေါ်ခင်သီနဲ့ အတူတွဲလျက် တွေ့ဆုံဖူးခြင်းသာ ဖြစ်ပါတယ်"

ဤသို့ထွက်ဆိုခြင်းအစမှာ မှန်မှန်ကန်ကန် ထွက်ဆိုခြင်းဟု ဆိုနိုင်ပါသည်

"မန္တလေးသို့ မခင်လေးနွယ် အလည်အပတ်လိုက်လာခြင်းမှာ ကျွန် တော်က ဖိတ်ခေါ်၍ လိုက်လာခြင်းမဟုတ်ပါ၊ ဒေါ်ခင်သီကခေါ်၍ အဖေါ် အဖြစ် လိုက်လာခြင်းသာ ဖြစ်ပါတယ်၊ ဒေါ်ခင်သီ မန္တလေးကိုလာတာဟာ အလည်သက်သက် မဟုတ်ပါဘူး၊ အရောင်းအဝယ်ကိစ္စအတွက် တစ်ချက် နှစ်ချက်ပြတ်သဘော လာခြင်းဖြစ်ပါတယ်၊ မန္တလေးကိုရောက်တဲ့အခါ ကျွန် တော်၏အိမ်တွင် မတည်းခိုကြပါဘူး၊ မန္တလေးဟိုတယ်မှာ တည်းခိုကြပါတယ် ကျွန်တော်က အိမ်သည်ဝတ္တရားအရ မန္တလေးမှာရှိတဲ့ တန်ခိုးကြီးဘုရားများ လိုက်လံပို့ဆောင်ပေးခဲ့ပါတယ်၊ မခင်လေးနွယ်ဟာ မန္တလေးမှာ ငါးရက် နေပြီး လေယာဉ်ပျံနဲ့ တစ်ယောက်တည်း ပြန်သွားခဲ့ပါတယ်၊ ဒေါ်ခင်သီ သူ့ကိစ္စမပြီးပြတ်လို့ မန္တလေးမှာ ကျန်နေခဲ့ပါတယ်"

ဇော်မောင်မောင်က မန္တလေးကိုလိုက်ခဲ့ဖို့ အတန်တန်ဖိတ်ခေါ်ခဲ့သော် လည်း တရားရုံးထွက်ဆိုချက်တွင်မူ သူက မဖိတ်ခေါ်ခဲ့ပါဟု ထွက်ဆိုသွားခဲ့သည်

"ကျွန်တော်က အထက်မြန်မာပြည် ရုပ်ရှင်ဖြန့်ချိရေးလုပ်ငန်းလုပ်ပါ ကြောင့် မခင်လေးနွယ်က ရုပ်ရှင်ထဲမှာ သရုပ်ဆောင်အဖြစ် ပါချင်တဲ့အကြော ဆက်သွယ်ပေးဖို့အကြောင်း ပြောခဲ့ပါတယ်၊ ရုပ်ရှင်ထဲပါပါလို့ ကျွန်တော် စတင်ပြောဆိုခဲ့ခြင်း မဟုတ်ပါ"

ဤထွက်ဆိုချက်မှာ လုံးဝ မမှန်ကန်သောကြောင့် ခင်လေးနွယ် သူ့အနီးတွင်ရှိနေသည့် ရှေ့နေကြီးအား တိုးတိုးလေးပြောလိုက်ရာ ရှေ့နေ ကြီးက သူ့မှတ်စုစာအုပ်တွင် ရေးမှတ်လိုက်၏။

"ကျွန်တော့်ရဲ့လုပ်ငန်းအစီအစဉ်မှာ ရုပ်ရှင်ဇာတ်ကားတစ်ကား ကိုယ်ပိုင် ကိုယ်တိုင်ရိုက်ဖို့ အစီအစဉ်ရှိတာကြောင့် ကျွန်တော် ရန်ကုန် ဆင်းခဲ့ပါတယ်၊ ကျွန်တော် ဒေါ်ခင်သီအိမ်ကိုသွားလည်ရင်း ဒေါ်ခင်သီ အခန်းချင်းကပ်လျက်မှာနေတဲ့ မခင်လေးနွယ်ကိုပါ တွေ့ခဲ့ရပါတယ်၊ တော့်လုပ်ငန်းအစီအစဉ်ကို ကျွန်တော်က ပြောမပြခဲ့ပါဘူး၊ ဒေါ်ခင်သီ





ပြောပြတာဖြစ်ပါတယ်၊ မခင်လေးနွယ်က ဘယ်အခန်းက ပါရပါရ ပါပါရစေ လို့ ပြောခဲ့ပါတယ်၊ မခင်လေးနွယ်ရဲ့ရုပ်ရည်ဟာ ရုပ်ရှင်ထဲမှာ ဇာတ်ပို့ဇာတ်ရံ နေရာမှာ ထည့်သုံးနိုင်တာကြောင့် စတေခေါ်တဲ့ ရုပ်သေပုံ ရိုက်ကြည့်မယ်လို့ ပြောခဲ့ပါတယ်၊ ရုပ်ရှင်ထဲပါဖို့ သူ့ရဲ့ခင်ပွန်းသည်က သဘောတူမတူကို ကျွန် တော်မသိပါဘူး၊ ကျွန်တော်ကလည်း မမေးခဲ့ပါဘူး"

မုသားမကင်း၊ မှန်တစ်ဝက် မမှန်တစ်ဝက်။

"ပထမ မခင်လေးနွယ်ရဲ့ တစ်ယောက်တည်းပုံတွေကို ရိုက်ခဲ့ပါတယ်၊ ကျွန်တော်နဲ့နှစ်ယောက်တွဲပုံတွေကိုရိုက်ရတဲ့အကြောင်းကတော့ ကျွန်တော် ရိုက်မယ့်ကားမှာ ကျွန်တော်ကိုယ်တိုင် သူနဲ့တွဲမယ့် ဇာတ်ရံအဖြစ် ပါဝင်မှာ ကြောင့် ဖြစ်ပါတယ်"

မုသားလုံးဝမကင်းသည့် လီဆယ်ထွက်ဆိုချက်။

"ဒါပေမယ့် မခင်လေးနွယ်၏ အနေအထိုင်နဲ့ နောက်ပိုင်းမှာထွက်လာတဲ့ မကောင်းသတင်းအနံ့တွေကြောင့် ကျွန်တော်ရိုက်မယ့်ဇာတ်ကားထဲမှာ သူ့ကို ထည့်သွင်းမရိုက်ကူးဖို့ ဆုံးဖြတ်လိုက်ပါတယ်"

ခေါင်းငုံ့နားထောင်နေသည့် မခင်လေးနွယ်က ခေါင်းကို ဆတ်ကနဲ မော့လိုက်ပြီး အံကိုတင်းတင်းကြိတ်လိုက်၏။

သို့တစေ ဘာမျှပြောပိုင်ခွင့်မရှိ၊ ပြောစရာရှိသည်ကို ရှေ့နေကြီးအား တိုးတိုးလေး ပြောလိုက်ရသည်။

တရားခွင်မှာ တရားခံဖြစ်စေ၊ တရားလိုဖြစ်စေ၊ သက်သေဖြစ်စေ၊ ထွက်ဆိုချက် ထွက်ဆိုနေသည့်အခါ မမှန်မကန်ထွက်ဆိုချက်ပါလျှင် ကြား ဖြတ်၍ ဟန့်တားပြီး ပြောပိုင်ခွင့် မေးပိုင်ခွင့်မရှိ။ ထွက်ဆိုချက်ပြီးဆုံးသည့် အခါ မိမိတို့ ရှေ့နေကြီးများကသာ မေးပိုင်ခွင့်ရှိသည်။

"ဒီ ဓာတ်ပုံတွေဟာ မခင်လေးနွယ်ရဲ့ယောက်ျားထံကို ကျွန်တော့်ထံက တဆင့် ရောက်ရှိသွားခြင်းမဟုတ်ပါ၊ ဓာတ်ပုံတွေကူးပြီး မခင်လေးနွယ်ကို လည်း ပေးထားခဲ့ပါတယ်၊ သူ သိမ်းဆည်းထားတဲ့နေရာကတဆင့် တွေ့ရှိ သွားတာပဲ ဖြစ်ပါလိမ့်မယ်၊ ဇာတ်ကားထဲမှာ ထည့်ရိုက်ဖို့မဖြစ်တော့ဘူးဆို တာကို ကျွန်တော် အတည့်အလင်း ပြောခဲ့ပါတယ်၊ နောက်ပိုင်းဖြစ်ရပ်ကိစ္စ တွေကို ကျွန်တော်လုံးဝမသိပါဘူး"

ဇော်မောင်မောင်က ထိုသို့ထွက်ဆိုပြီးသည့်နောက် ရှေ့နေကြီးများ၏

www.burmeseclassic.com

မေးခွန်းအလှည့်ရောက်လာသည်။

တရားလိုရှေ့နေကြီးက မေးခွန်းအနည်းငယ်သာမေးခဲ့သော်လည်း တရားခံ၏ရှေ့နေကြီးကမူ တိုရှင်းလိုရှင်း မေးခွန်းများဖြင့် ထိုးစစ်အတွက် ခံစစ်ကွင်းပြင်လိုက်ရသည်။

"ကိုဇော်မောင်မောင်နဲ့ မခင်လေးနွယ်တို့ဟာ ရန်ကုန်မှာကတည်းက အတော်ကြီး တရင်းတနှီးရှိကြတယ်ဆိုရင် ငြင်းမလား"

"မရှိပါဘူး၊ ငြင်းပါတယ်"

"အတူတူသွားလာစားသောက်နေထိုင်ကြတယ်ဆိုရင်ကော ငြင်းမလား"

"စားသောက်ဆိုင်မှာ ဒေါ်ခင်သီနဲ့အတူ နှစ်ခါလောက် စားသောက်ဖူးတာကလွဲလို့ သွားသွားလာလာ မရှိပါဘူး"

"လုံးဝမငြင်းဘူးပေါ့"

"ဟုတ်ကဲ့ မငြင်းပါဘူး"

"မခင်လေးနွယ်ကို မန္တလေးကို အလည်လိုက်ဖို့ ကိုဇော်မောင်မောင်က လေးငါးကြိမ်ထက်မနည်း ဖိတ်ခေါ်ခဲ့ပါတယ်ဆိုရင် ကိုဇော်မောင်မောင် ငြင်းမှာပဲလား"

"ဟုတ်ကဲ့ ငြင်းပါတယ်"

"လောကဝတ်အရ အလည်လိုက်ခဲ့ပါလို့တောင် မပြောဖူးဘူးပေါ့"

"ဟုတ်ကဲ့ မပြောခဲ့ပါဘူး"

"ဒေါ်ခင်သီ မန္တလေးကို အရောင်းအဝယ်ကိစ္စအတွက် လာတယ်ဆိုတော့ ဘာကုန်ပစ္စည်းတွေကို အရောင်းအဝယ်လုပ်ဖို့လာတာပါလဲ"

"စိန်ထည်ပစ္စည်းတွေ အရောင်းအဝယ်လုပ်ဖို့ပါ"

"ဒေါ်ခင်သီဟာ ရန်ကုန်မှာ စိန်အရောင်းအဝယ်လုပ်ငန်းကို မလုပ်ကိုင်ခဲ့ဖူးဘူးလို့ပြောရင် ကိုဇော်မောင်မောင် ဘယ်လိုများပြောမလဲ"

"ဒါတော့ ကျွန်တော်မသိပါဘူး၊ ရန်ကုန်မှာလုပ်လို့သာ မန္တလေးကိုလာပြီး အရောင်းအဝယ်လုပ်တယ်လို့ ထင်ပါတယ်"

"ဒေါ်ခင်သီဟာ မန္တလေးကနေပဲ ရန်ကုန်ကို ပြန်လာတာပေါ့နော်"

"မဟုတ်ပါဘူး၊ လားရှိုးတက်တက်ပြီးမှ မန္တလေးကို ပြန်ဆင်းပြီး ရန်ကုန်ပြန်တာပါ"

"မန္တလေးကနေ လားရှိုးတက်တော့ ဒေါ်ခင်သီတစ်ယောက်တည်းပဲလား"





"မဟုတ်ပါဘူး၊ ကျွန်တော်ပါ လိုက်သွားပါတယ်"

"ကိုဇော်မောင်မောင်ကလည်း စိန်အရောင်းအဝယ် လုပ်တယ်လို့ ဆိုလိုချင်တာလား"

"မဟုတ်ပါဘူး၊ အဖော်အဖြစ် လိုက်သွားတာပါ"

ခင်လေးနွယ်၏ ရှေ့နေကြီးက ဇော်မောင်မောင်ကို တနဲ့နဲ့ လှမ်းကြည့်နေသည်။

"ဒေါ်ခင်သီနဲ့ ကိုဇော်မောင်မောင်တို့ဟာ ဒီလောက်တောင် တရင်းတနှီးရှိပါလျက်နဲ့ ကိုဇော်မောင်မောင်တို့တိုက်မှာ မတည်းခိုဘဲ မန္တလေးဟိုတယ်မှာ တည်းခိုတယ်ဆိုတာဟာ မြန်မာလူမျိုးတို့ရဲ့ ဓလေ့ထုံးစံအစဉ်အလာနဲ့ ကိုက်ညီတယ်လို့ ယူဆပါသလား"

"ဒါတော့ ကျွန်တော်မပြောတတ်ပါဘူး၊ သူတို့က လွတ်လွတ်လပ်လပ် နေချင်တယ်ဆိုလို့ပါ"

"ဟုတ်ကဲ့ ရပါတယ်၊ ကိုဇော်မောင်မောင် ကြိုက်သလိုဖြေနိုင်ပါတယ်၊ ကျွန်တော်ထပ်မေးချင်တာက လားရှိုးရောက်တော့ ကိုဇော်မောင်မောင်တို့ ဘယ်မှာတည်းခိုပါသလဲ"

"လားရှိုးမြို့ . . . တည်းခိုခန်းမှာ တည်းပါတယ်"

"နှစ်ယောက်အတူတူပေါ့နော်"

"မဟုတ်ပါဘူး၊ တစ်ယောက်တစ်ခန်းစီပါ"

"ကျွန်တော်မေးတာက တည်းခိုခန်းတစ်ခုတည်းမှာပဲလားလို့ မေးတာပါ"

"ဟုတ်ပါတယ်"

ရှေ့နေကြီးက ဇော်မောင်မောင်၏ စာရိတ္တပိုင်းကို တနဲ့နဲ့ ဖော်နေသည်။

"ဒါဆို အမေးပြည့်စုံပါတယ်၊ မခင်လေးနွယ်က ရုပ်ရှင်ထဲမှာပါချင်တယ်လို့ ပြောတာလား၊ ဒါမှမဟုတ် ကိုဇော်မောင်မောင်က ရုပ်ရှင်ဝင်ရိုက်ဖို့ တိုက်တွန်းတာလား"

"မခင်လေးနွယ်က စပြောတာပါ"

"အဲ့ဒီဇာတ်ကားမှာ ကိုဇော်မောင်မောင်က ဒါရိုက်တာလုပ်မှာနော်"

"ဟုတ်ပါတယ်"

"ကင်မရာရှေ့မှာ တစ်ခါမှမရပ်ဖူးတဲ့ မျက်နှာစိမ်းတစ်ယောက်ဟာ ဇာတ်ဆောင်အဖြစ် ပါဝင်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်ကူတဲ့ လုပ်ငန်းတစ်ရပ်လို့ပြောရင် ကိုဇော်မောင်မောင်ဘယ်လိုများ ဖြေလိုပါသလဲ"


www.burmeseclassic.com

www.burmeseclassic.com

ဇော်မောင်မောင်က ချက်ချင်းမဖြေ၊ တစ်မိနစ်လောက်တွေဝေသွားပြီးမှ-

"ခက်တယ်လို့ ပြောနိုင်ပေမယ့် သင်ပေးရင် တတ်နိုင်တာကြောင့် လွယ်တယ်လို့ပဲ ပြောနိုင်ပါတယ်"

"လွယ်တာနဲ့ ခက်တာက ဘယ်ဘက်ကို အလေးသာမယ်ထင်သလဲ"

"ခက်တဲ့ဘက်ကို အလေးသာမယ်လို့ ထင်ပါတယ်"

"သရုပ်ဆောင်အဖြစ် ပါချင်တယ်လို့ ပြောတာကို ကိုဇော်မောင်မောင်က အလွယ်တကူ ခေါင်းညိတ်လိုက်တယ်ဆိုတော့ သဘာဝနဲ့ပြောရင် ဆန့်ကျင် နေတယ်လို့ ဆိုရမှာပေါ့နော်"

"ဟုတ်ကဲ့ ဆိုနိုင်ပါတယ်"

"ကိုဇော်မောင်မောင်က စတေပုံတွေရိုက်တဲ့အခါ ကိုယ်တိုင်ရိုက်တာ ပေါ့နော်"

"ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင် ရိုက်တာပါ"

"မခင်လေးနွယ်ကို ရုပ်ရှင်ဖလင်နဲ့ကော ရိုက်ကြည့်ခဲ့သေးသလား"

"ဟုတ်ကဲ့ ရိုက်ကြည့်ခဲ့ပါတယ်"

"ဖလင်စားမစား သိရအောင်ပေါ့နော်"

"ဟုတ်ပါတယ်"

"ကိုဇော်မောင်မောင်အနေနဲ့ ဘယ်လိုထင်ပါသလဲ"

"ရုပ်ရှင်ထဲမှာ သုံးလို့ဖြစ်တယ်လို့ ထင်ပါတယ်"

"ဓာတ်ပုံမှာရော ဖလင်ကွက်မှာရော ဖြစ်နိုင်တယ်လို့ ဆိုလိုတာပေါ့နော်"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ရုပ်ရှင်မရိုက်သေးဘဲနဲ့ ကိုဇော်မောင်မောင်နဲ့ မခင်လေးနွ တို့ စတေပုံတွဲရိုက်တဲ့သဘောကလေးကို ရှင်းပြစေလိုပါတယ်"

"ဘာကိုဆိုလိုပါသလဲ ခင်ဗျာ"

"ကျွန်တော်နားလည်တာက မင်းသားမင်းသမီးတွေရဲ့ပုံကိုသာ အမိ ထားပြီး စတေပုံရိုက်တယ်၊ ဇာတ်ပို့ဇာတ်ရံတွေနဲ့ပုံကိုတော့ သီးခြားကြိုတ ရိုက်လေ့မရှိဘူးလို့ နားလည်ပါတယ်၊ ခု ကိုဇော်မောင်မောင်လုပ်တာ အစဉ်အလာနဲ့ထုံးစံကို ကျော်လွန်နေသလားလို့ပါ၊ ဒါကြောင့် ဒီမေးခွန်း မေးရတာပါ"

ရှေ့နေကြီးဟ ကြိုးစကို ကြိုးအဆုံးနဲ့ ဆက်မိအောင် တဖြည်းဖြ





ရစ်ပိုင်းလာသည်။

"ကျွန်တော်ကတော့ ဘာရယ်မဟုတ်ပါဘူး၊ အဆင်သင့်ကြုံလို့ ရိုက် တာပါပဲ"

"အစဉ်အလာနဲ့ ထုံးစံတော့ မဟုတ်ဘူးပေါ့"

"ဟုတ်ပါတယ်"

"ကိုဇော်မောင်မောင် စီစဉ်တဲ့ ဇာတ်ကားကို ရိုက်ဖြစ်ပါသလား"

"မရိုက်ဖြစ်ပါဘူး"

"ဘာကြောင့်ပါလဲ"

"ဇာတ်လမ်းစိစစ်ရေးက ခွင့်မပြုလို့ပါ"

"ဒါဖြင့် ဒီစတေပုံတွေရိုက်တာက ဇာတ်လမ်းတို့ဘာတို့ ဘာမှမသေချာ မရေးရသေးဘဲ ရိုက်ခဲ့တာပေါ့"

"ဟုတ်ပါတယ်"

"ဒါလည်း လုပ်ရိုးလုပ်စဉ်တော့ မဟုတ်ဘူးနော်"

"ဟုတ်ပါတယ်"

"နောက်ပိုင်းအဆင်မပြေဖြစ်ကြတာက မခင်လေးနွယ်ကြောင့်လား၊ ကိုဇော်မောင်မောင်ကြောင့်လား"

"မခင်လေးနွယ်ကြောင့်ပါ"

"ဘယ်လိုကြောင့်ဆိုတာကို အကျဉ်းချုံးပြီး ပြောပြစေလိုပါတယ်"

"ကျွန်တော့်ရဲ့ထွက်ဆိုချက်ထဲမှာ ပါတဲ့အတိုင်းပါပဲ"

"ထွက်ဆိုချက်ထဲမှာ ပြောသွားတဲ့နောက်ပိုင်းမှာ ထွက်လာတဲ့ မတောင်း သတင်းတွေဆိုတာက တစ်ဆင့်ကြားလား၊ ကိုယ်တိုင်သိတွေ့တာလား"

"တစ်ဆင့်ကြားပါ"

"မလိုတမာပြောတဲ့ တစ်ဆင့်ကြားပေါ့နော်"

"ဒီလိုတော့မဟုတ်ပါဘူး၊ ကျွန်တော့်ကိုပြောတဲ့လူက အတိအကျပြောတာပါ"

"ထားပါ ရပါတယ်၊ မခင်လေးနွယ်ဟာ ကိုဇော်မောင်မောင်တို့ကြောက်လို့ ရုပ်ရှင်ထဲ မပါချင်ဘူးလို့ ပြောတဲ့အခါ ကိုဇော်မောင်မောင်အကြီးအကျယ် ဒေါပွသွားခဲ့တယ်ဆိုရင် ငြင်းမလား"

"ဟုတ်ကဲ့ ငြင်းပါတယ်"

"ဒါဖြင့် ရုပ်ရှင်ထဲမပါချင်ဘူးလို့ မခင်လေးနွယ်က စပြောတာပေါ့နော်"


www.burmeseclassic.com

www.burmeseclassic.com

မမျှော်လင့်သောအဖြေကို ရလိုက်ပါသည်။ အစိုးရရှေ့နေကြီးလည်း ခေါင်းထောင်သွားသည်။

မဟုတ်ပါဘူးလို့ဖြေရမည့်အစား 'ဟုတ်ပါတယ်'ဟု ဖြေလိုက်သောကြောင့် မခင်လေးနွယ်၏ရှေ့နေကြီးမှာ သဘောခွေ့မနေသာတွေ့သွားသောကြောင့်လားမသိ၊ မေးခွန်းဆက်လက်မမေးတော့ဘဲ 'ဟုတ်ကဲ့ ဒါပါပဲ'ဟုပြော၍ ထိုင်ချလိုက်သည်။

ဒုတိယအစစ်ခံမည့်သက်သေမှာ ဝင်းမောင်၏ဖခင် ဦးဖိုးကျော့။

ဦးဖိုးကျော့တတော့ တရားခွင်ကိုဝင်လာစဉ် ခင်လေးနွယ်ကို တစ်ချက်စောင်းငဲ့ကြည့်လိုက်သည်။ ယောကျ္ခမနှင့် ချွေးမဆိုတော့လည်း. . .

ဦးဖိုးကျော့၏ထွက်ချက်မှာ. . .

"ကျွန်တော့်ရဲ့သားဖြစ်သူ မောင်ဝင်းမောင် အရက်အလွန်အကျွံသောက်တယ်ဆိုတာ မဟုတ်ပါဘူး၊ သူ ခရီးထွက်ပြန်လာတိုင်း ကျွန်တော့်ဆီကိုလာပါတယ်၊ အိမ်ကိုလာတဲ့အခါရှိသလို အလုပ်ထဲကို လိုက်လာတဲ့အခါလည်းရှိပါတယ်၊ ကျွန်တော့်ဆီကိုလာတဲ့အခါ အရက်သေစာသောက်စားလာတာကို မတွေ့ရပါဘူး၊ ယခင်အခေါက်တွေလာတုန်းက ကျွန်တော်တို့ဖို့ အဝတ်အထည်တွေနဲ့ ညီမတွေဖို့ အဝတ်အထည်တွေ ယူလာပြီး ပေးပါတယ်၊ အလုပ်ထဲကို လိုက်လာတဲ့အခါမျိုးမှာတော့ ငွေသုံးလေးငါးရာပေးသွားလေ့ရှိပါတယ်၊ ကျွန်တော့်သားမသေမီ သုံးလေးလလောက်က အလုပ်အတိုင် အဆင်မပြေတဲ့အကြောင်းနဲ့ သူ့မိန်းမအနေအထိုင်မဟုတ်တဲ့အကြောင်း၊ သူ့မိန်းမအတွက် အကြီးအကျယ် စိတ်ညစ်နေရတဲ့အကြောင်း၊ သူ ဘာလုပ်ရမည်တို မသိသည့်အကြောင်း ပြောခဲ့ပါတယ်၊ ကျွန်တော်က ကျွန်တော်တို့နဲ့ အနီးအနားမှာ အိမ်ဝယ်ပြီးဖြစ်ဖြစ် ဒါမှမဟုတ် အိမ်ငှားပြီးနေဖို့ ပြောခဲ့ပါတယ်၊ တစ်ဘက်က ကျွန်တော်တို့ လက်လှမ်းမီသလောက် စုံစမ်းကြည့်တဲ့အခါ မခင်လေးနွယ်သွားတာလာတာ နေတာထိုင်တာတွေ မဟုတ်တဲ့အကြောင်း၊ အခြားတစ်ပါးသော ယောကျ်ားတစ်ယောက်နဲ့ လော်လီဖောက်ပြားနေကြောင်း၊ သံသယဖြစ်စရာသတင်းတွေကို ကြားလာရပါတယ်၊ ရုပ်ရှင်ထဲမှာ ပါမယ်ဆိုတဲ့ သတင်းကိုလည်း ကြားရပါတယ်၊ ကျွန်တော့်ရဲ့သား မသေဆုံးခင် သုံးရက်လောက်က ကျွန်တော့်ဆီရောက်လာတဲ့အခါ သူ့မိန်းမကို မပေါင်းလိုတော့ကြောင်း၊ ကွာရှင်းပြတ်စဲမယ့်အကြောင်းပြောတာနဲ့ လူကြီးမိဘများရဲ့ ဝတ္တရားအတိုင်း





စဉ်းစဉ်းစားစားလုပ်ဖို့ ပြောဆိုဆုံးမခဲ့ရတယ်၊ ဒီကြားထဲမှာ ကျွန်တော်သားနဲ့ နောက်ထပ်မတွေ့ရပါဘူး၊ သေတယ်လို့ သတင်းကြားကြားချင်း ကျွန်တော်လိုက်သွားတဲ့အခါ ကျွန်တော့်သားအလောင်းဟာ ရင်ခွဲရုံကိုရောက်နေပါပြီ၊ ကျွန်တော့်သားဟာ ရိုးရိုးတန်းတန်းသေဆုံးခြင်း မဟုတ်ဘူးလို့ ယုံကြည်ပါတယ်၊ ကျွန်တော့်အား ရဲစခန်းမှာစစ်ဆေးတဲ့အခါ ယခု ရုံးတော်မှာထွက်ဆိုသည့်အတိုင်း ထွက်ဆိုခဲ့ပါတယ်"

ဦးဖိုးကျော့၏ထွက်ချက်မှာ အမှုခွင်အနေအထားအရ အရေးပါသည်ဟု မဆိုနိုင်စေကာမူ အမှုအကြောင်းကို တစ်စိတ်တစ်ပိုင်းလေးနက်သွားစေပါသည်။

မေးခွန်းအလှည့်။

"ဦးဖိုးကျော့ရဲ့သား မောင်ဝင်းမောင် အရက်ကို အလွန်အကျွံမသောက်ဘူးလို့ ထွက်ဆိုသွားတာဟာ ဦးဖိုးကျော့နဲ့တွေ့တဲ့အချိန် အရက်အလွန်အကျွံမသောက်လာတာကို ပြောတာလား၊ ဒါမှမဟုတ် ဦးဖိုးကျော့ရဲ့မျက်ကွယ်မှာပါ မသောက်ဘူးလို့ ဆိုလိုတာလား"

"ကျွန်တော်နဲ့တွေ့တဲ့အချိန်ကို ပြောတာပါ"

"ဦးဖိုးကျော့က ကျွန်တော့်ရဲ့သားဖြစ်သူ အရက်အလွန်အကျွံမသောက်ပါဘူးလို့ ထွက်ဆိုတာဟာ စိတ်အထင် ထွက်ဆိုတာပေါ့နော်"

ဖြေဆိုသံ ချက်ချင်းထွက်မလာ။

"စိတ်ညစ်လို့ တစ်ခါတစ်ရံသောက်တာ ရှိပါလိမ့်မယ်၊ ကျွန်တော့်သားဟာ အရက်အမြဲတမ်း အလွန်အကျွံသောက်တယ်လို့ မကြားမိလို့ပါ"

"ဦးဖိုးကျော့နဲ့ မောင်ဝင်းမောင်တို့ဟာ အတူမနေကြဘူးနော်"

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်"

"ဒါဖြင့်ရင် တခြားအချိန်မှာ သူ ဘာတွေလုပ်နေတယ်၊ ဘယ်လိုနေထိုင်တယ်ဆိုတာ ဦးဖိုးကျော့မသိဘူးပေါ့"

"ဟုတ်ကဲ့ မသိပါဘူး"

"မောင်ဝင်းမောင်က သူ့မိန်းက အနေအထိုင် မဟုတ်တဲ့အကြောင်း ပြောတဲ့အခါမှာ ဘယ်လိုအနေအထိုင် မဟုတ်ဘူးဆိုတာကိုရော ပြောသေးသလား"

"မပြောပါဘူး"

"ဦးဖိုးကျော့ကရော ဘယ်သို့ဘယ်ပုံဆိုတာ မေးသေးသလား"


www.burmeseclassic.com

www.burmeseclassic.com

"မမေးပါဘူး"

"မရေမရာပြောတာကို မရေမလည်ကြားလိုက်ရတဲ့သဘောလို့ ဆိုရမှာပေါ့နော်"

"မေးမကောင်းလို့ မမေးတာပါ"

"ဟုတ်ပါတယ်၊ ကျွန်တော်ပြောတဲ့ မရေမရာနဲ့ မရေမလည်ဆိုတာ ဒါကိုပြောတာပါ။ ဥပမာ. . . မိန်းမက အသုံးအဖြုန်းကြီးလို့ စိတ်ညစ်တာမျိုးဖြစ်တတ်တာကို ဒါကြောင့် စိတ်ညစ်နေရပါတယ်လို့ပြောတာ ဖြစ်မှာပေါ့နော်"

"ဒါတော့ ကျွန်တော် မသိပါဘူး"

"တခြားတစ်ပါးသော ယောကျ်ားနဲ့ လော်လီဖောက်ပြားနေကြောင်း သတင်းတွေကို ကြားလာရပါတယ်ဆိုတာ ဘယ်သူ့ဆီက ဘယ်လိုကြားတယ်၊ ဒါမှမဟုတ် ဘယ်လိုမြင်တွေ့ခဲ့တယ်ဆိုတာကို ရှင်းပြစေလိုပါတယ်"

တုံ့ပြန်အဖြေ လေးကွေးသွားသည်။ ခင်လေးနွယ်၏ရှေ့နေကြီးက တရားစီရင်ရေးအဖွဲ့သို့ လှမ်းကြည့်လိုက်၏။

"ခင်လေးနွယ်နဲ့ပတ်သက်ရာလူတွေဆီက ကြားတဲ့သတင်းပါ"

"ပတ်သက်ရာလူတွေဆိုတာက ခင်လေးနွယ်နဲ့အတူ သွားလာနေတဲ့လူတွေလား၊ ဒါမှမဟုတ် အလွန်အမင်း ရင်းနှီးတဲ့လူတွေလား"

"ပတ်သက်ရာလူတွေပါ"

"ထားပါ၊ သူတို့ ဘယ်သူဘယ်ဝါတွေဆိုတာကော"

တရားလိုရှေ့နေကြီးက ထ၍ကန့်ကွက်လိုက်သည်။

ခင်လေးနွယ်ရှေ့နေကြီးက 'လိုအပ်ရင် ရုံးတော်ကတစ်ဆင့် ခေါ်ယူနိုင်ဖို့ မေးမြန်းရခြင်းဖြစ်ပါတယ်၊ သက်သေကို စိတ်ညစ်ညူးအောင်လုပ်တာ မဟုတ်ပါဘူး၊ ရှိပါစေ. . . ဒါလောက်ဆိုရင် ကျွန်တော်ကျေနပ်ပါတယ်'ဟု လျှောက်ထားလိုက်၏။

"ကျွန်တော့်သားဟာ ရှိုးရိုးတန်းတန်းသေတာ မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်ဆိုတာ ဘာကိုရည်ညွှန်းပြီး ပြောလိုကြောင်း ရှင်းပြစေလိုပါတယ်"

"ကျွန်တော့်သားမရှိမှ သူနေချင်သလိုနေရမှာမို့ သတ်ပစ်တာလို့ ယုံကြည်ပြီး ပြောရတာပါ"

"ခိုင်လုံတဲ့အထောက်အထားတော့ မရှိဘူးပေါ့"





"ဟုတ်ကဲ့၊ ကျွန်တော်ယုံကြည်တာကို ပြောတာပါ"

"ကျေးဇူးတင်ပါတယ်၊ ဒါလောက်ပါပဲ"

ဥပဒေအကျိုးဆောင်က မေးခွန်းအနည်းငယ်မေးပြီးနောက် ထိုနေ့က တရားရုံးစစ်ဆေးခြင်းကို ရပ်နားလိုက်၏။ လိုပြသက်သေများ စစ်ဆေးခြင်းပြီးဆုံးသွားပြီ။

လိုပြသက်သေများ၏ ထွက်ဆိုချက်မှာ အမှုခွင်အပေါ် လေးသယောင်ရှိသော်လည်း ရှေ့နေကြီးမေးခွန်းများကြောင့် လေးသယောင်မှ ပေါ့သယောင်သို့ ပြောင်းလဲသွားသည်ဟု ဆိုနိုင်စရာရှိပါချေ၏။

အာမခံလျှောက်လျှင် ရနိုင်ဖွယ်ရာဘက်သို့ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း သေချာသလောက်ရှိနေပြီမို့ နောက်ထပ်ရုံးထွက်တွင် အာမခံလျှောက်ထားမည်ဟု ရှေ့နေကြီးက အားပေးစကားပြောကြားလိုက်၏။

ဓာတ်ပုံကိစ္စနှင့်ဆေးစာသာ အခုအခံမရှိလျှင် အာမခံရသည်မှာကြာပြီ။

ဆေးစာနှင့်ဓာတ်ပုံကိစ္စ၏ သံသယမှာ ခင်လေးနွယ်အပေါ် ဒွိဟသံသယ အမျိုးမျိုးထင်စေခဲ့သောကြောင့် အာမခံကိစ္စနှောင့်နှေးရခြင်း ဖြစ်၏။

မည်သို့ပင်ရှိစေ ထိုနေ့က ခေါင်းမရှုပ်း ရင်မလင်းဘဲ ရုံးထွက်ခဲ့ရသလို အပြန်တွင်လည်း ခေါင်းထွေရင်လေးလျက် ပြန်ခဲ့ရသည်ပါ။

တကယ်တော့ ခင်လေးနွယ်က အာမခံကိစ္စကိုရော အမှုမှလွတ်မြောက်ရေးကိစ္စကိုပါ အရင်ကလောက် စိတ်ဝင်စားမှု မရှိတော့။

ထောင်ထဲမှာပျော်နေလို့ စိတ်ဝင်စားခြင်းမဟုတ်ပါ။ တစ်ရက် တစ်နာရီမပြောနှင့်၊ တစ်မိနစ်သော်မှ နေဖို့မကောင်းသောနေရာသို့ ရောက်နေပါလျက် ထိုနေရာမှ ဖယ်ခွာရမည်ကို ဝန်လေးနသည်မှာ သူ့အကြောင်းနှင့်သူ။

သူ့ဘဝအနေအထားက ထိုနေရာက ဖယ်ခွာရမည်ကို ဝန်လေးစရာသို့ ရှိနေသောကြောင့်ပါ။ အာမခံရလို့ အပြင်ရောက်လျှင် လက်ရှိအမှုကြီးကို ဗိုက်ကြီးတစ်ကားကားနှင့် ဆက်လက်ရင်ဆိုင်ရမည်။ စားဝတ်နေရေးရော၊ သွားစရိတ်အတွက်ပါ ပူရပင်ရမည်၊ ရှာဖွေရမည်။

ရုံးသွားသည့်နေ့တွင် လေးဘီးကားငှားမစီးနိုင်၊ ကြုံရာလိုင်းအတ်စ်ကားနှင့် သွားရမည်။ ကိုယ်လွတ်လက်လွတ်သမားများပင် တိုးဝှေ့တက်နိုင်ပါမှ ကားပေါ်ရောက်ကြစမြဲရှိရာ သူ့လိုဗိုက်ကြီးတကားကားနှင့် မိန်းမသားတစ်ယောက်အဖို့ နေ့လည်လူရှင်းချိန်သော်မှ ကားပေါ်ရောက်ဖို့မလွယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်က ဘာမှမပေးနိုင်ဘဲ အေးကြည်ခင်တို့အိမ်မှာ အခန့်သား ထိုင်စားဖို့အရေးကလည်း ကိုယ့်လိပ်ပြာ ကိုယ်မသန့်စရာ၊ ထမင်းတစ်လုတ်ကို လျောလျောလျူလျူ မျိုချဖို့မှာလည်း ဝန်လေးစရာသို့ ရှိပါချေ၏။

ထောင်ထဲမှာက နေစရာမပူရ ကောင်းတာမကောင်းတာထား၊ စားဖို့အဆင်သင့်၊ ရုံးထွက်နေ့တွင် အချုပ်ကားနောက်ခန်းလေးထဲ၌ ကပ်တပ်သတ်သတ်လိုက်ရစေကာမူ တိုးဝှေ့တက်စရာမလို၊ ငွေကြေးအကုန်အကျလုံးဝမရှိဘဲ အသွားအပြန်ခရီးအတွက် ကားအဆင်သင့်၊

ပြီး ထောင်မှူးဦးတင့်လွင်ကျေးဇူးကြောင့် သက်တောင့်သက်သာနေရသည်။ ထောင်ထဲမှာ အနေအထိုင်မကောင်းစေကာမူ သက်တောင့်သက်သာ ရှိရုံမက ဘယ်သူ့ကိုမှ မျက်နှာပူစရာမလို၊ ဒါကြောင့် အာမခံကိစ္စတို စိတ်မဝင်စား၊ အမှုမြန်မြန်ပြီး၍ မြန်မြန်လွတ်ပါစေဟုလည်း ဆုမတောင်းမိ၊

အမှုကလွတ်သည့်တိုင်ဘဝလမ်းကြောင်း ဘယ်သို့လျှောက်လှမ်းရမည်ကို ဘဲဥအစရှာမရသည်သို့နှယ် ရှိနေချေရာ နေဖို့စားဖို့အပြင် သန္ဓေသားမွေးဖွားရေးအတွက်ပါ မပူမပင်ရသည့် ထောင်ထဲမှာပဲ နေပါရစေတော့လို့၊

ထောင်ထဲမှာ. . .။

ဘယ်နေ့လွတ်ပါ့မလဲလို့ လွတ်ရေးလွတ်ရက်ကို မျှော်တလင့်လင့်လည်ပင်းရှည်နေသူများရှိကြသလို ထောင်ထဲက လွတ်ရေးလွတ်ရက်ကို မမျှော်လင့်နိုင်ရှာသူ၊ ထောင်ထဲက ထွက်ရမည်ကို ဝန်လေးနေသူများ ရှိကြသည်၊

မနေတောင်းသောနေရာတွင် နေရသည်တမှု ပြေလည်သည်၊ အဆင်ပြေသည်ဆိုသူများထဲတွင် ခင်လေးနွယ်တစ်ယောက်လည်း ပါဝင်နေရပါချေပြီ၊

ဘယ်သူမပြု မိမိမှု. . .။

xxxxx





* စပ်ရှားခံခက်သော အကျိုးသက်ရောက်မှုရှိသည့် မကောင်းမှု အကုသိုလ်ကံကို ပြုကြတုန်သော အကြင်ပညာမဲ့ကုန်သော လူမိုက်တို့သည် မိမိသည်ပင် ရန်သူကဲ့သို့ဖြစ်၍ လှည့်လည်နေကြရကုန်၏။ *

မမ္မပဒ

မကောင်းမှုပြုသည့် အကုသိုလ်ကံမှ တုံ့ပြန်သက်ရောက်လာသော ထိုကံသည် 'စပ်ရှားခံခက်သော အကျိုးရှိ၏' 'စပ်ရှားခံခက်သော အကျိုး'ကို ဒုစရိုက်ဆယ်ပါးအကြောင်းပြုသူတိုင်း ထိုအကျိုးကို မလွဲမသွေ ခံစားရပါမည်။

ထို့ကြောင့် သူတို့သည် 'မိမိသည်ပင်၊ မိမိ၏ရန်သူ'သို့နှယ်ရှိကြ၍ ပြုမှားမိသည့် အတုံ့အလှည့်ကို ခံရပြီဆိုသောအခါ စပ်ရှားခံခက်လှလေစွ. . .။

ဝင်းမောင် ခုတစ်ခေါက်ပြန်လာသည်မှာ ခါတိုင်းအခေါက်များနှင့်မတူ၊ ရောက်သည့်နေ့တစ်ရက်ပဲ မြူးမြူးပျော်ပျော် ရွှင်ရွှင်ပျပျရှိသည်။

ဒါကလည်း ကိုယ်နှမ်းစိတ်ပန်းစရာများကို တခဏတာအားခဲ၍ မေ့ထားလိုက်ခြင်းသာဖြစ်၏။ ထာဝရအသွင်မှာမူ တွေးတွေးမှိုင်မှိုင် ငေးငေးငိုင်ငိုင်ရှိလှသည်၊ ကိုယ့်ယောကျ်ားအခြေအနေ ဘယ်သို့ရှိသည်ကို ကိုယ့်မိန်းမကထက် ပိုသိသူ ဘယ်ရှိမှာပ။

အတွေ့အထိ စိတ်အားကိုယ်အား လျော့ပါးနေရုံမက ကလူကျီစယ်ပုံမှာလည်း စိတ်ရောကိုယ်ပါမရှိ၊ အပြုံးမှာ မကြည်မြ၊ အပြောမှာမသွက်လက်၊ ဟန်ဆောင်အပြုံးနှင့် ဟန်ဆောင်မျက်နှာထားမှာ သိသာလွန်းလှ၏၊

သက်ပြင်းတချချရှိနေသည်မှာ အခက်အခဲတစ်ခုကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း အကဲခတ်မိသည့် ခင်လေးနွယ်က. . .

"ကိုဝင်း. . . ဘယ်လိုအခက်အခဲကို ရင်ဆိုင်နေရတယ်ဆိုတာ မလေးကို ပြောပြပါလား ကိုဝင်းရယ်"

"ကိုဝင်းဘာဖြစ်နေလို့လဲ မလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"သိတာပေါ့ ကိုဝင်းရယ်၊ လင်မယားပဲဟာ၊ မလေးတို့ အခုလိုမနေရရင် နေပါစေ၊ ကိုဝင်းအတွက် အခက်အခဲနဲ့ အန္တရာယ်ရှိနေရင် ခရီးမထွက်နဲ့တော့လား ကိုဝင်းရယ်"

"အန္တရာယ်တော့မရှိပါဘူး မလေးရယ်၊ ဒါပေမယ့် အခုတလော လုပ်ငန်းကိုင်ငန်းတွေက အဆင်မချောဘူး၊ အားလုံးကမောက်ကမတွေ ဖြစ်နေတယ်"

"ကိုအောင်မြင့်မောင်ရော"

"မန္တလေးမှာနေခဲ့တယ်၊ သူလည်းတော်တော်လေးထိနေတယ်၊ ရန်ကုန်ကိုတောင် ပြောင်းနေမယ့် အစီအစဉ်ရှိတယ်၊ ကိုဝင်းတို့လည်း အိမ်ကလေးဘာလေး ရှာထားမှ၊ သူကတော့ ဘာမှမပြောပါဘူး၊ ကိုဝင်းတို့က သိတတ်ရမှာပေါ့"

"လုပ်ငန်းရှုံးယာခွဲဖို့ကိစ္စကကော"

"ခုလို အကျပ်အတည်းဖြစ်နေတဲ့အချိန်မှာ ကိုဝင်းဘယ်ပြောလို့ကောင်းပါ့မလဲ၊ စားသာတုန်းမှိန်းနေပြီး မစားသာတော့မှ ခွာတယ်လို့ထင်ရင် မကောင်းဘူးလေ"

ဝင်းမောင်အရက်သောက်ပုံမှာ သောက်ရှိန်သောက်နှုန်းမြင့်နေပြီ၊ အရက်စွဲသူအဆင့်ကိုရောက်နေပြီ။ ခုတစ်ခေါက်အပြန်မှာ နေ့မလင်းညမလင်းရှိနေပြီ။ ပြောပေမယ့်အရာမထင်။

ထူးခြားချက်တစ်ခုမှာ မနက်ပိုင်းအပြင်ထွက်ပြီး ပြန်လာတိုင်း အင်္ဂလိပ်သတင်းစာမှလွဲ၍ မြန်မာသတင်းစာအစုံပါလာသည်။ သတင်းစာတွေထဲအာရုံစူးစူးစိုက်စိုက်ဖြင့် အချိန်ယူဖတ်သည့် သတင်းစာမှာ မြန်မာ့အလင်း။

"သူမရှိတုန်း သူဖတ်ပြီး သတ်သတ်သိမ်းထားတဲ့ မြန်မာ့အလင်း သတင်းစာတွေကို ယူကြည့်လိုက်တဲ့အခါ အထက်မြန်မာပြည်မှာဖြစ်တဲ့ မှုခင်းသတင်းတချို့ကို မင်နီဝိုင်း မင်နီတားပြီး မှတ်ထားတာတွေကို တွေ့လိုက်ရပါတယ်၊ သူတို့အဖြစ်နေတယ်ဆိုတာကို မေးလို့လည်း ပြောမှာမဟုတ်လို့ မမေးတော့ပါဘူး၊ သူ့ဘာသူသိပြီး သူ့သာသူနောက်ဆုတ်မှဖြစ်မှာမို့ သတိပေးရုံပဲပေးခဲ့ပါတယ်၊ ဒါကြောင့်လည်း ရုပ်ရှင်အကြောင်းကို ဘာမှမပြောဘဲ နေလိုက်တာပါ"

ခါတိုင်းလို ကြည်ကြည်သာသာဆိုရင်တော့ ပြောဖြစ်ကောင်းပြောဖြစ်ဖို့သေချာသည်။ ခုတော့. . .

သည်တစ်ခေါက် ဝင်းမောင်အပြန်တွင် အနည်းဆုံးသုံးလေးလကြာမည့်အကြောင်း၊ လုပ်ငန်းနှင့်ပတ်သက်လို့ အပြီးအပြတ် စာရင်းရှင်းခဲ့မည့်အကြောင်း၊ သုံးလေးလထက်ပိုကြာရင်လည်း မပူဖို့အကြောင်း၊ စာနှင့်အမြဲတမ်းဆက်သွယ်နေမည့်အကြောင်းပြောပြီး ခရီးတစ်ကျော့ပြန်ထွက်သွားရာ တစ်ခါမှသည်လောက်ကြာအောင် ခရီးထွက်မည်ဟု မပြောစဖူးသလို သည်လိုလည်း မမှာစဖူးခဲ့။

သူမရှိတုန်း ဘယ်သူနှင့်မှ ခရီးဝေးမသွားဖို့၊ ဘာအကြောင်းတစ်ခုရှိရှိ ကိုသိန်းဦးနှင့် မအေးကြည်ခင်တို့ဆီ အကူအညီသွားတောင်းဖို့၊ စပေါ်အသင့်အတင့်နှင့် အိမ်ခန်းရလျှင် ငှားထားဖို့ အပြောင်းအရွှေ့ကိစ္စကို သူလာမှစီစဉ်မည့်အကြောင်းတွေပါ တစ်ရှည်တစ်သီကြီး မှာသွားသည်။

"သူက ဒီလိုမမှာစဖူး မပြောစဖူးတာတွေ ပြောသွားတော့ ကျွန်မစိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်ရပါတယ်၊ ကျွန်မတို့နှစ်ယောက်ရဲ့ ချစ်ခင်တွယ်တာမှုဟာ သာမာန်အပေါ်ယံအချစ်မျိုး တွယ်တာတာမျိုး မဟုတ်ပါဘူး၊ သည်းသည်းနစ်နစ် ချစ်တဲ့အချစ်နဲ့ ထွေးထွေးပိုက်ပိုက် တွယ်တာကြတာပါ။ ကျွန်မတို့ဟာ ခွန့်စားမှုလမ်းကြောင်းပေါ်ကနေ အိမ်ထောင်တစ်ခုတည်ဆောက်ခဲ့ရတာပါ၊ ကိုဝင်းအပေါ် သစ္စာမဲ့ဖို့ မျက်နှာဘက်ပြောင်းဖို့အထိဆိုတာမျိုးကို စိတ်ကူးထဲတောင် မထည့်မိခဲ့ပါဘူး၊ ကျွန်မဟာ ငယ်ရွယ်သူလည်းဖြစ်ပြန်၊ လင်သားဖြစ်သူနဲ့ အတူတွဲနေရတဲ့အချိန်ကလည်းနည်းပြန်တာမို့ စိတ်လှုပ်ရှားမှု၊ စိတ်ကစားမှုလေးတွေ အနည်းအပါးရှိခဲ့တာကို ဝန်ခံပါတယ်၊ ဒါပေမယ့် ဆင်ကန်းတောတိုး ဖွတ်မိုက်လုပ်မယ်ဆိုတဲ့ စိတ်ယုတ်မမွေးခဲ့ပါဘူး၊ ပေါ်လာတဲ့အခါတွေမှာလည်း သတိနဲ့ပြန်ပြီး ထိန်းမတ်ခဲ့ပါတယ်၊ ကျွန်မသာ မထိန်းနိုင်ခဲ့ရင် စိတ်အလိုနဲ့ဆန္ဒနောက်ကိုလိုက်ခဲ့ရင် ဇော်မောင်မောင်ရဲ့ဆင်ထားတဲ့ ထောင်ချောက်ထဲမှာ ရုန်းမထွက်သာအောင်မိဖို့ သေချာပါတယ်၊ ဒါတောင် မပြောအပ်တဲ့ တချို့ကိစ္စတွေ. . ."

"ဒါကြောင့်လည်း ရုပ်သေပုံတွေ ရိုက်တဲ့အဆင့်မှာပဲ ရပ်လိုက်ပါတယ်၊ ရှေ့ဆက်ရင် နယ်လွန်စည်းကျော်ဖြစ်တော့မှာမို့ပါ။ ဒါပေမယ့်. . ."

ရုပ်သေပုံတွေရိုက်ရင်း အမူအရာသင်ပေးရင်း ဇော်မောင်မောင်၏ အခွင့်အရေးယူမှုများမှာ တစ်ခါထက်တစ်ခါဆိုသလို ပိုမိုလွန်ကဲလာသည်။

ကြောင်သူတော်ရုပ်လုံး ကြွကြွလာသည်။ ရုပ်ရှင်ရိုက်ရမှာကနောက် ရုပ်ရှင်မရိုက်ခင် နယ်ကျော်စည်းကျော်ဖြစ်အောင် ဖန်တီးသည်။






www.burmeseclassic.com

www.burmeseclassic.com

"ဒါက သူ့နဂိုဗီဇကြောင့်လား၊ အထိအတွေ့များလို့လားဆိုတာကိုတော့ ပြောဖို့ခက်ပါတယ်၊ ချဉ်သီးနဲ့ဆား အတူထားရင် သွားရည်ယိုလိမ့်မယ်ဆိုတာ သဘာဝပါ၊ ကျွန်မက ရုပ်ရှင်ထဲပါရမှာကို တရားလွန် မက်မက်မင်မင် ရှိခဲ့တာမို့ ဒီအပေါ် အခွင့်အရေးယူလို့ရတာပဲဆိုပြီး စိတ်နောက်ကိုယ်ပါ အဆင့်ကျော်လာတာပဲဖြစ်ပါလိမ့်မယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မကလည်း သွေးနဲ့ကိုယ်သားနဲ့ကိုယ်ဆိုတော့ နောက်ဆုတ်ရင်ဆုတ်၊ မဆုတ်ရင် အမှားနွံအိုင်မှာ စုတ်စုတ်မြုပ်မယ့်အနေအထားကို ရောက်လာပါတယ်၊ စားရမှာက သဲတရုပ်ရုပ်၊ ပစ်ရမှာက အဆီနဲ့တဝင်းဝင်းဆိုသလိုရှိခဲ့ပေမယ့် မက်မက်မင်စရာ အဆီတဝင်းဝင်းကို ပစ်ရမှာ နှမြောလို့ သဲတရုပ်ရုပ်ကိုစားမိတဲ့အဖြစ်မျိုးမရောက်ခင် ကျွန်မကစတင်ပြီး နောက်ဆုတ်လိုက်ပါတယ်၊ ဇော်မောင်မောင်က သူ့ရဲ့မကျေနပ်ချက်ကို တိုက်ရိုက်နှုတ်မဖွင့်ပေမယ့် မမသိကတဆင့် ကျွန်မကို ပြင်းပြင်းထန်ထန် ရိုက်ခတ်စေခဲ့ပါတယ်"

"အဲ့ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် အစ်ကိုလွင်၊ အေးကတော့ သူ့အမှားတွေ သူ့အပြစ်တွေကို ကာကွယ်ဖို့ ဇာတ်လမ်းနိဂုံးပိုင်းကို တစ်မျိုးပြောင်းတာလို့ထင်တယ်၊ အစ်ကိုလွင်ပဲ စဉ်းစားကြည့်လေ၊ သူ့ယောကျ်ား ဒီတစ်ခေါက်အပြန်မှာ အခြေအနေမကောင်းဘူးလို့ ပြောသွားတာပဲဟာ၊ အဲ့ဒီကတည်းက သူ့ဘက်က ဆင်ခြင်ရတော့မှာပေါ့"

xxxxx

"မဖြစ်နိုင်ဘူးလို့ ပြောနိုင်ကောင်းပေမယ့် ဖြစ်နိုင်တယ်လို့ ပြောနိုင်စရာလည်းရှိတာပေါ့ အေးရယ်၊ ဇော်မောင်မောင်က စွယ်စုံဆင်လို စွယ်ရော တပြုပြုမလုပ်ဘူးလေ၊ ဟိုင်းဆင်လို အစွယ်ဝှက်တတ်တာကိုး၊ နောက်တစ်ကြောင်းက သူ မမသိမျက်နှာနဲ့ ဒီလိုဖြစ်လာလိမ့်မယ်လို့ ထင်ချင်မှ ထင်မှာပေါ့"

"အစ်ကိုလွင်နော် အေးပါးစပ် ပြောမထွက်လို့ ဟင်း. . ."

"ဟော. . . အေးက အကောင်းလည်းပြောရသေးတယ်"

"တော်ပါ အစ်ကိုလွင်တို့ယောကျ်ားတွေက မိန်းမတွေအကြောင်း ဘယ်





လောက်များသိလို့လဲ၊ မိန်းမတွေကသာ ယောကျ်ားတွေအကြောင်းကို နောကျေအောင် သိတာပါ၊ ယောကျ်ားတွေ ဘယ်လိုမှမသိနိုင်ရာတဲ့ မိန်းမတွေအကြောင်း အများကြီးရှိတယ်"

"ဒါဖြင့်လည်း အစ်ကိုလွင်သိအောင်ပြောပြပါလား"

"တကယ်ပြောရမှာလား"

"တကယ်ပေါ့ အေးရယ်"

"ဒါဖြင့်လည်း ထမင်းစားဦး၊ အိပ်ရာဝင်တော့မှ"

◆ ◆ ◆

www.burmeseclassic.com

(တစ်ဆယ့်ကိုး)

“မနက်ပိုင်းတို့ နေ့လည်ပိုင်းတို့ ဖြစ်ကြပါတော့လား မိန္မစာတို့ရယ် အပုပ်ကြီးချိန်ရောက်မှာပဲ ဖြစ်ရတယ်လို့”

ထောင်မှူးလေး ဦးတင့်လွင်မှာ အိပ်မှုန်စုံမွှား တညည်းညည်း တညူညူ ထောင်ထဲသို့ လိုက်ခဲ့ပြန်သည်။

အိပ်ရာဝင်သည်မှာ ကိုးနာရီခွဲ။ ဘုရားကြီးတာဝန်ထောင်ကြပ်လာခေါ် သည်မှာ ဆယ့်တစ်နာရီ။ အိပ်ချိန် နှစ်နာရီပင် မပြည့်တတ်သေး။

လာခေါ်သူထောင်ကြပ်မှာလည်း အေးအေးသက်သာမဟုတ်၊ အပြေ အလွှား အမောတကော။

မိန်းမသားများ ရိုးရိုးမမွေတာအတိုင်း မီးဖွားသည်မှာအကြောင်းမဟုတ် သားပျက်သားလျှောခြင်းမှာ အကြောင်း။ ရိုးရိုးမမွေတာအတိုင်း မီးဖွားခြ ထက်ပို၍ အန္တရာယ်ကြီးသည်။ သေကြောနှင့် ပို၍နီးသည်။

မွေးလူနာနှင့် သားလျှောလူနာကို ထောင်ဆေးရုံသို့တင်၍ ကုသ မဖြစ်။ အရေးပေါ်ပြုစုကုသပြီး အင်းစိန်ဆေးရုံသို့ဖြစ်စေ၊ ဗဟိုအမျိုးသ ဆေးရုံကြီးသို့ဖြစ်စေ တင်ပို့ကုသပေးရသည်။

မီးနေမှုကို ပေါ့ပေါ့ဆဆ သဘောထားလို့မရ။ ယောကျ်ားဖော မိန်းမမီးနေဟူ၍ ဆိုရိုးစကားလည်း ရှိထားသည်။ ကိုယ်ဝန်ဆောင်ပြီး ထော ထဲရောက်လာသူတွေကို တခြားသူတွေထက်ပိုပြီး ဂရုစိုက်ရသည်။ ဖြ ကျူးလွန်သည်မှာ တစ်ကဏ္ဍ၊ လူမှုရေးအရကြည့်ရမည်မှာ တစ်ကဏ္ဍ။

မနုဿတဘာဝေါ ဒုလ္လဘော။

ရခဲလှသော လူ့ဘဝသို့ ရောက်အံ့ဆဲဆဲ သန္ဓေသားနှင့် မိခင်၏ အ



www.burmeseclassic.com 

မာရေးကို ပေါ့ပေါ့တန်တန် သဘောမှုလို့ မရစကောင်း။

အဆောင်ကိုင် အမျိုးသမီးထောင်မှူးနှင့် ထောင်ကြပ်တို့မှာ သားသယ် မိခင်တွေ။ သူတို့ကို စာနာစိတ်နှင့် ကိုယ်ချင်းစာတရားလေး ထားစမ်းပါလို့ ပြောစရာမလို။

စာနာစိတ်အပြည့်အဝရှိပြီး ကိုယ်ချင်းစာတရားထားပြီးသား။ မွေးရာပါ မိခင်ဗီဇ စိတ်ဓာတ်ဟူသည် နေရာဌာန ချမ်းသာဆင်းရဲနှင့် ဂုဏ်ရှိဂုဏ်နိမ့် ဟူ၍ မခွဲခြားတတ်။

ယုတ်စွအဆုံး၊ စကားမပြော မျက်နှာချင်းဆိုင်မရသည့်ရန်ဘက်ပင် ဖြစ်လင့်ကစား မီးဖွားခြင်းကိစ္စရှိလာပြီဆိုရင် မီးနေအိမ်သို့ ရောက်ကြစမြဲ။ မွေးရ ဖွားရခက်ခဲသူကို အစစအရာရာ ပံ့ပိုးကူညီကြစမြဲ ရှိကြသည်သာ။

ခုဟာက အကျဉ်းအကျပ်နေရာမှာ ဖြစ်သည့်ကိစ္စ။ အချုပ်ဆောင် အောက်ထပ်တွင် ရှိနေသူအားလုံး မစန်းရီအနားမှာ တစ်စုတဝေးတည်း ရှိနေကြသည်။ အချုပ်ဆောင်မှာ ကိုယ်ဝန်ဆောင်နှစ်ယောက်ရှိသည်။

တစ်ယောက်က ခင်လေးနွယ်၊ တစ်ယောက်က မစန်းရီ။ မစန်းရီက သမဝါယမ အရောင်းဈေးသည်။ အစားမတော် အကြောင်းမကောင်းလို့ ထောင်ထဲရောက်ခဲ့ရသူ။

သည်တစ်ပတ်ရုံးထွက်တွင် အာမခံရဖို့ သေချာနေပြီ။ သူမလွယ်ထား ရသည့် သန္ဓေသားကို ထောင်ထဲမှာ မွေးဖွားရဖို့ အကြောင်းမရှိ။ နောက် ငါးရက်ဆိုရင် ကိုယ့်အိမ်ကိုယ့်ယာကို ပြန်ရောက်တော့မည်ပါ။

ထောင်ထဲကို အလည်အပတ်သဘောလောက်လာခြင်းဟု ဆိုနိုင်ရာသူ။ ခြောက်လကျော်ကိုယ်ဝန်မှာ စူစူအစ်အစ်ကလေး ရှိနေသည်။ အထဲက သန္ဓေ သားမှာ ကိုယ်ကာယအကောင်အထည်ဖော်စပြုနေပြီ။

ယူကျုံးမရဖြစ်နေသည့် အနေအထားသို့မရောက်သေးစေကာ နှမြော စရာကောင်းသည့် အနေအထားသို့ရောက်နေပြီ။

ထောင်ဆရာဝန်နှင့် ထောင်မှူးလေး ဦးတင့်လွင့်တို့မှာ ရှေ့ဆင့်နောက် ဆင့်ရောက်သွားကြသည်။ ထောင်ဆရာဝန်က ဗဟိုအမျိုးသမီးဆေးရုံသို့ ပို့ရမည်ဟု အဆိုပြုလာသည်။ ထောင်မှူးကြီးလည်း ရောက်လာပြီ။ ဆုံးပ်ရ တိုင်ရမည်မှာ မလွယ်။

အပြောလွယ်သလောက် အလုပ်ခတ်သည့်ကိစ္စ။ ထောင်သိမှာမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

အပြင်မှာဆို သည်ကိစ္စမျိုးပေါ်လာရင် အခက်အခဲမရှိ။ လုပ်ရကိုင်ရသည်မှာ အလွယ်တလေး။ အိမ်မှာ ကိုယ်ပိုင်ကားရှိရင် ကိုယ်ပိုင်ကားနှင့်ဆေးရုံပို့၊ ကိုယ်ပိုင်ကားမရှိရင် ကားငှားပြီး ဆေးရုံပို့၊ တစ်နာရီအတွင်း ဆေးရုံရောက်သွားမည်။

ထောင်ထဲမှာကား သည်သို့မလွယ်၊ အချုပ်သမားအကျဉ်းသမားတစ်ယောက်ကို အပြင်ထုတ်ဖို့ကိစ္စအတွက် စာရွက်စာတမ်းတွေလုပ်ရသည့်ကိစ္စ၊ အဆင့်ဆင့်လက်မှတ်ထိုးဖို့ကိစ္စ၊ အချုပ်သမဆေးရုံတက်နေစဉ် အစောင့်ထားရမည့်ကိစ္စ၊ ကားထွက်ငှားရမည့်ကိစ္စဝိစ္စတွေ များမြောင်ရှုပ်ထွေးလှချေ၏။

ဦးတင့်လွင်ခမျှာလည်း မစားသာ၊ သူကိုယ်တိုင် ဆေးရုံလိုက်ရမည်၊ လူနာ ဆေးရုံမှာ နေသားတကျရှိနေပြီးမှ ပြန်ရမည်။

အိမ်ပြန်ရောက်တော့ နှစ်နာရီထိုးလုနေပြီ။ စိတ်ပန်းကိုယ်ပန်းဖြစ်ခဲ့ရသမို့ တော်တော်နှင့်အိပ်မပျော်။ ညက အနားမရအောင်လုပ်ခဲ့စေတာမို့ မနက်စောစော ထောင်ထဲဝင်ခဲ့ရသည်။

ထောင်ဖွင့်လူစစ်ကိစ္စပြီးမှ အိမ်ပြန်လက်ဖက်ရည်သောက် ရေမိုးချိုးပြီး ရတတ်သမျှသောအချိန်လေးကို မေးစက်ခြင်းဖြင့် ကုန်လွန်စေခဲ့သည်။ တကျော့ပြန် ထောင်ထဲပြန်ဝင်သည့်အခါ မစန်းရီလေးသတင်းကိုဝိုင်းမေးရာ အခြေအနေကောင်းသည်လို့ပဲ ဖြေလိုက်ရသည်။

နောက်ပိုင်းအခြေအနေကို သူလည်းမသိသေး။

ဗဟိုအမျိုးသမီးဆေးရုံကို အချိန်မီရောက်သွားသမို့ ကလိန်းတလက်မဖြစ်တန်ရာ။

မစန်းရီသာ အာမခံရဖို့သေချာရင် ထောင်ထဲသို့ တကျော့ပြန်ရောက်စရာအကြောင်းမရှိ။ သမဝါယမအမှုများမှာ ကွာဟလျော့နည်းငွေကို လျော်နိုင်လျှင် အာမခံမရမရှိ ရကြသည်ပါ။ ငွေလျော်နိုင်ပါ့မလား။ အများအားဖြင့်တော့ လျော်နိုင်ကြ၏၊ စားဖို့မရှိ လျော်ဖို့ရှိဆိုသော မြန်မာစကားသို့နှယ်။

ငွေလျော်နိုင်ရုံနှင့်အမှုပြီးသလားဆိုတော့ မပြီးမြန်။ ဥပဒေလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်း၍ အမှုတို ရင်ဆိုင်ရဦးမည်ပါ။

မစန်းရီအချုပ်ကို ရောက်လာစဉ်က အမှုအကြောင်းနည်းနည်းပါးပါး မေးမြန်းကြည့်ခဲ့ဖူးသည်။

သူ ပြောပြသည့်ဇာတ်ကြောင်းမှာ ရိုးစင်းသော်လည်း မှတ်သားစရာ





လေးများပါနေသောကြောင့် ဆရာရန်အောင်မောင်မောင်၊ ဆရာမြောင်းမြ
မောင်ကို၊ ဆရာမင်းသုရိန်တို့လို ထောင်စာရေးဆရာဖြစ်လိုသော ဆန္ဒကလေး
ကိန်းအောင်းနေသည့် ထောင်မှူးကလေးဦးတင့်လွင်က သူ့မှတ်စုမှတ်ရာထဲမှာ
တေးမှတ်ထားလိုက်၏။

သူတို့တာဝန်ယူရသည့် သမဝါယမလိုင်း၏ ကွာဟလျော့နည်းငွေ စုစု
ပေါင်းမှာ တစ်သောင်းလေးထောင်ကျော်စာရင်းပေါက်သည်။ ထိုအနက် သူ
ကိုင်ရသည့် ကုန်မျိုးစုံကောင်တာမှ လျော့နည်းငွေမှာ နှစ်ထောင်ကျော်မျှသာ။

"ကျွန်မယောက်ျားက သဘော်သားပါ၊ နိုင်ငံခြားသဘော်လိုက်နေပါတယ်"

"ငွေနှစ်ထောင်လောက်နဲ့ သဘော်သားမိန်းမ ထောင်ထဲရောက်ရတယ်ဆိုတော့ နင့်အဖြစ်အပျက်က တစ်မျိုးကြီးပါလားဟ"

နိုင်ငံခြားသဘော်လိုက်နေသည့် သဘော်သား ဇနီးမယားတစ်ယောက်ဖြစ်ပါလျက်နှင့် နှစ်ထောင်မျှသော ငွေကြေးဖြင့် ထောင်ထဲသို့မရောက်တန်ရာ။

ဒါကြောင့်လည်း သူ့အကြောင်းကို နည်းနည်းပါးပါး မေးမြန်းကြည့်မိရသည်။ ပြီး သူ့ယောက်ျားသဘော်လိုက်သည်မှာ ပထမဆုံးခေါက်မဟုတ်၊ ဒုတိယအခေါက်။

တစ်ခေါက်ပြန်လာရင် ကားတစ်စီးနှင့် တယ်လီဗေးရှင်းတစ်လုံး၊ အနည်းဆုံးပါလာရင် အကောက်ခွန်နှင့် အမြတ်ခွန်နှုတ်ပြီးသည့်တိုင် ဂဏန်းခြောက်လုံးစာငွေကြေးမှာ သပိတ်ဝင်အိတ်ဝင်။

မစန်းရီကလည်း လင်ဖြစ်သူ၏ရှာစာကို မှီခိုစားသောက်နေသူမဟုတ်။ ကိုယ့်အလုပ်နှင့်ကိုယ်။ ကိုယ့်ဝင်ငွေနှင့်ကိုယ်။ လင်တော်မောင်ပို့လာသည့် လစာပါ ပေါင်းလိုက်လျှင် တစ်လခုနစ်ရာကျော်ရှစ်ရာ ဝင်ငွေရှိနေသည်။

ထိုမျှသော ငွေကြေးကုန်ရုံမက လုပ်ငန်းခွင်ထဲက ငွေကိုပါ ယူသုံးတယ်ဆိုတော့. . .။

"နင့်ယောက်ျား ပထမတစ်ခေါက်ပြန်လာတုန်းက ဘာမှပါမလာဘူးလား"

"ပါတာပေါ့ ဆရာကြီးရယ်၊ ကားတစ်စီးနဲ့ တယ်လီဗေးရှင်းတစ်လုံးအပြင် တိုလီမုတ်စပစ္စည်းတွေလည်းပါလာတာ နည်းတာမှမဟုတ်ဘဲ ဆရာကြီးရယ်"

"ဒီလောက်ပါလျက်နဲ့များ စုမိဆောင်းမိ မရှိဘူးလား"

"ကုန်ပြီလေဆရာကြီးရဲ့၊ သူက ရေထဲမှာ အလုပ်လုပ်ရတာ မဟုတ်လား၊ ဒီတော့လည်း ရေထဲကပိုက်ဆံ ရေထဲပဲပြန်ရောက်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒီလောက်ငွေတွေကုန်သွားတာ ဘယ်နှစ်နှစ်လောက်အတွင်းမှာလဲ"

"တစ်နှစ်လောက်တောင် မပြည့်တတ်ပါဘူး၊ ဆရာကြီး"

"ဟယ်. . . တစ်နှစ်အတွင်းမှာ ဟုတ်လား"

"ဟုတ်ပါတယ်"

ထောင်မှူးလေး ဦးတင့်လွင်မှာ တွေးတွေးငေးငေး ဖြစ်သွားရသည်။ သူ ထောင်မှူးလုပ်နေသည်မှာ လေးနှစ်တင်းတင်းပြည့်တော့မည်။ အိမ်မှာ ဂဏန်းသေး လေးလုံးမျှသော ငွေကြေးကိုသော်မှ စုမိဆောင်းမိ ငွေကြေးအဖြစ် မထားနိုင်သေး။ ရသည့်လခမှာ ဂဏန်းသေးသုံးလုံး။

ဆယ့်ငါးရက်မပြည့်ခင် တစ်လုံးပြုတ်ထွက်သွားရစမြဲ။ ကျန်သည့် ဆယ့်ငါးရက်တို ဂဏန်းသေးနှစ်လုံးနှင့် လုံးချာလိုက်ရင်း ပြက္ခဒိန်ခဏခဏ ကြည့်နေရသည်။

မစန်းရီယောက်ျား ခင်မောင်က ဂဏန်းကြီးခြောက်လုံးကို တစ်နှစ်အတွင်း ဘယ်လိုများသုံးစွဲလိုက်ပါလိမ့်၊ ဘာတွေစားပြီး ဘာတွေဝတ်လို့ ဘယ်လိုများ သုံးဖြုန်းပစ်လိုက်ပါလိမ့်ဟု။

"တစ်နှစ်အတွင်းဆိုတော့ နင်တို့သုံးဖြုန်းတာ မတရားကြီးပါလားဟ"

သည်တော့မှ သူတို့အကြောင်းကို အကျဉ်းရုံးပြောပြသည်။ ခင်မောင်နှင့် မစန်းရီတို့အကြောင်းပါတုန်းက ခင်မောင်သဘော်သားမဖြစ်သေး၊ ပုံနှိပ်စက် - စာစီသမားလေး။

ခင်မောင်မှာ မစန်းရီတို့နှင့် ကျော်ချင်းကပ်အိမ်တွင် ထမင်းလခပေးစားနေသူ၊ တစ်ကောင်ကြွက်ဘဝ။ သူများအိမ်မှာ ကျောတစ်ခင်းတစ်နေရာအတွက် တစ်လငွေနှစ်ဆယ်ပေးပြီးနေရသူ။

အဝတ်အစားနှင့် သူ့အသုံးအဆောင်ပစ္စည်းများထည့်သည့် ထင်းရှူးသေတ္တာတစ်လုံးနှင့် အိပ်ရာလိပ်တစ်လိပ်မှာ သူချမ်းသာသမျှသော သူပိုင်ပစ္စည်းများဖြစ်၏။

ပုံနှိပ်တိုက်မှာ စာစီအလုပ်လုပ်ပေမယ့် လခစားမဟုတ်၊ မျက်နှာစား(ဝါ) ယာယီအလုပ်သမား။ မျက်နှာစားဆိုတာက ဆယ့်ခြောက်ပွိုင့်တစ်မျက်နှာစီနှစ်ကျပ်ပဲရသည်။

စီဖို့စာပြန်ပစ်ရသည့်အချိန်၊ အမှားပြင်ပေးရသည့်အချိန်တွေ နှုတ်လိုက်ရင် တကယ့်စာစီရသည့်အချိန်သိပ်မရှိ။ တစ်နေ့ငါးမျက်နှာ ခြောက်မျက်နှာပဲပြီးသည်။

တစ်ခါတစ်ရံ ရှစ်မျက်နှာလောက်အထိပြီးသည်။ ဖျမ်းမျှဝင်ငွေမှာ တစ်ဆယ်၊ ဆယ့်နှစ်ကျပ်။ ဒါတောင် ပုံနှိပ်တိုက်က အလုပ်မှန်ပါမှ၊ နို့မဟုတ်လျှင် ဝင်ငွေမရ။

သူတို့မှာ နားရက်မရှိ၊ အလုပ်ချိန် အကန့်အသတ်မရှိ၊ များများလုပ်နိုင်မှ မြက်မြက်ရသမို့ ညဉ့်နက်အတထိလည်း လုပ်ရသည်၊ အလုပ်ကျနေသည့် ရက်ပိုင်းအတွင်း ညဉ့်နက်သန်းခေါင်အထိ လုပ်ရသည်။

ဆယ့်ခြောက်မျက်နှာတစ်ဖောင်ကို ငါးဆယ့်ငါးကျပ်ရလျှင် သူတို့က သုံးဆယ့်နှစ်ကျပ်၊ ဖောင်ဖွဲ့သူက ဆယ့်ခြောက်ကျပ်၊ ကျန်ငွေကို လက်ဖက်ရည်ဖိုး ဆေးလိပ်ဖိုးအဖြစ် ဝေမျှစားသောက်ရသည်။

တချို့ပုံနှိပ်တိုက်ကျတော့ ဖောင်ဖွဲ့သူ ဖိုမင်က ကျန်ငွေအားလုံးကို ယူသည်။ သူကအလုပ်ရှာပေးရသူ၊ အမြင်သက်သာသလောက် လက်တွေ့တွင် ခက်လှသယ်။ ခါးကိုက်ကျောအောင့် ဇာက်ကြောထိုးအောင် လုပ်နိုင်ပါမှ ထမင်းလုပ်မှန်ရုံပဲရှိသည်။

ခဲငွေ့ခဲပူတိုက်သည့်ဒဏ်ကိုလည်း ခံရသေးသည်။ စာစီသမားတို့မျက်လုံးမှာ အသက်အရွယ်နှင့်မလိုက်အောင် မှုန်ဝါးကြသည်။

ခဲကိုင်သောလက်နှင့် အစားအသောက် ကိုင်တွယ်စားသောက်မိသောကြောင့် အစာအဆိပ်သင့်ရောဂါကို တတိတတိ မွေးယူထားရဘိသို့ ရှိပါချေ၏။

ခင်မောင်မှာ ကျောထောက်နောက်ခံမရှိ။ စုမိဆောင်းမိငွေကြေးမရှိ။ ရုရုစားစား ဝါးဝါးမျိုမျို သွားသွားလာလာပဲ ရှိသည်။

သို့တစေ သူ့မှာ တန်ဖိုးမဖြတ်နိုင်သည့် ပြောစမှတ်ပြုစရာ ဂုဏ်တစ်ရပ်တော့ရှိသည်။ ရိုးသားသည်၊ ကြိုးစားသည်၊ လုံ့လဝီရိယ ထထကြွကြွ ရှိသည်။ ပေါင်းသင်းဆက်ဆံရေး ချောမွေ့ပြေပြစ်သည်။

မစန်းရီတို့မိသားစုမှာ အိုးပိုင်အိမ်ပိုင်နှင့် စီးပွားရေးမှာ လည့်သာပဲ့သာချောင်ချောင်လည်လည်ရှိသည်။ နောက်ဖေးချင်းကပ်နေသည့် တဲနှစ်တဲမှာ ကြားခံလမ်းကြားမရှိ။ ဆက်နေသည့်သို့ရှိနေရာ သူတို့နှစ်ယောက်မှာ အထူးလည် အချိန်းအချက်မလုပ်ရဘဲ အပေါ့အပါးသွားရင်း ရေချိုးရင်း အတွေ့မြင် များကြ၏။

တစ်ယောက်က တစ်ယောက်ကိုတွေ့ချင်ရင် နောက်ဖေးမှာ တိုယ်ရောင်



www.burmeseclassic.com

www.burmeseclassic.com

ပြလိုက်ရှာသာပါ။ သူတို့နှစ်ယောက် ချစ်သူဖြစ်လာကြပုံမှာ ထူးထူးထွေထွေ ရေးစရာမရှိ။ အတွေ့အမြင်များသည်မှ မျက်စပစ်ရင်း လှျာထုတ်ရင်း လက်ပြ ခြေပြနှင့် ချစ်သူအဖြစ်သို့ ရောက်ခဲ့ကြသည်ပါ။

မစန်းရီဦးလေးက သမဝါယမအတွင်းရေးမှူးမို့ ကိုးတန်းကျောင်းသူ မစန်းရီမှာလည်း အလွယ်တကူ အရောင်းစျေးသည် ဖြစ်လာရသည်၊ စာစီ သမားနှင့် သမဝါယမ အရောင်းစျေးသည်။ အဆင့်အတန်း ကွာဟသွားပြီ။

စာရေးဝန်ထမ်း၊ ဒါမှမဟုတ် လခစားစက်ရုံ အလုပ်သမားဖြစ်ခဲ့ရင် အဆင့်အတန်းကိစ္စတို့ ရေကြီးခွင်ကျယ်ပြောစရာမလို၊ ခုတော့ ပြောစရာ၊

တစ်ဘက်မိဘက လုံးဝသဘောမတူ။ ခင်မောင်ဘက်က ပြောစရာမလို၊ မိဘနှစ်ပါးစလုံးမရှိ။ ဆယ်နှစ်သားတတည်းက အဒေါ်ဖြစ်သူနှင့်နေပြီး ကိုယ့်ဒူးကိုယ်ချွန်ဖို့ ရန်တုန်ကို တစ်ယောက်တည်း စွန့်စားထွက်လာသူ၊

မစန်းရီမိဘတွေက သူတို့အကြောင်းကို သိသွားကြသည်၊ တစ်အိမ် လုံးရော ဆွေမျိုးအသိုင်းအဝိုင်းပါမကျန် ဝိုင်းဖျက်ကြသည်၊ မစန်းရီကို ချော တစ်ခါ ချောက်တစ်လှည့် ဖျောင်းဖျနားသွင်းကြသည်၊

အခြေအနေမရှိသူနှင့်မို့ဟု အကြောင်းပြခဲ့ကြသည်၊ မစန်းရီက နဂို ကတည်းက အခြေအနေမရှိမှန်း သိပြီးသား၊ ချစ်တာနဲ့မှ မဆိုင်ဘဲ၊ မဆိုင်လို့လည်း ချစ်ခဲ့ကြတာပဲဟာ ဘယ်နားဝင်ပါ့မလဲ၊

ရှင်ခန်းပဲပြတ်ပြတ် သေခန်းပဲပြတ်ပြတ် ချစ်သူနောက်ကို ကောက် ကောက်ပါအောင်လိုက်သူ၊ ချစ်သူရဲကောင်းမလေးအဖြစ်. . .၊

xxxxx

စာစီသမားလေး ခင်မောင်လည်း ကျောမပူပေမယ့် ဝမ်းပူရသည့် စာစီအလုပ်ကိုစွန့်၍ ကျောပူသော်လည်း စာစီအုံလပ်ထက် ဝမ်းအနည်းငယ် ပိုအေးရသည့် ဆိုက်ကားသမားအဖြစ် အလုပ်သစ်သို့ ကူးပြောင်းလိုက်သည်၊

အုံနာကြေးနုတ်ပြီး အနည်းဆုံး တစ်နေ့ဆယ့်ငါးကျပ်ပြေးမလွတ်၊ အဆောင်ချောပြေသည့်နေ့မျိုးတွင် သုံးလေးဆယ်ဆိုသည်မှာ ပတ်ကနဲ၊ စားပြီး





သောက်ပြီး သပိတ်ဝင်အိတ်ဝင်၊

နေရိပ်ထဲလုပ်ရတာနှင့် နေပူထဲလုပ်ရတာပဲ ကွာသည်၊ ပင်ပန်းတာချင်းက အတူတူ၊ ရတာကျတော့မတူ၊ နဂိုကတည်းက မတူဘူးမတန်ဘူးရယ်လို့ သဘောမှု၍ သဘောမတူခဲ့သည့် မစန်းရီမိဘအသိုင်းအဝိုင်းမှာ ဆတ်ဆတ်ခါ နာသွားသည်၊ ဒေါသပုန်ထသွားကြသည်၊

စာစီသမား ပုံနှိပ်တိုက်အလုပ်သမားဆိုတာကမှ ပြောလို့ကောင်းသေး သည်၊ ဆိုက်ကားသမားဆိုတော့. . .

ခင်မောင်ကလည်းမမှုပါ။ အတူနေကြတာမှ မဟုတ်ဘဲဟာ၊ သူ့မယားကို လှအောင်ဆင်နိုင်ဖို့ ဝအောင်ကျွေးနိုင်ဖို့ပဲ ကြိုးစားခဲ့သည်၊ မစန်းရီတို့ သားချင်းအသိုင်းအဝိုင်းအားလုံးက ခင်မောင်ကို လုံးဝအထင်မကြီးသလို အဖက်လည်းမလုပ်ကြ။

အသက်ထက်ဆုံး ဆိုက်ကားသမားဘဝဖြင့် အရိုးထုတ်ရလိမ့်မည်ဟု သတ်မှတ်ထားကြ၏၊ ဆိုက်ကားသမားက ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် သတ္တော သားဖြစ်တော့မည်ဆိုသည်ကို မယုံကြရုံမက ကြားဖူးသမျှ ပြက်လုံးများထဲတွင် အရယ်ရဆုံးပြတ်လုံးအဖြစ် သဘောမှုပြီး ဟားတိုက်ရယ်ကြသည်၊

အမဲရိုးက ဟင်းအိုးမှအားမနာဆိုသည်မျိုးအထိ မှိုချိုးမျှစ်ချိုး ဝိုင်းပြော ကြသည်၊

ထိုသတင်းကို ယူဆောင်လာသည့် မစန်းရီကို သူ၏ဦးလေးဖြစ်သူ သမ ဝါယမအတွင်းရေးမှူးကြီးက 'ဟဲ့. . . မိစန်းရီ နင့်အကောင်ကို စိတ္တဇဆေးရုံ ခေါ်သွားပြီး ပြလိုက်ဦး၊ ဘဝင်မြင့်ပြီး ယဉ်ယဉ်ကလေးရူးတဲ့ အရူးရောဂါကို ကုရတာ ပိုခက်တယ်' ဆိုင်ဝန်ထမ်းတွေရှေ့မှာ တဲ့တိုးကြီးပြောချလိုက်ရာ မစန်းရီခမျာ မျက်နှာဘယ်လိုထားရမှန်းမသိအောင် ဖြစ်ခဲ့ရရှာသည်၊

ကြားကြားသမျှသော ကြားရသူအပေါင်းကလည်း အရယ်အပြုံး အမဲ့ အရွဲ့ အထေ့အသောလေးများဖြင့် လှောင်စကားပြောင်စကား ပြောကြဆိုကြ သည်မှာ နားမဆံ့သာအောင် ရှိပါချေ၏၊

ပြောမည်ဆိုလည်း ပြောစရာ၊ အနည်းဆုံး ငွေသုံးလေးသောင်းမတုန်သဲ သတ္တောသားဖြစ်ဖို့ စိတ်မကူးရဲသည့်အချိန်မှာ ဆိုက်ကားတစ်စီးသော်မှ အပိုင် မရှိသူက သည်စကားပြောလာသည်ဆိုသော်လည်း. . .

ဘယ်သူတွေ ဘာပြောပြော ဘယ်သို့ဆိုဆို သူတတော့ ခေါင်းမြီးခြုံ


www.burmeseclassic.com

www.burmeseclassic.com

ထဲက လက်သီးတပြပြ။ မသွားရသေးသမျှတော့ ခေါင်းမြီးခြုံထဲကပဲ လက်သီးပြရဦးမည်ပါ။

ဂဏန်းငါးလုံးမကုန်ဘဲ လေးလုံးတည်းနှင့် သဘော်လိုက်သွားရအောင် ဖန်တီးလာသည့် ကံကြမ္မာဆန်းကျယ်ပုံမှာ. . .

တစ်နေ့. . .။ ဦးအုန်းခိုင်လမ်းမှာ။

သူ့ဆိုက်ကား၏လမ်းကြောင်းမှာ အရှေ့မှအနောက်သို့။ မျက်နှာချင်းဆိုင်မှ မောင်းလာသည့် ငွေအိုရောင်လင်ဆာကား၏လမ်းကြောင်းမှာ အနောက်မှအရှေ့သို့။

လမ်းကကျယ်သည်။ လူကရှင်းသည်။ အချိန်မှာ နေ့နှစ်နာရီခန့်။

လင်ဆာကား မီးရထားရိပ်သာရှေ့သို့အရောက် မီးရထားဝင်းထဲမှ ကလေးတစ်ယောက် ရုတ်တရက် ပြေးထွက်လာသည်။ ဆယ့်တစ်နှစ်သားအရွယ် ကလေးငယ်၏ ပြေးအားအရှိန်နှုန်းမှာ လေးညို့တန်မှ လွတ်ထွက်သွားသည့် မြားသို့နှယ်။

ကလေးငယ်၏ဦးခေါင်းမှာ နောက်ဘက်သို့ပြန်လှည့်ရင်း ပြေးလာသမို့ လင်ဆာကားကိုမမြင်။ ဒိုင်းကနဲအသံနှင့်အတူ ကျွိကနဲ ဘရိတ်ဖမ်းသံပါ တစ်ပြိုင်တည်းထွက်လာသည်။ ကလေးငယ်မှာ လမ်းမပေါ်တွင် မှောက်လျက်သား။

တဒင်္ဂအတွင်း မည်းသောကတ္တရာလမ်းပေါ်သို့ နီရဲသောသွေးများ စွန်းထင်သွားသည်။ ထိုစဉ်မှာပင် လူလေးငါးယောက် ပြေးထွက်လာကြသည်။ ခင်မောင်ဆိုက်ကားက ကားဘေးမှာ။

ကားမောင်းလာသူမှာ ကားထဲတွင်ထိုင်လျက် မမျှော်လင့်သော အဖြစ်အပျက်ကြောင့် လဲကျနေသော ကလေးကိုကြည့်ပြီး ကြောင်နေသည်။ မှင်သက်မိနေသည်။ ပြေးထွက်လာသူထဲမှ တစ်ယောက်သောသူက လက်သီးလက်မောင်းတန်းလျက်။

"မင်းတို့က မင်းတို့ကိုယ်မင်းတို့ ဘာများထင်နေကြသလဲ၊ ကားကို လေယာဉ်ပျံမောင်းသလို မောင်းလို့မရဘူးကွ၊ ဒါလူတွေပါ သွားနေတဲ့လမ်း ခု တိုက်မိပြီမဟုတ်လား"

ကားပေါ်တွင်ရှိနေသူက ဘာပြန်ပြောရမှန်းမသိ။ မျက်နှာငယ်ကလေးနှင့် ငေးကြည့်နေသည်။ နောက်ထပ် နှစ်ယောက်စ သုံးယောက်စ လူတွေစုမိလာကြသည်။





"ကဲ. . . ဆရာကြီး ကလေးကို ဆေးရုံအမြန်ဆုံး လိုက်ပို့ဖို့ အရေးကြီးတယ်၊ ခင်ဗျားကားတံခါးကိုဖွင့်လိုက်၊ ကျွန်တော်ပွေ့တင်ပေးမယ်"

"ဟော့. . . သည်လိုခေါ်သွားလို့ ဘယ်ရမလဲကွ၊ ကလေးမိဘတွေလာအောင် စောင့်ဦးမှပေါ့"

"စောင့်နေလို့ ဘယ်ဖြစ်မလဲဗျ၊ ဆေးရုံမြန်မြန်ပို့မှ ဖြစ်မှာပေါ့"

ခင်မောင်က ဘယ်ရမလဲကွဟု ပြောလာသူကို ခွန်းတုံ့ပြန်လိုက်သည်။

"ဒီလောက်တောင် အရမ်းမောင်းတဲ့အကောင်ကို မှတ်လောက်သားလောက်ရှိအောင် ဆော်ထည့်လိုက်ကွာ"

"အုတ်ခဲကြီးကြီးရှာပြီး ကားမှန်ကို ထုခွဲပစ်လိုက်စမ်း"

"မာတ်ဆီတိုင်ကီကို မီးနဲ့ရှို့ပစ်လိုက်ကွာ"

ဒဏ်ရာနှင့်လဲနေသူ ကလေးအတွက်ကို မစဉ်းစား။ တစ်ယောက်တစ်ပေါက် ထင်ရာစွတ်ပြောနေကြသည်။ ခင်မောင်ကို လုံချည်ကိုပြင်ဝတ်လိုက်ပြီး-

"ဒီမှာ ခင်ဗျားတို့ဘာမှမမြင်ဘဲ ထင်ရာတွေစွတ်ပြောမနေကြနဲ့၊ ကလေးကို ကားကတိုက်တာ မဟုတ်ဘူးဗျ၊ ကလေးက ကားကိုဝင်တိုက်တာ၊ ကျုပ်မျက်စိရှေ့မှောက်မှာ ဖြစ်လိုက်တာ၊ တရားသဖြင့် ဖြစ်အောင်လုပ်ကြပါ၊ ကျုပ်က ဆိုက်ကားနင်းနေတဲ့အကောင်၊ ကားသမားတွေကို ခင်ဗျားတို့ မုန်းတာထက် ဘယ်ဆပိုမုန်းတယ်၊ ခုကိစ္စမှာ ကားသမားက မလွန်ဘူး၊ ခင်ဗျားတို့ပါးစပ် ချေးပန်းနေရင် တလေးဒုက္ခရောက်လိမ့်မယ်၊ ခင်ဗျားတို့ထဲက ဆေးရုံလိုက်ယ့်လူရှိရင် ကားပေါ်တက် ဒါပဲ"

ခင်မောင်ပြောပုံက တိတိပြတ်ပြတ်ရှိရုံမက ဟန်ပန်က ဘာမထီပုံစံမို့ တစ်ယောက်တစ်ပေါက် လေကျယ်နေသူတွေ နှုတ်ဆိတ်သွားကြသည်။

ခင်မောင်က ကားနောက်တံခါးကိုဖွင့်ခိုင်းပြီး ကလေးကို သူကိုယ်တိုင် ကားပေါ်ပွေ့တင်လိုက်သည်။ ဒီတော့မှ ကလေးအမေရောက်လာသည်။

ဆိုက်ကားကို သူငယ်ချင်းဆိုက်ကားသမားထံအပ်ပြီး သူကိုယ်တိုင် ဆေးရုံသို့ လိုက်သွားခဲ့သည်။

အဲဒီနေ့က သူသာ တိတိပြတ်ပြတ်မလုပ်ခဲ့ရင် ကားပိုင်ရှင်ခမျာ အတော်လေးပြဿနာတက်ဖို့ သေချာသည်။ လူအုပ်စုမိရင် တလွဲဆံပင်ကောင်းသူတွေပါမြဲရှိကြရာ ကားမှန်ကိုဖြစ်စေ၊ ကားကိုဖြစ်စေ အုတ်ခဲနှင့်ထုလိုက်လျှင် ပုံးသိန်းကျော်တန် ကားအတွက် မစဉ်းစားဝံ့စရာ။



www.burmeseclassic.com

www.burmeseclassic.com


ကားပိုင်ရှင်က သူ့ကိုကျေးဇူးတင်မဆုံးရှိရသည်။ လင်ဆာကားကို ကိုယ်တိုင်မောင်းလာသည့်ပိုင်ရှင်မှာ တစ်ခုသော သင်္ဘောကုမ္ပဏီ၏ သင်္ဘောကိုယ်စားလှယ်။

ပေါ်ပင်ထလုပ်သည့် ကိုယ်စားလှယ်မဟုတ်။ သင်္ဘောသားခေတ်မစားခင်ကတည်းက ကိုယ်စားလှယ်လုပ်ခဲ့သူ။ တည်တည်တန့်တန့် ခိုင်ခိုင်မာမာ တရားဝင်ကိုယ်စားလှယ်ကြီး။

ကားမောင်းလာသူကို မည်သူမည်ဝါဟုမသိဘဲ အမှန်တရားဖြစ်အောင် ဝင်ရောက်ရပ်တည်ပေး၍ စေတနာဖြင့် ကူညီခဲ့ခြင်းဖြစ်ရာ စေတနာ၏ ရောင်ပြန်ဟပ်မှု အကျိုးကို နင့်နင့်ပိုးပိုး ခံစားလိုက်ရပါလေပြီ။

တကယ်သွားရတော့မည်ဆိုတော့လည်း ယောက္ခမနှစ်ယောက်စလုံး တပြုံးပြုံး။ မသွားခင်ကတည်းက သမီးရော်သမက်ကိုပါ အိမ်ပေါ်သို့ ပြန်တင်ခဲ့ရုံမက စိတ်လိုက်မာန်ပါလုပ်မိသည့် သူတို့လုပ်ရပ်အတွက်ကိုပါ တိုးတိုးကျိတ်ကျိတ် ပြေရာပြေကြောင်း စကားတန်ဆာဆင်ခဲ့ကြသည်ပါ။

လေယာဉ်ပျံလက်မှတ်ကိုပါ လက်ဝယ်ရရှိထားပြီမို့ ယောက္ခမအိမ်ထက် သားမက်မျက်နှာမငယ်ရတော့ပြီ။

လေပြည် တအေးအေးမျက်နှာချို တသွေးသွေး အခွင့်ပေးခဲ့ရသည့် ကံကြမ္မာအလှည့်အပြောင်း ဆန်းထွေသလို ငွေနှစ်သိန်းနီးပါးကို တစ်နှစ်အတွင်း ပြောင်သလင်းခါသွားအောင် သုံးဖြုန်းလိုက်ပုံမှာလည်း ထူးထွေသည့် အံ့ရာသော်ဟု ဆိုစရာသို့ရှိခဲ့ပါချေ၏။

သူပြန်လာပြီ၊ သင်္ဘောလိုက်ပြီး ပြန်ရောက်စ သင်္ဘောသားတို့ပုံဟန်အတိုင်း။ ထောင့်မသေ အချိုးမပြေ၊ ဖိလစ်ပိုင်လူမျိုးလေလား၊ ထိုင်းလူမျိုးလေလားဟု ထင်မှတ်မှားလောက်စရာ အဝတ်အစားဆင်ယင်ပြောင်းလာရုံမက ထောင်ထောင်လွှားလွှား ကြွားကြွားမာနတက်ကြွလွန်းလှ၏ဟု ဆိုရမည်သို့။

လက်ဖက်ရည်ဆိုင်ထိုင်တာကအစ အရက်ဆိုင်ထိုင်သည့်အဆုံး နောက်တပည့်လေးငါးယောက်ပါစမြဲ။ တစ်ရက်နှစ်ရက်မဟုတ် တစ်ယောက်နှစ်ယောက်မဟုတ်။ သူတင်လား။ မစန်းရီကလည်း ချွေရုံသင်းပင်း တသောသောနှင့်။ ယောက္ခမကြီးကလည်း ကြောင်ကြောင်ကြားကြား အဝင်အစားတွေကို သမက်ဖြစ်သူနှင့်အပြိုင်ဝတ်လို့ ယောက္ခသူကြီးက မိုးမမြင်လေမမြင်။

ဒီကြားထဲ တစ်ကောင်ကြွက် စာစီသမား ဆိုတ်တားသမားဘဝအမျိုး

နေ့စဉ်က ဖုတ်လေသည့်ငပိ ရှိလေသည်ဟု သဘောမမှုခဲ့သည့် ဆွေမျိုးတွေကလည်း ဘယ်သူဘယ်ဝါပါ၊ ဘယ်လိုဆွေမျိုးတော်စပ်ပါသည်လို့ ကိုယ့်ဘာကိုယ် ဖော်ကြူးပြီး ဘုရားလည်းဖူး လိပ်ဥလည်းတူးရအောင် လာသူတွေက ဝင်လာမစဲ တသဲသဲ။

ကုဋေရှစ်ဆယ် သူဌေးသားကလည်း လာသမျှကို ခါမလွှတ် တန်ရာတန်ရာတော့ လက်ကြလက်ဖွာလိုက်သည်သာ။ ဟိုင်းလတ်ကား ဆယ့်ငါးစီးငှားပြီး ဘုရားဖူးထွက်ကြသည်။ စားစရိတ်၊ အခြားစရိတ်မပါ ကားခတင် ငါးထောင်ကျော်။ အိမ်မှာ ဗီဒီယိုကြည့်တာက တစ်ပတ်သုံးရက်၊ ဗီဒီယိုစရိတ်တင် တစ်ပတ်ကို ခုနစ်ရာကျော် ရှစ်ရာ။ မိတ်ကောင်းဆွေမွန်တွေက သတိပေးစကားဆိုကြသည်။

“နိုင်ငံခြားရောက်တော့လည်း အငတ်ခံ၊ ကိုယ့်တိုင်းပြည်ရောက်တော့ ဖြုန်းဆိုရင် ရေးခြားမြေခြား အရှာအဖွေထွက်တာ ဘာလုပ်ဖို့လဲလို့” သူက တစ်ပြန်ဆိုစကားပြုခဲ့သမို့ သတိပေးသူတွေ နှုတ်ဆိတ်သွားကြသည်။

“သူ နောက်တစ်ခေါက်ပြန်သွားတော့ ကြွေးသုံးထောင်တင်ခဲ့ပါတယ်၊ ရောက်ကြီးရယ် သူပြန်ပို့တဲ့လစာငွေက အတိုးပေးရတာနဲ့ ကုန်တာပါပဲ၊ ကျွန်မတို့လည်း လုံးကနဲ ခဲကနဲ တစ်ခါတည်း သုံးရတာမဟုတ်ပါဘူး။ တစ်ကိုယ်ယူရင်းက နောက်ဆုံး သည်အခြေကို ရောက်ခဲ့တာပါပဲ”

ဖြောင့်ဖြောင့်မတ်မတ် ရိုးရိုးသားသား နေတတ်ထိုင်တတ် လုပ်တတ်ကိုင်တတ်သူများအတွက် ထောင်ဆိုသည်မှာ ဤသို့ပါကလားဟု သိမှတ်စရာအကြောင်းမရှိပါလေ၊ သိမှတ်ရမည် မဟုတ်ပါလေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (နှစ်ဆယ်)

ဖော်မောင်မောင် ဖြန့်ကျက်ထားသည့်ပိုက်ကွန်မှာ ရေအောက်က
ရေပေါ်သို့ ပေါ်လာတော့မည့် အနေအထားသို့ရောက်နေပြီကို ခင်လေးနွယ်
ဇွတ်အတင်း မျက်စိမှိတ်၍ မမြင်ဟန်မဆောင်နိုင်တော့။

မမြင်ဟန်ဆောင်ခဲ့လျှင် ပိုက်ကွန်ဆွဲရာသို့ ရုန်းထွက်နိုင်အားမရှိတော့
လွန့်လွန့်လူးလူးနှင့် ပါသွားရတော့မည်မှာ သေချာနေပြီ။

တကယ်တော့ ဖော်မောင်မောင်က စားနေကျကြောင်ပါ။ သို့တ
ကြွက်ကို အလောတကြီး မခုတ်တတ်။ ပြေးလမ်းကြောင်းမရှိအောင် ပိတ်
ပြီးမှ ခုတ်တတ်သည့်ကြောင်မျိုး။

နောက်ဆုတ်ရမည်။ နောက်ဆုတ်မဖြန့်ရင် စုတ်စုတ်မြုပ်သွားပါလိ
မည်။ ပြီး. . . မဆုတ်မဖြစ်သည့်အကြောင်း နှစ်ရပ်လည်းရှိလာသည်။

ကိုသိန်းဦးနှင့်မအေးကြည်ခင်တို့ သည်အကြောင်းဘယ်လိုသိလာသ
မသိ။ သူတို့ကြားသည့်သတင်းကိုပြောပြီး ဟုတ်မဟုတ်မေးလာသည်။
သတင်းလေညင်းဆောင် လူ့သတင်းလူချင်းဆောင်။

သူတို့ပြောပုံဆိုပုံက တိတိကျကျရှိလာသမို့ ရင်ထဲမှာ ထိတ်ကနဲ ဖြစ်
ရသည်။ ကိုသိန်းဦးသိမှတော့ ဝင်းမောင်နားပေါက်သွားပြီဆိုရင် ပြဿ
အကြီးအကျယ်တတ်ဖို့ သေချာနေသည်။

ရင်ထိတ်သွားစရာသတင်းကို ဘူးကွယ်လို့မဖြစ်လို့ ခေါင်းညိတ်
လို့လည်းမဖြစ်။ မြွေသေ တုတ်မကျိုးအဖြေမျိုး ပေးရမည်။

"ရသေ့စိတ်ဖြေစမ်းသပ်ကြည့်တာပါ ကိုသိန်းဦးရယ်၊ ဖြစ်နိုင်တယ်
တိုဝင်းကိုပြောမလို့၊ ခု မဖြစ်နိုင်ဘူးဆိုတာနဲ့ လမ်းဖြတ်လိုက်ပြီ"





ဒီအဖြေဖြင့် မိုးကြိုးပစ်လာမည်ကို ထန်းလက်နှင့်ကာလိုက်ရ၏။

နောက်တစ်ကြောင်းက မမွတာငုပ်လျှိုးသွားသည့်ကိစ္စ ထိန်တာလား၊ ဟိုဒင်းဟိုဟာလား ဆိုသည်ကို မပြောနိုင်သေး၊ တစ်လပဲရှိသေးသည်။

ဆံခြောက် အော့အံမူးဝေနောက်ကျိ အစားအသောက်ပျက်ဆိုသည့် လက္ခဏာမပြသေး။ မအေးကြည်ခင်ကို သည်အကြောင်းပြောပြရသည်။ နှစ်လ အထိစောင့်ကြည့်ဦး၊ သုံးလဆိုရင် ဆရာဝန်နှင့်ပြသင့်သည်ဟု ဆိုစကားပြု ထားသည်။

ခင်လေးနွယ်က အချိုသတ်ပြီးနောက်ဆုတ်လိုက်သောအခါ ဖော်မောင် မောင် ဒေါသူပုန် ထသွားသည်။

"ကျွန်မဟာ စိတ်မှန်တဲ့မိန်းမ၊ လုပ်ငန်းတစ်ခုအပေါ်မှာ အလေးအနက် သဘောမထားတတ်တဲ့မိန်းမ၊ စေတနာကို နားမလည်တဲ့ အပေါစားမိန်းမလို့ မမသီကတဆင့် စွပ်စွဲလာပါတယ်၊ မမသီကလည်း သူ့မျက်နှာပျက်ရကောင်း လားလို့ ကျွန်မကို ရစရာမရှိအောင်ပြောခဲ့ပါတယ်၊ ကျွန်မကလည်း ပြန်မ ပြောတော့ပါဘူးလို့ ရေငုံနှုတ်ပိတ်နေဖို့ ဆုံးဖြတ်ထားပါတယ်၊ သူ့အကြောင်း ကို မမသီသိအောင်ပြန်ပြောပြလိုက်ရတယ်၊ မမသီက. . ."

"အမယ်လေးနွယ်ရယ်၊ ဒါများ ဆန်းတာလိုက်လို့တဲ့"

ပြောလိုက်သည်က မိန်းမချင်း ကိုယ်ချင်းမစာ။

"ကျွန်မအသားတွေ တဆတ်ဆတ်တုန်လာတယ်၊ ပြန်ပြောချင်လိုက်တာ ပါးစပ်ကိုယားလို့၊ ဒါပေမယ့် ကိုယ့်ကိုတိုင်က ပါခဲ့မိတဲ့ကိစ္စမို့ ပြောလည်း မထူးဘူးဆိုပြီး ဘာမှပြန်မပြောခဲ့ပါဘူး။ မမသီ ကျွန်မအပေါ် ကောင်းခဲ့ တာတွေနဲ့ ပြန်ထေလိုက်ရပါတယ်၊ ကျွန်မက ကိုဝင်းမရှိတဲ့အချိန် သူတို့ကို အားကိုးနေရတာဆိုတော့ ပါးစပ်စွာလို့ မဖြစ်သေးဘူးလေ၊ ဇာတ်လမ်းကလည်း ဒီမှာတင် ရပ်သွားလိမ့်မယ်လို့ ထင်ခဲ့တာကိုး၊ ကျွန်မလည်း အပြင်ကိုမထွက်ဘဲ အိမ်ကုတ်နေလိုက်တယ်"

တစ်နေ့. . . ။

မမျှော်လင့်ဘဲ ဖော်မောင်မောင်ရောက်လာသည်။ သူက အတွေ့မခံ လိုက်၊ အိမ်မှာတစ်ယောက်တည်းနေသည့်အခါ လွတ်လွတ်လပ်လပ်နေတတ် သည်မှာ ခင်လေးနွယ်၏ အလေ့စရိုက်။

အဲဒီနေ့တ ရေမိုးချိုးပြီး ဘလောက်အင်္ကျီတစ်ထပ်တည်းဝတ်လျက်



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်အောင်လံမဂ္ဂဇင်းဖတ်နေစဉ် သူ ရောက်လာသည်။ တံခါးခေါက်သံ ညင်ညင်သာသာ။

သို့တစေ ခင်လေးနွယ်က တံခါးကို ရုတ်တရက်မဖွင့်။ လှေကားအတက် အပေါ်ဘက်ရှိ ချောင်းကြည့်ပေါက်ကလေးကိုဖွင့်၍ကြည့်လိုက်ရာ မျက်လုံး အကြည့်ခြာတ်အပေါ် မျက်ဝတ်ဖုံးသည်သို့နှယ် ပြာဝေသွားသည်။

ဖွင့်ရကောင်းနိုးနိုး၊ မဖွင့်ရကောင်းနိုးနိုး မဝေခွဲနိုင်။ ဒွိဟစိတ်ကြောင့် အသတ်ကိုပင် ပြင်းပြင်းမရှူဝံ့၊ ဒုတိယအကြိမ် တံခါးခေါက်သံမှာ ခပ်ပြင်းပြင်း။

ခင်လေးနွယ်ရပ်နေသည့် နေရာက မရွေ့မိသေး၊ မမသီတို့ အခန်း တံခါးပွင့်လာပြီး ဒေါ်ထွေးရင့်ခေါင်းပြူလာသည်ကို တွေ့လိုက်ရ၏။

ခင်လေးနွယ်က ချောင်းကြည့်ပေါက်ကို အပြည့်မဖွင့်။ မြင်သာရုံနည်း နည်းလေး ဖွင့်ထားသည့်အပြင် ချောင်းကြည့်ပေါက်မှာ အမျှားထားရိုးထားစဉ် တံခါးပေါက်တွင်မရှိဘဲ လွှဲပြောင်းထားသောကြောင့် အပြင်မှလာသူများမှာ ထိုနေရာကို ရုတ်တရက် မသိမမြင်နိုင်။

ဒေါ်ထွေးရင်နှင့် ဘာတွေပြောကြသည်မသိ၊ အောက်ပြန်ဆင်းရန် ချောင်းကြည့်ပေါက်ရှိရာဘက်သို့ မျက်နှာမူလိုက်သောကြောင့် ချောင်းကြည့် ပေါက်ရှိ အံထိုးအပေါက်လေးကို ကပျာကသီ ပိတ်လိုက်ရသည်။ ရင်ခုန်သံ မှာ မြန်နေဆဲ။

ဘာကြောင့်လာ၍ ဘာပြောသွားပါလိမ့် သိချင်သည့်စိတ်ကို ပြန်ထိန်း ထားလိုက်ရသည်။ ချက်ချင်းတံခါးဖွင့်ပြီး ဒေါ်ထွေးရင်ကိုမေးခဲ့လျှင် တစ်မျိုး တစ်မည်ထင်သွားမည် စိုးသောကြောင့်။

တစ်နာရီလောက်နေပြီးမှ အဝတ်အစားလဲ၍ မမသီတို့အခန်းသို့ ကူး လိုက်ရသည်။ ဘာမှမသိဟန် ကျိုးကျွံပြုလျက်။

"စောစောက ဆူညံသည်လာတယ်၊ မနွယ် အိပ်ပျော်နေသလားလို့"

"ရေချိုးနေလို့ ဖြစ်ပါလိမ့်မယ်၊ ဒေါ်ဒေါ်ရင် ဘယ်သူများပါလိမ့်"

"မန္တလေးက နေပါဦး၊ သူ့နာမည်က ဘယ်သူ"

"ဪ. . . ကိုဇော်မောင်မောင်ထင်တယ်"

"အေး. . . အေး ဟုတ်တယ်"

"အားနာစရာကောင်းလိုက်တာ ဘာများပြောသွားသလဲ ဒေါ်ဒေါ်ရင်"

"ဘာမှတော့ မပြောဘူးကွယ်၊ လမ်းကြုံလို့ဝင်လာတဲ့အကြောင်းပဲ ပြော





လိုက်ပါတဲ့"

မလွယ်. . .။ ဇော်မောင်မောင်က သည်လိုနှင့် ဇာတ်လမ်းတို နိဂုံး ချုပ်လိမ့်မည်မထင်။ ရှောင်လေဆိုးလေဖြစ်စရာရှိသောကြောင့် တွေ့ပြီးရှင်းဖို့ ဆုံးဖြတ်လိုက်ရသည်။ မမသီပြန်လာတော့ ထင်သည့်အတိုင်း ဇော်မောင်မောင် အား အတွေ့မခံလိုက်သည်ကို ပြစ်တင်စကားပြောသည်။

ဆန်းတော့မဆန်း။ သူတို့အချင်းချင်းက ကွင်းဆက်ချိတ်ဆက်ရှိပြီး သားပေကိုး။

"နွယ် ရေဝင်ချိုးနေတုန်းမို့ပါ မမသီ။ ကျွန်မလည်း တွေ့ချင်ပါတယ်၊ တောင်းပန်စရာရှိတာတွေကို အပြီးအပြတ်တောင်းပန်ချင်လို့ပါ"

"သိပ်တောင်းပန်သင့်တာပေါ့ကွယ်၊ သူ့ရဲ့စေတနာကို တိုယ်တစော်ကား ထားပြီပဲ၊ သူ ကျေနပ်လောက်အောင်တောင်းပန်ရမှာပေါ့"

သူ ကျေနပ်လောက်အောင်ဟု ဆိုလိုက်သည့်စကားအဓိပ္ပါယ်မှာ တျယ် ဝန်းလှ၏။ ရိုးရိုးစင်းစင်းတွေးလို့ရသလို ဆန်းဆန်းပြားပြားချဲ့ကားပြီး အတွေး ဆန့်လို့လည်းရသည်။ ရှိပါစေတော့ ကိုယ့်သဘောထားကို ပြတ်ပြတ်ပြောမှ ဖြစ်မည်။

"နွယ်ကတော့ မမသီရှေ့မှာပဲ တွေ့ချင်တယ်"

"ဘယ်ဟုတ်မလဲ နွယ်ရဲ့၊ နွယ်တို့ကိစ္စကို နွယ်တို့နှစ်ယောက်ချင်း ရှင်း မှဖြစ်မှာပေါ့"

"မမသီကလည်း ရှင်းစရာမှမရှိတော့ပဲဟာ နွယ် မမသီတိုမပြောရ သေးတဲ့ကိစ္စကြောင့် နွယ်ဆက်လုပ်ဖို့ မဖြစ်လို့ တောင်းပန်စရာကို တောင်းပန် ဖို့ပဲရှိတာ"

"မပြောရသေးတဲ့ကိစ္စဆိုတာက ဘာများလဲနွယ်ရဲ့"

ဓမ္မတာကိစ္စနှင့် ကိုသိန်းဦးတို့လင်မယားသိသွားသည့်အကြောင်းကို ပြောပြလိုက်သည်။

"တကယ်လုပ်တဲ့အချိန်ကျမှ တိုးရိုးကားရား ဖြစ်နေမှာစိုးလို့ပါ မမသီ ရယ်၊ ဓမ္မတာကိစ္စကို ဆရာဝန်နဲ့ပြပြီး ကိုဝင်းလာရင် ပွင့်ပွင့်လင်းလင်းဖွင့် ပြောပြီးမှလုပ်တာက ပိုကောင်းမလားလို့ပါ"

"ဒါဆိုလည်း စောစောကတည်းက ပွင့်ပွင့်လင်းလင်းပြောလိုက်ပေါ့၊ ခုဟာက. . ."


www.burmeseclassic.com

"ကဲပါ မမသီရယ်၊ ဖြစ်ပြီးတာကို ထားလိုက်ပါတော့ နွယ်၊ ဘာလုပ်ရမယ်ဆိုတာကိုသာ"

ခေါင်းညိတ်ရုံမှတစ်ပါး. . . ။

×××××

ဇော်မောင်မောင် မျက်နှာတွင် ထင်ဟပ်စမြဲရှိသည့် နှစ်လိုဖွယ်ရာ အပြုံးမှာ ရိုးတိုးရိပ်တိတ်သော်မှမထင်။ တင်းမာသောမျက်နှာထား ခက်ထန်သောအကြည့်ဖြင့် သူ၏မကျေနပ်ချက်ကို ဖော်ပြနေသည်။ မမသီက ရှင်းပြသည်၊ သူက အနေးအညွှတ်တောင်းပန်သည်။ သူက အမျက်မပြေ။

"ကျွန်တော့်ရဲ့ စေတနာနဲ့သိက္ခာကို စော်ကားခဲ့တဲ့အတွက် ခေါင်းညိတ်ခွင့်လွှတ်ရုံနဲ့မပြီးဘူး မခင်လေးနွယ်၊ ရယူခြင်းနဲ့ ပေးဆပ်ခြင်းဆိုတာ ခွဲဝေလို့ရတာမှမဟုတ်ဘဲဗျ၊ မောင်မောင်ဟာ လိုချင်တာကိုမရရင် မနေတတ်ဘူးလေ၊ မခင်လေးနွယ်ကို စဉ်းစားဖို့ အချိန်တစ်ပတ်ပေးမယ်၊ စဉ်းစားပေါ့ဗျာ"

"ကျွန်မက ကျေနပ်လောက်စရာရှိအောင် တောင်းပန်ပါရက်ကနဲ့ သူက မကျေနပ်တဲ့အပြင် ခြိမ်းခြောက်စကားပြောလာတော့ ကျွန်မလည်း ခံပြင်းသွားပါတယ်၊ ဒါပေမယ့် မမသီက မျက်စိမှိတ်ပြတာနဲ့ ကျွန်မပြောမယ့် စကားလုံးတွေကို လည်ချောင်းဝမှာပဲ ရပ်ထားလိုက်ပါတယ်၊ မမသီနေခဲ့ပြီး ကျွန်မတစ်ယောက်တည်းပဲ ပြန်လာခဲ့တာပါ၊ ကျွန်မ သူနဲ့ဆက်ပြီး စကားပြောချင်စိတ်မရှိတော့သလို ပြောစရာအကြောင်းလည်း မရှိတော့လို့ပါပဲ။ သူပြောတဲ့စကားက ရှင်းပါတယ်၊ ကျွန်မ ဒီထိအောင်တော့ ကိုဝင်းအပေါ် သစ္စာမဖောက်နိုင်ပါဘူး"

ခင်လေးနွယ်က ဖြစ်လာသည့်ပြဿနာနှင့် ပတ်သက်သမျှ ကိုသိန်းဦးတို့လင်မယားအား ပြောပြခဲ့သည်။ တစ်နေ့ ဝင်းမောင်နှင့်ပြဿနာရှင်းသည်တိုင် သက်သေတည်နိုင်ရန်အတွက်ပါ။

သိန်းဦးကအပြင်ကို တစ်ယောက်တည်းမထွက်ဖို့၊ ဇော်မောင်မောင်အိမ်ကိုလာရင် တံခါးမဖွင့်ပေးဖို့၊ နောက်ထပ် ဇော်မောင်မောင်နှင့် ဆက်





သွယ်ခြင်းကို လုံးဝမလုပ်ဖို့နှင့် မမသီကတဆင့် ဓာတ်ပုံတွေပြန်ရအောင် လုပ်ဖို့အထိ မှာလိုက်ကြသည်။

မမသီပြန်လာတော့ ဓာတ်ပုံပြဿနာ ပါလာသည်။ ပက်စက်လိုက်သည့်အကြံ။

"ကျွန်မထံမှ သူလိုချင်သောအဖြေမရလျှင် ဓာတ်ပုံတွေ ကိုဝင်းလက်ထဲ အပ်လိမ့်မယ်၊ ဒီဓာတ်ပုံတွေဟာ ရုပ်ရှင်ကိစ္စအတွက်ရိုက်တဲ့ဓာတ်ပုံတွေ မဟုတ်ဘဲ ကျွန်မနဲ့ဇော်မောင်မောင်တို့ ကူလီကူမာဇာတ်လမ်းမှ ဓာတ်ပုံတွေဖြစ်ကြောင်း ကြားလူတစ်ယောက်ကတဆင့် ကိုဝင်းဆီပို့ပေးတဲ့ပုံစံနဲ့ တတိုက်ကနေ ပို့လိမ့်မယ်"

"ယုတ်မာရက်စက်လှချည်လား မမသီရယ်"

"မမသီလည်း သူ စိတ်ပြေရာပြေကြောင်း နားချဖျောင်းဖျခဲ့ပါတယ် နွယ်၊ ဒီအထိအောင်တော့ လုပ်လိမ့်မယ် မဟုတ်တန်ရာပါဘူးလေ၊ မောင်မောင်က စိတ်ရင်းကောင်းပေမယ့် တဇွတ်ထိုးလုပ်တတ်တဲ့ ညဉ်ကလေးတွေရှိတယ်၊ နွယ်ကလည်း ခေါင်းအေးအေးထားပြီး စဉ်းစားဦးပေါ့ကွယ်၊ မမသီလည်း တတ်နိုင်သလောက် ဝင်ထိန်းပေးပါ့မယ်"

မမသီက နှစ်ဘက်လှ၊ သဘောကောင်းပေမယ့် ညဉ်မကောင်း၊ ယောကျ်ားကို အရုပ်လိုသဘောထားပြီး ခြေဝှေ့မွှေ့နေသူ၊ ဣန္ဒြေရှိသော်လည်း စောင့်ထိန်းအပ်သည့် လူမှုရေးစည်းကမ်းကလနားကို အလေးမမူ။ ယောကျ်ားတွေကို ကျားသတ္တဝါလို သဘောမထား၊ ပူးကလေးတွေ ယုန်ကလေးတွေလိုပဲ သဘောထားသူ။

ဓာတ်ပုံပြဿနာအတွက် မမသီထံမှ အကူအညီတောင်းရန် ပြောလုလုစကားလုံးများကို ပယ်လွှဲလိုက်ရသည်။

နောင်ခါလာနောင်ခါချေးသို့ သဘောမူလိုက်ရပြီး ဇော်မောင်မောင်အလိုသို့ မလိုက်ဖို့လည်း ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်သည်။

သို့တစေ. . . ။

×××××



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က ထောင်မှူးလေးဦးတင့်လွင် ထောင်ထဲကထွက်လာပြီး လိုင်း
သို့အပြန်တွင် ခြေလှမ်းများသွက်လက်၍ ပေါ့ပါးလန်းဆန်းနေသည်။

ချစ်ဇနီးအေးကိုပြောဖို့ သတင်းကောင်းပါလာသည်။ သတင်းကောင်းမှာ
တစ်ခုတည်းမဟုတ်၊ စုတ်ရောလာဘ်ပါ ဝင်လိမ့်မည်ဟု ဗေဒင်ဆရာတို့
အသုံးပြုလေရှိသည့်စကားအတိုင်း သတင်းကောင်းနှစ်ခုကို ပိုက်ထွေးလျက်

ဒေါ်ခင်မြကြွယ် အလုပ်ပြန်ဝင်တော့မည်ဆိုသည့် တရားဝင်သတင်းနှင့်
ထောင်မှူးကြီးရာထူးတိုးမြှင့်ရေးအတွက် လူတွေ့အစစ်ဆေးခံရန် အကျဉ်း
ဦးစီးဌာနသို့ သွားရမည်ဆိုသောသတင်း။

မလုပ်ချင်ဘဲ လုပ်နေရသည့်နေရာကလည်း ပြောင်းရမည်။ ရာထူး
တိုးတက်မည့်စာရင်းလည်း ဝင်သွားပြီ။ ဒါကို စုတ်ရောလာဘ်ရောဟု မခေါ်
လျှင် ဘယ်အရာကို ခေါ်ရပါအံ့နည်း။

နိုင်ငံ့ဝန်ထမ်းတစ်ဦးအတွက် ရာထူးတိုးတက်ရေးထက် အဓိကကျသော
အရာမရှိပါ။

ခါတိုင်းအိမ်ပြန်ရောက်ရင် ဦးထုပ်ကို တိုင်မှာချိတ်ပြီး ဟူးကနဲ လေပြင်း
မှုတ်ထုတ်ရင်း ကုလားထိုင်တွင်ထိုင်မြဲ။ ချစ်ဇနီးအေးက ဖိနပ်လာ၍ ချွတ်
ပေးသည်အထိ ပက်လက်ကုလားထိုင်ပေါ်မှ ထလေ့မရှိ။

ထောင်မှူးအလုပ်ဆိုသည်မှာ စာရေးဝန်ထမ်းအလုပ်လိုမဟုတ်၊ စိတ်
ရောကိုယ်ပါ ပင်ပန်းရသလို တာဝန်လည်းကြီးမားလွန်းလှ၏။ အုတ်ရိုးအပြင်
ဘက်မရောက်မချင်း မျက်စိနှင့်ခြေလက်တို့ကို အနားပေးလို့မရ။

မတစ်ရာသားတွေ ရောတ်ရှုပ်ဝေးနေကြသည့် ထောင်ထဲမှာ အကြံအဖန်
ဆိုသည့် ဝေါဟာရမှာ အလွန် တာစားသလောက် အကြံအဖန်မျိုးစုံကို အချိန်
နှင့်အမျှ လုပ်ကြသည်။

ထောင်မှူးထောင်ကြပ်တို့ လစ်မည့်အချိန်ကို မျက်စိဒေါက်ထောက်၍
ကြည့်နေစမြဲရှိသောကြောင့် သူတို့တလည်း မျက်စိကိုအလစ်မပေးရဲ၊ ထာဝစဉ်
နားစွင့်နေကြသမို့ စိတ်ရောလူပါ ပင်ပန်းလွန်းလှ၏။

ချစ်လင်ပြန်မည့်အချိန်ကို အပြုံးဖွင့်လျက် စောင့်စမြဲရှိသည့် ချစ်ဇနီး
အေးနှင့် သားငယ်ကိုတွေ့လိုက်ရသည်နှင့် ဦးတင့်လွင်၏အပြုံးမှာ ရွှမ်းလဲ့လဲ့
ပက်လက်ကုလားထိုင်မှာ ထိုင်မိသည့်တိုင် ခါတိုင်းလို သက်ပြင်းမမှုတ်။ ဖိနပ်
ချွတ်ပေးဖို့ ထိုင်လာသည့်ဇနီးသည်၏ မေးလုံးကလေးကို အသာအယာ





တင်လိုက်၏။

သားငယ်က သူ့ပေါင်ပေါ်မှာ။ ဦးတင့်လွင့်၏ ကောင်းသတင်းအဆုံး
တွင် ချစ်ဇနီး၏အပြုံးမှာ နှစ်လိုဖွယ်ရာပြည့်လွှမ်းလျက်။ သူတို့လင်မယား
စ်ယောက်၏ အပျော်ဆုံးနေ့။

ထမင်းစားပြီး ဈေးတန်းဘက်သို့ ထွက်ခဲ့ကြသည်။ အအေးသောက်
ည်၊ ပြီးတော့မှ စန္ဒာမြိုင်မှာ ရုပ်ရှင်ကြည့်မည်။ တကယ်တော့ စန္ဒာမြိုင်မှာ
ထက် မြို့လယ်ခေါင်က သမ္မတ၊ ပပဝင်း၊ ဂုဏ်ရှိတို့မှာ ကြည့်ချင်သည်ပါ။

ဒါပေမယ့် မြို့ထဲတစ်ခေါက်ထွက်ဖို့ ကုန်ကျမည့်ငွေကြေးပမာဏနှင့်
အပြန်တွေ့ကြုံရမည့် ကားအခက်အခဲကြောင့် ညဘက် ရန်ကုန်မြို့ထဲကို
ထွက်ရဲကြ။

ကားအဆင်မပြေလို့ ပါဘလစ်ကား၊ ဆန်နီ၊ လေးဘီးအငှားယာဉ်ငှားရ
လျှင် မလွယ်။ အနည်းဆုံးဈေးနှုန်းမှာ အစိတ်သုံးဆယ်။ သူတို့အိမ် ဟင်းလျာ
းတစ်ပတ်စာ။

သို့မို့ကြောင့် သူတို့၏အပျော်ဆုံးနေ့အထိမ်းအမှတ်ကို သတိတရရှိ
ရန် စန္ဒာမြိုင်မှာပြနေသည့် အဖေတစ်ခု သားတစ်ခုရုပ်ရှင်ကြည့်ပြီး ပြီး
မ်းလိုက်ရသည်။

အိမ်ထောင်စုတစ်စု ပျော်ရွှင်ချမ်းမြေ့မှုမှာ ငွေကုန်ကြေးကျများခြင်း၊
မ်းနားထည်ဝါခြင်း၊ ကြီးကျယ်အောင်မြင်ချဲ့ကားခြင်းသည် အဓိကမဟုတ်။

ထိုအရာများသည် သာမညသာဖြစ်၍ နားလည်မှုအပြည့်အဝရှိခြင်း၊
ရာရာကို ခွင့်လွှတ်နိုင်ခြင်းသည်သာ အဓိကဖြစ်ပေသည်။

သူတို့ဇနီးမောင်နှံမှာ ခွင့်လွှတ်နိုင်ခြင်းနှင့် နားလည်မှုအပြည့်အဝရှိ
ခြင်းကြောင့် ပျော်ရွှင်ချမ်းမြေ့ရသော အိမ်ထောင်စုကလေးကို ခိုင်ခိုင်ကြည်
ကြည် တည်ဆောက်မိခဲ့လေပြီ။

သူတို့၏အနာဂတ်လမ်းကြောင်းမှာ ကွေ့ကွေ့ကောက်ကောက်မရှိ။
ဖြောင့်ဖြောင့်မတ်မတ်။

ရိုးသားကြိုးစားသူများ၏ အနာဂတ်လမ်းကြောင်းမှာ အကွေ့အကောက်
င်းပ၍ ဖြောင့်မတ်ချောမွေ့သော လမ်းကြောင်းကို သတ်သက်သာသာ
လျှောက်လှမ်းရလိမ့်မည်ပါတည်း။

xxxxx



www.burmeseclassic.com

www.burmeseclassic.com

မိန်းမထောင်တွင် နှစ်ပတ်တာဝန်ယူပြီးလျှင် ထောင်မကြီးဘက်သို့ ပြန်ပြောင်းရတော့မည်မို့ ညီးတို့နော်၊ မရွှေစာတွေ၊ ဟဲ့ ပွေလေရာမတွေ စသည့်အခေါ်အဝေါ်များနှင့် ကင်းကွာဝေးရတော့မည်ပါ။

ယောကျ်ားထောင်မှူးဆိုသော်လည်း ဟဲ့ ကောင်မတွေ၊ ဂန်းမတွေလို ခေါ်လို့မကောင်း။ ရိုင်းပြရာကျမည်မို့ ညီးတို့၊ မရွှေစာတို့လို့ ခေါ်ရမည် အမျိုးသမီးထောင်မှူးနှင့် ထောင်ကြပ်တွေကတော့ တစ်မျိုးတည်းသော အခေါ် အဝေါ်ကိုသာ အသုံးပြုကြသည်ပါ။

'ဟဲ့ ကောင်မတွေ' ဟု။

မိန်းမဆောင်ကို အုပ်ချုပ်ခဲ့ရသည့် နှစ်လကျော်ကာလ စည်းကမ်းပိုင်း ပိုင်ပိုင်နိုင်နိုင်ကိုင်တွယ်ခဲ့သမို့ ပြဿနာမပေါ်ရုံမက အစစအရာရာ ကိုင် တွယ်ရသည့်မှာ အသားတကျ ပြေလည်ချောမွေ့နေပြီ။

ထောင်မှူးလေးနဲ့နေရတာ စိတ်ချမ်းသာတယ်၊ ပျော်တယ်ဆိုသေ တိုးတိုးသံပင်ထွက်လာသည်။ အားလုံးတော့မဟုတ်။ စည်းကမ်းတကျ အေး ဆေးဆေးနေချင်သူတွေက ထောင်မှူးလေး ဦးတင့်လွင်ကို သဘောကျ

အကြံအဖန်သမားများနှင့် ဗရုတ်သုတ္တသမားတွေက သဘောမ သို့တစေ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုသလို ရေသမားများ မီးသမားတွေ နားရွက်မလှုပ်ရဲကြ။ မငြိမ်ချင်ပေမယ့် ငြိမ်ကုပ်နေရသ

ဦးတင့်လွင် ပြန်ပြောင်းရတော့မည်ဆိုသောသတင်းကြောင့် အကြံအ သမားတွေ နားရွက်ခတ်လာသည်။ သွေးတိုးစမ်းလှုပ်ရှားမှုကလေးများ လာကြသည်။

ဒီကြားထဲ ပြဿနာသမားတွေရောက်လာတော့ သူတို့က ပြဿနာ တွေကို မြှောက်ထိုးပင့်ကော်လုပ်ပြီး ဦးတင့်လွင်က အသားကျအောင် ကိုင် သည့် စည်းကမ်းကိုဖြိုဖို့ ကြိုးစားလာကြသည်။

ချုပ်သစ်ခုနစ်ယောက် ထောင်ထဲရောက်လာသည်။

အမှုမကြီးပေမယ့် စိမ်ချက်နှင့်ဖမ်းလာသော အမှုဖြစ်သမို့ ကြီးသ လည်း ဆိုနိုင်ရာ၏။ သူတို့အမှုထဲမှာ ယောကျ်ားမပါ။ အမျိုးသမီးတွေ အမှုက ဂဏန်းတွက်မှု။

သက်သေခံဖဲထုပ်နှင့် လောင်းကြေးငွေသုံးထောင်ကျော်ကို သ လက်ကြပ် ဖမ်းဆီးရမိမှု။ မိန်းမဖဲဝိုင်း။ အပျင်းပြေကစားသည့် ဝိုင်းမ





ကြေးကြီးဝိုင်း။

သူတို့ဝိုင်းတွင်ပါဝင်၍ ဂဏန်းတွက်သူများမှာ အထက်တန်းလွှာ စာရင်း ပေါက်သူတွေ။ တစ်ခါသမားပါသလို နှစ်ကျော့ပြန်သမားလည်းပါသည်။

ရုပ်ရှင်မင်းသမီးတစ်ယောက်၊ ဒါရိုက်တာ ကတော်တစ်ယောက်၊ ရုပ်ရှင် ဇာတ်ကားဖြန့်ချီသူတစ်ယောက်၊ စိန်ပွဲစားနှစ်ယောက်၊ အရာရှိကတော်ကြီး တစ်ယောက်။

စိန်ပွဲစားတစ်ယောက်က အိမ်ရှင်။ သူတို့က ထောင်ထဲကို မညှိုးလုံးမျက် ထားနှင့် ဝင်လာကြရုံမက ခြယ်သပြင်ဆင်ဝတ်စားဆင်ယင်လာပုံမှာ ထောင် ထဲဝင်လာသူများနှင့် လားလားမှမတူ။

တရားရုံးတွင် ရမန်ယူပြီးမှ ထောင်ထဲဝင်လာရသောကြောင့် အဝတ် အစားအပိုများနှင့် စားစရာသောက်စရာအစုံအလင်လည်း ပါလာသည်။ ပါလာသည့်စားသောက်ဖွယ်ရာများမှာ ရက်ရှည်ခံစား၍ရသော စားစရာများ ဖြစ်၏။ ခင်းစရာအခင်း ခြုံစရာစောင်ကအစ ပြည့်ပြည့်စုံစုံ။

ထောင်မှူးလေး ဦးတင့်လွင်က သူတို့ ဘယ်သူဘယ်ဝါတွေဟု မသိရ သော်လည်း ရုပ်ရှင်မင်းသမီးကိုတော့ ကောင်းကောင်းသိသည်။ သို့တစေ သူတို့ကို အထူးအခွင့်အရေးမပေး။

ချုပ်သစ်များရောက်လာတိုင်း သူ ပြောလေ့ရှိသည့် စည်းကမ်းလိုက် နာဖို့၊ ပြဿနာဖြစ်စေမည့် အပြောအဆို အပြုအမူ အနေအထိုင်ဆင်ခြင်ဖို့၊ သတ်မှတ်ပေးထားသည့်အလုပ်အကိုင်များကို မခိုမကပ်လုပ်ကိုင်ဖို့၊ အကြံ အဖန်မလုပ်ကြဖို့နှင့် အထွေထွေကိစ္စများကို ပြောဆိုမှတ်သားစေပြီး တန်းစီး တို့ အပ်လိုက်သည်။

သူပြောသည်ကို နားထောင်နေသူများ၏ ဟန်ပန်များမှာ မထီတရီ ဟန်ပန်ပုံစံမျိုး။ သူက ရိပ်မိလိုက်သော်လည်း ကြိုတင်စကားဦးမသန်းလိုက်။

ရောက်လာသည့် ချုပ်သစ်(၇) လူသစ်ကို အိပ်ရာနေရာချထားပေး သည်ကအစ အထူးအခွင့်အရေးမပေးရ။ ဒါကို တန်းစီးတွေ နားလည်သည်။ သူက အသေးစိတ်ပြောစရာမလို။ စောင့်ကြည့်ရမည်။ နက်ဖြန်မိုးလင်း အဖြေပေါ်မည်။ သူတို့လို အချုပ်သစ်များကို ကိုင်တွယ်ရာတွင် အတွေ့ ထားပါလေမှ။ နို့မဟုတ်ရင် ဓားဦးက ကိုယ့်ဖိုက်ဘက်ပြန်လည်တတ်သည်။

သူတို့က အမောက်ထားနိုင်အား ရှိသူတွေ။ ယောကျ်ားထောင်ဘက်

www.burmeseclassic.com

မှာလည်း သူတို့လို အမောက်ထောင်နိုင်သူတွေကို ကိုင်တွယ်ရဖူးသည့် အတွေ့ အကြုံရှိပြီးသား။

နှစ်လကျော်ကျော် အုပ်ချုပ်ခဲ့စဉ်က ပြဿနာမပေါ် ဆင်ပြောင်ကြီး အမြီးကျမှတစ် ဆိုသလို ထောင်မကြီးဘက်ပြန်ပြောင်းခါနီးကျမှ ပြဿနာ အပေါ်မခံနိုင်။ ဒါကြောင့်လည်း တာဝန်အရ ပြောသင့်ရာလောက်ပဲ ပြော လိုက်ရသည်၊ အိမ်အပြန်။

အိမ်တွင် ညှဉ့်သည်ရောက်နေပြီကို အိမ်သို့မရောက်ခင်ကတည်းက သိလိုက်၏။ ထောင်မှူးလေးများမှာ ထောင်ကြပ်တွေလို လိုင်းနှင့်နေရသူများ မဟုတ်၊ သီးခြားလုံးချင်းအိမ်နှင့် နေရသူများဖြစ်ရာ ဦးတင့်လွင်တို့အိမ်ရှေ့မှာ သိန်းကျော်တန်ကားနှစ်စီး ရပ်ထားသည်။

ရောက်နေသည့်ညှဉ့်သည်မှာ ဆွေမျိုးသားချင်းသူငယ်ချင်းအပေါင်း အသင်းများ မဖြစ်နိုင်၊ ဆွေမျိုးသားချင်းထဲမှာ သိန်းကျော်တန်ကား စီးနိုင်သူ မရှိ။ သူငယ်ချင်းအပေါင်းအသင်းထဲမှာတော့ ရှိသည်။ သို့တစေ သူတို့ထ အလည်အပတ်လာခဲ့သည်။

မကြည့်ပေမယ့် မြင်နေရသည့် ထောင်အုတ်ရိုးကြီးအနားကို မလာလိုကြ ကြုံလို့ဆုံလို့ တွေ့သည့်အခါ ထောင်နားကိုမလာလိုကြောင်း ပြောကြသည်။

ခုရောက်နေသည့်ညှဉ့်သည်များမှာ. . .။

ဗေဒင်မေးစရာမရှိ၊ အကြားအမြင်ဆရာများထံမှောက်သို့ ဆက်သ စရာ ပစ္စည်းအစုံအလင်နှင့် သွားစရာမလို။ ရောက်လာသည့်ချုပ်သစ်များနှင့် ပတ်သက်ရာပုဂ္ဂိုလ်များမှတစ်ပါး အခြားသူများမဖြစ်နိုင်။ ကိုယ့်ဟာကိုယ် အတတ်ဟောလို့ရသည်။ အပြတ်ပြောလို့ရသည်။

ညှဉ့်ခန်းကုလားထိုင်တွင် ထိုင်နေကြသည့် ညှဉ့်သည်များမှာ တစ်ခါ ဖူးမျှမတွေ့ဖူးစေကာမူ သူတို့၏အပြုံးမှာ လှိုက်လှဲဝေဆာနေ၏။

ထောင်မှူးလေး ဦးတင့်လွင်ထံသို့ရောက်လာသူတိုင်း အပြုံးတဝေဝေ ရှိစမြဲ၊ တစ်စုံတစ်ရာသော အခွင့်အရေးကိုတောင်းခံလိုသူတိုင်း၏ နှုတ်ခမ်း အစုံမှာ မဲ့ခြင်း၊ ရှုံ့ခြင်း၊ ရွဲ့ခြင်းမရှိရာ။ ဦးတင့်လွင်တလည်း သိသိမသိ အပြုံးဖွင့်လာသူထံ အပြုံးတုံ့ပြန်ရသည်ပါ။

"ဟုတ်ကဲ့ ကိစ္စလေးများ အမိန့်ရှိပါဦး"

အိမ်သည်က ဆိုစကားအစပြုပေးလိုက်ရသည်။





"သည်လိုပါခင်ဗျား၊ ကျွန်တော်က ရုပ်ရှင်ဒါရိုက်တာ. . . .ပါ"

ဒါရိုက်တာက သူ့ကိုယ်သူ မိတ်ဆက်ပြီး ကျန်လူများနှင့်ပါ မိတ်ဆက် ပေးသည်။ အားလုံးက အပြုံးတဝေဝေ ခေါင်းတညိတ်ညိတ်။ ဘာကိစ္စလဲလို့ မေးစရာမလိုတော့ လိုရင်းစကားကိုသာ. . .။

"ဟုတ်ကဲ့ ကျွန်တော်ဘာများ ကူညီရပါ့မလဲခင်ဗျား"

"မိန်းမဆောင်ကိုရောက်နေတဲ့ ကျွန်တော်တို့ရဲ့ ဇနီးများကို ထောင်မှူး လေးက စောင့်ရှောက်ကူညီဖို့ကိစ္စပါခင်ဗျာ၊ ကျွန်တော်တို့ ကျေးဇူးသိတတ် ပါတယ်"

"ကျွန်တော်က မိန်းမဆောင်ကို ယာယီကိုင်ရတာပါ၊ နောက်ခြောက် ရက်ဆိုရင် မိန်းမထောင်ကို ကိုင်ရတဲ့အမျိုးသမီးထောင်မှူး အလုပ်ပြန်ဝင်ပါ လိမ့်မယ်၊ အဲဒီတော့မှ. . ."

"ဟုတ်ကဲ့ သူတို့လည်း ရမန်လေးတစ်ပတ်ပဲ နေရမှာမို့လို့ ထောင်မှူး လေးဆီ အကူအညီလာတောင်းတာပါ၊ ကျွန်တော်တို့လည်း အာမခံအတွက် ကြိုးစားကြမှာပါ"

"ဥပဒေဘောင်နဲ့ ထောင်စည်းကမ်းဘောင်အတွင်းက ကူညီနိုင်မယ့် ကိစ္စမှန်သမျှ ဘယ်သူ့ကိုမဆို အကူအညီပေးပါတယ်၊ အပေးအယူ သဘော နဲ့တော့ ကျွန်တော် အကူအညီမပေးတတ်ပါဘူး"

"အပေးအယူသဘော မဟုတ်ပါဘူးခင်ဗျာ၊ ကူညီတဲ့အတွက် ကျေးဇူး တုံ့ပြန်တဲ့ သဘောပါ"

သူတို့ပြန်သွားကြသည်။ အပြုံးရိပ်ကွယ်၍ မဲ့ရိပ်ထင်သောမျက်နှာ ထားများဖြင့် သူတို့လိုချင်သော ပုံစံမှ မဝင်ဘဲကိုး။ သူတို့ပြန်သွားသည်နှင့် ထောင်မှူးကြီးထံသို့ သွားရောက်သတင်းပို့လိုက်ရသည်။

ဝတ်ဝန်းကျင်တွင် အတူနေကြသည့် ထောင်အမှုထမ်းအသိုင်းအဝိုင်းက သိန်းကျော်တန်ကားနှစ်စီးနှင့်လူတွေကို ကွက်ကြည့်ကွက်ကြည့်လုပ်နေကြပြီ။ ဒါက မြန်မာလူမျိုးများ၏ ဓလေ့စရိုက်။

စူးစမ်းလေ့လာသည်ကို ဝါသနာထုံမွေ့ကြသည်။ ထိုမှနောက်ပိုင်းတွင် သတင်းအဖျင်းစကားများ ပြောဆိုကြတော့မည်ပါ။ ပြဿနာရှင်းလင်းချက် ထုတ်လျှင် သံသယပွားစရာတွေ ရှိလာလိမ့်မည်မို့ ကိုယ်ကကြိုတင်၍ သူတို့ လာသွားသည့်အကြောင်းကိစ္စကို အထက်အရာရှိထံ သတင်းပို့ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ထောင်ထဲကို ဘယ်သူတွေ ရောက်လာလို့လဲ အစ်ကိုလွင်"

"ပြဿနာ မရှေစာတွေပေါ့ အေးရယ်၊ မင်းသမီးနဲ့ သူ့အဖွဲ့တွေလေ ကုလားပါ်အရိုက်ကောင်းလို့ ထောင်ထဲရောက်လာကြတာ"

"သိပ်လည်း မတင်းပါနဲ့ အစ်ကိုလွင်ရယ်၊ ကိုယ်လည်းခြေ့ရတော့ ပဲဟာ၊ ရေလိုက်ငါးလိုက်ပေါ့"

"သူတို့ကို ရိုးရိုးအချုပ်သမားတွေလို သဘောထားလို့မရဘူး အေးရဲ ကိုယ်က စေတနာနဲ့ ရိုးရိုးသားသားလုပ်ပေမယ့် ပတ်ဝန်းကျင်အမြင် မရှင်းဘူး၊ ရာထူးတိုးဖို့က လက်တစ်ကမ်းမှာဆိုတော့ ပိုပြီးသတိထားရ ပေါ့ အေးရယ်"

နောက်တစ်နေ့ ထောင်သို့အဝင် ပြဿနာနှင့် ထိပ်တိုက်တိုးရသည် အချုပ်သစ်တိုင်းလုပ်ရမည့် ရေတစ်ဆယ့်လေးထမ်းကိစ္စ၊ သူတို့အုပ်စု ရေမထမ်းရေမထည့်ဘဲ ဆေးလိပ်နှင့်မုန့်ပေး၍ အငှားရေထမ်းခိုင်းသည် ပြဿနာ၊ ဒါက စည်းကမ်းချိုးဖောက်ခြင်း။

ထောင်အလုပ်ကို မလုပ်ချင်ရင် မလုပ်နိုင်ရင် ထောင်ထဲမရောက်အော နေ၊ ဥပဒေကိုမချိုးဖောက်နဲ့၊ ဥပဒေချိုးဖောက်ရင် ထောင်ထဲရောက်မည် ထောင်ထဲရောက်ရင် ထောင်အလုပ်ကို မလွှဲမသွေလုပ်ရမည်။

အပြင်မှာ ဘာပဲညာပဲဆိုသည်ကို ထောင်ထဲဝင်ကတည်းက မေ့ပစ်လိုက် ပထမဆုံးမေးရမည့်သူမှာ တန်းစီး။

တန်းစီး၏အဖြေမှာ ကျေနပ်ဖွယ်ရာမရှိ။ ဖြေပုံကဝေ့လည်လည်၊ ပေးထ ရယူသူထဲတွင် သူပါလိမ့်မည်ကို မေးစရာမလို၊ ပြီး ပြီးတာပဲလို့သဘောထ ၍မရ။

သူတို့ကိုအကြောင်းပြု၍ စည်းကမ်းဖောက်ဖျက်မှုတွေ ထပ်ဆင့်လာမှ ကိုယ်ကရလို့ မျက်နှာလွှဲသည်ဆိုသည်မျိုး အပြောမခံနိုင်၊

သူတို့ခုနစ်ယောက်ကို ခေါ်ယူရှင်းပြပြီး ရေဆယ့်လေးထမ်းကို ကိုယ်တိုင်လုပ်ရမည်ဟု ခပ်ပြတ်ပြတ်အမိန့်ချမှတ်လိုက်သည်၊ သူတို့မျက် တွေ တင်းမာရှုံ့မဲ့သွားရုံမက စောဒကစကားပြောလာသည်။

"ထောင်မှူးကြီးတို့ စည်းကမ်းသတ်မှတ်ချက်က ရေဆယ့်လေးထ ရေကန်ထဲထည့်ဖို့ပဲ မဟုတ်လား၊ ကျွန်မတို့ခုနစ်ယောက်အတွက် တိုးထ ရှစ်ထမ်း ထည့်ပြီးပြီပဲဟာ ပြီးရောပေါ့၊ ကျွန်မတို့က စည်းကမ်းဖောက်ဖ



www.burmeseclassic.com 

တာမှ မဟုတ်ဘဲဟာ"

မင်းသမီးနှင့် ဒါရိုက်တာကတော်ကြီးက ရှေ့နေရှေ့ရပ်လုပ်လာသည်။

"ဟုတ်ကဲ့ ချမှတ်ထားတဲ့စည်းကမ်းက ကိုယ်တိုင်မလုပ်နိုင်ရင် တခြား လူကို တဆင့်ခိုင်းနိုင်တယ်လို့ မပါပါဘူး၊ ထောင်ထဲမှာ အစုအဝေးနဲ့ စောဒကတက်ခွင့်မရှိပါဘူး၊ ထိုင်ဆိုရင်ထိုင်ပါ၊ ထဆိုရင်ထပါ၊ စားဆိုရင် စားပါ၊ သွားဆိုရင်သွားပါ၊ ခု ရေဆယ့်လေးထမ်းစီကို ကိုယ်တိုင်ထမ်းထည့်ပါ ဒါပါပဲ"

ဦးတင့်လွင်က ချက်ချင်းထောင်မှူးကြီးထံ သတင်းပို့လိုက်သည်၊ ထောင်မှူးကြီး၏အမိန့်မှာ ဆက်လုပ်။ အိမ်ကျတော့ မနက်ကအဖြစ်အပျက်ကို ပြန်ပြောပြရသည်။

"သနားပါတယ် အစ်ကိုလွင်ရယ်"

"သနားလို့မဖြစ်ဘူး အေးရဲ့၊ သူတို့ကိုသနားရင် ကိုယ်ခါးပါသွားလိမ့် မယ်၊ အစ်ကိုလွင်လည်း ဘယ်လုပ်ချင်ပါ့မလဲ၊ သူတို့လည်း ဒီလိုလုပ်ရင် ဒီလိုဖြစ်လိမ့်မယ်ဆိုတာသိလျက်နဲ့ လုပ်ကြတာပဲဟာ၊ ထောင်ထဲရောက်မှ ဘာဘာညာညာဆိုတာမျိုးကို လိုက်လျောလို့ ဘယ်ဖြစ်ပါ့မလဲ"

ထောင်မှူးလေးများ၏ လုပ်ငန်းခွင်သဘောမှာ ဤသို့ရှိပေ၏။ နှလုံး သားက လိုက်လျောချင်ပေမယ့် ဦးနှောက်အသိက လိုက်လျောလို့မရသော ပြဿနာတစ်ထွေးကြီးကို ပိုက်ထွေးလျက် ခြေတစ်လှမ်းမချော်အောင် သတိ ထားပြီးလုပ်ရသည်ပါ။

မင်းသမီးတို့အုပ်စု ရုံးမထွက်ခင်တစ်ရက် ဒေါ်ခင်မြကြွယ်ကို တာဝန် ပြန်လွှဲအပ်ပြီး ထောင်မကြီးဘက်သို့ ပြောင်းခဲ့ရသည်၊

ပြစ်မှုမကျူးလွန်ခင်က ပြစ်မှုကျူးလွန်လျှင် သည်သို့ဖြစ်လိမ့်မည်ဟု အသိနှင့် သတိကပ်စွဲကြရင် ဘယ်လောက်များကောင်းလိုက်မလဲလို့ . . .၊

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (နှစ်ဆယ့်တစ်)

ခင်လေးနွယ် ဇော်မောင်မောင်နှင့် လုံးဝအဆက်အသွယ်ဖြတ်လိုက်သည်။ ဓမ္မတာကိစ္စကို ဆရာဝန်နှင့် ပြဿစမ်းသပ်ကြည့်သည့်အခါ မိခင်လောင်းတို့ခံစားရစမြဲ ဝမ်းသာပီတိကြည်နူးခြင်း ဝေဒနာကို ရှိန်းရှိန်းမြမြ ခံစားလိုက်ရ၏။

ကိုဝင်းများ သည်အကြောင်းသိရင်. . .။

သည်အကြောင်းကို ကြားလိုက်ရသည့် မိခင်လောင်းတို့၏ရင်မှာ ရှိန်းကနဲ ဖိန်းကနဲ ဖြစ်ရစမြဲ။ မိသားစု တစ်ပုံတစ်မနှင့် စားဝတ်နေရေး မပြေလည်သူမိခင်များသည်ပင် ပျော်မွေ့ကြည်နူးကြသည်ပါ။

ဝင်းမောင်ပြန်လာသည့်နေ့က သည်အကြောင်းကိုပြောလုလုဖြစ်ပြီးမှ ထွက်အံ့ဆဲဆဲ စကားလုံးတွေကို ပြန်သိမ်းလိုက်ရသည်။

“ကျွန်မ သူ့ကိုမြင်လိုက်ရတော့ ရင်ထဲတစ်မျိုးကြီးဖြစ်သွားရပါတယ်၊ သိသိသာသာ ပိန်ကျသွားသလို အသားအရည်က ဖြူဖပ်ဖြူရော်နဲ့ လုံးဝလန်းလန်းဆန်းဆန်း မရှိပါဘူး၊ သူ့ကိုယ်သူတောင် မနည်းသယ်နေရတဲ့ပုံမျိုးပါ၊ သူ့မျက်လုံးအကြည့်ကလည်း ပုံမှန်အကြည့်မျိုးမဟုတ်ဘူး၊ ကျွန်မလည်း ကိုဝင်းကိုကြည့်ပြီး ဘာပြောရမှန်းမသိဘဲဖြစ်ပြီး မျက်ရည်တွေသာ ရစ်ဝိုင်းလာပါတော့တယ်”

“ကိုဝင်းရယ် နေထိုင်မကောင်းရင်လည်း စောစောပြန်လာရောပေါ့၊ မလေး ကိုဝင်းကိုကြည့်ရတာ. . .”

“ပြန်လို့မဖြစ်လို့ မပြန်တာပေါ့ကွ”

“ကျွန်မက အဲဒီလိုပြောလိုက်တဲ့အခါ သူက မျက်လုံးကြီးပြူးပြီး မျက်နှာ





ထားကြီးနဲ့ ပြောပုံကလည်း တုံးတုံးတိတိ၊ ပြတ်ပြတ်တောက်တောက်မို့ ကျွန်မရဲ့ ရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားရပါတယ်၊ ကျွန်မမှာကလည်း အိုးမလုံတဲ့ကိစ္စက ရှိနေတာကိုး၊ ကိုဝင်းဟာ စိတ်ရောခန္ဓာကိုပါ အားလုံးပြောင်းလဲနေပါပြီ၊ ပြောင်းလဲတာတ မသိမသာ မဟုတ်ပါဘူး၊ သိသိသာသာကြီး ပြောင်းလဲနေတာပါ၊ မပြောင်းလဲတာကတော့ တစ်ခုပါပဲ၊ အရက်သောက်ပုံ ပို၍ကြမ်းတမ်းလာခြင်းပါ”

အိမ်ပြန်ရောက်တတည်းက သူ့မှာပါလာသည့်အရက်ကို တစ်ခွက်ပြီးတစ်ခွက် ဆေးလိပ်ဖွာတဲ့အချိန်ကလွဲလို့ နားချိန်မရှိသောက်ခဲ့သည်။ အမြည်းလုံးဝမပါ၊ အရက်လက်သုံးလုံး ရေကလက်တစ်လုံး။

ပြန်လာကတည်းက အယ်သို့ဘယ်ညာ၊ ဘာဖြစ်သည် ညာဖြစ်သည် ဘာမှမပြော၊ ခင်လေးနွယ်ကိုလည်း ဘာမှမမေး။ ပုလင်းတစ်ဝက် မရှိတတ်ရှိတတ် အရက်လည်းကုန်ရော ခုတင်မှာ ပိုးလိုးပက်လက်ကြီး။

“ကျွန်မမှာလည်း အတွေးပေါင်းစုံနဲ့ ချာချာလည်လို့ပေါ့၊ တိုင်ပင်ဖို့ နီးနီးနားနား ခင်ခင်မင်မင်ရှိတာက မမသီ၊ ဇော်မောင်မောင်ကိစ္စနဲ့ပတ်သက်လို့ မမသီနဲ့ ကျွန်မက ခပ်တန်းတန်းဖြစ်နေတော့ ပြောဖို့ဆိုဖို့ ခပ်ခက်ခက်ဖြစ်နေပါတယ်၊ ကိုသိန်းဦးတို့လင်မယားလာရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့ ကျွန်မမှာ တောင့်တလိုက်ရတာ၊ ညနေစောင်းတော့ သူနိုးပါတယ်၊ အိပ်ရာကထတော့ နားထင်နှစ်ဘက်ကိုနှိပ်ပြီး တညည်းညည်း ဘညူညူဖြစ်နေပါတယ်”

“ကျွန်မကိုခေါ်ပေမယ့် ကျွန်မက ကိုဝင်းရဲ့နားထင်ကို တတ်သလောက်မှတ်သလောက် နှိပ်ပေးခဲ့ပါတယ်၊ သူကတော့ ဘာမှမပြောပါဘူး၊ ခဏနေတော့ ရေမိုးချိုးပြီး အိမ်ရှေ့ပက်လက်ကုလားထိုင်မှာ လာထိုင်ပါတယ်၊ သူ့မျက်နှာကြည်ကြည်လင်လင် ရှိနေသလို မြင်ရတာကြောင့် ကျွန်မက. . .”

“မလေးဘာပြောလိုက်တယ်၊ ကလေး. . . ဟုတ်သား”

ကိုဝင်းမေးလိုက်ပုံက တအံ့တဩမျက်နှာကြီးနဲ့ပါ။ ကျွန်မတာ ဆက်ပြောရမယ့်စကားကိုတောင် မပြောနိုင်ဘဲ ဖြစ်သွားရပါတယ်၊ ကိုဝင်းက ငေးငေးငိုင်ငိုင် မျက်နှာသေကြီးနဲ့ ကျွန်မကို စိုက်ကြည့်နေပါတယ်၊ ပြီး. . .

“ဟုတ်မှဟုတ်ရဲ့လား မလေးရယ်၊ သေချာလို့လား”

“သေချာပါတယ် ကိုဝင်း၊ ဆရာဝန်နဲ့တောင် ပြပြီးပြီဟာ”



www.burmeseclassic.com

www.burmeseclassic.com

ခင်လေးနွယ်က လက်သုံးချောင်းထောင်ပြလိုက်ရာ သူက ဇမ်းသာစကားဆိုရမည့်အစား. . .

"အံ့ဩစရာကြီးပါလား မလေးရယ်၊ ဖြစ်နိုင်ပါ့မလား"

"ကျွန်မရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်း မသိဘူး၊ ရင်ထဲမှာ ကျင်တက်သွားပါတယ်၊ သူ့အမြင်ဟာက တစ်မျိုးကြီးမို့ ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားရပါတယ်။ သူ့မျက်နှာအမူအရာက အေးတိအေးစက်နဲ့ ဝမ်းသာပုံလည်း မပြဘူး၊ ပါးစပ်က ဘာမှမပြောပေမယ့် မဖြစ်နိုင်ပါဘူးကွာလို့ ပြောချင်တဲ့အမူအရာမျိုးပြနေပါတယ်၊ အဲ့ဒီလိုပြောဆိုနေကြတုန်း ဘာမပြောညာမပြောနဲ့ အကျီကော်က်ဝတ်ပြီး အပြင်ကိုထွက်သွားပါတယ်၊ ခါတိုင်းဆိုကျွန်မကို မခေါ်ဘဲ အပြင်ထွက်လေ့မရှိပါဘူး။ အကြောင်းဘယ်သို့ရှိသည်မှာမူ တွေးရခက်ကြီးပါ။ သူ့ကိစ္စကြောင့်ပဲလားဆိုသည်ကို အဖြေမထုတ်နိုင်သောကြောင့် ရင်ထဲမှာ မတင်မကျ မွန်းကြပ်နေရသည်၊

"အံ့ဩစရာကြီးပါလား မလေးရယ်၊ ဖြစ်နိုင်ပါ့မလားတဲ့"

"ဘာကိုရည်ရွယ်ပြီးများ ပြောတာပါလိမ့်"

ပြန်လာတော့ မူးလာသည်၊ ပုလင်းပိုလည်း ပါလာသည်။ အလုပ်အကိုင်လုံးဝအဆင်မပြေတော့သည့်အကြောင်း၊ လုပ်ငန်းအစုရှယ်ယာခွဲလိုက်သည့်အတွက် ရလာသည့်ငွေမှာ ငါးထောင်ကျော်သာဖြစ်ကြောင်း၊ လက်ရှိနေသည့် အခန်းကပြောင်းပေးရမည်။ နောက်လထဲမှာ ကိုအောင်မြင့်မောင်ရန်ကုန်ဆင်းလာပြီး သူ့အခန်းမှာ ပြန်နေမည့်အကြောင်း၊ အိမ်ငှားဖို့ငွေလိုလျှင် ကိုအောင်မြင့်မောင်က ထိုက်သင့်သလောက် စိုက်ထုတ်ပေးမည့်အကြောင်းများပြောရင်း. . .

"မလေး. . . ကိုဝင်းတို့ ဘာဆက်လုပ်ကြမလဲ" ဆိုသည့်မေးခွန်းကိုပါမေးလာသည်။

"စိတ်သိပ်မပူပါနဲ့ ကိုဝင်းရယ် ဖြစ်သလိုပေါ့၊ ကိုဝင်းကျန်းမာရေးကိုသာဂရုစိုက်ပြီး အေးအေးဆေးဆေး အနားယူနေပါ မလေးလုပ်ကိုင်ကျွေးမွေးပါ့မယ်၊ သည်တစ်ခါ မလေးအလှည့်ဖြစ်စေရပါမယ် ကိုဝင်းရယ်"

"မလေးပြောတဲ့အတိုင်း မလေးအလုပ်လုပ်မယ်ဆိုရင် မပေါ့မပါးကြီးနဲ့ ဘာလုပ်နိုင်မှာလဲ မလေးရဲ့"

"မပေါ့မပါးနဲ့ အလုပ်လုပ်ရင်း ကလေးတွေတစ်ယောက်ပြီး တစ်ယောက်





မွေးနေတဲ့ သားသည်မိခင်တွေ အများကြီးပါ။ မိန်းမတို့ဓမ္မတာ မွေးဖွားတဲ့ကိစ္စဟာ ရေးကြီးခွင်ကျယ်လုပ်ရင် လုပ်သလောက်ကျယ်တာပေါ့၊ ရေးကြီးခွင်ကျယ်မလုပ်ရင် မီးဖွားတဲ့ကိစ္စဟာ အသေးအဖွဲ့ပါ၊ မလေးမှာ ကိုယ်ဝန်ရှိတာကို ကိုဝင်းဘာလို့အံ့ဩသွားရတာလဲဟင်၊ နောက်ပြီး ကိုဝင်းက ဝမ်းမသာသလိုကြီးပဲ ဒီလောက် လွတ်လွတ်လပ်လပ်နေရတာပဲ တော်လောက်ပြီပေါ့"

"ဘာကြောင့်မှ မဟုတ်ပါဘူးမလေးရယ် ကိုဝင်းအကြီးအကျယ် စိတ်ဓာတ်ကျနေတုန်း ဘယ်လိုမှမမျှော်လင့်တဲ့ စကားကိုကြားလိုက်ရလို့ အံ့ဩသွားတာပါ၊ ခါတိုင်းလို အခြေအနေမျိုးဆိုရင်. . . "

"အဲ့ဒီလိုပြောပေမယ့် သူ့မျက်နှာကြီးက ငေးငေးငိုင်ငိုင်ကြီးပါ၊ နှုတ်လုံးသားက ပြောတဲ့စကား ဟုတ်ချင်မှဟုတ်မှာပါ၊ ဒါပေမယ့် ကျွန်မရင်ထဲမှာတော့ နည်းနည်းပေါ့ပါးသွားရပါတယ်၊ ကျွန်မကိစ္စနဲ့ မဆိုင်ဘူးဆိုတာ သေချာသွားပါပြီ၊ ကျွန်မက အေးကြည်ခင်ရဲ့အကူအညီနဲ့ ကမာရွတ်လှည်းတန်းဘက်မှာ အိမ်ငှားဖို့ နေ့စဉ်ထွက်နေရပါတယ်၊ ကိုဝင်းကတော့ အသောက်အစားမပျက် အိမ်မှာပဲ နေနေပါတယ်၊ သူ့ကျန်းမာရေးအခြေအနေက ဘယ်လိုမှ ထူးခြားမလာပါဘူး၊ ငါ့အသည်းတွေ ကောင်းတော့မှာမဟုတ်ပါဘူးလို့လည်း ခဏခဏ ညည်းပါတယ်၊ သူပြန်လာပြီး ခြောက်ရက်မြောက်တဲ့နေ့ပေါ့"

လှည်းတန်းရပ်ကွက်မှာ အိမ်ငှားဖို့ အဆင်ပြေသွားသည်။ ထရံကာ၊ ...ဉ်ခင်း၊ သွပ်မိုး တစ်ထပ်အိမ်ကလေးမှာ မကျယ်ဝန်းသော်လည်း သူတို့...င်မယားနှစ်ယောက်အတွက် ချောင်ချောင်ချိချိ လှည့်သာပွဲသာ နေသာ...ိုင်သာရှိသည်။

လက်ရှိနေထိုင်ရာတိုက်ခန်းနှင့် နှိုင်းယှဉ်လို့မရ၊ အိမ်ထောင်ကျပြီးစ...နထိုင်ခဲ့ရသည့် အိမ်ခန်းနှင့်စာရင် အပုံကြီးသာသည်။ ဘဝရပ်တည်မှုတွင်...ယ်အရာကိုမှ တရားသေဟု မသတ်မှတ်နိုင်ရာသလို ဘယ်အရာမှ ခိုင်မြဲ...ည်တန့်ခြင်းလည်း မရှိပေ။

အနိမ့်အမြင့် အတက်အကျဟူသည်မှာ ရှိစမြဲ။ လောကဓံများကို အပြုံး...င်းနှင့်ခံနိုင်သူများအတွက် ဖြစ်သမျှအကြောင်း မကောင်းဟူ၍ မရှိနိုင်ရာ။

ခင်လေးနွယ်မှာ အပြုံးဒိုင်းရှိသည်။ ဝင်းမောင်မှာ အပြုံးဒိုင်းမရှိ...

သိန်းကြီးစကားအမြဲတမ်းပြောသည့် ဝင်းမောင်ပြန်လာတော့ ငွေလေး...ထောင်ပဲပါလာသည်။ သက်စွန့်ဆံဖျားလုပ်ခဲ့ရသမျှ အနှစ်နှစ်အလလ

www.burmeseclassic.com

www.burmeseclassic.com

စုဆောင်းခဲ့သမျှ တစ်ချီတည်းနှင့် ပြုတ်ပြုတ်ပြုန်းသွားရသည်။

ဥပဒေနှင့်မလွတ်ကင်းသော အလုပ်လုပ်သူတိုင်း 'ရေပွက်ပမာ ခဏသာတည်း' ဟူသော မြန်မာစကားကဲ့သို့ အခြေပျက်ပြုန်း လူလုံးမလှဖြစ်ကြရစမြဲရှိချေသည်သာ။

တခြားသူများနှင့်စာလျှင် ဝင်းမောင်အဖြစ်က တော်သေးသည်ဟု ဆိုရမည်။ အုတ်ရိုးအတွင်းဘက်သို့မရောက်လိုက်ရခြင်းကြောင့်ပါ။

လက်ကိုင်ငွေ ဖောဖောသီသီရစဉ်ရှိစဉ်က အရက်ကို အပျော်သဘော မိတ်ဖြစ်ဆွေဖြစ်သဘော သောက်ခဲ့ရာမှ အရက်စွဲသူဘဝသို့ ရောက်ခဲ့ရုံမက အရက်၏ ကျေးကျွန်အဆင့်သို့ လျှောကျခဲ့ရတော့၏။

နောက်ဆုံး ထိုအရက်ကြောင့်ပင် . . .။

xxxxx

အိမ်ခန်းအဆင်ပြေသွားပြီမို့ ခင်လေးနွယ်က အိမ်ကို ဝမ်းသာအားရ ပြန်လာခဲ့သည်။ အိမ်ခန်းထဲဝင်လိုက်သည်နှင့် တွေ့ပိုက်လာသည့် ဝမ်းသာမှုကို ကြေကွဲမှုနှင့်လဲလိုက်ရတော့၏။

ဧည့်ခန်းအတွင်းရှိပစ္စည်းများမှာ ဖရိုဖရဲကျိုးပဲ့ကွဲရှနေသည်များမှာ မြင်မကောင်းရှုမကောင်း။ ပက်လက်ကုလားထိုင်ပေါ်မှာထိုင်နေသည့် ဝင်းမောင်၏မျက်နှာမှာ အစွမ်းကုန်တင်းမာ၍ အစွမ်းကုန်ခက်ထန်နေသည်။

ဒေါသအငိုးအငွေ့များပြည့်လျှမ်းနေသည့်မျက်လုံးမှာ မီးတောက်နေဘိသို့၊ မာတ်ပုံအစုတ်အပြဲများ ပွစာကြလို့။ အကြောင်းပြဿနာဘယ်သို့ရှိသည်ကို မေးစရာမလို၊ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"မလေးရှင်းပြတာကို နားထောင်ပြီးရင် ကိုဝင်းကြိုက်သလို. . ."

"ဟဲ့ကောင်မ နင့်ပါးစပ်ကို ပိတ်ထားလိုက်စမ်း၊ ယောဒီစာနဲ့ ဒါတွေ လက်ပူးလက်ကြပ်မြင်နေလျက်နဲ့ နင်က ရှင်းချက်ထုတ်ဦးမလို့လား၊ ငါက ခွေးမဟုတ်ဘူးကွ"

"သည်ကိစ္စတွေအားလုံး မမသိနဲ့ ကိုသိန်းဦးတို့သိပါတယ် ကိုဝင်းရယ်၊ မလေးဟာ ကိုဝင်းထင်သလို. . ."

ခင်လေးနွယ်ထိုင်နေသည့် နောက်ဘက်နံရံမှာ ဖန်ခွက်ကွဲသံထွက်လာ





သည်နှင့်အတူ ပြောလက်စ စကားကိုလည်း ရပ်ပစ်လိုက်ရသည်။

"အလေလိုက်လို့ ရလာတဲ့ကလေးကို ငါက ထိန်းရမယ်ပေါ့ဟုတ်လား၊ အယုတ်တမာမ"

ပြောလိုက်သည့်စကားလုံးများမှာ စက်သေနတ်ဆွဲလိုက်သည့်အလားသို့ နားမခံသာစရာတွေချည်း။ ယုတ်ယုတ်မာမာ ဖရုသဝါစာပြောသည့်နေရာတွင် မိန်းမတွေကို ယောကျ်ားတွေက ဘယ်သို့မှုမမီဟု ဆိုစကားရှိသည်ကို ပြောင်းပြန် လှန်ပစ်ရမည်သို့ ရှိပါချေ၏။

"အဲဒီလို အခြေအနေမျိုးရောက်နေမှတော့ ကျွန်မဘာပြောပြော ကိုဝင်း လက်ခံမှာ မဟုတ်တော့ပါဘူး၊ ကျွန်မပြောသမျှဟာ သူ့နားထဲကို သံပူရည်နဲ့ လောင်းထည့်သလို ဖြစ်နေမှာမို့ အမူးလဲပြေ၊ စိတ်လည်း ငြိမ်သွားမှ ပြော တော့မယ်ဆိုပြီး ဘာမှဆက်မပြောဘဲ နေလိုက်ပါတယ်၊ အဲဒီမှာတင် သူ အကြီးအကျယ် ဒေါသူပုန်ထတော့ပါပဲ"

"ငါ ထောင်နှုတ်ခမ်းပေါ်လျှောက်ပြီး သက်စွန့်ဆံဖျား ကြိုးစားခဲ့တာ တာ"

ပြောပြောဆိုဆို သူ့ဘေးမှာရှိတဲ့ ပုလင်းကို ရိုက်ခွဲလိုက်ပါတယ်။

"နင် ငါ့အပေါ် သစ္စာဖောက်ပြီး ဖောက်ပြန်တာက ရုပ်ကလေးလှလို့ မဟုတ်လား ခွေးမရဲ့၊ နင့်ရုပ်ကို အကျည်းတန်အရုပ်ဆိုးသွားအောင် လုပ်ပေးရမယ်၊ ငါသေသွားရင်တောင် နင် ကမြင်းလို့မရအောင် ဒဏ်ခတ်ပေးရမယ်၊ ခွေးမ အယုတ်တမာမ သစ္စာဖောက်မ"

"အဲဒီလိုပြောပြီး နေရင်းက ပုလင်းပြတ်ကြီးကိုင်ပြီး ကျွန်မရှိရာကို တမူးရှူးတိုးနဲ့ ဝင်လာပါတယ်၊ ကျွန်မရဲ့ကြောက်လန့်တကြားအော်လိုက်တဲ့ အသံနဲ့အတူ လဲကျပြီး ဝုန်းဒိုင်းလို့မြည်သွားတဲ့အသံဟာ တစ်ချိန်တည်း တစ်ပြိုင်နက်တည်းပါပဲ၊ ဖြစ်ဖြစ်ချင်း ကျွန်မကို မဖမ်းသေးပါဘူး၊ ရဲစခန်းမှာ ခေါ်စစ်ပြီး ပြန်လွှတ်ထားပါတယ်၊ နှစ်ရက်လောက်ကြာပြီးမှ ပြန်ဖမ်းတာပါ"

ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ် လမ်းကြောင်းကို ချော်ထွက်၍ ကွေ့ကွေ့ကောက်ကောက် လမ်းကြောင်းကို လျှောက်လှမ်းမိသည့် အဖြောင့်ပါကို မှာ. . .။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

## (နှစ်ဆယ့်နှစ်)

ထောင်မှူးလေး ဦးတင့်လွင်မှာ မိန်းမထောင်ဘက်ကိုမရောက်။ သို့တစေ ဒေါ်ခင်မြကြွယ်နှင့် ဒေါ်မြင့်မြင့်သန်းတို့မှတဆင့် ခင်လေးနွယ်၏အကြောင်းကို အခွင့်ကြုံသလို အမေးအမြန်းရှိနေရသည့်အပြင် စားစရာများနှင့် ဆေးဝါးများကိုလည်း ရံဖန်ရံခါ ကူညီပို့ပေးခဲ့သည်။

ခင်လေးနွယ်၏ ကျန်းမာရေးမှာမကောင်း၊ ရုံးမထွက်နိုင်သည်မှာ နှစ်ပတ်ရှိပြီ။

ထောင်မှူးလေး ဦးတင့်လွင်တို့ ဇနီးမောင်နှံမှာ တာဝန်တစ်ခုပိုလာပြီး ထောင်မှူးကြီးထံခွင့်တောင်း၍ မနက်တိုင်းနွားနို့ထမင်းလေး ပို့ပို့ပေးနေရသည်။ ဒါက အေးရဲ့အစီအစဉ်။

မိန်းသားချင်းစာနာကြင်နာသည်ကတစ်ကြောင်း၊ မိခင်စိတ်ဓာတ်၊ မိခင်မေတ္တာကြောင့်တစ်ကြောင်း၊ လုံးတီးထမင်းနှင့် အားမပြည့်နိုင်သည်ကတစ်ကြောင်းမို့ နွားနို့ထမင်းဖြင့် အာဟာရဖြည့်တင်းပေးရခြင်းဖြစ်၏။

ထောင်ဆရာဝန်ကလည်း အားဆေးများထိုးပေးနေသည်။ အဲဒီနေ့က ထောင်မှူးလေး ဦးတင့်လွင်၏အားရက်။

မရောက်တာကြာပြီဖြစ်သည့် နှစ်ဘက်မိဘများထံသွားရောက်လည်ပတ်ရန် သားအမိသားအဖသုံးယောက် အိမ်တံခါးပိတ်ပြီး ထွက်ခဲ့ကြသည်။

အင်းစိန်ဈေးတန်းတွင် သားငါးနှင့်အသီးအနှံများလက်ဆတ်၍ ဈေးပေါသောကြောင့် မိဘမိသားစုများအတွက် တနင့်တပိုးဝယ်ယူခဲ့ကြ၏။

ရသည့်လစာနှင့်စားဝတ်နေရေးပြေလည်အောင် ဟန်ချက်ညီဖို့ ထိန်းရသည်မှာမလွယ်။ ကြွေးမတင်ရေးကို ဦးတည်ချက်ထားပြီး မီးဖိုချောင်စရိတ်





ကို ဟန်ချက်ညီအောင် ထိန်းနေရသည်။

မိဘများကို ငွေကြေးအနေဖြင့် တစ်လဘယ်၍ဘယ်မျှဟူ၍ သတ်မှတ်ချက်ထားပြီး မထောက်ပံ့နိုင်။ တစ်ခါတစ်ရံ စေတနာအလျောက်လာပေးကြသည့် စားသောက်ဖွယ်ရာများထဲမှ လူကြီးစာများပါသည့်အခါ ဖယ်ထားရသည်။

အခွင့်ကြုံလို့ သွားသည့်အခါမျိုးတွင် ညနေဈေးမှ သားငါးများကို ဝယ်ခြမ်းပြီး ကြော်လှော်ချက်ပြုတ်၍ ယူဆောင်သွားရသည်။ မိဘကျေးဇူးသိတတ်သူသည် ဆင်းရဲသော်မှ ပြောင်ပြောင်ရောင်ရောင်ဆင်းရဲသည်။

မိဘက သာခုခေါ်၍ပေးလိုက်သောဆု နှုတ်ထွက်စကားသည် တန်ဖိုးအရာတွင် တုနှိုင်းယှဉ်စရာမရှိအောင် စူးရှထက်မြက်လှ၏။ မိဘ၏နှလုံးသားမှ နှမ်းစေ့တစ်လုံးစာမျှသော စိတ်ပြုံပြင်မှုလေးသည် လှံပေါင်းရာထောင်နှင့်ချီ၍ ထိုးဆွလိုက်သလို ခံစားတတ်ပါလေ၏။

ဦးတင့်လွင်တို့ ဇနီးမောင်နှံမှာ နှစ်ဘက်မိဘများကို ငွေကြေးအနေဖြင့် ရာထောင်ချီ၍ ကျေးဇူးမဆပ်နိုင်စေကာမူ တတ်စွမ်းသမျှသော စားသောက်ဖွယ်ရာများဖြင့် အကန်တော့ရောက်စမြဲ။ မိဘတွေကလည်း ကြည်နူးအလှုဝေဖြာရစမြဲ ရှိကြသည်။

မိသားစုသုံးယောက် ပျော်ပျော်ပါးပါး ပြန်လာခဲ့ကြရာ အိမ်ပေါ်ရောက်လို့ထိုင်ရုံရှိသေး သတင်းစကားနှစ်မျိုး ကြားလိုက်ရသည်။ ကောင်းသတင်းနှင့် မကောင်းသတင်း ဒွန်တွဲလျက်။

ထောင်မှူးကြီးရာထူးတိုးမြှင့်ရေး အင်တာဗျူးအဆင့် အခြေအနေကောင်းသည်။ ဝမ်းသာစရာသတင်းကောင်းနှင့်အတူ ခင်လေးနွယ်ကို ဗဟိုအမျိုးသမီးဆေးရုံသို့ ပို့လိုက်ရပြီဆိုသော စိတ်မကောင်းစရာ သတင်းဆိုးကိုပါ တွဲစပ်ကြားလိုက်ရ၏။

ဆေးရုံသို့ သွားရခါနီး ထောင်ကြပ်ဒေါ်စောတင်ကို မှာသွားသည်။

ဆရာကြီးတို့လင်မယားနှစ်ယောက်စလုံးကို ကန်တော့ခဲ့သည့်အကြောင်းနှင့် ဆရာကြီးအားရင် ဆရာကြီးကတော်ပါခေါ်ပြီး ဆေးရုံသို့ တစ်ခေါက်လောက် လာဖို့အကြောင်း ဆရာကြီးကို ဝန်ခံစရာရှိကြောင်း သူ့ကိုယ်သူအားမရသည့်အကြောင်းများ ပြောသွားခဲ့သည်။

ဝမ်းသာစရာသတင်းကို ဝမ်းနည်းစရာသတင်းက လွှမ်းမိုးသွားသည်ကြောင့် လင်မယားနှစ်ယောက်စလုံး စိတ်မကောင်းဖြစ်ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com


"သနားပါတယ် အစ်ကိုလွင်ရယ်၊ တစ်ခေါက်လေခတ်တော့ လိုက်သွားကြရအောင်ပါ"

"နတ်ဖြန့် အစ်ကိုလွင် ထောင်ပိတ်တာဝန်ကျတယ်လေ၊ သန်ဘက်ခါလေးနာရီထွက် သန်ဘက်ခါမှ သွားကြတာပေါ့"

နောက်တစ်နေ့. . . ။

ဆေးရုံခုတင်ပေါ်မှာ ခွေခွေကလေးလှဲနေသည့် ခင်လေးနွယ်၏အခြေအနေမှာ သူ့ကိုယ်သူအားမရပါလို့ ပြောသွားသလို မြင်ရသူများအတွက်လည်း အားရစရာမရှိ။

ခန္ဓာကိုယ်ရောဂါထက် စိတ်ဝေဒနာတ ပိုဆိုးသည်။ ဝေဒနာနှစ်ခုစလုံး ပေါင်းစည်းခံနေရသူများအတွက်မူ ပြောဖွယ်ရာမရှိ။

ဦးတင့်လွင်တို့ ဇနီးမောင်နှံကို မြင်လိုက်သည်နှင့် အားယူ၍ပြုံးလိုက်ရသည့် အပြုံးယဲ့ယဲ့ကလေးမှာ လျှပ်တပြက်ပေါ်၍ လျှပ်တပြက် ပျောက်သွား၏။ အပြုံးမျက်နှာမှ အငိုက်မျက်နှာသို့။

အေးက ခင်လေးနွယ်၏လက်ကလေးကို ခပ်ဖွဖွကလေး ဆုပ်ကိုင်ထားလိုက်သည်။ တစ်ခါမှ မမြင်ဘူးစေကာမူ ခင်မင်ရင်းနှီးစွဲရှိသည့် ဆွေရင်းမိတ်ဟောင်းများသို့နှယ် လှိုက်လှိုက်လှဲလှဲရှိဘိ၏။

ခင်လေးနွယ်အသံမှာ တိမ်နဲ့နေသည်။

"ကျေးဇူးတင်လိုက်တာ ဆရာကြီးကတော်ရယ်" တဲ့။

ခင်လေးနွယ်ပြောချင်တာတွေ အများကြီးရှိပါလိမ့်မည်။ ဒါပေမယ့် နားထောင်ရသူများက ရင်မောလာသည်။

ယောက်ျားပီပီ ဦးတင့်လွင်က ဣန္ဒြေဆောင်နေနိုင်သော်လည်း မိန်း[illegible] သာပီသသူ အေးက ဣန္ဒြေမဆောင်နိုင်။ မျက်လုံးအစုံကို လက်ကိုင်ပဝါဖြ[illegible] မကြာခဏ တို့ထိနေရသည်။

"ကျွန်မများ တစ်စုံတစ်ခုဖြစ်သွားလို့ ကလေးအသက်ရှင်လျက် ကျ[illegible] ခဲ့မယ်ဆိုရင် အဲဒီကလေးကို ဆရာကြီးနဲ့ဆရာကတော်တို့လက်ထဲကို အပ်[illegible] ပါရစေနော်"

"အို မနွယ်တလည်း၊ မွေးဖွားကာနီး မပြောအပ်တာတွေ မပြောပါ[illegible] မနွယ်ရယ်၊ ကျွန်မတို့ လင်မယားရှိပါတယ်၊ ဘာမှအားမငယ်ပါနဲ့"

"ကျွန်မ ဆရာကြီးကို ဝန်ခံစရာရှိပါတယ်"

"ဘာများလဲ မနွယ်"

"ကျွန်မရဲ့ ဗိုက်ထဲက ကလေးဟာ ကိုဝင်းရဲ့ကလေးပါ၊ သွေးစစ်ပါတယ်၊ ကိုဝင်းဟာ သူ့ဟာသူလဲပြီးသေတာ မဟုတ်ပါဘူး၊ သူက ဒေါသတကြီးနဲ့ ကျွန်မဆီကိုဝင်အလာ ကျွန်မက ကြောက်အားလန့်အားနဲ့ ကိုယ့်ကိုကိုယ်ကာကွယ်ရင်း သူ့ကိုတွန်းပစ်လိုက်လို့. . ."

ရှိုက်ငိုလိုက်သည့်အသံမှာ. . . ။

xxxxx

ခင်လေးနွယ်၏အမှုကို ဆက်လက်စစ်ဆေးရန်မလိုတော့။ အမှုပိတ်လိုက်ရတော့မည်။

တရားခံမှာ လာရာလမ်းသို့ပြန်သွားပါလေပြီ။

ဗိုက်ကိုခွဲထုတ်၍ မွေးဖွားသန့်စင်ပေးခြင်း ခံလိုက်ရသည့် ကလေးငယ်[illegible] ယုယပိုက်ထွေးမည့် မိခင်ဖခင်မရှိဘဲ လာရာလမ်းကြောင်းပေါ်သို့ [illegible]ချောမွေ့မွေ့ရောက်ရှိလာသည်။

လာရာလမ်းကြောင်းပေါ်မှ သွားရာလမ်းကြောင်းပေါ်သို့ တွဲထူမေးဖ[illegible]ညှိသူမရှိတော့။

လုပ်ရိုးလုပ်စဉ်အံ့ရဆိုလျှင် ဆွေမျိုးသားချင်းထဲက ဤကလေးငယ်ကို [illegible]ကျွေးစောင့်ရှောက်ရန်ဆန္ဒမရှိဟုဆိုလျှင် လူမှုဝန်ထမ်းဌာနသို့ အကြောင်း[illegible]ား အပ်နှံပေးရမည်။

ဆွေမျိုးသားချင်းများ၏ နေရပ်လိပ်စာကို အတိအကျမသိ၊ စုံစမ်းရ[illegible]ည်၊ လောလောဆယ်လုပ်ရန်မှာ အကျဉ်းဦးစီးဌာနမှတဆင့် လူမှုဝန်ထမ်း[illegible]သို့ အကြောင်းကြားရမည်။

သို့တစေ. . .

xxxxx


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်သားကြီးနာမည်က မိုးအောင်လွင်ပါ၊ သမီးလေးရဲ့နာမည်က အေးမြတ်လွင်ပါ၊ အေးရဲ့ဆန္ဒအရ ခင်လေးနွယ်ရဲ့ကလေးကို ကျွန်တော်တို့ကပဲ. . ."

သုံးနှစ်သမီးလေး အေးမြတ်လွင်မှာ ချစ်စရာကလေး၊ ကြီးလာရင် အလှဖွံ့ကြွယ်ဖြိုးဝေမည့် အရိပ်အဆင်း ထင်းထင်းပပ ပေါ်လွင်နေသည်။

"ကျွန်တော်လည်း ထောင်မှူးကြီးအဖြစ် ရာထူးတိုးပြီး အင်းစိန်နဲ့ဝေးတဲ့ ရဲဘက်စခန်းတစ်နေရာကို ရောက်နေတဲ့အတွက် သမီးလေးရဲ့အတိတ်အကြောင်းကို ပြန်ပြောင်းပြောမယ့်သူမရှိလို့ ကျွန်တော်တို့နှစ်ယောက်စလုံး သိပ်ကိုဝမ်းသာနေရပါတယ်၊ အေးကလည်း နောက်ထပ်ကလေးမရနိုင်တော့ဘူးလေ၊ သားတစ်ယောက် သမီးတစ်ယောက်နဲ့ ပျော်ရွှင်ချမ်းမြေ့တဲ့အိမ်ထောင်ရေးသုခကို နှစ်နှစ်သိမ့်သိမ့် ခံစားနေရပါပြီ။ ကျွန်တော်တို့လင်မယားနှစ်ယောက်စလုံး အခါအခွင့်သင့်တိုင်း ထပ်မံနားဆုတောင်းနေရတာကတော့. . ."

"အင်းစိန်ထောင်ကို တစ်ကျော့ပြန် ပြန်မရောက်ပါစေနဲ့လို့. . ."

"သမီးလေးအတွက်ပါ"

×××××

ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ် ကျင့်ကြံပြုမူနေထိုင်လုပ်ကိုင်တတ်သူများသည် လာရာလမ်းသို့မပြန်ခင် ဘဝအလှကို ပိုင်ဆိုင်ရရှိကြစမြဲရှိကြပါလေ၏။

မရိုးမဖြောင့် ကောက်ကောက်ကွေ့ကွေ့ လုပ်တတ်နေတတ်ပြုမူကျင့်ကြံသူများမှာမူ ဘဝအလှကို မပိုင်ဆိုင်ရရုံမက ဘဝဇာတ်သိမ်းမလှမပခြင်းနှင့် မလွဲမသွေ ဆုံတွေ့ရလေမည်ပါလေ။

နားကြပါဦးစို့ မေတ္တာများစွာဖြင့် . . .

ကျော်မြသန်း

၈၆၊ ဒီဇင်ဘာ ၂၂ရက်

၁၃း၂၀ နာရီ။


www.burmeseclassic.com